
mmcybermedia.com

# မျက်မမြင် မာလိန်မှူး

## နှင့်

## ဗုဒ္ဓယဉ်ကျေးမှုနောက်ခံ ဝတ္ထုတိုများ




**typing & pdf- lucky82**
**cover design- Ko.Myo.Ko**

# မာတိကာ


၁။ ပဥ္စသီလ နာဂရ

၂။ သန်လျက်

၃။ ရန်မီးလျှံ

၄။ ပါလိလေယျက

၅။ မီးကျီးတွင်းနှင့် ပဒုမ္မာကြာ

၆။ မျက်မမြင်မာလိန်မှူး

၇။ နောင်တော်သောဏနှင့် ညီတော်နန္ဒ

# ၁။ ပဥ္စသီလ နာဂရ

ကာလိင်္ဂတိုင်း ဒန္တပူရပြည်၌ မိုးခေါင်ခဲ့သည်မှာ လပေါင်းများစွာရှိခဲ့ပြီ။

စူးစူးရဲရဲနေရောင်၏ ပူပြင်းလောင်မြိုက်မှုကြောင့် မြေအပြင်သည် အစိတ်စိတ်ကွဲသော ကြေးမုံပြင်နယ် ဖြစ်နေသည်။ ပတ်ကြားအက်များ၏ ကျယ်ပြန့်သော အမြှောင်းများထဲမှ တံလှပ်တို့ တရိပ်ရိပ် တက်ပျံနေသည်။ ကောက်ပဲသီးနှံပင် မဆိုထားဘိ မန်ကျည်း၊ ကုက္ကို၊ ထနောင်းစသော အပင်ကြီးများမှာပင် အရွက်မဲ့ အရိုးပြိုင်းပြိုင်း ရှိကြသည်။ ချောင်းကန်တို့မှာလည်း တစ်ခါက ရေရှိခဲ့သည် ဆိုခြင်းကိုပင် မယုံနိုင်စရာ ဖြစ်နေသည်။

ကြက်မတစ်ဝပ်စာ တိမ်မျှင်တိမ်စပင် မရှိသော ကောင်းကင်ပြင်သည် အဆုံးအစမဲ့သော အပြာရောင်ဖြင့် သွေ့ခြောက်မြေအပြင်ကို ငုံ့ကြည့်နေသယောင်ရှိသည်။

"အရှင်မင်းကြီး နောက်တစ်လလောက်သာ ဒီအတိုင်းဆက်ပြီး မိုးခေါင်နေရင် အငတ်ဘေး၊ ရောဂါဘေး၊ လက်နက်ဘေးတို့ ဆင့်ကာဆင့်ကာ ပေါ်ပေါက်ပါတော့မယ်။ ဒန္တပူရပြည်ကြီး အလုံးစုံပျက်သုန်းရေးကို ရှေးရှုနေပါပြီ"

မှူးမတ်များ လျှောက်တင်ကြသည်။

ကာလိင်္ဂမင်းသည် သွေ့ခြောက်အက်နေသော နှုတ်ခမ်းများကို လိမ်းသပ်လျက်…

"မင်းကြီးတို့ ကိုယ်တော်လည်း အတတ်နိုင်စွမ်းဆုံး အားထုတ်ခဲ့ပြီ။ ရှေးထုံးတမ်းစဉ်လာအတိုင်း အလှူပေးခဲ့တယ်။ မိမိသိသမျှ သီလဆောက်တည်ပြီး အသရေရှိသော တိုက်ခန်းအတွင်းဝင် ခုတင်ညောင်စောင်း မသုံးဘဲ မြေအပြင်မှာ မြေစာမြက်ကိုခင်းလို့ အိပ်စက်ခဲ့တယ်။ မိုးရွာစေမယ့်အကြောင်းမှန်သမျှ ကိုယ်တော်လုပ်ခဲ့တယ်။ သို့သော် မိုးခေါင်မြဲခေါင်တယ်။ ကိုယ်တော့်မှာ နောက်ထပ်လုပ်နိုင်စွမ်း မရှိတော့ဘူး"

မှူးမတ်များ စိတ်အားငယ်စွာ ခေါင်းယမ်းကြသည်။

"ကျွန်တော်မျိုးတို့လည်း မြေအပြင်မှာ မြေစာမြက် ခင်းအိပ်ခြင်း၊ လွန်ဆွဲခြင်း၊ အမွှန်ဒေဝတာပူဇော်ခြင်း စသည်ဖြင့် လုပ်တတ်သမျှ လုပ်ကြပါတယ်။ အရှင်မင်းကြီး နည်းလမ်းများလည်း ကုန်သလောက် ဖြစ်နေပါပြီ"

"ဘယ့်နယ့်လုပ်ကြရပါ့မလဲ ကရို"

ဘုရင်သုံးဆက်ခစားခဲ့သော သက်တော်ရှည်အမတ်ကြီးက တုန်ရီနေသော အသံဖြင့် သံတော်ဦးတင်သည်။

"ကျွန်တော်မျိုးကြီးတို့မှာတော့ ရှိရှိသမျှ နည်းလမ်းကုန်ပါပြီ။ အရှင်မင်းကြီး ကိုယ်တော်တိုင်လည်း ပြင်းထန်စွာ အားထုတ်တာကို ကျွန်တော်မျိုးကြီးတို့အားလုံး အသိပင် ဖြစ်ပါတယ်။ မိုးခေါင်တဲ့ ဒီဒုက္ခဘေးကြီးကို ကယ်တင်ကုစားဖို့ ဒန္တပူရပြည်အတွင်းမှာတော့ မဖြစ်နိုင်တော့ပါဘူး"

"သက်တော်ရှည်အမတ်ကြီး ဘာကိုဆိုလိုသလဲ"

"ကာလိင်္ဂတိုင်း ဒန္တပူရရဲ့အပမှာ နည်းလမ်းရှာရပါတော့မယ်"

"ဒန္တပူရရဲ့အပ ဆိုတာက"

"ဣန္ဒပတ္တနဂိုပြည် ကောရဗျမင်းဟာ အဥ္ဇနဝဏ္ဏအမည်ရှိတဲ့ မင်္ဂလာဆင်တော်တစ်စီးကို ပိုင်ဆိုင်ပါတယ်။ မင်္ဂလာဆင်တော်ရှိတဲ့ အရပ်ဒေသမှာ မိုးလေဝသမှန်တယ်လို့ သိရပါတယ် အရှင်မင်းကြီး"

"မင်းကြီးတို့ ယခုပဲ ကောရဗျမင်းထံသွားကြ၊ မင်္ဂလာဆင်တော်ကို အလှူခံတော်ယူခဲ့ကြ"

**MRAQN**

ပုဏ္ဏားရှစ်ယောက်အဖွဲ့က ယူလာသော မင်္ဂလာဆင်တော်ကို ဒန္တပူရပြည်က ဝမ်းပမ်းတသာ ကြိုဆိုကြသည်။ မင်္ဂလာဆင်တော်စံမြန်းရန် တင်းကုပ်ကို ကောင်းစွာ ဆောက်လုပ်သော ပန်းမန်နံ့သာရည်များဖြင့် ပက်ဖျန်းကြသည်။ အစာရေစာ တိုက်ကျွေးကြသည်။ သို့သော် မိုးခေါင်မြဲ ခေါင်လျှက်ပင်။

"သက်တော်ရှည်အမတ်ကြီး သင့်အယူအဆ မမှန်ပါလား"

"ကျွန်တော်မျိုးကြီးလည်း မစဉ်းစားတတ်နိုင်အောင် ဖြစ်နေပါပြီ အရှင်မင်းကြီး"

ကာလိင်္ဂမင်းသည် လက်နောက်ပစ်ပြီး စင်္ကြံလျှောက်နေရာမှ ရပ်လိုက်သည်။

"ကိုယ်တော်တစ်ခု စဉ်းစားမိပြီ သက်တော်ရှည်အမတ်ကြီး"

"သိပါရစေ အရှင်"

"ကောရဗျမင်းအုပ်စိုးတဲ့ ဣန္ဒပတ္တနဂိုရ်မှာ တစ်လခွဲတစ်ကြိမ်၊ ဆယ်ရက်တစ်ကြိမ် မိုးမှန်မှန်ရွာသွန်းတယ်။ အဲဒါဟာ မင်္ဂလာဆင်တော်ကြောင့်လည်း မဟုတ်၊ မိုးဒေဝတာကို ပူဇော်လို့လည်း မဟုတ်၊ လွန်ဆွဲဆုတောင်းလို့လည်း မဟုတ်ဘူး"

"အကြောင်းရင်းကို မိန့်တော်မူပါအရှင်"

"အကြောင်းရင်းက ကောရဗျမင်းထံမှာ ရှိတယ်။ ကောရဗျမင်းဟာ နိစ္စသီလကို ဆောင်တတ်လို့ သိရတယ်။ ကောရဗျမင်းဆောင်တဲ့ နိစ္စသီလ၊ ဂရုဓမ္မသီလဟာ ဘာလဲဆိုတော့ ကိုယ်တော်မသိဘူး။ ဒါကို သိဖို့လိုတယ်။ ဒါကြောင့် သင့်တော်တဲ့ အမတ်ပုဏ္ဏားများနဲ့ တမန်တော်အဖွဲ့ဖွဲ့ပြီး ကောရဗျမင်းထံသွားကြ။ မင်္ဂလာဆင်တော်လည်း ပြန်ပို့လိုက်ကြ။ ကောရဗျမင်း ဆောင်ယူကျင့်သုံး ဆောက်တည်တဲ့ ဂရုဓမ္မသီလဟာ ဘာလဲဆိုတာ မေးပြီး ရွှေပြားပေါ်မှာ ကူးရေးခဲ့ကြပေတော့။ တမန်တော်အဖွဲ့ကို သက်တော်ရှည်အမတ်ကြီးကိုယ်တိုင် ဦးစီးခေါင်းဆောင်ပြုရမယ်"

## MRAQN

သက်တော်ရှည်အမတ်ကြီး ခေါင်းဆောင်သည့် တမန်တော်အဖွဲ့သည် ကောရဗျမင်း ရှေ့မှောက် အခစားဝင်၍ အကြောင်းစုံကို သံတော်ဦးတင်ကြသည်။ ကောရဗျမင်း၏ မျက်နှာအနည်းငယ် မှိုင်းညို့သွားလေသည်။

"ကျွန်တော်မျိုးကြီးတို့ လျှောက်တင်ချက်မှာ အမှားအယွင်းပါသွားခဲ့ရင် ခွင့်လွှတ်တော်မူပါ အရှင်မင်းကြီး"

သက်တော်ရှည်အမတ်ကြီးက တောင်းပန်သည်။ ကောရဗျမင်းက လေးပင်စွာ ခေါင်းယမ်းလျှက်-

"သင်တို့ တမန်အဖွဲ့ လျှောက်တင်ချက်မှာ အမှားအယွင်းမရှိပါဘူး။ ကိုယ်တော်ရှင်မြတ်ဟာ နိစ္စသီလကို မိမိ၏ ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာ စောင့်ထိန်းဆောက်တည်တယ်ဆိုတာလည်း မှန်ပါတယ်။ သို့သော်လည်း ကိုယ်တော့်သီလမှာ အကျိုးအပေါက် အပြောက်အကြားတစ်ခုခု ရှိနေပါတယ်"

"အကြောင်းမည်သို့ ရှိပါသလဲ အရှင်မင်းကြီး။ ကျွန်တော်မျိုးတို့ သိခွင့်ရှိရင် သိပါရစေ"

"တမန်အဖွဲ့ဝင်တို့ ကိုယ်တော်ရှင်မြတ်ဟာ တစ်ခါက စိတ္တရာဇအမည်ရတဲ့ နတ်ဒေဝါ တစ်ပါးကို ပူဇော်ခဲ့တယ်။ အစဉ်အလာ ရှေးထုံးအရ နတ်ပူဇော်ပွဲမှာ အရပ်လေးမျက်နှာ တစ်မျက်နှာကို မြားတစ်စင်း ပစ်လွှတ်ပေးရတယ်။ တစ်ကြိမ်မှာတော့ ကိုယ်တော်ပစ်လွှတ်လိုက်တဲ့

တစ်စင်းသောမြားဟာ လေကြောင်းအပြောင်းအလဲကြောင့် လွတ်ရာကိုမပျံဘဲ ရေကန်တစ်ခုထဲ ကျသွားခဲ့တယ်။ ဒီမြားဟာ ရေကန်ထဲက ငါးတစ်ကောင်ကောင်ကိုများ ထိမှန်စွဲဝင်ခဲ့လေသလား။ ထိုငါးဟာ မြားချက်ကြောင့် သေဆုံးခဲ့လေသလားလို့ ကိုယ်တော်ကုက္ကုစ္စ သံသယဖြစ်ခဲ့ရတယ်။ ထိုကုက္ကုစ္စတည်းဟူသော နောင်တတစ်ဖန် ပူလောင်ခြင်းက ကိုယ်တော့်နှလုံးကို နှိပ်စက်တယ်။ နောင်တပူပန်ခြင်းဆိုတာ အကုသိုလ်ကို ပြုခဲ့မိသည်မှာ မှားလေစွဟူ၍ လည်းကောင်း၊ ကုသိုလ်ကို မပြုခဲ့မိသည်မှာ မှားလေစွဟူ၍လည်းကောင်း နောင်တရခြင်း ဖြစ်တယ်။ ထို့ကြောင့် ကိုယ်တော်စောင့်ထိန်း ဆောက်တည်တဲ့ သီလဟာ မစင်ကြယ်ဘူးလို့ အောက်မေ့မိတယ်။ ကိုယ်တော့်သီလကို ကိုယ်တော်အားမရ ဖြစ်မိတယ်။

အင်း... မယ်တော်ကြီးကတော့ သီလကောင်းစွာ လုံခြုံသူ ဖြစ်ပေတယ်။ မယ်တော်ကြီးထံကသာ တောင်းယူကြပါတော့"

သက်တော်ရှည်အမတ်ကြီးမှာ အံ့သြခြင်းကြီးစွာဖြင့် နစ်သက် ကြည်ညိုသွားသည်။ ဤမျှအထိပင် သီလကို အကျိုးအပေါက် အပြောက်အကြား မခံသူပါပေတကားဟု မြတ်နိုးသွားသည်။ သက်တော်ရှည်အမတ်ကြီးသည် ရှေ့နောက် ချင့်ချိန်တတ်သူ၊ စကားအရာ လိမ္မာသူ ဖြစ်သည့်အလျောက် အရှင်မင်းမြတ် ကုက္ကုစ္စသံသယ နောင်တမှ လွတ်မြောက်ပါစေ။ စင်စစ်အရှင်မင်းမြတ်မှာ ထိုရေကန်ထဲမှ ထိုငါးကို ထိမှန်စေလိုသော သေစေလိုသော စိတ်စေတနာ အလျဉ်း မရှိပါ။ သို့ဖြစ်သည့်အတွက် အရှင့်သီလ မပျက်ပါ။

ကောရဗျမင်း၏ မှိုင်းညို့သောမျက်နှာ၌ လင်းသွားသည်။

"သင့်မြတ်ပါပေတယ် အမတ်ကြီး"

"သို့ဆိုလျှင် ကျွန်တော်မျိုးကြီးကို အရှင့်ထံမှ နိစ္စသီလကို နာကြားကူးယူခွင့်ရကြပါပြီးလား အရှင်မင်းမြတ်"

"ရပါပြီ။ သင်တို့ရွှေပြားနဲ့ ကညစ်ကိုသာ အသင့်ပြင်ကြပါတော့"

ရွှေပြားလွှာအပေါ်၌ လှပဝိုင်းစက်သော အက္ခရာ ပါဒတို့ ပေါ်ပေါက်လာကြသည်။

"ပထမအားဖြင့် သတ္တဝါကို မသတ်အပ်။ သူ့အသက်ရှင်သန်ခြင်းကိုသာ အလိုရှိအပ်၏။ သူ့အသက်သတ်ခြင်းတည်းဟူသော အမှုအား ဘယ်သောအခါမှ မပြုပါ။ အကြင်သိက္ခာပုဒ်ကို အသက်ထက်ဆုံး ဆောက်တည်ပါ၏"

"ဒုတိယအားဖြင့် ပိုင်ရှင်မပေးသော သူ့ဥစ္စာကို မယူအပ်၊ မခိုးအပ် သူတပါး၏ပိုင်ဆိုင်မှုကို စောင့်ထိန်းအပ်၏။ လိုလားအပ်၏။ သူ့ဥစ္စာကို ခိုးယူခြင်းတည်းဟူသော အမှုအား ဘယ်သောအခါမှ မပြုပါ။ အကြင်သိက္ခာပုဒ်ကို အသက်ထက်ဆုံး ဆောက်တည်ပါ၏"

"တတိယအားဖြင့် သူ့အိပ်ရာ သူ့သားမယားတို့၌ မလွန်ကျူးအပ်၊ ကာမတို့၌ မှားသောအမှုကို မပြုအပ်၊ ကာမဂုဏ်တို့၌ မှားသောအကျင့်အား ဘယ်သောအခါမှ မပြုပါ။ အကြင်သိက္ခာပုဒ်ကို အသက်ထက်ဆုံး ဆောက်တည်ပါ၏"

"စတုတ္ထအားဖြင့် မမှန်ကန်သော လိမ်ညာသောစကားကို မဆိုအပ်။ မှန်သောစကားကိုသာ ဆိုအပ်၏။ မမှန်သော လိမ်ညာစကားကို ဘယ်သောအခါမှ မပြောဆိုပါ။ အကြင်သိက္ခာပုဒ်ကို အသက်ထက်ဆုံး ဆောက်တည်ပါ၏"

"ပဥ္စမအားဖြင့် မေ့လျော့စေတတ်သော အရက်ကို မသုံးစွဲအပ်။ မေ့လျော့ခြင်း၏ အကြောင်းကိုဖြစ်စေသော သေအရက်နှင့် မူးယစ်စေသောအရာများကို သောက်သုံးခြင်းမှ ရှောင်ကြဉ်အပ်၏။ သေအရက်နှင့် မူးယစ်စေသောအရာကို ဘယ်သောအခါမှ မသုံးစွဲပါ။ အကြင်သိက္ခာပုဒ်ကို အသက်ထက်ဆုံး ဆောက်တည်ပါ၏"

ရွှေပြားလွှာပေါ်၌ ရေးထိုးပြီးသွားသည်။

"ကျေးဇူးတော်ကြီးလှပါတယ် အရှင်မင်းမြတ်ဘုရား"

"ကောင်းပါပြီ။ မယ်တော်ကြီးထံ အခစားဝင်လိုက်ကြပါဦး"

## MRAQN

မယ်တော်ကြီးသည် အဖြူရောင်ပိတ်စိမ်းပါး အင်္ကျီရှားရောင် တဘက်နှင့် ရှားရောင် ထဘီတို့ကို ဝတ်ဆင်ထားသည်။ ဘုရင့်မယ်တော်ကြီးဟူသော အဆောင်အယောင်မရှိ။ ပကတိရိုးစင်း ငြိမ်သက်လှပေသည်။

တမန်အဖွဲ့၏ခစားမှုကို လက်ခံပြီးနောက် မယ်တော်ကြီးက ဆိုသည်။

"နိစ္စသီလကို မယ်တော်ကြီးစောင့်ထိန်းတာ မှန်ပါတယ်။ သို့သော် တစ်ခါမှာတော့ သားတော်ဘုရင်က မယ်တော့်ကို စန္ဒကူးနံ့သာနစ်နဲ့ ရွှေပန်းခိုင်တစ်ခု ပူဇော်ကန်တော့ခဲ့တယ်။ စန္ဒကူးနံ့သာနစ်ဟာ အဖိုးတစ်သိန်းမကထိုက်ပြီး ရွှေပန်းခိုင်က အဖိုးတစ်သိန်းတန်တယ်။ သို့ရှိရာမှာ တန်ဖိုးများတဲ့ စန္ဒကူးသားနစ်ကို မယ်တော်က သားတော်ငယ် အိမ်ရှေ့ဥပရာဇာရဲ့

မိဖုရားထံ ဆုလာဘ်ပေးခဲ့တယ်။ တန်ဖိုးပိုနည်းတဲ့ ရွှေပန်းခိုင်ကိုတော့ သားတော်ကြီး ကောရဗျမင်းရဲ့ မိဖုရားကြီးထံ ပေးကမ်းခဲ့မိတယ်။ အမှန်စင်စစ် တန်ဖိုးပိုကြီးတဲ့ ပဏ္ဏာဟာ ကြီးကဲသူအတွက်သာ ဖြစ်သင့်တယ်။ ယခုတော့ မယ်တော်ရဲ့အပြုအမူဟာ ပေးကမ်းချီးမြှင့်မှု လွဲခဲ့တယ်။ ဒါအတွက် မယ်တော်ရဲ့သီလ ယွင်းပျက်ခဲ့လေသလားလို့ ကုက္ကုစ္စသံသယ ဖြစ်နေမိပါတယ်"

တမန်အဖွဲ့ခေါင်းဆောင် သက်တော်ရှည်အမတ်ကြီးမှာ ကြည်ညိုနှစ်သက်စွာ မျက်ရည်များပင် လည်လာသည်။ သြော်... ဤမျှအထိ အစွန်းအထင်းမခံကြသူများပါပေတကားဟု ကြည်နူးမြတ်နိုးဖြစ်ရသည်။

"မယ်တော်ကြီးဘုရား မိမိပိုင်ပစ္စည်းကို မိမိသဘောကျ ခွဲဝေ ပေးကမ်းခြင်းသည် အပြစ်မရှိပါ။ ထိုမှုသော အကြောင်းကြောင့် မယ်တော်ကြီးသီလ မပျက်ပါဘုရား"

"အင်း.... ကောင်းလေစွပါကွယ်။ ကဲ ကဲ... ရွှေပြားလွှာမှာ ရေးကူးကြပေတော့။ မယ်တော်ကြီး ရွတ်ဆိုပြပါမယ်"

ပဥ္စသီလကို ရေးထိုးကြပြန်သည်။

"ကိုင်း... ကိုင်း.. ဘုရင့်မိဘုရားကြီးထံ အခစားဝင်ကြပေဦး"

**MRAQN**

ကောရဗျမင်း၏ မိဖုရားကြီးထံ တမန်အဖွဲ့ အခစားဝင်ခဲ့ကြပြန်သည်။ ဘုရင်မင်းမြတ်နှင့် မယ်တော်ကြီးထံ အခစားဝင်ပြီး ပဥ္စသီလကို ရေးထိုးယူခဲ့ကြောင်း သံတော်ဦးတင်ကာ မိဖုရားခေါင်ကြီးက ချီးမြှင့်ပေးပါရန် တောင်းခံကြသည်။ မိဖုရားကြီးက ခေါင်းကို ဖြည်းလေးစွာ ယမ်း၏။ ထို့နောက် တိုးတိမ်စွာဆိုသည်။

"ခေါင်ဖုရားဟာ ဂရုဓမ္မနိစ္စသီလကို စောင့်ထိန်းတာ မှန်ပါတယ်။ သို့သော် ခေါင်ဖုရားရဲ့ သီလဟာ သဲလဲစင် အပြစ်ကင်းတယ်လို့ မဆိုနိုင်ဘူး။ အပြောက်အကြား ရှိနေတယ်။ ညှိုးနွမ်းခဲ့တယ်။ ဒါကြောင့် ခေါင်ဖုရားထံက မတောင်းခံချင်ကြပါနဲ့"

ကာလိင်္ဂသံအဖွဲ့၏ ခေါင်းဆောင်သက်တော်ရှည် အမတ်ကြီးမှာ ကြုံရပြန်ပြီကောဟုသော အဓိပ္ပါယ်ဖြင့် သံအဖွဲ့ဝင်များကို လှမ်းကြည့်လိုက်၏။ သို့သော် မယ်တော်ကြီး၏ ညွှန်ကြားချက်အရ မိဖုရားကြီးထံ မိမိတို့ ရောက်လာခြင်းဖြစ်သောကြောင့် နောက်မဆုတ်ရန် ဆုံးဖြတ်လိုက်သည်။

"ခေါင်ဖုရားရဲ့သီလ အဘယ်ကဲ့သို့ ညှိုးနွမ်းခဲ့ကြောင်း ကျွန်တော်မျိုးကြီးတို့ သိခွင့်ရှိပါသလား"

"သင်တို့သိခွင့်ရှိပါတယ်။ ခေါင်ဖုရားလျှို့ဝှက်ထိန်ချန်ဖို့ စိတ်မကူးပါဘူး။ ဒီလိုပါ ကြာခဲ့ပြီ။ တစ်ချိန်သော အခါဆီက ဖြစ်တယ်။ ခေါင်ဖုရားရဲ့ မတ်တော်မောင် အိမ်ရှေ့ဥပရာဇာပါ။ မောင်တော် မင်းကြီးရဲ့ ညီတော်အိမ်ရှေ့မင်းပါ။ လုလင်ပျိုမျစ် ထွန်းသစ်စအရွယ် အိမ်ရှေ့မင်းရဲ့ အဆင်းလက္ခဏာလှပကြံ့ခိုင်ပုံကို တွေ့မြင်ပြီး ခေါင်ဖုရားဟာ သူ့ကို ကိလေသာစိတ်နဲ့ ကြည့်ခဲ့မိတယ်။ ဒီလို ကိလေသာစိတ်နဲ့ ကြည့်လိုက်မိပါပြီကောဆိုပြီး ခေါင်ဖုရား မိမိရဲ့အဖြစ်ကို မိမိ သတိပြုဆင်ခြင်လိုက်တယ်။ နောင် ဘယ်တော့မှလည်း အလားတူ မပေါ်ပေါက်ခဲ့ပါဘူး။ သို့သော် ထိုတစ်ကြိမ်တစ်ခါရဲ့ အပြစ်ကို ခေါင်ဖုရားစိတ်မှာ သီလညှိုးနွမ်းပျက်ယွင်းခဲ့ပြီလို့ ထင်မြင်နေတယ်။ ဒါကြောင့် ညှိုးနွမ်းဖူးတဲ့ ခေါင်ဖုရားထံက မတောင်းခံချင်ကြပါနဲ့"

သက်တော်ရှည်အမတ်ကြီး ဦးနှိမ်လျှက် တင်လိုက်သည်။

"ခေါင်ဖုရား တစ်ကြိမ်တစ်ခါမျှ ဖြစ်ခဲ့ဖူးတဲ့ ထိုအမှုမှာ စိတ်ကူးရုံမျှသာ ဖြစ်ပါတယ်။ လွန်ကျူးမှု မဖြစ်ပါ။ ခေါင်ဖုရားသီလ မညှိုးနွမ်းပါ။ ဂရုဓမ္မ နိစ္စသီလကိုသာ ပေးတော်မူပါ"

"ကောင်းပါပြီ။ သည်လိုဆိုလည်း ကူးယူကြပါ။ သင့်ရဲ့ လျှောက်တင် ဖြေရှင်းချက် အတွက်လည်း ကျေးဇူးလည်း တင်ပါတယ်။ ခေါင်ဖုရားစိတ်မှာ ရှင်းလင်းသွားပါပြီ"

ပဉ္စသီလ အင်္ဂါင်းရပ်ကို ရွေပြားလွှာပေါ်၌ ကမ္ပည်းတင်လိုက်လေသည်။ မိဖုရားကြီးက "အိမ်ရှေ့မင်းထံ အခစားဝင်ကြ။ တောင်းခံကြပါဦး" ဟု မှာလိုက်သည်။

## MRAQN

အိမ်ရှေ့ဥပရာဇာသည် လူလတ်ပိုင်းအရွယ် ရောက်နေသည့်တိုင် ယောကျ်ားတို့၏ ကြံ့ခိုင်ပြေပြစ်သော အဆင်းသဏ္ဍာန်ဖြင့် ဥပမိကောင်းသူ ဖြစ်၏။ သံအဖွဲ့သည် အိမ်ရှေ့မင်း၏ တင့်တယ်ပုံကို ကြည့်ကာ မိဖုရားခေါင်ကြီး၏စကားကို အမှတ်ရလိုက်ကြ၏။

သံအဖွဲ့က ဓနဥ္စယကောရဗျမင်း မယ်တော်ကြီးနှင့် မိဖုရားခေါင်ကြီးတို့ထံ အခစား ဝင်ခဲ့ကြောင်း ဂရုဓမ္မနိစ္စသီလကို ချီးမြှင့်ပေးသနားကြကြောင်း ယခုအခါ မိဖုရားခေါင်ကြီး၏ ညွှန်ကြားချက်အရ အိမ်ရှေ့မင်းထံ အခစားဝင်တောင်းခံပါကြောင်း လျှောက်ထားကြသည်။

အိမ်ရှေ့ဥပရာဇာ၏ စိုပြည်ကြည်လင်သော မျက်နှာထက်၌ အနည်းငယ်ညှိုးသွားသည်။ ခေတ္တငြိမ်သက်နေပြီးမှ လေးပင်စွာ ပြောသည်။

"အင်း... အစ်မတော် ခေါင်ဖုရားကတော့ ကိုယ်တော်ရဲ့သီလဖြူစင်လှပြီလို့ အောက်မေ့ပြီး လွှတ်လိုက်တာပါပဲ။ သို့သော် ကိုယ်တော့်မှာကလည်း အပြစ်မကင်းပါဘူး။ သံအဖွဲ့ဝင်တို့ တစ်ခါက ကိုယ်တော်ရဲ့ ထွက်ချီမှုကို စောင့်ဆိုင်းနေခဲ့ကြတဲ့ အခြွေအရံများဟာ ကိုယ်တော်ဖင့်နွှဲနှောင့်နှေးမှုကြောင့် တစ်ညဥ့်လုံးလုံး မိုးရေပြင်ထဲမှာ ဆင်းရဲငြိုငြင်စွာ ပင်ပန်းကြီးစွာ နေခဲ့ကြရဖူးတယ်။ အခြွေအရံများဟာ ကိုယ်တော့်ကို အကြောင်းပြုပြီး ကာယိကဒုက္ခ ခံစားခဲ့ကြရတယ်။ ဒီအဖြစ်ကို ကိုယ်တော်မေ့လို့ မရဘူး။ စိတ်သန္တာန်မှာ စွဲထင်နေတယ်။ စွဲထင်သည်နှင့်အမျှ အပြစ်ကျူးလွန်မိတယ်လို့လည်း ခံစားရတယ်။ ဒီဖြစ်ရပ်ကြောင့် ကိုယ်တော့်သီလ ကျိုးပျက်ခဲ့တယ်လို့လည်း ယူဆမိတယ်။ သီလ ကျိုးပျက်ခဲ့ဖူးသော သူတစ်ဦးထံမှ သင်တို့ သီလတောင်းခံတာဟာ ကိုယ်တော့်အတွက် မလုံမလဲ ဖြစ်ရတယ်"

သက်တော်ရှည်အမတ်ကြီး မဆိုင်းမတွ လျှောက်တင်လိုက်၏။

"အရှင့်မှာ အခြွေအရံတို့ ဆင်းရဲပင်ပန်းကြစေတော့ဆိုသော စေတနာသက်ရောက်မှု မရှိပါ။ ထို့ကြောင့် ကံမမြောက်ပါ။ ထို့ကြောင့် အရှင့်သီလမကျိုးပျက်ပါဘုရား။ ထို့ကြောင့် ကျွန်တော်မျိုးတို့ ကာလိင်္ဂသံအဖွဲ့အား အပြစ်မတင် မကျိုးပျက်သော ဂရုဓမ္မနိစ္စသီလ ချီးမြှင့်ပေးပါဘုရား"

အိမ်ရှေ့မင်းသည် မျက်လွှာအစုံကို ခဏမျှ ပိတ်ထားပြီးမှ ပြန်ဖွင့်၏။ ပြန်ဖွင့်ကြည့်လိုက်သော မျက်လုံးများ ကြည်လင်လှလေသည်။

"ကောင်းပြီလေ... သင်တို့ အလိုရှိရာ ပြန်ရပါစေမယ့် ပဉ္စသီလကို ယူဆောင်သွားကြပါ။ သို့သော် ပုရောဟိတ်ကြီးဆီကို သွားလိုက်ကြပါဦး။ ပုရောဟိတ်ကြီးဟာ အသက်အရွယ် ကြီးရင့်သည်နှင့်အမျှ စာပေကျမ်းဂန်၊ ဂန္ထရတတ်ကျွမ်းသည်နှင့်အမျှ သီလသိက္ခာလည်း လုံခြုံဖြူစင်လှသူ ဖြစ်ပေတယ်။ သူ့လို ပုဂ္ဂိုလ်မျိုးထံ ချဉ်းကပ်တောင်းခံခြင်းသာလျှင် သင်တို့အတွက် ပိုမိုအကျိုးကြီးမှာ ဖြစ်ပေတယ်"

သံအဖွဲ့ဝင်မှူးမတ် တစ်ယောက်က နားမလည်နိုင်စွာ ခေါင်းခါယမ်းရင်း သက်တော်ရှည်အမတ်ကြီးကို မေးလိုက်သည်။

"မင်းဘုရားကြီး ဒီဣန္ဒပတ္တနဂိုရ်ပြည်မှာ ဘာတွေဖြစ်နေကြတာလဲ။ ကျွန်ုပ်တို့ဟာ အစဆိုရင် ကောရဗျမင်း၊ မယ်တော်ကြီး၊ မိဖုရားခေါင်ကြီးနဲ့ အိမ်ရှေ့မင်း မင်းလေးပါးတို့ထံမှာ ချဉ်းကပ်ခစားဝင်ပြီး ဂရုဓမ္မနိစ္စသီလကို ရေးထိုးခဲ့ကြပြီ။ ကောရဗျမင်းက အစပြုပြီး မိမိရဲ့သီလမှာ အကျိုးအပေါက် အပြောက်အကြား ရှိခဲ့တယ်လို့ ဝန်ခံကြတယ်။ အဲဒါနဲ့ပဲ တစ်ပါးကိုတစ်ပါး အဆင့်ဆင့် ညွှန်ပြခဲ့ကြတယ်။ ကျွန်ုပ်တို့လည်း အဆင့်ဆင့် အခစားဝင်ရတယ်။ ကျွန်ုပ်တို့ နားမလည်နိုင်တော့ပါဘူး"

သက်တော်ရှည်အမတ်ကြီးက ရှေ့နောက်နှိုင်းချင့် တွေးဆဟန်ဖြင့်ပြော၏။

"အမတ်ငယ် ဘာမှ စိတ်ထဲမှာ ကသိကအောက် မဖြစ်ပါလေနှင့်။ ဂရုဓမ္မနိစ္စသီလကို ခါးဝတ်ကဲ့သို့ မြဲမြံစွာ စောင့်ထိန်းသူ သူတော်ကောင်းကြီးများကို ကျုပ်တို့ တွေ့နေရတယ်လို့ မှတ်ပါ။ ပီဘိသေးငယ်လှတဲ့ ချွတ်ယွင်းချက်လေး တစ်ခုကြောင့်ပဲ မင်းလေးပါးတို့ဟာ မိမိတို့ရဲ့ သီလကို သံသယရှိခဲ့ကြတယ်။ စင်စစ် ထိုအပြစ်များဟာလည်း အပြစ်မမည်ပါဘူး။ သူတို့ရဲ့သီလကို ဘယ်သို့မှ စွန်းထင်းစေတာမဟုတ်ပါဘူး။ သူတို့တစ်တွေ ဘယ်လောက် ကိုယ်ကျင့်သီလ မြဲမြံတယ်ဆိုတာ ကျွန်ုပ်တို့ ထင်ရှားမြင်ရတာပဲ။ ဒါဟာ ကျုပ်တို့အတွက် များစွာမှ ကျေးဇူးကြီးတယ်။ ကာလိင်္ဂကို ပြန်ရောက်ရင်လည်း ဒီအဖြစ်သနစ်တွေကို ဘုရင်မင်းမြတ်ကို သံတော်ဦးတင်ရမယ်။ ကိုင်း... အခု အိမ်ရှေ့မင်း ညွှန်လိုက်တဲ့အတိုင်း ပုရောဟိတ်ကြီးထံ ဝင်ကြဦးစို့"

## MRAQN

ပုရောဟိတ်ကြီးမှာ အသက်တစ်ရာ ပြည့်တော့မည်ဖြစ်၏။ ဇရာ၏ လက္ခဏာများဖြင့် အိုမင်းရင့်ရော်ခဲ့ပြီ ဖြစ်သော်လည်း ဗျာဓိ၏ နှိပ်စက်ခြင်းမှ လွတ်ကင်းနေသည်ကို တွေ့ကြရသည်။ အသားအရေများ ဖြူဝင်းသန့်စင်လျက် ကြည်လင်သော မျက်နှာရှိနေဆဲပင် ဖြစ်သည်။

ကာလိင်္ဂသံအဖွဲ့က ပုရောဟိတ်ကြီး ရှေ့မှောက်တွင် ပျပ်ဝပ်တုပ်ကွခစားကာ အကျိုးအကြောင်း ပြောပြသည်။ ပုရောဟိတ်ကြီးက အကြောပြိုင်းပြိုင်းထသော လက်များဖြင့် သံအဖွဲ့ခေါင်းဆောင် အသက်ရှစ်ဆယ်ကျော် သက်တော်ရှည်အမတ်ကြီး၏ ပခုံးကိုကိုင်ကာ သက်တောင့်သက်သာ နေပါရန် ပြောသည်။ သံတစ်ဖွဲ့လုံးမှာကား ဤမျှဂုဏ် ဝယဂုဏ်တို့ဖြင့် ပြည့်စုံသော ပုရောဟိတ်ကြီး၌ ကျိုးပေါက်ပြောက်ကျားခြင်း ကင်းစင်သော သီလ အရည်အသွေးတို့ကို တွေ့မြင်ရတော့မည်ဟု မျှော်လင့်နားစွင့်နေကြသည်။ ပုရောဟိတ်ကြီးက ဖြည်းညှင်းစွာ ပြော၏။

"ဥပရာဇာကိုယ်တော်လေးက ကျွန်ုပ်ဆီကို ညွှန်လိုက်သတဲ့လား။ အင်း..."

ဝေသီသော မျက်လုံးများက အဝေး၏အဝေးဆီသို့ လှမ်းခေါ်ကြည့်သယောင်။ ထို့နောက် "အင်း..." ဟု အင်ရှည်ကြီး ရေရွတ်ပြီးမှ-

"သီလ... သီလ ပြစ်မျိုးမှည့်မထင် လုံခြုံပြည့်စုံတဲ့ ဂရုဓမ္မသီလမျိုးကို မရွေ့မတိမ်း စောင့်ထိန်းဆောက်တည်နိုင်ဖို့ဆိုတာ မလွယ်ပါလား"

သံအဖွဲ့ဝင်များ အချင်းချင်း အပြန်ပြန် အလှန်လှန် ကြည့်မိကြပြန်၏။ ပုရောဟိတ်ကြီးက သက်ပြင်းတစ်ချက် လေးလံစွာ မှုတ်ထုတ်လျှက်…

"သက်တော်ရှည်အမတ်ကြီးခေါင်းဆောင်တဲ့ ကာလိင်္ဂသံတမန်တို့ အဖြစ်အပျက်တစ်ခုကို နားဆင်ကြပါဦး။ နှစ်ပရိစ္ဆေဒ ကြာတောင့်ကြာများ ကြာခဲ့ပါပြီ။ သို့သော် ထိုအဖြစ်ဟာ ကျွန်ုပ်နဲ့ သီလကို အခွင့်သင့်တိုင်း ပြက်ရယ်ပြုနေတယ်။ ဂရုဓမ္မနိစ္စသီလအရာ၌ ငါသည် ထိန်းသိမ်းကုံလုံပေ၏လို့ ဆင်ခြင်လိုက်တိုင်း ထိုအဖြစ်က ကျွန်ုပ်ရဲ့နှလုံးသားကို သေးငယ်သော ထောင့်တစ်နေရာမှ ကိုက်ဖဲ့နေသလို ခံစားရတယ်"

"အမိန့်ရှိပါ ပုရောဟိတ်ကြီး"

"ကျွန်ုပ်အသက် ခုနစ်ဆယ်အရွယ်မှာပေါ့။ တိုင်းခြားမင်းတစ်ပါးက ကျွန်ုပ်တို့ရဲ့ ဓနဥ္စယ ကောရဗျမင်းထံ ရထားသစ်တစ်စီး ဆက်သခဲ့ရတယ်။ ထိုရထားဟာ အခင်းအကာ ဘီးမှအစ အပြစ်ပြောစရာ မရှိလောက်အောင် တင့်တယ်လှတယ်။ ရထားသစ်ပေါ်မှာ ဘုရင်မင်းမြတ် ပထမဆုံးစီးနင်းဖို့ တက်လိုက်ချိန်မှာ ကျွန်ုပ်ဘာဖြစ်သွားခဲ့သလဲ သိကြသလား။ ကျွန်ုပ်စိတ်ထဲမှာ လောဘဆိုတဲ့ တပ်မက်ခြင်း ပေါ်ပေါက်သွားတယ်။ ဒီရထားသာ ငါရလိုက်ရင် စီးနင်းလိုက်ရရင်ဆိုတဲ့ ကာမဂုဏ် အာရုံနဲ့ယှဉ်သော မသင့်မတင့်တဲ့ လိုချင်တပ်မက်စိတ် ဝင်ခဲ့တယ်။ အဲဒီ လောဘစိတ်တစ်ချက် ဖြစ်ပေါ်ခဲ့ဖူးတဲ့ အခိုက်အတန့်ကြောင့် ကျွန်ုပ်ရဲ့သီလ ညှိုးနွမ်းခဲ့တယ်။ ဒါကြောင့် ဓနဥ္စယတိုင်းပြည်မှာ အသက်အကြီးဆုံး ပညာအရှိဆုံးဆိုကြတဲ့ ကျွန်ုပ်ပုရောဟိတ်ကြီးရဲ့ သီလဟာ တင်းပြည့်သီလ မဟုတ်ပါဘူး။ ယခု အချိန်ထိအောင်ပဲ ငါ့သီလ ပျက်ခဲ့ပြီလားလို့ သံသယရှိနေဆဲ ဖြစ်ပါတယ်"

သံအဖွဲ့ခေါင်းဆောင် သက်တော်ရှည်အမတ်ကြီးမှာ ပြန်ပြောစရာ စကားလုံး ရှာမတွေ့ဖြစ်ကာ ပုရောဟိတ်ကြီး၏ မျက်နှာကိုသာ မော်ကြည့်နေမိ၏။ ခဏကြာမှ-

"အို… ပုရောဟိတ်ကြီး လောဘစိတ်ကလေးတစ်ချက် ဖြစ်ပေါ်ကာမျှနဲ့ သီလမပျက်ပါ။ ထို့အပြင် ထိုလောဘစိတ် ဖြစ်ပေါ်လာတာကို လောဘစိတ်ဖြစ်ပေါ်ပြီလို့ ဆင်ခြင်သိမှတ် လိုက်နိုင်တဲ့ အတွက်လည်း ပျောက်ပျက်သွားပါပြီ။ ပုရောဟိတ်ကြီးရဲ့ စင်ကြယ်မြဲ စင်ကြယ်တဲ့ သီလကို ကျွန်ုပ်တို့အား ဝေမျှကူးယူခွင့် ပြုစေချင်ပါတယ်"

"အင်း… သို့ဆိုလျှင်လည်း ရေးထိုးကြပါ။ သို့သော် ကျွန်ုပ်ထံမှ ကူးယူရရှိသွားရုံနဲ့ပဲ မတင်းတိမ်ပါနဲ့။ ဟောဒီ ဓနဥ္စယပြည်မှာတော့ မဟုတ်တာမမှန်တာကို ဘယ်တော့မှ မကြံစည်၊ ဘယ်တော့မှ မလုပ်၊ ဘယ်တော့မှ မပြော ကံသုံးပါးစလုံးနဲ့ ညီညွတ်လုံခြုံလှတဲ့ သူတစ်ယောက် ရှိနေပါတယ်။ သူ့ထံကို သွားကြပါဦး။ အဲဒီလို ပုဂ္ဂိုလ်မျိုးထံမှ ရရှိတဲ့ သီလသာလျှင် ပကတိဖြူစင် မပြစ်မထင်တဲ့သီလ ဖြစ်ပါတယ်"

"ညွှန်တော်မူပါ ပုရောဟိတ်ကြီး"

"သူကတော့ ဓနဥ္စယပြည်ရဲ့ နယ်နိမိတ်မြေပြင် အလုံးကို တာဝန်ယူကြီးကြပ်တဲ့ မြေတိုင်းအမတ်ပါပဲ"

## MRAQN

မြေတိုင်းအမတ်သည် အသက်ငါးဆယ်ကျော်ခန့် အရွယ်ရှိသူဖြစ်၏။ ဥပဓိရုပ်ရှင်းသန့်လှပြီး သူ၏ကြည်လင် တောက်ပသော မျက်လုံးများကပင်လျှင် သူ့၌ နိစ္စသီလနှင့် ပတ်သက်၍ အစွန်းအထင်း ကင်းစင်သူအဖြစ် သက်သေခံနေသည်ဟု သက်တော်ရှည်အမတ်ကြီး တွက်ဆလိုက်သည်။

မြေတိုင်းအမတ်က သူ၏လက်အောက်အမှုထမ်းများနှင့်အတူ မြေပုံရုပ်ပုံပေလွှာများကို ကြည့်ရှုစစ်ဆေးရင်း သံအဖွဲ့ကို လက်ခံတွေ့ဆုံ၏။ ပုရောဟိတ်ကြီးက ညွှန်းဆိုသဖြင့် မိမိတို့ ရောက်ရှိလာကြောင်း ပြောပြသောအခါ မြေတိုင်းအမတ်၏ မျက်နှာမှာ တည်ကြည်လေးနက်နေရာမှ အံ့မှိုင်းသွားသည်။

"သြော်... ပုရောဟိတ်ကြီးကိုယ်တိုင်က ကျွန်ုပ်ကို ဂုဏ်ပြု ညွှန်းဆိုလိုက်တဲ့အတွက် ဝမ်းမြောက်ရပါတယ်။ သို့သော် ဝမ်းမြောက်မိခြင်းရဲ့ အခြားတစ်ဖက် တစ်ဆက်တည်းမှာပဲ ကျွန်ုပ်ရဲ့ အပြစ်မကင်းစိတ်ကို လှမ်းမြင်နေရတယ်။ ကျွန်ုပ်လို ပုဂ္ဂိုလ်မျိုးထံမှ သံအဖွဲ့ဝင် ပုဂ္ဂိုလ်ကြီးများ သီလကို ကူးယူရေးထိုးဖို့ မသင့်ပါဘူး"

"ဘာကြောင့်ပါလဲ အမတ်မင်း"

"ဘယ်သူမှ မသိလိုက်ကြတဲ့ ဖြစ်ရပ်ပါ။ ဆယ်နှစ်ကြာခဲ့ပါပြီ။ လယ်မြေကွက်များကို မင်းပယ်နဲ့ အသည်သားမြေဆိုပြီး ပိုင်းခြား သတ်မှတ်ပေးဖို့ ကျွန်ုပ် ကြီးမှူးတိုင်းတာခဲ့ရတယ်။ တစ်ခါမှာတော့ လယ်မြေတိုင်းတာရာမှာ ကြိုးစွန်းကို ချည်သောလှံတံကို ကျွန်ုပ်က နီးရာပုစွန်တွင်း တစ်တွင်းထဲ စိုက်လိုက်မိပါတယ်။ ပုစွန်တွင်းက ကျစ်စာများခက်မာ ခြောက်သွေ့နေတာမို့ ပုစွန်သတ္တဝါတို့ အသုံးမပြု စွန့်ပစ်ထားခဲ့ကြတဲ့တွင်းပဲလို့ ကျွန်ုပ်က ထင်လိုက်ပါတယ်။ သို့သော် ကံဆိုးလှတဲ့ ပုစွန်တစ်ကောင်ဟာ အဲဒီတွင်းထဲမှာ ခိုအောင်းနေရှာတယ်။ ကျွန်ုပ်ရဲ့ လှံသွားက အဲဒီကံနည်းရှာတဲ့ သတ္တဝါကို ထိုးစိုက်မိပြီး ခများသေဆုံးခဲ့ရရှာတယ်။ ကိုင်း... သံအဖွဲ့ဝင်ပုဂ္ဂိုလ်ကြီးတို့ သူ့အသက်ကို တစ်ခါသတ်မိတဲ့ မြေတိုင်းအမတ်ရဲ့ သီလကို ဖြူစင်တယ်လို့ သင်တို့ မှတ်ယူနိုင်ကြပါသေးရဲ့လား"

"အမတ်မင်း သေစေလိုသော စေတနာမရှိတဲ့အတွက် သူ့အသက်သတ်ခြင်းကံမမြောက်ပါဘူး။ အမတ်မင်းရဲ့ သီလဖြူစင်ဆဲ ဖြစ်ပါတယ်"

"ကောင်းပါပြီ… ရှိစေတော့။ သို့သော် သီလအရာမှာ ကျွန်ုပ်ထက်သာလွန်တဲ့ ရထားထိန်းဆီ သွားကြစေလိုပါတယ်"

ကလိင်္ဂသံအဖွဲ့ဝင် အချင်းချင်း တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်မိကြ၏။ ဤကုရုဒ္ဓနဂိုရ်ပြည်တွင် မိမိတို့သည် အလွန်ထူးခြားသော ပုဂ္ဂိုလ်များကိုချည်း အဆင့်သင့် အစဉ်တစိုက် တွေ့နေရသည်။ ဦးစွာ ဓနဥ္စယ ကောရဗျမင်း၊ ထို့နောက် မင်း၏မယ်တော်၊ ထို့နောက် မင်းမိဖုရားကြီး၊ ထို့နောက် အိမ်ရှေ့ဥပရာဇာ၊ ထို့နောက် ပုရောဟိတ်သက်တော်ရှည်အမတ်ကြီး၊ အမတ်ကြီးမှတဆင့် မြေတိုင်းအမတ်…

စုစုပေါင်း ခြောက်ဦးရှိခဲ့ပြီ။ အဆင့်ဆင့် ညွှန်ကြားလိုက်ကြသည်များကလည်း အထက်သို့ မြင့်တက်သွားသော အစီအစဉ်မဟုတ်ဘဲ မင်းမှသည်၊ မြေတိုင်းအမတ်အထိ ရောက်ခဲ့ကြပြီ။ ကုရုဒ္ဓနဂိုရ်ကား မည်သို့သော ဓမ္မများဖြင့် လွှမ်းခြုံထားလေသနည်း။ ထိပ်ဆုံးဖြစ်သော ပြည့်ရှင်မင်းမှသည် တစ်ဆင့်တစ်ဆင့် ရာထူးငယ်သူများထံ ဆင်းသက်လာသည်။ မိမိတို့၏သီလ ညှိုးနွမ်းခဲ့ပုံကို ပွင့်လင်းစွာ တင်ပြ၍ မိမိထက် သီလလုံခြုံသူထံ သွားပါဟု လက်ဆင့် ကမ်းခဲ့ကြသည်။ တစ်ဆင့်တစ်ဆင့် တွေ့ခဲ့ရသူများသည် တစ်စတစ်စ ရာထူးသေးငယ်ကာ ယခု မြေတိုင်းအမတ် ထံမှသည် ရထားထိန်းထံ သွားပါဟု ညွှန်ကြားလိုက်ပြန်ပြီ။

ရထားထိန်းကကော မည်သို့ဆိုလိမ့်ဦးမည်နည်း။

## MRAQN

ရထားများထားရှိရာ တင်းကုပ်သို့ ရောက်ခဲ့ကြ၏။ ရထားထိန်းသည် သူ၏ အမှုထမ်းဝတ်စုံကို ဆင်ယင်ထားသည်။ သွင်ပြင်သဏ္ဌာန် ထူးခြားမှုမရှိ။ ဝတ်စုံမှာလည်း တောက်ပမှုမရှိ။ သာမန် မင်းမှုထမ်းပုံမျိုးသာ ဖြစ်သည်။

သံအဖွဲ့က မြေတိုင်းအမတ်၏ တစ်ဆင့်ညွှန်ကြားမှုဖြင့် မိမိတို့ရောက်ရှိလာကြောင်း ရထားထိန်းကို အကျိုးအကြောင်းပြောပြပြီး ရထားထိန်းထံမှ တောင်းခံလေသည်။ ရထားထိန်းက တွန့်ကြေနေသော ဝတ်စုံကို စန့်စန့်ပြန့်ပြန့်ဖြစ်အောင် လက်ဖြင့်သပ်ကာ အေးဆေးစွာ ပြောသည်။

"မြေတိုင်းအမတ်ရဲ့ ညွှန်ကြားမှုကို ခံယူရလို့ ကျွန်ုပ်ဝမ်းမြောက် ဂုဏ်ယူမိပါတယ်။ သို့သော် အဲဒီ ဝမ်းမြောက်ဂုဏ်ယူမှုထဲမှာ အပြစ်အနာတစ်ခု ရှိနေပါတယ်။ မဟုတ်မမှန်ရာကို ကျွန်ုပ်

မပြောချင်ပါ။ သံအဖွဲ့ဝင်ပုဂ္ဂိုလ်ကြီးများ ယခုလို ရောက်ရှိလာပြီး မေးမြန်းတောင်းခံတာကိုပဲ ကျွန်ုပ်က အပြစ်ဝန်ခံချက်ပေးခွင့်ရလို့ ကျေးဇူးတင်လှပါတယ်”

ကာလိဂ်သံအဖွဲ့ခေါင်းဆောင် အမတ်ကြီးကပင် ဦးဆောင်မေးလိုက်သည်။

“ရထားထိန်း၊ အပြစ်အနာရှိတဲ့ ဝမ်းမြောက်ဂုဏ်ယူမှုဆိုတာ ဘာပါလဲ”

“တစ်ခါက ကျွန်ုပ်ဟာ ဘုရင်မင်းမြတ်ကို တင်ဆောင်ပြီး ဥယျာဉ်တော်က ပြန်လာခဲ့ပါတယ်။ ဘုရင့်ဥယျာဉ်တော်ဟာ သဘာဝ တောတောင်ဥယျာဉ် ဖြစ်တဲ့အတွက် နန်းတော်နဲ့ အတော်လေး ကွာလှမ်းပါတယ်။ နန်းတော်မရောက်ခင် လမ်းခုလတ်မှာပဲ မိုးသား တိမ်လိပ်တွေက ညိုမည်းပြီး အုံ့ဆိုင်းလာပါတယ်။ ဘုရင်မင်းမြတ် မိုးမိမှာစိုးလို့ ကျွန်ုပ်လည်း မြင်းတွေကို နင်တံသွင်းပြီး အပြင်းမောင်းနှင်လိုက်ရတယ်။ သိန္ဓောမြင်းများဟာ အလွန်ပဲ လိမ္မာကြတယ်။ သူတို့ ကဆုန်ဆိုင်းခဲ့ကြလို့ မိုးမမိတော့ဘဲ လွတ်ကင်းစွာနဲ့ နန်းတော်ကို ပြန်ရောက်ခဲ့ကြပါတယ်”

သံအဖွဲ့ဝင်များ ငြိမ်သက်စွာ နားထောင်နေကြသည်။ ရထားထိန်းက အဝေးဆီသို့ ငေးကြည့်ရင်း ဆက်ပြောသည်။

“သိန္ဓောမြင်းများဟာ အမှတ်သညာ ကြီးကြရှာတယ်။ နောင်အခါများမှာ ကျွန်ုပ် မောင်းနှင်တဲ့ရထား အဲဒီနေရာကို ရောက်တိုင်းရောက်တိုင်း ဟိုတစ်ခါက ဒီနေရာဟာ နင်တံသွင်းပြီး အပြင်းကဆုန်ဆိုင်းခဲ့ရတဲ့ နေရာပါလားဆိုတဲ့ အသိနဲ့ သူတို့ခြေကုန်တင်ပြီး ဒုန်းစိုင်းကြတယ်။ အလွန်ပင်ပန်းကြရတယ်။ ဒီဖြစ်ရပ်ကြောင့် ကျွန်ုပ်မှာ မိမိရဲ့သီလကို ဘယ်လိုမှ အားမရနိုင်ပါဘူး။ ပြည့်စုံစင်ကြယ်တဲ့ သီလမဟုတ်ဘူးလို့ မှတ်ယူမိပါတယ်”

သံအဖွဲ့ခေါင်းဆောင်အမတ်ကြီး ဖြည်းလေးစွာ ခေါင်းညိတ်မိသည်။ ဤမျှသော အပြုအမူကိုပင် အမည်းစက်အဖြစ် ထင်မှတ်နေပါလားဟူ၍လည်း လှိုက်လှဲစွာ လေးမြတ်စိတ်များ ပေါ်ပေါက်လာသည်။

“ရထားထိန်း၊ ဒါဟာ သိန္ဓောမြင်းများရဲ့ အမှတ်သညာကြောင့် ဖြစ်ရတာပါ။ သင့်ရဲ့အမှုက ပြီးဆုံးခဲ့ပါပြီ။ သင့်မှာ မြင်းတွေ ပင်ပန်းပါစေဆိုတဲ့ စေတနာ နဂိုကတည်းက မသက်ရောက်ခဲ့ပါဘူး။ ဒါကြောင့် ဒါဟာ သင့်ရဲ့သီလကို ညှိုးနွမ်းစေတဲ့အကြောင်း လုံးဝမဟုတ်ပါဘူး”

“ကောင်းပါပြီလေ။ ကျွန်ုပ်ရဲ့ ကုက္ကုစ္စဆူးငြောင့်ကို ဖယ်ကွင်းဖို့ ကြိုးစားပေးတဲ့အတွက် သံအဖွဲ့ဝင်ကြီးများကို ကျေးဇူးတင်လှပါတယ်။ ဂရုဓမ္မနိစ္စသီလကို ကူးယူချင်လည်း ကူးယူနိုင်ကြပါပြီ။ သို့သော် မင်းနေပြည်တော်ရဲ့ သူဌေးကြီးဆီကို သွားစေချင်ပါတယ်။ သူဌေးကြီးဟာ သီလအရာမှာ စေ့စပ်လုံခြုံသူပါ”

**MRAQN**

မင်းအသုံးတော်ခံ ရွှေစလွယ်ရသူဌေးကြီးဟု ဆိုသော်လည်း ဝင့်ထည်ဝါကြွားသော အမူအရာမရှိပဲ နှိမ့်ချပြေပြစ်သော အပြုံးများဖြင့် သူဌေးကြီးက လက်ခံသည်။ ဘုရင့်ရထားထိန်း၏ ပြည့္ဆန်ချက်အရ လာရောက်ကြခြင်းဖြစ်ကြောင်း ပြောပြကြသည်။

သူဌေးကြီးက လျော့နည်းသော အပြုံးဖြင့်...

"ရထားထိန်းက ကျွန်ုပ်ကို တကယ့်သီလဖြူစင်သူလို့ ထင်မှတ်ပေတာကိုး။ အမှန်တော့ ကျွန်ုပ်ရဲ့ဘဝမှာ ခိုးမှုတစ်ခု ကျူးလွန်ခဲ့မိဖူးတယ်ဆိုတာ သူမသိရှာဘူး။ အင်း... ဘယ်သူမှလည်း မသိကြဘူး။ မိမိကိုယ်မိမိပဲ သိပါတယ်။ အဲဒီ အဒိန္နာဒါနကံကြောင့် ကျွန်ုပ်သီလပျက်ခဲ့ပါတယ်။ ဒါကြောင့် သံအဖွဲ့ဝင်ကြီးတို့ ကျွန်ုပ်ဆီက ပဉ္စသီလကိုကူးယူဖို့ မသင့်ပေဘူး"

သံအဖွဲ့ အံ့အားသင့်သွားကြသည်။ ဤမျှချမ်းသာသော သူဌေးကြီးသည် ခိုးမှုတစ်ခုကို ဘယ်သို့ကျူးလွန်ခဲ့လေသနည်း။ အဖွဲ့ခေါင်းဆောင်က မေးမည်အပြုမှာပင် သူဌေးကြီးက ဆက်ပြောလေသည်။

"ကြာခဲ့ပါပြီလေ။ တစ်ခါက ဘုရင်မင်းမြတ်အတွက် သီးသန့်သတ်မှတ်ထားတဲ့ ကျွန်ုပ်ရဲ့ သလေးလယ်ကွက်ထဲက ကောက်နှံပန်းတစ်အုပ်ကို ခူးယူပြီး ကျွန်ုပ်ဦးသျှောင်ထက်မှာ ပန်ဆင်ခဲ့မိတယ်။ တကယ်တော့ မင်းကြီးအတွက် ရည်စူးအပ်နှံထားပြီးသော မည်သည့်အရာကိုမျှ မင်းကြီးထက်အဦးအလျှင်ပြုပြီး မသုံးစွဲရဘူး။ ကျွန်ုပ်ရဲ့ အဲဒီ အပြုအမူဟာ မိမိပစ္စည်းမဟုတ် ပိုင်ရှင်ရှိထားပြီးသော ပစ္စည်းကို ပိုင်ရှင်မသိအောင် သုံးစွဲယူငင် လိုက်တဲ့အတွက် ခိုးရာရောက်ပါတယ်။ ကိုင်း... အဲဒီလူရဲ့သီလကို သံအဖွဲ့ဝင်ကြီးများက အလုံးစုံ ဖြူစင်တယ်လို့ ခေါ်မလား"

"အို.. ဒါဟာ ခိုးမှုမမြောက်ပါဘူး။ သူဌေးကြီး... သူဌေးကြီးမှာ ခိုးယူလိုတဲ့ စိတ်စေတနာရှိခဲ့တာ မဟုတ်ပါဘူး။ အမှတ်တမဲ့ ဖြစ်သွားရတဲ့အရာပါ။ သူဌေးကြီးမှာ အဒိန္နဒါနကံ မကျူးပေါက်ပါဘူး"

"ကောင်းပါပြီလေ။ သို့ဆိုလျှင်လည်း..."

သံအဖွဲ့ခေါင်းဆောင် သက်တော်ရှည်အမတ်ကြီးမှာ ဩော်... သလေးလယ်ကွက်မှာ ကောက်နှံပန်း တစ်ဆုပ်အတွက်ပင် သီလ ညှိုးနွမ်းမခံပါကလားဟူ၍ ထိထိခိုက်ခိုက်ကြီး နားလည်သွားလေသည်။

ပဥ္စသီလကို သူဌေးကြီးထံမှ ကူးယူရေးမှတ်ပြီးနောက် သူဌေးကြီးက "သံအဖွဲ့ဝင်တို့ ပုဂ္ဂိုလ်တစ်ဦးထံ သွားသင့်ပါတယ်။ သူဟာ ကိုယ်ကျင့်သီလအရာမှာ အလွန်ဖြောင့်မတ် လှတဲ့အတွက် သူ့ကို နန်းတော်က အလွန်အရေးကြီးတဲ့ တာဝန်တစ်ရပ် ပေးထားပါတယ်။ အဲဒါကတော့ တင်းခြင်တဲ့အလုပ်ပါ။ အလွန်သမာသမတ်ကျမှ ဒီတာဝန်ကိုယူရတာပါ။ တင်းခြင်တဲ့ အမတ်မင်းဆီကို သွားကြစေချင်တယ်။ သူ့လို ပုဂ္ဂိုလ်မျိုးထံကပင် ပြစ်မျိုးမှည့်မထင်သော သီလကို ရရှိနိုင်မှာဖြစ်တယ်" ဟု ညွှန်လိုက်ပြန်သည်။

## MRAQN

"မိမိရဲ့သီလကို ယခုတိုင် မိမိသံသယရှိနေဆဲ လူတစ်ယောက်ဆီကိုမှ သံအဖွဲ့ဝင်ကြီးများ ရောက်လာကြပေတယ်နော်"

တင်းခြင်အမတ် ပြောလိုက်သည့် စကားဖြစ်သည်။

"ဘယ်လို အကြောင်းကြောင့်နဲ့များ မိမိသီလကို မိမိသံသယရှိနေတာပါလဲ"

ထူးခြားသောဖြစ်ရပ်ကို ကြားရလိမ့်ဦးမည်ဟု မျှော်လင့်လျက် မေးလိုက်ကြသည်။ တင်းခြင်အမတ်က တည်ငြိမ်သောမျက်နှာဖြင့် ဖြေသည်။

"ကျွန်ုပ်ဟာ အရေးကြီးတဲ့အလုပ်တိုင်းမှာ လက်အောက်ငယ်သား အမှုထမ်းများကို မခိုင်းစေတော့ဘဲ ကိုယ်တိုင်ပဲ ခြင်တွယ်ပေးပါတယ်။ အမှုထမ်းများ အမှတ်များ ရေတွက်မှားမှာကို စိုးရိမ်လို့ပါ။ သို့သော် ဖြစ်ရပုံက ကျွန်ုပ်ကိုယ်တိုင် ခြင်တွယ်တော့မှပဲ မဖြစ်သင့်တာ ဖြစ်သွားခဲ့တယ်လေ"

"ဘယ်လိုများ ဖြစ်သွားခဲ့တာပါလဲ အမတ်မင်း"

"စပါးတွေကို တင်းနဲ့ခြင်တွယ်တဲ့ တစ်ခါတုန်းကပါပဲ။ မခြင်တွယ်ရသေးတဲ့ စပါးပုံက စပါးများကိုယူပြီး တစ်နေရာမှာ စုပုံအမှတ်အစ လုပ်ထားတဲ့ အပုံထဲက စပါးတွေကို စပါးပုံတစ်ပုံတစ်ခုတည်းကို အမှတ်တမဲ့ရောထည့်လိုက်မိတယ်။ အင်း... ကျွန်ုပ်မှာ ယခုထိ နိုပ်စက်နေတဲ့ သံသယက ခြင်တွယ်ပြီးသော စပါးပုံထဲ ရောထည့်လိုက်မိသလား၊ ဒါမှမဟုတ် မခြင်တွယ်ရသေးတဲ့ အပုံထဲရောထည့်လိုက်မိသလား ကွဲပြားခြားနား မသိဘူး။ ခြင်တွယ်ပြီးသား စပါးပုံထဲသာ ရောထည့်လိုက်မိတယ်ဆိုရင်တော့ စပါးရှင်ဟာ နစ်နာသွားပါပြီ။ ဒီအပြုအမူကြောင့် ကျွန်ုပ်ရဲ့သီလလည်း ပျက်စီးခဲ့ပြီလို့ ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ခြင်တွယ်ပြီးသား စပါးပုံရဲ့ပိုင်ရှင်ဟာ သူပေးသင့်ပေးထိုက်တာထက် ပိုပြီးပေးလိုက်ရာ ရောက်လို့ပါပဲ"

သံအဖွဲ့ဝင်များက ထိုအမှတ်တမဲ့ အမှားကြောင့် သီလပျက်စရာ အကြောင်းမရှိကြောင်း၊ ပိုင်ရှင်မှာလည်း မနစ်နာပါကြောင်း၊ သာစေနာစေဟူ၍ တမင်ပြုလုပ်ခြင်း မဟုတ်သောကြောင့် အပြစ်မထိုက်ကြောင်း ကျေလည်အောင် ရှင်းပြကြသည်။

“ကောင်းပြီလေ။ ဒါဆိုရင်လည်း ကျွန်ုပ်ထံမှ သီလကို ကူးယူကြပါ။ သို့သော် သံအဖွဲ့ဝင်တို့အတွက် ထိုက်ထိုက်တန်တန်ကြီး ရသွားအောင် တံခါးမှူးဆီသွားလိုက်ကြပါဦး။ တံခါးမှူးဟာ အလွန်ပဲ အဂတိကင်းပြီး မှန်ကန်တိကျ ဖြူစင်တဲ့သူပါ။ သူ့မှာ သီလကိုယ်ကျင့် ညှိုးနွမ်းဖူးတဲ့အရာမျိုး တစ်ခါမှ မရှိခဲ့ဖူးဘူး”

## MRAQN

တံခါးမှူးသည် သံအဖွဲ့ဝင်တို့၏စကားကို နားထောင်ပြီးနောက် ခေါင်းယမ်းသည်။

“တင်းခြင်အမတ်က ကျွန်ုပ်ရဲ့သီလကို ဖြူစင်လုံခြုံလှပြီလို့ ထင်နေတယ်။ မဟုတ်ပါဘူး။ ကျွန်ုပ်ဟာ ဝစီနုတ်မှုကံတစ်ခုခု မှားယွင်းကျူးလွန်ခဲ့တယ်ဆိုတာသာ သူသိရင် ဒီလို ညွှန်ပြလိမ့်မယ် မထင်ပါဘူး။ ဒီလိုပါ”

တံခါးမှူးကျူးလွန်ခဲ့သည်ဆိုသော ဝစီကံအမှားကား...

“ဒီလိုပါ။ တစ်ခါက မြို့တံခါးဝပိတ်ကာနီးမှာ ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက်တို့ ရောက်လာကြတယ်။ အရွယ်ကောင်းတွေပါပဲ။ အသက်ကလည်း မတိမ်းမယိမ်းပါ။ ကျွန်ုပ်မှာလည်း မြို့တံခါးကိုပိတ်ပြီး အဝင်အထွက်စာရင်းကို ပုရပိုက်မှာ ရေးသွင်းရမယ့်တာဝန် ရှိနေတာကြောင့် စိတ်နည်းနည်း လောနေခဲ့တယ်။ ဒါနဲ့ပဲ သူတို့နှစ်ယောက် အဝင်မှာ ကိုင်း... ဇနီးခင်ပွန်း အမည်ကိုပြောပါလို့ ဆိုလိုက်တယ်။ သံအဖွဲ့ဝင်အမတ်ကြီးများ နားဆင်ကြပါ။ ကျွန်ုပ်ရဲ့ နုတ်ထွက်စကားဟာ အလွန်ပဲ ရိုင်းစိုင်းသွားခဲ့ပါတယ်။ တကယ်တော့ သူတို့ဟာ မောင်နှမအရင်းတွေသာ ဖြစ်ကြတယ်။ မိန်းမသားခမျာ မျက်နှာနီရဲသွားရှာပြီး အို... ဘယ်လိုများ ပြောလိုက်တာပါလိမ့်လို့ ပြောပေမယ့် ဟိုလူကတော့ စိတ်ဆိုးသွားပြီး မောင်နှမဗျ မောင်နှမလို့ ပြင်းပြင်းထန်ထန် ပြောသွားပါတယ်။ ကျွန်ုပ်လည်း ကိုယ့်ရဲ့ မဆင်မခြင်ပြောလိုက်တဲ့ စကားကြောင့် တုန်လှုပ်သွားပါတယ်။ ကိုင်း... အဲဒီလို လူတစ်ယောက်ရဲ့ သီလဟာ ဖြူစင်ပါသတဲ့လား။ ဒါဟာ ဝစီကံဒုစရိုက်တစ်ခု မဟုတ်ပါလား”

“မဟုတ်ပါဘူး။ မဟုတ်ပါဘူး။ တံခါးမှူး မိမိအထင်အမြင်လွဲလို့ ပြောလိုက်မိသွားတာပါ။ သူတို့အပေါ် ပုတ်ခတ် စော်ကားလိုစိတ်နဲ့ ကြမ်းတမ်းစွာ ဆဲရေး တိုင်းထွာတာလည်း မဟုတ်ပါဘူး။ တံခါးမှူးရဲ့သီလ မပျက်စီးပါဘူး”

"ကိုင်း... ဒီလိုဆိုရင်လည်း..."

## MRAQN

ကာလိဂ်သံအဖွဲ့ဝင်များ စိတ်လှုပ်ရှားနေကြသည်။ ယခု တံခါးမှူး၏ ပြည့်နှန်ချက်ဖြင့် မိမိတို့တွေ့ရမည့်သူမှာ ဘုရင့် အမှုတော်ထမ်းလည်း မဟုတ်၊ သူဌေးသူကြွယ် ယောက်ျားလည်း မဟုတ်၊ မိန်းမသားတစ်ယောက် ဖြစ်နေသည်။ ထို့ထက်မူ ထိုမိန်းမသားမှာ ဣန္ဒပတ္ထနဂိုရ် တည်းဟူသော ပြည်၏တန်ဆာကို မိမိ၏ အလှအပအနုပညာ ကာမဂုဏ်တို့ဖြင့် ဂုဏ်ဆောင် ဆင်ယင်ပေးသော အလုပ်ကိုလုပ်သည့် ပြည့်တန်ဆာမ တစ်ယောက် ဖြစ်နေခြင်းပင်။ ပြည့်တန်ဆာ ဆိုသည်မှာ အလှပဆုံး အနုပညာအရည်အသွေး အတောက်ပဆုံး မိန်းမသားတို့ တပ်အပ်သော ပညာတို့ကို အတတ်ကျွမ်းဆုံးဟူသော ဂုဏ်ရည်များဖြင့် ပြည့်စုံသူ၊ လက်ထပ်ခွင့်မရှိဘဲ မိမိ၏အလှအပကို သတ်မှတ်ထားသော အဖိုးအနား ပေးနိုင်သူတို့ထံ အလှည့်ကျအပ်နှင်း ဖျော်ဖြေရသူ ဖြစ်လေသည်။ ထို့ကြောင့် ပြည့်တန်ဆာမတစ်ယောက်သည် အဘယ်သို့လျှင် သီလဖြင့် ပြည့်စုံနိုင်မည်နည်းဟူ၍ သံအဖွဲ့ဝင်တို့ တွေးမရရှိကြသည်။

သို့သော် အဆင့်ဆင့်ညွှန်ကြားလိုက်ခြင်း၏ နောက်ဆုံးပုဂ္ဂိုလ် တံခါးမှူးကိုယ်တိုင်က ထပ်ဆင့်ပြည့်နှန်လိုက်သူ ဖြစ်နေပြန်သည်။ ပြည့်တန်ဆာမက ယဉ်ကျေးစွာ လက်ခံတွေ့ဆုံသည်။ သံအဖွဲ့က အကျိုးအကြောင်း ပြောပြသည်။ စကားအစအဆုံး နားထောင်ပြီးနောက် တည်ငြိမ်စွာ ဆိုလေသည်။

"နားဆင်ကြပါ။ တစ်ချိန်က ကျွန်ုပ်ဟာ မိမိရဲ့ လုပ်ငန်းသဘာဝ အလျောက် အမျိုးကောင်းသား တစ်ဦးထံမှ သတ်မှတ်တဲ့ အဖိုးအခကို လက်ခံပါတယ်။ သို့သော် ထိုအမျိုးကောင်းသားရဲ့ အဖိုးအခများ မကျေမီ အခြားအမျိုးကောင်းသား တစ်ဦးပေးလာတဲ့ အဖိုးအခကို လက်ခံမယ်ဆိုပြီး လက်ဖြန့်ခဲ့မိပါတယ်။ ဒါဟာ ခိုးမှုတစ်မျိုးဖြစ်တယ်လို့ ထင်ပါတယ်။ ဒါကြောင့် ကျွန်ုပ်ရဲ့သီလဟာ ပျက်စီးခဲ့ပါတယ်"

သံအဖွဲ့ဝင်များ ဘာပြောရမှန်းမသိ ဖြစ်နေကြသည်။ ခေါင်းဆောင်အမတ်ကြီးက ပြည့်တန်ဆာမ၏ စကားတစ်ခွန်းကို သတိထားမိပြီး မေးလိုက်သည်။

"အသင့်စကားထဲမှာ လက်ဖြန့်ခဲ့မိတယ်လို့ ပါတယ်။ အဲဒီ အဖိုးအခကို အသင်ယူလိုက်သလား"

"ဟင့်အင်း... ကျွန်ုပ်မယူခဲ့ပါဘူး။ ထိုအချိန် တဒင်္ဂမှာပဲ ငါသည် အဦးဖြစ်သော ယောက်ျားသားထံမှ အဖိုးအခမကြေသေးလို့ သတိဝင်လိုက်တဲ့အတွက် အဲဒီ အဖိုးအခအသစ်ကို ငြင်းပယ်ခဲ့ပါတယ်"

"အို... သင့်သီလမပျက်ပါ။ လက်ဖြန့်ရုံမျှနဲ့ ကျူးလွန်ရာမရောက်ပါဘူး"

## MRAQN

ခနဉ္စယကောရဇ္ဇမင်း၊ မင်းမယ်တော်၊ မင်းမိဖုရားကြီး၊ အိမ်ရှေ့ဥပရာဇာ၊ ပုရောဟိတ်၊ မြေတိုင်းအမတ်၊ ရထားထိန်း၊ သူဌေးကြီး၊ တင်းခြင်အမတ်၊ တံခါးမှူး၊ ပြည့်တန်ဆာမ တစ်ကျိတ်တစ်ယောက်သောသူတို့၏ ဖြစ်စဉ်ဖြစ်ရပ် ဆိုစကားများကိုပါ သံအဖွဲ့က မှတ်တမ်းတင် ရေးထိုးခဲ့ကြသည်။ ထို့နောက် အစဉ်တစိုက် ကူးယူခဲ့ကြသော ပဉ္စသီလ ရေးထိုးထားသည့် ရွှေပြားပုရပိုက်ကို ကလိင်္ဂမင်းထံ ဆက်သလိုက်ကြသည်။

ကလိင်္ဂမင်းကြီးသည် မှတ်တမ်းများကို ဖတ်ရှုလျှက် တစ်ကျိတ်တစ်ယောက်သော ပုဂ္ဂိုလ်တို့၏ အပြစ်၊ အနာ၊ အဆာ၊ အဆွေး၊ အကျိုး၊ အပေါက်၊ အပြောက်၊ အကြား ကင်းစင်လှသော မှည့်တစ်ပေါက်ပင် မစွန်းသည့် ရဲရဲတောက်သီလ ကိုယ်ကျင့်သတ္တိကို ကြည်ညိုမဆုံး ရှိရပေသည်။ ထိုသို့သော ပုဂ္ဂိုလ်များထံမှ ကူးယူရေးမှတ်ခဲ့သော ပဉ္စသီလအတိုင်းလည်း မိမိလည်း တိကျစွာစောင့်ထိန်းအံ့ဟု သန္နိဋ္ဌာန်ချလိုက်သည်။ ကလိင်္ဂမင်းသည် ပဉ္စသီလကို မြဲမြံစေ့စပ်စွာ ဝတ်ဆင်လိုက်သည်။

ကလိင်္ဂကို ခြိမ်းခြောက်နေသော ကပ်သုံးပါးဘေးတို့ ကင်းစင်သွားသည်။ ကောင်းစွာ ရွာသောမိုးဖြင့် ကလိင်္ဂသည် ချမ်းမြေ့ပြည့်စုံသွားသည်။ နိုင်ငံအလုံး သာယာဝပြောလာသည်။ ဣန္ဒပတ္ထနဂိုရ်ကဲ့သို့ပင် ကလိင်္ဂသည်လည်း နိစ္စသီလနှင့် ပြည့်စုံသော နာဂရမြို့ကြီး ဖြစ်သွားလေသည်။

*ပြည့်တန်ဆာမသည် ဥပ္ပလဝဏ်ထေရီ၊ တံခါးမှူးသည် ပုဏ္ဏမထေရ်၊ မြေတိုင်းအမတ်သည် ရှင်ကစ္စည်းမထေရ်၊ တင်းခြင်အမတ်သည် အရှင်မောဂ္ဂလာန်၊ သူဌေးသည် အရှင်သာရိပုတ္တရာ၊ ရထားထိန်းသည် အရှင်အနုရုဒ္ဓါ၊ ပုရောဟိတ်သည် အရှင်မဟာကဿပ၊ အိမ်ရှေ့မင်းသည်*

## ၂။ သန်လျက်

ယနေ့ည မင်းရင်ပြင်၌ ကျင်းပသော သဘင်ပွဲသည် အထူးပွဲ ဖြစ်၏။

အဘယ်ကြောင့် အထူးပွဲ ဖြစ်သနည်း။ သဘင်ပွဲတို့၏ ထုံးတမ်းစဉ်လာ ဖျော်ဖြေတင်ဆက်မှု အစီအစဉ်များကို ကျော်လွန်သောကြောင့် ဖြစ်သည်။ ယခင့် ယခင် သဘင်ပွဲများကဲ့သို့ သီဆိုခြင်း၊ ကခုန်ခြင်း၊ ရယ်ရွှင်ဖွယ် ကဗျာလင်္ကာများ ရွတ်ဆိုခြင်း၊ ရှေးဟောင်း ပုရာဏ်ကျမ်းလာ ဇာတ်ဝတ္ထုများကို ခင်းကျင်းပြသခြင်းစသော အစီအစဉ်များမဟုတ်။ ကချေသည် မိန်းမပျိုများ၏ အလှအပ၊ အဆိုအကများမဟုတ်၊ တူရိယာပန်တျာသည်များ၏ တီးမှုတ်မှုမဟုတ်။

ယနေ့ည မင်းရင်ပြင် သဘင်ပွဲကား ထူးဆန်း အံ့သြဖွယ်သော အခြင်းအရာများကို စွမ်းရည်ပြ တင်ဆက်ကြမည့် ပွဲဖြစ်သည်။ ဗာရာဏသီပြည် တစ်ဝှမ်းရှိ ပညာသည် အပေါင်းတို့က မိမိတို့ တတ်ကျွမ်းရာ ပညာစွမ်း အထူးအဆန်းများကို ပြသကြမည်ဖြစ်သည်။ ပရိသတ်သည် ယခင်ရှုစားနားဆင်နေကျ သိင်္ဂါရ၊ ဟာသ၊ ကရုဏာရသများကို ရိုးအီနေကြပြီဖြစ်၏။ ထို့ကြောင့် ယနေ့ညအဖို့ရာ ထူးဆန်းအံ့သြဖွယ်သော ပြကွက်များကို ရှုစားကြရမည်ဖြစ်ပြီး အဗ္ဘုတရသ၊ ထို့နောက် ဘယာနကရသတို့ကို ခံစားကြရလိမ့်မည်လည်း ဖြစ်သည်။

မကြုံဘူးသော သဘင်ပွဲဖြစ်သည့်အတွက် မင်းရင်ပြင်ရှိ ပွဲကြည့်လှေကားဆောင်များတွင် ပရိသတ်အတိုးတိုးအဝှေ့ဝှေ့ ရှိလေသည်။ အချို့ပြကွက်များမှာ သွေးပျက်ခမန်း ထိတ်လန့်ဖွယ် ဖြစ်သဖြင့် နှလုံးမခိုင်သော ကလေးငယ်များ၊ မိန်းမသူများ မကြည့်ရဟုပင် ကြိုတင် ကြေညာထားသည်။

ယနေ့ည ပွဲသဘင်၌ အခြားထူးခြားချက်တစ်ခု ရှိသေး၏။

ယင်းမှာ လပေါင်းများစွာ နာမကျန်းဖြစ်နေခဲ့ပြီး ပရိသတ်ဗိုလ်ပုံအလယ်သို့ ထွက်ခံခြင်း မရှိခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သော 'မဒ္ဒဝမင်း' ကိုယ်တိုင်သဘင်ပွဲကို ရှုစားလိမ့်မည် ဟူသော အချက်ပင်ဖြစ်သည်။

မဒ္ဒဝအမျိုးအနွယ်ဖြစ်သော ပြဟ္မဒတ်မင်းသည် တစ်စုံတစ်ခုသော ရောဂါဝေဒနာစွဲကပ်၍ စက်တော်မခေါ်၊ စားသော်မဝင် ဖြစ်ခဲ့သည်မှာ လပေါင်းအတော် ကြာခဲ့ပေပြီ။ ဘုရင့် သမားတော်ကြီးများက အစွမ်းကုန် စစ်ဆေးကုသကြသော်လည်း ဘုရင်မင်းမြတ်၏ ဝေဒနာသည် လျော့ပါးသက်သာသည် မရှိခဲ့ချေ။ ဦးစွာ စစ်ဆေးကုသခဲ့ကြစဉ်က မင်းကြီး၏ ဝေဒနာကို ဝမ်းသွေးသွန်သော ရောဂါအဖြစ် တွေ့ရှိခဲ့ကြသည်။ ထို့ကြောင့် ဆေးဝါး ဓါတ်စာများဖြင့် ကုသပေးခဲ့ကြရာ ထိုဝေဒနာသည် လျော့ပါးသက်သာခဲ့သည်။ သို့သော် မင်းကြီးမှာ တစ်နေ့တစ်ခြား အသားအရေတို့ ခြောက်သွေ့ ဆုတ်ယုတ်လာသည်။ သွေးရောင်ဖျော့တော့၊ အစာမဝင်ဖြစ်ခဲ့သည်။

မည်သည့် စားကောင်း သောက်ဖွယ်ကိုမျှ ခံတွင်းနှုတ်မမြိန် ဖြစ်ခဲ့သည်။ ထို့နောက် အိပ်စက်၍ မပျော်နိုင်သော ဝေဒနာ၊ အစားနှင့်အအိပ် ပျက်ယွင်းသောအခါ မင်းကြီးမှာ တစ်နေ့တစ်ခြား ညှိုးခြောက်လာခဲ့လေသည်။

ဗာရာဏသီရှိ အတော်ဆုံးသမားတော်ကြီးက မင်းကြီး၏ သွေးလေကို စစ်ဆေးပြီးနောက် တစ်ခွန်းသော စကားကို ဆို၏။

"ကိုယ်ကာယ ရုပ်ခန္ဓာမှာ ဘာဝေဒနာမှ မရှိဘူး"

ထိုမှတ်ချက်ကို သမားတော်ကြီးက အခိုင်အမာပြောဆိုခြင်းဖြစ်သည်။ ထိုစကားကို သမားတော်ကြီးပြောစဉ် အနား၌ ရှိနေသူများမှာ အာယုရဒအမတ်နှင့် ပဏ္ဍုသအမတ် ပညာရှိနှစ်ဦးဖြစ်သည်။

အမတ်ပညာရှိနှစ်ဦးက ဘုရင်မင်းမြတ်ကွယ်ရာမှာ သမားတော်ကြီးကို မေးကြသည်။

"ကိုယ်ကာယ၊ ရုပ်ခန္ဓာမှာ ဝေဒနာမရှိဘူးဆိုတော့ စိတ်မှာ ဝေဒနာစွဲကပ်တယ်လို့ ဆိုလိုသလား သမားတော်ကြီး"

"ဒီလိုပဲ အဖြေထွက်ပါတယ် အမတ်ပညာရှိတို့။ သို့သော် ဘုရင်မင်းမြတ်ကိုယ်တိုင်က ထုတ်ဖော်မိန့်ကြားမှသာ သူ့ရဲ့စိတ်မှာ ဘယ်လိုဝေဒနာ စွဲကပ်နေတယ်ဆိုတာ ခန့်မှန်းလို့ ရပါလိမ့်မယ်။ စိတ်နဲ့မှီသော ရောဂါဆိုတာ ကုသရတာ ခက်ခဲလှပါတယ်။ သူနာကိုယ်တိုင်က သမားတော်နဲ့ ဆွေးနွေးညှိနှိုင်း၊ တိုင်ပင်ပြောဆိုမှသာ ဆေးနည်းကို ရှာနိုင်ပါလိမ့်မယ်။ အခု အမတ်ပညာရှိတို့ သိကြတဲ့အတိုင်း မင်းကြီးဟာ မည်သူ့ကိုမျှ ထုတ်ဖော်မပြောဘဲ မိမိဘာသာ တစ်ကိုယ်တည်းကျိတ်ပြီး သိုမှီးခံစားနေတာဆိုတော့"

အာယုရအမတ်နှင့် ပဏ္ဍုသအမတ်တို့ အချင်းချင်း တိုင်ပင်နီးနှောဟန်ဖြင့် အပြန်အလှန် ကြည့်လိုက်ကြ၏။ ထိုအကြည့်များထဲတွင် အချင်းချင်းသာ နားလည်သော အဓိပ္ပါယ်တစ်စုံတစ်ခု ပါဝင်နေသည်။

သမားတော်ကြီးကမူ စိတ်ပျက်အားလျော့ ခေါင်းယမ်းလျက်..

"ကျွန်ုပ်တို့ သမားတော်ကြီးများရဲ့နယ်ကို ကျော်လွန်သွားပါပြီ။ စိတ်၌မှီသော ရောဂါကို ကျွန်ုပ်တို့ရဲ့ ဆေးဝါးအတတ်နဲ့ ကုသလို့ မရပါဘူး"

သမားတော်ကြီး ထွက်သွားပြီးနောက် အမတ်ပညာရှိနှစ်ဦးသည် ပြိုင်တူလိုလို ပြောလိုက်ကြသည်။

"သေနက အမတ်ပညာရှိဆီ သွားကြစို့"

အမတ်ပညာရှိသုံးဦး တိုင်ပင်ဆွေးနွေးကြပြီး နောက်တွင် ဤသို့နှယ် မင်းရင်ပြင် သဘင်ပွဲအစီအစဉ် ပေါ်ပေါက်လာခြင်း ဖြစ်လေသည်။

**MRAQN**

အာယုကအမတ်နှင့် ပုဏ္ဍုသအမတ်တို့က မင်းကြီး၏ဝေဒနာဖြစ်စဉ်ကို ပြောပြကြသည်။

"သမားတော်များ စမ်းသပ်စစ်ဆေးပြီး ဦးစွာရှာဖွေတွေ့ရှိခဲ့တာကတော့ နလုံးသွေးယိုတဲ့ ဝေဒနာလို့ဆိုတယ်။ အဲဒီကနေပြီး ဝမ်းသွေးသွန်လာတယ်။ အခု ဝမ်းသွေးသွန်တာကိုရော နလုံးသွေးယိုတာကိုပါ သမားတော်များဆေးအစွမ်းနဲ့ ကုသပျောက်ကင်းစေခဲ့ပြီ။ ဒါပေမယ့် မင်းကြီးဟာ ညှိုးလျော့ခြောက်သွေ့ပြီး နွေခေါင်ခေါင်မှာ ရေမသောက်ရတဲ့ပန်းပင်လို ဖြစ်နေတယ်။ သမားတော်ကြီးရဲ့ နောက်ဆုံးမှတ်ချက်ကတော့ စိတ်၌မှီသောရောဂါလို့ ဆိုပါတယ်။ သူတို့ရဲ့နယ်ကို ကျော်လွန်သွားပြီလို့လည်း ဆိုပါတယ်"

သေနကပညာရှိသည် အတန်ငယ် စဉ်းစားပြီးနောက်...

"စိတ်၌မှီသောရောဂါကို စိတ်နဲ့ပဲကုသမှ ဖြစ်မယ် အမတ်မင်းတို့။ မင်းကြီးရဲ့ကျေးဇူးနဲ့ သစ္စာဟာ ကျွန်ုပ်တို့အပေါ်မှာ ကြီးမားလှပါတယ်။ မင်းကြီးကို သူ့ရဲ့စိတ်ဝေဒနာ နွံအတွင်းက ကယ်တင်ထုတ်ဖော်ကြရမယ်"

"စိတ်ကိုစိတ်နဲ့ ဘယ်လိုကုသမလဲ ပညာရှိကြီး မင်းကြီးဟာ သူ့စိတ်တွင်းမှာ ဖြစ်ပေါ်ခံစားနေရတဲ့ ဝေဒနာကို ဘယ်သူ့ကိုမှ ထုတ်ဖော် မပြောဘူး။ ကျွန်ုပ်တို့လည်း မင်းကြီးရဲ့စိတ်ထဲဝေဒနာ ဘယ်သို့ပါလဲဆိုတာ ခန့်မှန်း စဉ်းစားကြည့်ကြတယ်။ ဘယ်လိုမှ မခန့်မှန်းတတ်ဘူး"

သေနကပညာရှိက အမတ်ပညာရှိနှစ်ဦးအား စူးစူးကြည့်၍ ပြောလိုက်၏။

"မင်းကြီးရဲ့စိတ်ထဲက ဝေဒနာကို ကျွန်ုပ်သိတယ်"

လွန်ခဲ့သောလ အနည်းငယ်က ဖြစ်ပျက်ခဲ့သော အကြောင်းအရာ တစ်ခုကို သေနကအမတ်ပညာရှိက ပြောပြလိုက်သည်။

"အဲဒါဟာ မင်းကြီးရဲ့စိတ်ဝေဒနာ စွဲကပ်ရခြင်း အကြောင်းရင်းပဲ။ အကြောင်းတရားကို ဖယ်ရှားခြင်းဖြင့် အကျိုးကိုတားမြစ်ရတယ် မဟုတ်လား"

"အကြောင်းတရား အဖြစ်အပျက်ဟာ ပေါ်ပေါက်ခဲ့ပြီးပြီ။ ပညာရှိကြီး ဒါကို ဘယ်လိုလုပ်ပြီး ဖယ်ရှားနိုင်မှာလဲ"

"နည်းလမ်းရှိပါတယ် အမတ်မင်းတို့။ အဲဒါကတော့..."

**MRAQN**

ဤသို့ဖြင့် မင်းရင်ပြင်သဘင်ပွဲ အထူးအဆန်းအံ့ပြပွဲ ပေါ်ပေါက်လာခြင်း ဖြစ်လေသည်။

လှုပ်လှုပ်ရွရွဖြင့် ဆူပွက်နေသော ပရိသတ်မှာ ခြသေ့်ခံသော ပြတင်းဝ၌ ပြဟ္မဒတ်မင်းကြီး ထွက်ခံ၍ နေရာယူလိုက်ချိန်တွင် ငြိမ်သက်သွားသည်။ ဘုရင်မင်းမြတ် ကိုယ်တော်တိုင် ရှုစားမည့်သဘင်ပွဲဖြစ်သဖြင့် ပွဲဝင်မည့်ပညာသည်တို့လည်း တက်ကြွထက်သန်နေကြသည်။

ပရိသတ်က မင်းကြီးရှိရာ လေသာပြတင်းအဆောင်ဆီသို့ ဦးခိုက်ရှိခိုးလိုက်ကြသည်။ ထို့နောက် အားလုံးပင် မင်းကြီးကို ကောင်းချီးပေးလိုက်ကြသည်။ သဘင်ပွဲအခမ်းအနား ဖြစ်သဖြင့် နန်းတော်ညီလာခံများကဲ့သို့ မဟုတ်ဘဲ လွတ်လပ်စွာ ဖူးမြင်ကြည့်ရှုခွင့် ပေးထားသည်။

ပြဟ္မဒတ်မင်းကြီးအပါးတွင် သေနက၊ အာယုနှင့် ပုက္ကုသအမတ်ပညာရှိသုံးဦးတို့လည်း ခစားနေရာယူထားကြသည်။ မင်းကြီး၏ မျက်နှာပြင်မှာကား သွေးဆုတ်ဖြူလျော်လျက်ပင် ရှိလေသည်။ အမတ်ပညာရှိသုံးဦးတို့၏ ပင့်ခေါ်တောင်းပန်ချက်ကြောင့် သဘင်ပွဲအခံ့ပွဲ ရှုစားရန် လိုက်ပါလာခဲ့သော်လည်း မင်းကြီးမှာ ငေးငိုင်မှိုင်တွေသော အမူအရာဖြင့် ညှိုးနွမ်းနေလေသည်။

အခံ့ပွဲသဘင်ပွဲစတင်ကျင်းပရန် အချက်ပေးသည့် တံပိုးခရာသံများ ထွက်ပေါ်လာသည်။ ထို့နောက် အစီအစဉ်များ စတင်လေသည်။ ထိတ်လန့်တုန်လှုပ် အံ့ဩဖွယ်စွမ်းရည် ပြကွက်များချည်းသာ တင်ဆက်သည့် သဘင်ဖြစ်သည့် အလျောက် ပါဝင်ပြသသော ပြကွက်များမှာလည်း ယခင့်ယခင် မင်းရင်ပြင် ပွဲသဘင်များနှင့် လုံးဝမတူ၊ တစ်မူခြားနားနေသည်။

မွေးရာပါ လက်မပါသူက ခြေထောက်များဖြင့် နံ့သာသွေး၊ နံ့သာလိမ်း၊ ပန်းပန်ပြသည့်ပြကွက်၊ သံကွင်းနှောင်ကြိုး အထပ်ထပ် တုပ်နှောင်ထားသည်ကို တစ်ခဏမျှအတွင်း လွတ်ကင်းဖြေလျှော့သည့် ပြကွက်၊ ကြီးမားလှစွာသော မြွေကြီးနှင့် လူသားတို့ အပြန်ပြန်အလှန်လှန် ရစ်ဖွဲ့နှောင်ကြသည့် ပြကွက်။

ပရိသတ်ထံမှ လက်ခုပ်လက်ဝါးတီးသံ လက်ခေါက်မှုတ်သံ ဟစ်အော်အားပေးသံ ဦးရစ်ပဝါများ မြှောက်ပစ် ကြွေးကြော်သံတို့ဖြင့် မင်းရင်ပြင်တစ်ခုလုံး သောသောညံ သိမ့်သိမ့်တုန်နေလေသည်။

အမတ်ပညာရှိသုံးဦးတို့က မင်းကြီး၏မျက်နှာ အရိပ်အကဲကို ကြည့်နေကြ၏။ မင်းကြီး ဘယ်လိုတုံ့ပြန်လေမလဲ။ အံ့ပွဲစွမ်းရည်ပြကွက်များကို မင်းကြီး စိတ်ပါဝင်စားစွာ ရှုစားသလား။ မင်းကြီး၏ဖျော့တော့သော မျက်နှာပြင်ပေါ်၌ ထိုထိုသော အံ့ဩဖွယ်ပြကွက်များကြောင့် သွေးရောင်များ လျှမ်းတက် လာမည်လား။

ပြဟ္မဒတ်မင်းကြီးကား တစ်ခုပြီးတစ်ခု တင်ဆက်နေသော ပြကွက်များကို မမြင်လေသော ကြည့်ခြင်းဖြင့် ကြည့်နေဆဲ ပရိသတ်၏ ဟစ်ကြွေးသြဘာသံများ ဟိန်း၍ ထွက်လာသည့်အခိုက် တစ်ခဏ၊ ရုတ်တရက် သတိဝင်ဟန်ရှိသော်လည်း ချက်ချင်းပင် ပြန်လည်တွေဝေငေးမော မှိုင်းမှုန်သွားသည်။

အာယုရအမတ်နှင့် ကုဏ္ဍသအမတ်တို့က သေနက ပညာရှိအား စူးစမ်းသော မျက်လုံးများဖြင့် လှမ်းကြည့်ကြသည်။ စွမ်းရည်ပြ အစီအစဉ်ပြကွက်များ တစ်ခုပြီးတစ်ခု ပြောင်းလဲတင်ဆက် သွားကြသော်လည်း မင်းကြီး၏ အမူအရာ တုံ့ပြန်မှုကား အားရဖွယ်မရှိ။ သေနကပညာရှိကား မိမိ၏ အစီအမံကို စိတ်ချယုံကြည်လေဟန်ဖြင့် လေးနက်တည်ငြိမ်စွာ ရှိနေလေသည်။

ပြဟ္မဒတ်မင်းကြီးမှာမူ ဝေရီသောမျက်လုံးများဖြင့် ပြပွဲသဘင်ကို ကျော်လွန်ကာ အဝေးဆီသို့ ငေးငိုင်မျှော်ခေါ်နေဆဲ မင်းကြီး၏ထိုမမြင်သော ကြည့်ခြင်း မျက်လုံးများမှာ အဓိပ္ပါယ်ကို သေနကပညာရှိ နားလည်နေသည်။ မင်းကြီး၏အကြည့်သည် ပကတိမြင်ကွင်းကိုမမြင် မျက်မှောက်၌မရှိတော့ပြီဖြစ်သော အဖြစ်သနစ်တစ်ခုကို ယောင်ယမ်း၍ မြင်နေသည်။ ထိုအဖြစ်သနစ် ပေါ်ပေါက်ခဲ့သည့် အခြေအနေကိုလည်း သေနကအမတ် အစမှအဆုံး သိရှိထားခဲ့သည်။

မဝေးလှသေးသော အတိတ်တစ်ခုဖြစ်သည်။

**MRAQN**

ထိုမဝေးလှသော အတိတ်ကာလ၏ တစ်ခုသောနေ့ တစ်နေ့ဝယ် မင်းကြီး၏ ညဉ့်ဦးညီလာခံအပြီးဝယ် သက်သောင့်သက်သာစွာ သစ်သီးအချို့ ခဲဖွယ်များကို သုံးဆောင်ချိန်ဖြစ်သဖြင့် မင်းကြီး၏မိဖုရားပါ သလွန်ထက်တွင် အတူစံနေခဲ့ကြသည်။

ထိုအချိန်၌ ဘုရင့်ပုရောဟိတ်ကြီး အခစားဝင်လာသည်။

ယခင်အခါများက ပုရောဟိတ်ကြီးတစ်ဦးတည်းသာ အခစားဝင်ခဲ့သော်လည်း ယခုအခါ ပုရောဟိတ်ကြီး၏ သားတစ်ယောက် အတူပါလာခဲ့လေသည်။ ပုရောဟိတ်ကြီး၏သားမှာ အရွယ်ကောင်း လုလင်ပျိုတစ်ဦးဖြစ်ပြီး ရုပ်ရည်ရူပကာ သန့်ပြန့်ချောမောသူဖြစ်သည်။ ပုရောဟိတ်ကြီးက သားဖြစ်သူကို မင်းကြီးထံအပ်နှံ၍ မိမိနှင့်မခြား ခစားခွင့်ပြုပါရန်နှင့် ချီးမြှောက်တော်မူပါရန် လျှောက်တင်သည်။ မင်းကြီးက ပုရောဟိတ်ကြီး၏ သားကို မျက်နှာတော်မော်၍ ဖူးစေခဲ့သည်။ အပြင်အလျာကောင်းသော လုလင်ပျိုသည် မရဲတရဲဖြင့် မျက်လွှာများကို ပင့်လိုက်သည်။ မင်းကြီးကို ဖူးမြော်ပြီးနောက် မိဖုရားကို ထိုလုလင်ပျို ဆက်လက်ဖူးမြင်သည်။

ထိုခဏမှာပင် လုလင်ပျို၏ မျက်လုံးများကို သေနကပညာရှိ နားလည်ခဲ့လေသည်။ သူ့မျက်လုံးများမှ အကြည့်များသည် မိဖုရားထံအရောက်တွင် ဆူးခက်နှင့်ငြိသော ပိုးပဝါစတစ်ခုနယ် တန့်ရပ်သွားသည်။ မရွှေ့မဖယ်သော အကြည့်များက စူးရှစွာ မိဖုရား၏ ငုံ့ငိုက်ကြည့်လိုက်သော မျက်လုံးအိမ်များသည်ကော...။

မိဖုရားနှင့် လုလင်ပျိုတို့အကြားမှာ မမြင်နိုင်စွမ်းသော အရောင်အဝါတို့ ကူးလူး ဆက်ဆံနေကြသည်ကို သေနကပညာရှိ ကောင်းစွာတွေ့ရှိခဲ့လေသည်။ ထို့နောက် လုလင်ပျို၏ ပြန်လည်ရုပ်သိမ်းသွားသော အကြည့်များညှိုးငယ်သွားသော အသွင်။ မိမိ၏ အာရုံအတွင်းမှ မြင်ကွင်းတစ်ခုကို ကြိုးစားဖယ်ထုတ်ဟန်ဖြင့် တဖျတ်ဖျတ် မျက်တောင်ခတ်လိုက်သော မိဖုရား၏ အမူအရာ...။

လောက၏သဘာဝနှင့် လူ၏သျှတ္တရကို ကောင်းစွာသိသော သေနကပညာရှိသည် သက်ပြင်းတစ်ချက်ကို တိတ်တဆိတ် ပင့်သက်ချလိုက်မိသည်။

ဗြဟ္မဒတ်မင်းကြီးနှင့် အခြားပုဂ္ဂိုလ်များ မည်သူမျှ မသိမမြင် မတွေ့လိုက်သော ထိုတဒင်္ဂ တစ်ခဏသည် ကြီးမားလှသော ပြဿနာ အရှုပ်အထွေးကြီးကို ကန့်လန့်ကာဖွင့်၍ ပင့်မလိုက်သည့် နိဒါန်းအစ ဖြစ်သွားခဲ့လေသည်။

**MRAQN**

မိမိ၏အရှင်သခင် မဒ္ဒဝမင်းကြီးသည် စိတ်သဘောနူးညံ့သိမ်မွေ့ပြီး ရာထူးဌာနန္တရ ဘွဲ့မည်ရည် ချီးမြှောက်ခြင်း ဆုလာဘ်လက်ဆောင် ပေးသနားခြင်းတို့၌ ရက်ရောနိုင်လွန်းသော သဘာဝရှိသူဖြစ်ကြောင်း သေနကပညာရှိ ကောင်းစွာသိထား၏။ မင်းကြီး၏စိတ်၌ တစ်စုံတစ်ယောက် အပေါ် နှစ်သက် မြတ်နိုးတော်မူပြီဆိုလျှင် ထိုသူထိုက်တန်ရာ မထိုက်တန်ရာကိုပင် မသုံးသပ်တော့ဘဲ ဆုလာဘ်ရာထူးများ ပေးသနားတတ်သည်။ ထိုသို့ ပေးသနားရာတွင်လည်း မိမိကဲ့သို့ အမတ်ပညာရှိများနှင့် တိုင်ပင်နှီးနှောလေ့မပြု။ ထို့ကြောင့် သေနကပညာရှိသည် မင်းကြီး၏ညီလာခံသို့ မပျက်မကွက် တက်ရောက်ကာ မင်းကြီးအနီးတွင် မပြတ်ခစားခဲ့သည်။ မင်းကြီး၏ အလျင်စလို ဆုံးဖြတ်ချက်များ အလွန်အကျွံ မဖြစ်စေရအောင် သတိပေးခဲ့ရသည်။

ယခု ပုရောဟိတ်ကြီး၏ သားလုလင်ပျိုနှင့် မိဖုရားတို့အကြားမှ ထူးခြားသော အကြည့်ချင်းဆုံမှုကို သေနကပညာရှိ ကောင်းစွာ သတိထားမိရာမှ မလိုလားအပ်သော နောက်ဆက်တွဲများ မပေါ်ပေါက်ပါစေနှင့်ဟု ဆုတောင်းမိ၏။ သို့သော် သေနကပညာရှိ၏ ဆုတောင်းမပြည့်ခဲ့။

ရက်များမကြာမီမှာပင် ထူးခြားမှုများ စတင်ဖြစ်ပေါ်ခဲ့၏။ ညီလာခံသို့ တက်ရောက်လာသော ပုရောဟိတ်နှင့်အတူ သူ၏သားလုလင်ပျိုသည် ပါလာခဲ့ခြင်းမရှိ။ မဒ္ဒဝမင်းကြီးက အမေးတော်ရှိလာသည်။

"ပုရောဟိတ်ကြီး... သင့်ရဲ့သား မောင်လုလင်ကို မမြင်ပါလား"

"မှန်ပါ။ နေထိုင်မကောင်းကြောင်းပါ"

"သူ့လို ငယ်ရွယ်ပျိုမျစ်သူမှာ ဘယ်လိုဝေဒနာများ စွဲကပ်နေလို့လဲ"

"အာဟာရမဝင် မစားချင်မသောက်ချင်တာပါ ဘုရား"

"သင်တို့သားကို အလိုလိုက် အကြိုက်ပေး မမေးကြဘူးကိုး။ ဘုရင့်စားတော်ကဲများထံက အထူး စီမံချက်ပြုတ်ထားတဲ့ ဟင်းလျာအာဟာရ ပို့စေမယ်။ အပြင်အလျာ သိမ်မွေ့ပြီး သူ့လို ဥပဓိအဆင်း ကောင်းမွန်တဲ့ လုလင်ပျိုတစ်ယောက် သည်သို့ မဖြစ်သင့်ဘူး။ ကိုယ်တော် သနားတော်မူတယ်"

**MRAQN**

နောက်နေ့များမှာလည်း မင်းကြီး အမေးတော်ရှိပြန်၏။

"ပုရောဟိတ်ကြီး... သင့်ရဲ့သားမောင် ဝေဒနာလျော့ပါး သက်သာရဲ့လား"

"ပစကခါတ်များ ပျက်ယွင်းနေတယ်လို့ သမားတော်ကြီးများက ဆိုကြောင်းပါဘုရား။ ယခုအခါ အာဟာရဟင်းလျာများသာမက ဆေးဝါးများပါ တိုက်ကျွေးကုသနေပါတယ် ဘုရား"

"တယ်ပေါ့လျော့သကိုး။ နန်းတွင်းသမားတော်များ စေလွှတ်ပေးမည်။ အမြန်ဆုံး သက်သာပျောက်ကင်းအောင် ကုသပေးကြ။ လုလင်အပေါ် ကိုယ်တော်သနား ချစ်ခင်လှတယ်။ သူလိုတာမှန်သမျှ ဖြည့်ဆည်းပေးကြ။ သင်တို့ တတ်စွမ်းနိုင်သည်ထက် ပိုမိုလာရင် ကိုယ်တော့်ထံ လျှောက်တင်ကြ။ လိုအပ်သည်မှန်သမျှ ကိုယ်တော်ဖြည့်စွမ်း ပေးသနားတော်မူမယ်"

လိုအပ်သည်မှန်သမျှ ကိုယ်တော်ဖြည့်စွမ်း ပေးသနားတော်မူမယ်ဟူသော ပြဟ္မဒတ်မင်း၏ နှုတ်ထွက်စကားသည် ကတိသစ္စာဖြစ်သွား၏။ ပင်ကိုကမှ ရက်ရောလွန်းသော မင်းကြီး၏ စကားတစ်ခွန်းသည် တုန်လှုပ်ဖွယ် အခြင်းအရာများကိုပါ သယ်ဆောင်လာတော့သည်။

**MRAQN**

သေနကပညာရှိသည် ပုရောဟိတ်ကြီး၏ သားကို သွားရောက်ကြည့်ရှုခဲ့၏။ ပုရောဟိတ်လုလင်မှာ တကယ်ပင် သွေးရောင်များ ဖြူဖျော့ဆုတ်ယုတ်နေကာ ငယ်နုပျိုမျစ်သော အသွေးအရောင်များ ကွယ်ပျောက်နေသည်။ သေနကပညာရှိ၏ အာရုံထဲသို့ တစ်ခါက မြင်ကွင်းတစ်ခု ထင်ဟပ်လာသည်။ လုလင်ပျိုညီလာခံသို့ တက်ရောက်ခစားခဲ့စဉ် မိဖုရားအား ဖူးမြော်ခဲ့စဉ် သူတို့၏ မျက်လုံးနှစ်စုံတို့ အကြားမှ တဒင်္ဂဆက်သွယ်မှု၊ ထိုစဉ်ကတည်းက သေနကပညာရှိသည် သျှတ္တရသဘောဖြင့် ရိပ်စားမိခဲ့ပြီး ထိုသို့ မဖြစ်ပါစေနှင့်၊ မဟုတ်ပါစေနှင့်ဟု တွေးခဲ့၏။ ယခု မိမိ သံသယဖြစ်ခဲ့သောအရာသည် အကယ်ဟုတ်မှန်နေလေပြီ။

လုလင်၏ လက်ကောက်ဝတ်ကို သွေးကြောစမ်းနေသော သမားတော်ကြီးက မျက်ရိပ်မျက်ခြည်ပြကာ သေနကပညာရှိအား အခန်းအပြင်သို့ ခေါ်ယူလိုက်၏။

"ပညာရှိကြီး... ကျွန်ုပ်ရဲ့သမားသက်ဟာ အနှစ်ငါးဆယ်ရှိပါပြီ။ ကျွန်ုပ်ရဲ့ ပညာနဲ့ အတွေ့အကြုံအရ ပြောတာကိုယုံပါ။ ဒီသူငယ်မှာ စိတ္တဇ စွဲကပ်နေတာဖြစ်တယ်။ ကာယိကဝေဒနာ ပြောပလောက်အောင် မရှိဘူး။ သူ့ရဲ့စိတ်အာရုံမှာ ပြင်းပြင်းထန်ထန် စူးဝင်နေတဲ့ ရောဂါကြောင့် သူဟာ အသွေးအသား ဆုတ်ယုတ်နေတာပါပဲ။ အာဟာရနဲ့ ရေမဝင်တာမဟုတ်ဘူး။ သူကိုယ်တိုင်က မစားမသောက်တော့ဘူး ဆိုပြီးနေတာပါ"

သေနကပညာရှိသည် စိတ်ထင့်လျက်ပင် မေးလိုက်၏။

"ဘယ်လို စိတ္တဇဝေဒနာမျိုးလဲ ဆိုတာကိုကော သမားတော်ကြီး ခန့်မှန်းလို့ ရနိုင်ပါသလား"

သမားတော်ကြီး ခေတ္တတုံ့ဆိုင်းနေပြီးမှ တစ်လုံးချင်းပြောသည်။

"ရာဂုမတ္တက..."

**MRAQN**

ရာဂုမတ္တက... ရာဂုမတ္တက တဏှာရာဂ၏ ဖမ်းစားမှုကြောင့် ရူးသွပ်ဖောက်ပြန်သည့်ရောဂါ။ သေနကပညာရှိ စိုးရိမ်ခဲ့သောအခြင်းအရာသည် အကယ်ပင် ဖြစ်ပေါ်လာလေသည်။

"သူငယ် ဘယ်အခြေအထိ ဆိုက်ရောက်သွားနိုင်ပါသလဲ သမားတော်ကြီး"

"သူဟာ ပင်ကို စိတ်အနေအထားကနေ ကင်းကွာသွားပြီး ရာဂနဲ့ပူလောင် ရှို့မြိုက်မှုကြောင့် ရူးသွပ်သွားနိုင်တယ်။ အဲဒီလို စိတ်နေမမှန် ဖြစ်ရင်းနဲ့ပဲ မအိပ်မစား၊ မသောက်၊ ပါစကဓါတ်တွေ ပျက်ကွင်း အလုံးစုံသော အာယုဓါတ်တွေ ပျက်ယွင်းပြီး သေဆုံးသွားနိုင်ပါတယ်"

သေနကပညာရှိသည် သမားတော်ကြီးထံမှ ဖဲခွာကာ လုလင်ပျို၏ ညောင်စောင်းဆီ ပြန်ဝင်လာခဲ့၏။ ညောင်စောင်းပေါ်တွင် ထိုင်ကာ လုလင်ပျို၏ ဖျော့တော့သောလက်ကို ဖွဖွကိုင်လျှက်ပြောလိုက်သည်။

"လုလင်... သင်ဘာကိုအလိုရှိသလဲ။ ကျွန်ုပ်ကိုဖွင့်ပြောပါ"

လေသံသဲ့သဲ့ ပေါ်လာ၏။

"မပြောပါရစေနဲ့ ပညာရှိကြီး"

"သင့်ကို ဘုရင်းမင်းမြတ်ကိုယ်တော်က သနားကြင်နာခြင်းအားကြီးစွာ ဖြစ်တော်မူတယ်။ သင်အကျိုးမဲ့ မဖြစ်စေရဘူးလို့ မင်းကြီးအမှာတော်ရှိတယ်။ ကျွန်ုပ်ကို သင့်ဆန္ဒရှိသမျှ ပြောပြပါ"

လုလင်သည် မျက်လွှာအစုံကို တင်းတင်းပိတ်လျှက်...

"အရှင်မိဖုရားကို မြင်တဲ့အချိန်ကစပြီး သူ့အပေါ် တပ်မက်ခဲ့တယ်။ ကျွန်တော်မျိုး အများကြီးမှားခဲ့ပြီး အရှင်မိဖုရားကို ဘယ်လိုမှ ပိုင်ဆိုင်ခွင့်မရနိုင်တဲ့ဘဝမှာ အသက်ဆုံးရှုံးဖို့ပဲ ရှိပါတော့တယ်... ကျွန်ုပ် သေလမ်းကိုပဲ ရွေးချယ်လိုက်ပါပြီ"

**MRAQN**

မဒ္ဒဝမင်းကြီးက သေနကပညာရှိအား အာဏာတော်ဖြင့် လုလင်ပျို၏အခြေအနေမှန်ကို သံတော်ဦးတင်ရန် အမိန့်ထားလိုက်သည်။ သေနကပညာရှိ ဖုံးကွယ်ထားရန် မတတ်သာတော့။ လုလင်၏ဆန္ဒကို လျှောက်တင်လိုက်ရလေသည်။

မင်းကြီးပင့်သက်ရှိုက်လျက်...

"မိဖုရားကို လုလင်ပျိုထံလွှတ် ခုနစ်ရက်ကာလ ပိုင်ဆိုင်ခွင့်ပြုတော်မူတယ်"

လိုအပ်သည်မှန်သမျှ ကိုယ်တော်ဖြည့်စွက်ပေးမယ် ဟူသော ကတိစကားအတိုင်း မင်းကြီးသည် ဝံ့ဝံ့စားစား ဆုံးဖြတ်လိုက်လေပြီ။

ရက်ရောတတ်လွန်းသော မင်းကြီး၏စိတ်ကို သိထားသည့် ကြားကပင် သေနကပညာရှိသည် တုန်လှုပ်ချောက်ချား သွားလေ၏။ ဤမျှအထိ မင်းကြီး လိုက်လျောခွင့်ပြုလိမ့်မည်ဟု မထင်ခဲ့။ ယခုကား...

"ရှစ်ရက်မြောက်နေ့မှာ မိဖုရားကို ပြန်ခေါ်မယ်။ ရာဂရဲ့ဖမ်းစားမှုကြောင့် လုလင်တစ်ဦး အသက်ဆုံးရှုံးမှာ ကိုယ်တော်မမြင်ရက်ဘူး။ ပညာရှိကြီး သင်နှုတ်တပြင်ပြင် ဖြစ်မနေပါနဲ့။ ကျွန်ုပ်ကို မည်သို့သော စကားနဲ့မှ လျှောက်တင်မနေနဲ့။ စွန့်လွှတ်နိုင်ခဲသော အမှုကို ပြုခြင်းဟာ ကျွန်ုပ်အတွက် ပါရမီဖြည့်ဆည်းရာ ရောက်တယ်။ မိဖုရားကို သင်ကိုယ်တိုင် လုလင်ပျိုထံ ခေါ်ဆောင်သွား..."

မင်းကြီး၏စကားအဆုံးမှာပင် အတွင်းဆောင်သို့ ဝင်သွားလေသည်။ သေနကပညာရှိသည် အသံမထွက်သော စကားလုံးတို့ဖြင့် မြည်တမ်းညည်းညူလိုက်၏။

"ဒီအမှုဟာ သည်မျှနဲ့သာ ရပ်တန့်ကုန်ဆုံးသွားပါစေတော့။ နောက်ထပ်အကျိုးဆက် သက်ရောက်မှုများ မပေါ်ပေါက်ပါစေနဲ့"

**MRAQN**

သေနကပညာရှိ၏ ဆုတောင်းသည် မပြည့်ဝခဲ့ချေ။

မိဖုရားသည် ရှစ်ရက်မြောက်နေ့တွင် နန်းတော်သို့ ပြန်ရောက်မလာခဲ့။ ကိုးရက်ဆယ်ရက် မိဖုရားပျောက်ဆုံးသွား၏။

လုလင်ပျို၏ဖခင် ပုရောဟိတ်ကြီးသည် သေနကပညာရှိထံ ရောက်လာကာ သွေးပျက်ခမန်း ပြောပြလေသည်။

"ပညာရှိကြီး လောကကြီးပျက်စီးပါတော့မယ်။ ဒုက္ခဘေး အကြီးအကျယ်ရောက်ပါပြီ။ ကျွန်ုပ်ရဲ့သားနဲ့ မိဖုရားတို့ သဘောချင်းမျှပြီး ထွက်ပြေးတိမ်းရှောင်သွားကြပါပြီ"

မကြားဝံ့ မကြားရဲစရာ သတင်းဆိုးကို မင်းကြီးထံ ခက်ခဲစွာ သယ်ဆောင် သံတော်ဦးတင်လိုက်ကြရသည်။

**MRAQN**

မဒ္ဒဂမင်းကြီးသည် ထိုသတင်းကို ကြားလျှင်ကြားချင်း တစ်ကိုယ်လုံး တောင့်တင်းသွား၏။ မျက်နှာပြင်သည် ဖွေးဖွေးဖြူသွားသကဲ့သို့ ထင်ရပြီး ချက်ချင်းပင် နီမြန်းလာသည်။

"မြို့နိုင်ငံအနှံ့ စည်လည်ပြီးရှာကြ။ လူယုံအထောက်တော်များ ရဲမက်များ အရပ်မျက်နှာ အနှံ့ဖြန့်ပြီး ရှာကြ"

မင်းကြီး၏အမိန့်သံသည် မြားတံများ ထွက်ပျံလာသည့်နှယ် စူးရှချွန်မြစွာ ထွက်ပေါ်လာသည်။

အချိန်ကာလများ ကုန်ဆုံးသွားသည်။ လုလင်ပျိုနှင့် မိဖုရားတို့ကို အရိပ်အယောင်မျှပင် မတွေ့ရချေ။ လေ့သွားသောလမ်းနယ် အစမထင် အရာမပေါ် ပျောက်ဆုံးသွားသည်။ အဆုံးတစ်နေ့ဝယ် ပုရောဟိတ်ကြီးထံသို့ သားလုလင်ထံမှ သဝဏ်ရောက်လာ၏။ သဝဏ်ပါ အကြောင်းအရာကား လုလင်နှင့် မိဖုရားတို့သည် တစ်ဦးကိုတစ်ဦး မည်သို့မျှ မခွဲခွာနိုင်တော့သောကြောင့် ပြဟ္မဒတ်မင်းကြီး၏ ရာဇဒဏ်မှ လွတ်ကင်းရာ အခြားတစ်ပါးသော တိုင်းပြည်နိုင်ငံတစ်ခုသို့ တိမ်းရှောင်ထွက်ပြေးခဲ့ကြပြီ ဖြစ်ကြောင်း၊ မိမိတို့အား ရှာဖွေရန် မကြိုးစားစေချင်ကြောင်း၊ မိမိတို့ အသက်ထင်ရှားရှိသမျှ ကာလပတ်လုံး ဗာရာဏသီမြေပေါ်သို့ ခြေချတော့မည် မဟုတ်ပါကြောင်း...

ရာဂမီး၏လောင်မြိုက်ခြင်းသည် ယခုအခါ မဒ္ဒဝမင်း၏ နလုံးအိမ်ပင် ဖြစ်တော့သည်။

ထိုအချိန်မှစ၍ မင်းကြီးသည် စက်တော်မခေါ် စားတော်မဝင်ဖြစ်ရာမှ ဝမ်းသွေးသွန်သော ဝေဒနာစွဲကပ်သွားသည်။ ထိုဝေဒနာကို သက်သာပျောက်ကင်းအောင် ကုသနိုင်ခဲ့ကြသော်လည်း မင်းကြီးမှာ တစ်နေ့တခြား ခြောက်သွေ့ ဆုတ်ယုတ်လာသည်။ ညီလာခံသဘင်သို့ ထွက်ချီနိုင်ခြင်းလည်း မရှိတော့။

**MRAQN**

မဝေးလှသေးသော အတိတ်ဖြစ်ရပ်များကို ပြန်ပြောင်းဆင်ခြင်ရင်း သေနကပညာရှိသည် သဘင်ပွဲဆီသို့ အာရုံစုစည်းယူလိုက်၏။ အာယုရအမတ်နှင့် ပုက္ကုသအမတ်တို့က သေနကပညာရှိ၏ အရိပ်အခြည်ကို အကဲခတ်နေကြသည်။

သဘင်ပွဲ၏ အံ့ဩတုန်လှုပ်ဖွယ်ပြကွက်များ တစ်ခုပြီးတစ်ခု ပြောင်းလဲသွားသည်။ မင်းရင်ပြင်ပရိသတ်ကား ထူးဆန်းသော ပြကွက်များကို သဘောကျမဆုံး ဖြစ်နေကြသည်။

သေနကအမတ်က ခေါင်းညိမ့်ပြလိုက်၏။

မင်းရင်ပြင် သဘင်ပွဲကျင်းပရာ ကွက်လပ်နေရာသို့ သန်မာထွားကျိုင်းသော ယောက်ျားကြီးတစ်ယောက် ဝင်လာ၏။ အထက်ပိုင်းကိုယ်ဗလာဖြင့် ခါးတောင်းမြှောင်ကျိုက်ထားသော ယောက်ျားကြီး၏ အကြောအချင် ကြွက်သားများမှာ လုံးဝန်းဖုထစ်ကာ သုတ်လိမ်းထားသော အဆီများဖြင့် ပြောင်လက်နေ၏။ ယောက်ျားကြီးက ဘုရင်မင်းမြတ်ရှိရာသို့ လက်အုပ်ချီသည်။ သူပြန်အထတွင် တပည့်တစ်ယောက်က သူ့လက်ထဲသို့ တစ်စုံတစ်ခုကို ထည့်ပေးလိုက်သည်။

အသွားနှစ်ထွာမျှရှိသည့် ချွန်မြထက်ရှသော သန်လျက်တစ်စင်း။

သန်မာထွားကျိုင်းသော ယောက်ျားကြီးသည် သန်လျှက်ရိုးကို ကိုင်လျှက် သန်လျှက်ကို အပေါ်သို့ မြှောက်ယူကာ အသွားဘက်ကို အောက်သို့စိုက်ထားသည်။ သန်လျှက်သွား တည့်မတ်စွာ ချိန်ရွယ်ထားသောနေရာမှာ သူ၏ဟထားသော ခံတွင်းပါးစပ်။

နလုံးတုန်ဖွယ်မြင်ကွင်းကို မြင်ကြရပေတော့သည်။ ယောက်ျားကြီးသည် ပါးစပ်ထဲသို့ သန်လျှက်သွားကို ဖြည်းဖြည်းချင်း ထိုးသွင်းလိုက်၏။ သန်လျှက်သွားသည် ခံတွင်းပေါက်မှတစ်ဆင့် အာခေါင်လည်မျိုအတွင်း တစ်စတစ်စ ဝင်ရောက်သွား၏။ နောက်ဆုံး သန်လျှက်လက်ကိုင်ရိုး အစပ်အထိ ရောက်ရှိသွား၏။

သန်လျှက်ကို မျိုပြသော စွမ်းရည်ပြကွက်ပင်။

ပွဲသဘင်လာ ပရိသတ်မှာ အံ့ဩတုန်လှုပ်လွန်းလှ၍ လက်ခုပ်ဩဘာပြုဖို့ပင် မေ့လျော့သွားဟန်ဖြင့် တစ်ခဲနက် တိတ်ဆိတ် ငြိမ်သက်သွားသည်။ ခေတ္တကြာမှ အာမေဋိတ်သံကြီးနှင့်အတူ ဩဘာသံများ တဝေါဝေါ ထွက်ပေါ်လာသည်။ ပရိသတ်၏ အုတ်အုတ်ကျက်ကျက်သံများ ပေါ်ပေါက်နေစဉ်မှာပင် ယောက်ျားကြီးသည် သန်လျှက်ကို တဖြည်းဖြည်း ဆွဲထုတ်ပြသည်။ ထို့နောက် သန်လျှက်ကို လက်နှစ်ဘက်ပေါ်တွင် ကန့်လန့်ဖြတ်တင်ကာ ဘုရင်မင်းမြတ်ရှိရာသို့ ဒူးတုပ်ဦးညွှတ် ခစားလိုက်လေသည်။

ယခင့်ယခင်ပြကွက်များ အလှည့်တွင် မတုန်မလှုပ်ဖြင့် စိတ်ဝင်စားမှုအလျဉ်းမပြဘဲ ငေးငိုင်နေခဲ့သော မဒ္ဒဝမင်းကြီးသည် ယခုသန်လျှက်ကို မျိုပြသော ပြကွက်တွင်ကား တအံ့တဩရှိနေ၏။ ထို့နောက် မျက်တောင်ဖျတ်ဖျတ်ခတ်လျှက် အနီးရှိ အာယုရအမတ်ကြီးအား လှမ်းမေးလိုက်သည်။

သေနကပညာရှိအမတ် ကြိုတင်တွက်ဆထားသည့်အတိုင်းပင် ဖြစ်လာပေပြီ။

"အာယုရအမတ်ကြီး... ကြည့်စမ်း မျက်စိနဲ့ တပ်အပ်မြင်လို့သာ ယုံရပေတော့တယ်။ ဘယ်လောက်များ အံ့မခန်း ထူးဆန်းလိုက်သလဲ။ ထက်စွာသောအသွားရှိတဲ့ သန်လျှက်ကို ပရိသတ်ဗိုလ်ပုံအလယ်မှာ မျိုပြတယ်။ အလွန့်အလွန် ခက်ခဲသော အမှုပေပဲ။ သည့်ထက် ပိုမိုလွန်ကဲခက်ခဲတဲ့အမှု ရှိနိုင်ပါဦးမလား"

အာယုရအမတ်ကြီးသည် သေနကပညာရှိထံ တစ်ချက်လှမ်းကြည့်လိုက်ပြီးနောက် သေနကပညာရှိ ကြိုတင်သင်ကြားပေးထားသည့် စကားလုံးများအတိုင်း အတိအကျ ဖြေလိုက်၏။

"မှန်လှပါ အရှင်မင်းကြီး။ သန်လျက်ကို မျိုခြင်းဟူသော အလွန့်အလွန် ခက်ခဲတဲ့အမှုထက် ပိုမိုလွန်ကဲခက်ခဲသော အရာရှိပါတယ်"

မင်းကြီး၏မျက်လုံးများသည် အံ့သြခြင်းနှင့် သိလိုစိတ်များဖြင့် အရောင်လက်သွား၏။

"အို... ဟုတ်လား။ သန်လျက်ကို မျိုခြင်းထက် ပိုမိုလွန်ကဲခက်ခဲသော အရာရှိသတဲ့လား။ ဘယ်လိုအရာလဲ"

"မှန်ပါ။ တစ်စုံတစ်ဦးအား မိမိမှာရှိသော ပိုင်ဆိုင်မှုတစ်ခုခုကို ပေးအံ့ဟူသောစကား ဖြစ်ပါတယ်ဘုရား"

**MRAQN**

မဒ္ဒဝမင်းကြီး၏မျက်နှာပြင်သည် အရိပ်အငွေ့တစ်ခု ဖြတ်သန်းသွားသလို သွေးရောင် အနည်းငယ် လျှမ်းသွား၏။ မင်းကြီး၏ အာရုံတွင်ဖြစ်ပေါ်သော အတွေးကို သေနကပညာရှိ နားလည်သည်။ သောကပရိဒေဝတံတိုင်းဖြင့် ပိတ်ဆို့နေသော မင်းကြီး၏ နှလုံးအိမ် ဝေဒနာကို ပထမအဆင့်အားဖြင့် တိုက်ခိုက်တုန်လှုပ် စေလိုက်နိုင်ပေပြီ။

"ငါဟာ ပုရောဟိတ်ရဲ့သားကို မိဖုရားပေးအံ့ဟု ဆိုခဲ့တယ်။ ငါပြုနိုင်တဲ့အမှုဟာ ခက်ခဲတဲ့အမှုပါလား"

ထိုသို့သော အတွေးဖြင့် မင်းကြီးပူလောင်ပြင်းပြသော စိတ္တဇနာထဲမှ လွန့်လူးစပြုခဲ့ပေပြီ။

"အင်း... တစ်စုံတစ်ယောက်အား မိမိမှာရှိတဲ့ ပိုင်ဆိုင်မှုတစ်ခုခုကို ပေးအံ့ဆိုသော စကားထက် ပိုမိုလွန်ကဲ ခက်ခဲတဲ့အရာများကော ရှိနိုင်သေးသလား ပုက္ကုသအမတ်ကြီး။ တင်စမ်းပါဦး"

ပုက္ကုသအမတ်ကြီးကလည်း သေနကပညာရှိ ကြိုတင်မှာကြားထားသည့်အတိုင်း ဖြေ၏။

"ရှိပါတယ်အရှင်။ အဲဒါကတော့ အကြင်သူသည် ပေးအံ့ဟူသော စကားဆိုသည်နှင့် လျော်ညီစွာ အကယ်ပင် ပေးလိုက်ခြင်း ဖြစ်ပါတယ်။ မတပ်မစွန်း ရက်ရောစွာ ပေးအပ်လိုက်ခြင်း ဖြစ်ပါတယ်"

**MRAQN**

မင်းကြီး၏အမူအရာများ ထက်သန်နိုးကြားလာသည်။

"ငါသည် ပေးအံ့ဟုလည်း စကားဆိုခဲ့ပြီ။ စကားနှင့်အညီ မိဖုရားကို ပုရောဟိတ်သား လုလင်ထံ ပေးအပ်ခဲ့ပြီ။ ပိုမိုလွန်ကဲ ခက်ခဲသောအမှုကို ငါပြုနိုင်ခဲ့တာပါလား"

ဟု အတွေးရောက်သွားသည်။

ကြည်လင်တောက်ပသော မင်းကြီး၏မျက်လုံးများကိုကြည့်လျက် မင်းကြီး၏ဝေဒနာသည် တစ်ခဏချင်းမှာပင် သိသိသာသာလျော့ပါး သွားပြီဟု သေနကပညာရှိ အတပ်သိလိုက်၏။

မဒ္ဒဝမင်းကြီးသည် သေနကပညာရှိကို လှမ်းကြည့်လိုက်သည်။

**MRAQN**

မျှော်လင့်ထားသည့်အတိုင်းပင် မင်းကြီးမေးလေသည်။

"သေနကပညာရှိကြီး။ အာယုရအမတ်နဲ့ ပုက္ကုသအမတ်ကြီးတို့က သန်လျက်မျိုခြင်းထက် ပိုမိုလွန်ကဲခက်ခဲသော အမှုများကို ပြောကြားခဲ့ကြပြီးပြီ။ အသင်ကော ဘယ်သို့လဲ။ သန်လျက်မျိုခြင်း၊ သူ့ထက် ပိုမိုလွန်ကဲခက်ခဲသော အမှုဖြစ်တဲ့ ပေးအံ့စကားကိုဆိုခြင်း၊ သူ့ထက်ပိုမို လွန်ကဲခက်ခဲသော အမှုဖြစ်တဲ့ အကယ်စင်စစ် ပေးအပ်ခြင်း၊ ဒါတွေထက် ပိုမိုလွန်ကဲခက်ခဲသော အရာရှိနိုင်ဦးမလား"

သေနကပညာရှိ လေးနက်စွာ ဖြေသည်။

"အရှင်မင်းကြီး နာတော်မူပါ။ တစ်ဦးတစ်ယောက်ဟာ နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ၊ မိမိပိုင်ဆိုင်သော ပစ္စည်းဥစ္စာကို ပေးလှူပါတယ်။ ထိုသို့ ပေးလှူပြီးနောက်မှာ ထိုလူဟာ နောင်တတစ်ဖန် ပူပန်နိပ်စက်ခြင်းမရှိပါ။ စင်စစ် သန်လျက်မျိုခြင်းတို့ထက် ပိုမိုလွန်ကဲသော ပေးအံ့ဆိုတဲ့စကားကို ပြောဆိုခြင်း၊ အကယ်စင်စစ် ပေးအပ်ခြင်း၊ ထို့ထက် ပိုမိုလွန်ကဲခက်ခဲသော အရာကတော့ ပေးပြီးသောအရာပေါ်မှာ မကပ်ငြိခြင်း၊ ပေးခဲ့လေခြင်းဟူ၍ နောင်တ၏ နှိပ်စက်ခြင်းမှ လွန်မြောက်ခြင်း၊ နောင်တတဖန် ပူပန်မှုအလျဉ်းမရှိခြင်းပင် ဖြစ်ပါတယ်။ စင်စစ် အထက်က ခက်ခဲသည်ဟု ဆိုခဲ့သော အရာများမှာ ယခုနောက်ဆုံးအဆင့် ဖြစ်ခဲ့ပေးပြီးနောက် နောင်တမပူပန်ခြင်းဆိုသောအရာနဲ့ နှိုင်းစာလျှင် လွယ်ကူသောအရာများ

ဖြစ်ပါတယ်။ ပေးပြီးနောက် မကပ်ငြိခြင်း၊ နောင်တ၏နှိပ်စက်မှုကို မခံယူခြင်းသာလျှင် ပိုမိုလွန်ကဲ ခက်ခဲလှတဲ့ အခက်ခဲဆုံးအရာ ဖြစ်ပါတယ်”

သေနကပညာရှိကြီး၏ စကားအဆုံး၌ မဒ္ဒဝမင်းကြီး၏ မျက်နှာသည် ဝင်းပသွား၏။ မင်းကြီး၏အတွေးထဲ၌ မိမိကိုယ်မိမိ ပြန်လည်သုံးသပ်သော စကားများ ထွက်ပေါ်လာသည်။

“ကြည့်စမ်း။ ငါဟာ ငါ့စိတ်နဲ့ငါ ဆုံးဖြတ်ပြီး ပုရောဟိတ်ရဲ့သားထံ မိဖုရားကို ပို့ခဲ့တယ်။ မိဖုရားကို ပေးအံ့ဆိုပြီး အကယ်ပင် ပေးခဲ့တယ်။ ဒီလို ပေးပြီးတဲ့နောက်မှာမှ ငါ့မိဖုရား ခုနစ်ရက်လွန်လို့ ရှစ်ရက်မြောက်နေ့မှာ ပြန်မလာ။ ပုရောဟိတ်သားနဲ့ စိတ်သဘောမျှပြီး ထွက်ပြေးသွားကြတယ်။ ဒါကို အကြောင်းပြုပြီး ငါဟာ ငါ့စိတ်ကို နိုင်မတ်အောင် ငါမထားနိုင်ခဲ့ပါလား။ စိုးရိမ်ပူပန်ခြင်းများနဲ့ နောင်တဟာ ငါ့ကို အစဉ်တစိုက် နှိပ်စက်ခဲ့ပြီး ငါဟာ ပူလောင်ပြင်းပြသည်းစွာသော ဝေဒနာကို ခံစားခဲ့ရတယ်။ မိဖုရားဟာ ငါ့အပေါ် တွယ်တာခြင်းရှိခဲ့လျှင် နန်းစည်းစိမ်ကို စွန့်ပြီး ထွက်ပြေးမှာ မဟုတ်ပါဘူး။ အခုတော့ ငါ့အပေါ် ချစ်ခြင်းမရှိလို့ အဝေးကို ထွက်ပြေးသွားတယ်။ ဒီမိဖုရားကို အကြောင်းပြုပြီး ငါဘာဖြစ်လို့ ကြီးစွာသော သောက ရောက်နေရမှာလဲ”

“ခက်ခဲသော ပိုမိုခက်ခဲသော ပိုမိုလွန်ကဲခက်ခဲသောအမှုများကို ငါပြုနိုင်ခဲ့ပြီးပါမှ ဘာကြောင့် အခက်ခဲဆုံးအမှု ငါပြုနိုင်ရမယ်”

စိတ်ကြောင့်ဖြစ်ရသော စိတ်၌မှီသောရောဂါသည် စိတ်၏အလင်းတစ်လုည့်မှာပင်လျှင် ပိန်းကြာရွက်မှာ ရေမတင်ကဲ့သို့ တစ်ခဏချင်း လျှော့ကျပျောက်ကင်း သွားလေသည်။

## MRAQN

နန်းရင်ပြင်မှ သဘင်ပွဲလည်း ပြီးဆုံးသွားပြီ ဖြစ်၏။

မင်းကြီး၏နလုံးအိမ်အတွင်းမှ မီးတောက်များလည်း အကြွင်းမဲ့ ငြိမ်သက်သွားပြီဖြစ်၏။ မဒ္ဒဝမင်းကြီးသည် ပြုံးရွှင်သောမျက်နှာဖြင့် ကျူးရင့်လေသည်။

“အာယုရအမတ်ဟာ ပြဿနာကို ဖြေခဲ့တယ်။ ပုက္ကုသအမတ်ကလည်း ပြဿနာကို ဖြေခဲ့တယ်။ တစ်ဆင့်တစ်ဆင့် မြင့်တက်လာတဲ့ ပြဿနာရဲ့ အထွတ်အထိပ်မှာ သေနကပညာရှိဟာ ခပ်သိမ်းသော ပြဿနာတို့ကို လွှမ်းမိုးပြီး အကြွင်းမဲ့သောအဖြေကို ထုတ်ဆောင်ပေးတယ်။ ပညာရှိအမတ်ကြီးများကို များစွာသော ဥစ္စာဘဏ္ဍာတို့နဲ့ ကျွန်ုပ် ပူဇော်ပါတယ်”

မင်းကြီး အတွင်းဆောင်သို့ ပြန်သွားပြီးနောက် အာယုရအမတ်ကြီးနှင့် ပုက္ကုသအမတ်ကြီးတို့က သေနကပညာရှိရှေ့တွင် ဦးညွှတ်ကြ၏။

“ပညာရှိအမတ်ကြီး... သင်ကြိုတင်မှာကြား သွန်သင်ထားတဲ့အတိုင်း ကျွန်ုပ်တို့ ဖြေဆိုနိုင်ခဲ့ကြပါတယ်။ သင့်အစီအမံအတိုင်းပဲ အရာခပ်သိမ်းဟာ အတိအကျ ဖြစ်ပေါ်ခဲ့ကြပါတယ်။ ကျွန်ုပ်တို့ရဲ့ မင်းကြီးဟာ ယခုဆိုလျှင် အမှောင်ထုမှ လွတ်မြောက်သွားပါပြီ။ စိတ်ကို အမှီပြုပြီးဖြစ်ပေါ်သော ဝမ်းသွေးသွန်ရောဂါလည်း မကြာမီ သက်သာပျောက်ကင်းတော့မှာပါ။ သန်လျက်ကို မျိုပြသူ လုလင်ကြီးကိုလည်း ကျွန်ုပ်တို့ ဆုလာဘ်များပေးမှာ ဖြစ်ပါတယ်”

“သြော်... စိတ်ကိုမှီ၍ နှိပ်စက်သောရောဂါမျိုးဟာ ပညာရှိထံ တည်မှီမှသာလျှင် အသက်ချမ်းသာရပါကလားဆိုတာကိုလည်း ကျွန်ုပ်တို့ ကောင်းစွာ နားလည်ကြရပါပြီ”

**MRAQN**

*လူ့ဘဝ၌ရှိစဉ်က ပေါင်းသင်းခဲ့သော မယားဟောင်း၏ ဖြားယောင်းမှုကြောင့် သာသနာတော်ဝယ် မမွေ့မလျော်ငြီးငွေ့ နှမ်းရိနေသည့် ရဟန်းတစ်ပါးကိုအကြောင်းပြုလျှက် မြတ်စွာဘုရားသည် ဤပဏ္ဍက ဇာတ်အတိတ်ဝတ္ထုကို ဟောတော်မူလေသည်။ တရားဒေသနာတော်အဆုံး၌ ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်ခဲ့လေသည်။ ထိုစဉ်က မိဖုရားမှာ ယခုအခါ ရဟန်း၏ မယားဟောင်း၊ မင်းကြီးမှာ ရဟန်း၊ အာယုရပညာရှိမှာ အရှင်မောဂ္ဂလ္လာန်၊ ပုက္ကုသပညာရှိမှာ ယခုအခါ အရှင်သာရိပုတ္တရာ၊ ပြဿနာအလုံးကို ပညာဥပါယ်ဖြင့် ဖြေရှင်းခဲ့သော ထိုစဉ်က သေနကပညာရှိကား ယခုအခါ ဗုဒ္ဓရှင်တော်ဘုရား ဖြစ်ပြီး ဟူ၍ ဇာတ်တော်ကို ပေါင်းတော်မူလေသည်။*

**MRAQN MRAQN MRAQN MRAQN**

## ၃။ ရန်မီးလျှံ

ဖြူဝင်းစိုပြည်သော အသားအရေလည်း ရှိ၏။ ဝဖိုင့်ဆူဖြိုးသော ကိုယ်ခန္ဓာလည်း ရှိ၏။ ဝတ်ရုံထားသောသင်္ကန်းမှာလည်း အဖန်တလဲလဲ ဆိုးနယ်အပ်သည်ဖြစ်၍ တောက်ပညက်ညော၏။ ဦးပြည်းသည်ပင်လျှင် စိမ်းစိမ်းဖန့်ဖန့် သန့်သန့်ပြန့်ပြန့် ရှိ၏။ ရုံထားသောသင်္ကန်းစမှလွတ်သည့် ပခုံးပြင်ရင်နေရာများမှာ ပကတိအသားစိုင်သည်လည်း ပြည့်ပြည့်တင်းတင်း ရှိ၏။

အဝေးမှ ကြည့်သည်ဖြစ်စေ၊ အနီးကပ် ကြည့်သည်ဖြစ်စေ ဥပမိရုပ်သည် လေးစား ကြည်ညိုဖွယ်ကို ဆောင်၏။ ဟုတ်ဟုတ်ငြားငြား စကားမဆို ညိုမောင်းသော မျက်ခုံးများကို ကုပ်လျှက် တင်းတင်းတည်တည် နေတတ်သော မျက်နှာထားကလည်း ခံ့ညားဖွယ်ဖြစ်၏။ အနည်းငယ် မော့ထားဟန်မျက်နှာသည် အနည်းငယ် စွင့်ထားဟန် လည်ပင်းထက်တွင် ကြွားရွှားအသွင်ဆောင်နေ၏။ အလုံးစုံခြုံ၍ ကြည့်လိုက်လျှင် အရှင်တိဿမထေရ်ကြီးကား လူဝတ်ကြောင် ဒါယိကာ ဒါယိကာမများ ဥပါသကာများကို မဆိုထားဘိ ဇေတဝန်ကျောင်းတော်နေ ရဟန်းအချင်းချင်းကပင် ခပ်ရိုန်ရိုန် ဆက်ဆံကြရသော မထေရ်ကြီးဖြစ်လေသည်။

အရှင်တိဿအား စကားဟဟ ပြောဆိုသည့်ရဟန်းများ မရှိလှသလို အရှင်တိဿကလည်း မည်သူ့ကိုမျှ အရေးအရာယူ၍ ပြောဆိုဆက်ဆံခြင်း မရှိချေ။ ထို့ပြင် အရှင်တိဿအများဆုံး သီတင်းသုံးနေတတ်သည့် နေရာမှာလည်း ဇေတဝန်ကျောင်းတော်၏ အလယ်ဇရပ်ကြီး ဖြစ်သည်။ ထိုဇရပ်ကြီးမှာ ရံဖန်ရံခါ ဘုရားရှင်က ရဟန်းတို့၏ အဖူးအမြော်ကိုခံယူရာ ခန်းမကြီးဖြစ်သည်။ များသောအားဖြင့် ရဟန်းအပေါင်းတို့ စည်းဝေးစုရုံးရာ ခန်းမဆောင်ကြီးအဖြစ် အသုံးပြုသည်။ ရပ်ဝေးမှလာသော အာဂန္တုရဟန်းတို့ ဇေတဝန်ဝိဟာရသို့ ရောက်လျှင် ဦးစွာစုံစမ်း မေးမြန်းရသော နေရာလည်းဖြစ်သည်။ ထို့ကြောင့် အလယ်ဇရပ် ခန်းမဆောင်ကြီးမှာ ဇေတဝန်၏ အချက်အချာ ကျသောနေရာ ဖြစ်လေသည်။ အရှင်တိဿမထေရ်ကြီးသည် ထိုအလယ်ဇရပ်ခန်းမဆောင်၌ နေထိုင်သည်ဖြစ်သောကြောင့် ထည်ဝါသော ကျောင်းသခ်မ်းသဖွယ် ဖြစ်နေလေသည်။

မြတ်စွာဘုရားကိုဖူးမြင်ရန်၊ တရားဒေသနာတော်နာကြားရန်၊ ကမ္မဋ္ဌာန်းတရားတောင်းရန် စသည်ဖြင့် ရောက်လာကြသော အာဂန္တုရဟန်းများသည် မြတ်စွာဘုရားကိုလည်းကောင်း၊ အဂ္ဂသာဝကကြီးများကိုလည်းကောင်း တွေ့ဆုံဖူးမြင်ခွင့်မရမီ ဤဇရပ်ကြီးရှိ အရှင်တိဿနှင့် ဦးစွာတွေ့ဆုံကြရသည်။

ခံ့ညားသော ဥပမိရုပ်နှင့် သိုက်မြိုက်သော အခင်းအကျင်းတို့ဖြင့် အရှင်တိဿကို တွေ့လိုက်ကြသော အာဂန္တုရဟန်းများသည် အလိုလိုပင် ရိုကျိုးသွားကြကာ လက်အုပ်ချီလျှက် ပုဆစ်တုပ်လျှက် နှုတ်ဆက်ဂါရဝပြုကြသည်။ ထို့နောက် မိမိတို့ အဘယ်အရပ်မှ လာခြင်းဖြစ်ပါကြောင်း၊ အမျိုးအနွယ် ဘယ်သို့ခေါ်ပါကြောင်း၊ ဘုရားရှင်အားဖူးမြော်လို၍ ညွှန်ပြပေးပါရန် အကြောင်းတို့ကို လျှောက်ပန်ကြသည်။

အရှင်တိဿက တည်ကြည်တင်းမာသော မျက်နှာထားကို သူ့အတိုင်းရှိစေလျက် စကားခွန်းတုံ့မဆို ဆိတ်ဆိတ်နေလိုက်သည်။ ထိုအခါ အာဂန္တုကရဟန်းများမှာ ပို၍လေးစားသွားပြီး ဝတ်ကြီးဝတ်ငယ်ပြုခြင်း၊ ခြေဆုပ်လက်နယ်ပြုခြင်းတို့ကို ပန်ကြားကြပြန်သည်။ အရှင်တိဿကား စကားမဆို၊ တုံကိုဘာဝေ ဆိတ်ဆိတ်နေမြဲ။

ထိုအခါ အာဂန္တုရဟန်းတို့သည် “ဤမထေရ်ကြီးကား ဥပဓိလက္ခဏာ သမဏသာရုပ္ပ ကောင်းလှသလို အတွင်း အဇ္ဈတ္တသည်လည်း ခိုင်ခံ့တည်ကြည်သူ ပေတကား။ စကား ပဋိသန္ထာရကိုမျှ မဆို၊ လိုလိုရာရာ ဟုတ်ဟုတ်ငြားငြား မပြော၊ အာရုံတို့ကို ထိန်းချုပ်နိုင်ပေစွတကား။ တရားဘာဝနာ၌သာ စူးစိုက်မွေ့လျော်နေသူပေတကား” စသည်ဖြင့် ယူဆသွားကြကာ ခပ်ယို့ယို့ပင် အနီးမှ ခွာသွားကြလေသည်။ အရှင်တိဿကား ဦးခေါင်းကိုစွင့်လျက် မျက်နှာပင့်လျက် ခပ်မဆိတ်ပင် ကျန်ရစ်ခဲ့လေသည်။

အရှင်တိဿကြီး ထိုသို့နေထိုင် ပြုမူနေသည်ကို ရဟန်းငယ်တစ်ပါးက ကောင်းစွာ သတိထားလိုက်မိ၏။ အရှင်တိဿကြီး မည်သို့နည်း။

## MRAQN

ရဟန်းငယ်သည် အရှင်တိဿကြီးအကြောင်းကို စူးစမ်းခဲ့ပြီး အကြောင်းစုံလင် သိသွား၏။

ကောင်းစွာ ဆိုးနယ်အပ်သော သင်္ကန်းကို ဝတ်ရုံထားတဲ့ ဆူဖြိုးသော ခန္ဓာကိုယ်ရှိသော အရှင်တိဿ၏ အပြုအမူ အကျင့်အကြံ မှန်သမျှကို တရံမလပ် အကဲခတ်စောင့်ကြည့်ခဲ့၏။

“အရှင်တိဿရဲ့မယ်တော်က သုဒ္ဓေါဒနမင်းကြီးရဲ့နှမတော် အမိတာဒေဝီမိဖုရား။ ဒါကြောင့် သူဟာ ဘုရားရှင်နဲ့ ညီနောင်တော်စပ်တယ်။ သကျသာကီဝင် ခတ္တိယမင်းမျိုးမင်းနွယ် စစ်စစ် ဖြစ်ပေတယ်။ ဒါကြောင့်...”

“ဒါကြောင့်သူက ဘုရားရှင်ရဲ့ အရီးတော်သားအနေနဲ့ ဘုရားရှင်ထံမှာ ဖြစ်လာသော လာဘ် ပူဇော်သက္ကာရတို့ကို ဘုန်းပေးသုံးဆောင် နေရသကိုး။ အကောင်းဆုံးဆိုတဲ့ ဘောဇဉ်ခဲဖွယ်ကို စား၊ အကောင်းဆုံးဆိုတဲ့ သင်္ကန်းကို ဝတ်၊ အကောင်းဆုံးဆိုတဲ့ အသုံးအဆောင်တွေကို သုံး၊ နေရတော့လည်း အလယ်ဇရပ်ခန်းမဆောင် ပြီးတော့

ဘယ်ရဟန်းနဲ့မှ ဟဟစကားမဆို အင်း… အာဂန္တုရဟန်းတွေ ရောက်လာရင် ပိုသိသာသေး။ မျက်နှာကိုပင့်မော့ပြီး ဘာမှ မဆိုမပြော အဖက်မတန်သလို အရာမသွင်းသလို နေတယ်"

"ဘုရားရှင် နောင်ညီတော်စပ်ပြီး သကျသာကီဝင် ခတ္တိယမင်းမျိုး ဘဝက ရဟန်းပြုလာသူဆိုတော့လည်း ဒီမထေရ်ကြီး ဝံ့ဝံ့ကြွားကြွား ရှိပေမပေါ့။ နေပါဦး… သူက ဘာကြောင့် စကားမဆိုမပြော ဆိတ်ဆိတ်နေရတာလဲ။ သူ ဘယ်နဝါရှိပြီလဲ"

"ဟင်… သူ အသက်ကြီးမှ ရဟန်းပြုတာပါလား။ သူတစ်ဝါမှ မရသေးပါလား။ သို့သော် သူပြုမူနေထိုင်ပုံက ဝါတော်များစွာ ရထားတဲ့ မထေရ်ကြီးတစ်ပါးလို ဖြစ်နေတယ်။ ဒါဟာ ဒီမထေရ်ကြီး ဟန်ဆောင်နေတာပဲ။ အာဂန္တုရဟန်းတွေကို အဖက်မတန်သလို ဆက်ဆံတာဟာလည်း သူ့ဘာသာသူ ခတ္တိယနှင့် သကျသာကီဝင်ဆိုပြီး စိတ်ကြီးဝင်နေတာပဲ။ ဘုရားရှင်ထံ ဖြစ်ပေါ်လာသမျှ လာဘ် ပူဇော်သက္ကာရများကို သုံးဆောင်ပြီး မာန်တစ်ခွဲသား လုပ်နေတာပဲ"

"သူ့ဆီရောက်လာတဲ့ အာဂန္တုရဟန်းတွေဟာ သူ့ထက်ငါ ဝါစဉ်ကြီးသူတွေချည်း ဖြစ်တယ်။ အဲဒါကို သူက အရိုအသေ မပြုတဲ့အပြင် သူ့အကြောင်းမသိတဲ့ အာဂန္တုများရဲ့ အရိုအသေပြုခြင်းကို သူက မသိလိုက်မသိဘာသာ မျှဉ်းမျှဉ်းမှိန်းပြီး ခံယူနေတယ်။ ဒါဟာ မဟုတ်သေးဘူး"

ရဟန်းငယ်သည် ငယ်ရွယ်သူတို့ သဘာဝဖြင့် မကျေမနပ် ဖြစ်လာ၏။ အရှင်တိဿ၏ မူမမှန်သော ပြုမူနေထိုင်ပုံများကို သိရပြီးသည့်နောက်တွင် အောင့်အည်းမျိုသိပ်ထားခြင်း မပြုတော့ပဲ အတိအလင်း ဖွင့်ချလိုက်တော့သည်။

**MRAQN**

ထိုနေ့ကလည်း ထုံးစံအတိုင်း အရှင်တိဿသည် ဆွမ်းကိစ္စပြီးသည့်နောက် အလယ်ဇရပ် ခန်းမဆောင်ကြီးရှိ နေရာတွင် အကျအနနေရာယူထား၏။ ဆူဖြိုးသော ခန္ဓာကိုယ်ကြီးကို လျော့ရည်းရည်းသက်န်းဖြင့် ပွပွယောင်းယောင်း လုံးထွေးခြုံလွှမ်းကာ နူးညံ့သော ကမ္ဗလာအခင်း အအုံးအမှီများတွင် သက်တောင့်သက်သာ လှဲလျောင်းနေသည်။

ရဟန်းငယ်က မနီးမဝေးတစ်နေရာမှာ အရိပ်အကဲ စောင့်ကြည့်နေ၏။

ထိုစဉ်မှာပင် အာဂန္တုရဟန်းအချို့ရောက်လာသည်။ ရပ်ဝေးမှ လာကြဟန်ရှိသော အာဂန္တုရဟန်းတို့သည် ပင်ပန်းနွမ်းနယ်သော အသွင်များဖြင့် အလယ်ဇရပ် ခန်းမဆောင်ရှိ

အရှင်တိဿရှေ့သို့ ရောက်လာကြသည်။ အရှင်တိဿက သင်္ကန်းကို အနည်းငယ်ပြင်၍ ရုံလိုက်ပြီး ကမ္ဗလာဖုံပေါ်၌ အကျအန ထိုင်လိုက်သည်။ အာဂန္တုရဟန်းများကို တစ်ချက်မျှသာ ဝေ့ဝိုက်ကြည့်လိုက်ပြီး မျက်နှာကိုပင့်တင်၍ အဝေးသို့ ကြည့်လိုက်သည်။

အာဂန္တုရဟန်းများက အရှင်တိဿရှေ့တွင် ပုဆစ်တုပ် လက်အုပ်ချီကြသည်။

"မြတ်စွာဘုရားရှင် ဘယ်မှာ သီတင်းသုံး နေတော်မူပါသလဲ အရှင်ဘုရား။ တပည့်တော်တို့ ရပ်ဝေးမှ လာရောက်ကြပါတယ် အရှင်ဘုရား"

အရှင်တိဿ ဆိတ်ဆိတ်နေ၏။

"အရှင်ဘုရားအားလည်း ဝတ်ကြီးဝတ်ငယ်ပြုခြင်း၊ ခြေဆုပ်လက်နယ်ပြုခြင်းတို့ကို ပန်ကြားပါတယ်ဘုရား"

အရှင်တိဿ စကားမဆိုချေ။

မလှမ်းမကမ်းမှ အကဲခတ် စောင့်ကြည့်နေသော ရဟန်းငယ်သည် ဆက်လက် မအောင့်အည်းနိုင်တော့ပေ။ အရှင်တိဿနှင့် အာဂန္တုရဟန်းများ အကြားသို့ ဝင်ရောက်ကာ ခြေစုံရပ်လိုက်၏။ အရှင်တိဿကြီး တစ်ချက် မျက်စိမျက်နှာ ပျက်သွားသည်။ ရဟန်းငယ်က အရှင်တိဿကို စူးစူးကြည့်ကာမေးသည်။

"အရှင်ဘုရား ဘယ်နဝါ ရှိပါပြီလဲ"

**MRAQN**

ဤမေးခွန်းမျိုးကို ဤသို့သော ရဟန်းငယ်တစ်ပါးထံမှ ကြားရလိမ့်မည်ဟု မျှော်လင့်မထားသော အရှင်တိဿမှာ ဆတ်ကနဲဖြစ်သွား၏။ အာဂန္တုရဟန်းများမှာလည်း အံ့အားသင့်နေကြသည်။

အရှင်တိဿ လှီးလွှဲဖြေကြားဖို့ မဖြစ်နိုင်။

"ငါက အသက်အရွယ်ကြီးရင့်ချိန်ကျမှ ရဟန်းပြုလာခဲ့တာဆိုတော့ တစ်ဝါမှ မရှိသေးပါဘူး"

အထစ်ထစ်အငေါ့ငေါ့ဖြင့် ဖြေလိုက်ရသည်။ ရဟန်းငယ်၏အသံက တစ်လုံးချင်း ပြတ်သားစွာ ထွက်ပေါ်လာ၏။

"ငါ့ရှင်ရဟန်းကြီး... အသင်ဟာ ဆိုဆုံးမခက်သူပေ။ မိမိရဲ့ အတိုင်းအရှည်ကို မသိ၊ ဤမျှလောက်သော မထေရ်ကြီးများကို မြင်ပါလျှက် အရိုအသေမပြု၊ ဝတ်ကြီးဝတ်ငယ် ပန်ကြားသည့်အခါမှာလည်း စကားတုံ့မဆို ဆိတ်ဆိတ်နေတယ်။ သင်ဟာ သင့်မသင့် စဉ်းစားဆင်ခြင်မှုပင် မရှိသူဖြစ်တယ်"

တိဿရဟန်းကြီးမှာ မိမိ၏ မျက်စိနှစ်ခုအကြား နာယောင်းထက်သို့ ပုတ်ခတ် ခံလိုက်ရသလို ဖြစ်သွား၏။ မလောက်လေး မလောက်စား ရဟန်းငယ်လေးတစ်ပါးက ငါ့နှယ်သော ဗုဒ္ဓ၏အရီးတော်သား သကျသာကီနွယ်ကို အာဂန္တုများရှေ့မှာ ရိုင်းမိုက်စွာစော်ကားသတဲ့လား။ မြွေဟောက်တစ်ကောင်လို ပါးပျဉ်းကိုခွက်လျှက် ရှူးရှူးတွန်မြည် တုံ့ပြန်အံ့ဟု ကြံနေဆဲမှာပင် အာဂန္တုရဟန်းများထံမှ အသံများ ထွက်လာ၏။

"ငါ့ရှင်ရဟန်းကြီး... အသင်ဟာ ဆိုဆုံးမခက်သူပေ။ မိမိရဲ့အတိုက်အရှည်ပမာဏကို မသိ၊ ဤမျှလောက်သော မထေရ်ကြီးများကို မြင်ပါလျှက် အရိုအသေမပြု၊ ဂတ်ကြီးဂတ်ငယ် ပန်ကြားသည့်အခါမှာလည်း ဆိတ်ဆိတ်နေတယ်။ သင်ဟာ အရာမဟုတ်သူ၊ စဉ်းစားဆင်ခြင် ကင်းသူဖြစ်ပေတယ်"

တိဿရဟန်းကြီးတစ်ကိုယ်လုံး ဆတ်ဆတ်တုန်သွားသည်။ အာဂန္တုရဟန်းများကလည်း ရဟန်းငယ်စကားလုံးများအတိုင်း မိမိထံသို့ ပစ်ပေါက်နေကြပါပကော။

"ဟေ့... ငါဟာ သင်တို့လို အမျိုးဇာတ်ပေါင်းစုံကလာတဲ့ ရဟန်းမဟုတ်ဘူး။ ငါ့မယ်တော်က အမိတာဒေဝီ။ ငါ့မယ်တော်က ဗုဒ္ဓရဲ့ ဒွေးလေးတော်တယ်။ ငါ့ဦးရီးတော်က သုဒ္ဓေါဒနမင်းကြီး။ ငါ့ကို ဘာမှတ်လဲ။ ငါဟာ သကျသာကီယ မျိုးနွယ်စစ်စစ် ငါဟာ ခတ္တိယစစ်စစ် ငါဟာ... .... ....."

စကားလုံးများက အလုအယက် ရုန်းကြွ တိုးဝှေ့ကြသဖြင့် လည်ချောင်းဝမှာ တစ်ဆို့နေကြပြီး အပြင်ထွက်မလာကြ။ ထိုအခါ အသံမဲ့ဆူလောင်သော စကားလုံးများ၏အဟုန်ဖြင့် မျက်ခွံသားများ နှာသီးပေါက်များ နားပေါက်များမှ မီးအလျှံများ ထွက်သည့်အလား ပူလောင်လာသည်။

"မင်းတို့ငါ့ကိုများ စော်စော်ကားကား..."

တိဿရဟန်းကြီး ကတုန်ကယင် ဖြစ်နေစဉ်မှာပင် အာဂန္တုရဟန်းများထံမှ တညီတညွတ်တည်းသော အသံတစ်ခု ထွက်ပေါ်လာ၏။ ထိုအသံက တဖျောက်ဖျောက် လက်ဖျစ်တီးသံများပင်ဖြစ်သည်။ အာဂန္တုရဟန်းများက မိမိကို နှင်ထုတ်သော အထိမ်းအမှတ် သင်္ကေတ။

တိဿရဟန်းကြီး ချုပ်တည်းမထားနိုင်တော့ပဲ ပေါက်ကွဲလွင့်စင်စွာဖြင့်...

"ဟော့... သင်တို့အခု ဘယ်သူ့ဆီလာကြတာလဲ။ မြတ်စွာဘုရားဆီကို လာကြတာ မဟုတ်လား"

"ဟုတ်တယ်"

"အေး... ငါ့ကို ဘယ်သူများ ထင်ကြသလဲ။ မင်းတို့အားလုံး အရင်းအမြစ်ကစပြီး ပြတ်လဲစေရမယ်။ ငါ့အကြောင်းသိစေမယ်"

ပူလောင်နာကြည်းမှုနှင့် အရှက်တကွဲ ဖြစ်ရခြင်းတို့ကြောင့် တိဿရဟန်းကြီး၏ မျက်လုံးများမှ မျက်ရည်ပူများ လိမ့်ဆင်းလာကြ၏။

"ငါအခု မြတ်စွာဘုရားဆီ ဝင်မယ်"

**MRAQN**

တိဿရဟန်းကြီးထွက်ခွာသွားချိန်တွင် အာဂန္တုရဟန်းများ တိုင်ပင်ကြ၏။

"ငါ့ရှင်တို့... ရဟန်းကြီးဟာ မြတ်စွာဘုရားရှင်ထံတော်မှာ မဟုတ်မမှန်လုပ်ကြံဖန်တီးပြီး လျှောက်ထားနိုင်တယ်။ သူတစ်ပါးတည်း လွှတ်လိုက်လို့ မဖြစ်ဘူး။ အတူလိုက်ပါသွားကြမှ ဖြစ်မယ်"

**MRAQN**

ဘုရားရှင် ရှေ့မှောက်တွင် တိဿရဟန်းကြီးနှင့်အတူ အာဂန္တုရဟန်းများ စုံညီရောက်ရှိကြ၏။ ဘုရားရှင်က အကြောင်းဖြစ်ရပ်မှန်ကို သိရှိပြီးဖြစ်သော်လည်း စကားအစ ထွက်ပေါ်လာစေရန် အမေးတော်ရှိသည်။

"တိဿ... အဘယ်ကြောင့် မျက်ရည်ယိုစီး ငိုကြွေးလျှက် ရောက်လာရသလဲ"

တိဿရဟန်းကြီးက ရှိုက်သံဖြင့် လျှောက်၏။

"ဟောဒီ ရဟန်းတွေက တပည့်တော်ကို ဆဲရေးကြပါတယ်ဘုရား"

"တိဿ သင် ဘယ်အရပ်မှာနေသလဲ"

"တပည့်တော် ဇေတဝန်ကျောင်းအလယ် စည်းဝေးရာဇရပ်မှာနေတာပါဘုရား"

"ရဟန်းများလာကြသည်ကို သင်မြင်သလား တိဿ"

"မြင်ပါတယ်ဘုရား"

"မြင်သောအခါ သင်နေရာမှ ထပြီး ခရီးဦးကြိုဆိုသလား"

အတန်ငယ် တိတ်ဆိတ်နေပြီးမှ-

"မကြိုဆိုမိပါဘုရား"

"ပရိက္ခရာယူခြင်းကို ပန်ကြားခဲ့သလား"

"မပန်ကြားခဲ့မိပါဘုရား"

"ဝတ်ကြီးဝတ်ငယ်ပြုစုရန် သောက်ရေဆက်ကပ်ရန် ပန်ကြားခဲ့သလား"

"မပန်ကြားခဲ့မိပါဘုရား"

"နေရာထိုင်ခင်းပေးခြင်း၊ ရှိခိုးခြင်း၊ ခြေဆုပ်လက်နယ်ခြင်း ရှိခဲ့သလား"

"မရှိခဲ့ပါဘုရား"

**MRAQN**

ဘုရားရှင် မိန့်တော်မူလေသည်။

"တိဿ... သီတင်းငယ်သော ရဟန်းသည် သတင်းကြီးသော ရဟန်းအား ဤကျင့်ဝတ်အားလုံးကို ပြုစုသင့်တယ်။ ထိုသို့မပြုသော ရဟန်းသည် ကျောင်းအလယ်မှာနေရန် မသင့်လျော်၊ မအပ်စပ်၊ ယခု ဖြစ်ပွားရသည့်အကြောင်းမှာ သင် တိဿရဲ့အပြစ်သာ ဖြစ်တယ်။ ရဟန်းတို့ကို ကန်တော့လော့"

တိဿရဟန်းကြီးက ခေါင်းငုံ့မျက်နှာဝှက်ထားရင်းမှ ပြန်လျှောက်၏။

"ထိုရဟန်းများက တပည့်တော်ကို ဆဲရေးပါတယ်။ တပည့်တော် မကန်တော့နိုင်ပါဘုရား"

ဘုရားရှင် ထပ်မံ မိန့်တော်မူပြန်၏။

"တိဿ... ဤသို့မပြုလင့်။ သင်၏အပြစ်သာဖြစ်တယ်။ ရဟန်းတို့ကို ကန်တော့လော့"

"တပည့်တော် မကန်တော့နိုင်ပါဘုရား"

ဘုရားရှင်၏ ဆုံးမစကားကိုပင် ငြင်းပယ်နေသော ဆိုဆုံးမခက်လှသည့် ရဟန်းကြီးအား အာဂန္တုရဟန်းများက မယုံကြည်နိုင်စွာ ငေးကြည့်နေကြသည်။

ဘုရားရှင်မိန့်တော်မူ၏။

"ရဟန်းတို့... တိဿဟာ ဆိုနိုင်ခက်သူဖြစ်တယ်။ ယခုအခါ၌သာ မဟုတ်သေး။ ရှေးကလည်း ဆိုနိုင်ခက်သူ ဖြစ်ခဲ့ပြီ"

ရဟန်းများက အတိတ်ကို ဆောင်တော်မူပါရန် ဘုရားရှင်အား လျှောက်ကြားကြ၏။

## MRAQN

ဗာရာဏသီပြည် မြို့တော်၌ ရပ်ဝေးဒေသမှ လာရောက်ကြသော ရသေ့ရဟန်းများ သီတင်းသုံးနေထိုင်ရန် သီးခြားကျောင်းဇရပ်ဟူ၍ မရှိပေ။ သို့သော် အိုးထိန်းသည်တစ်ယောက်၏ အလုပ်ရုံတင်းကုပ်သည်ကား အလိုအလျောက် ဇရပ်ဆောင်သဖွယ် ဖြစ်နေ၏။ အိုးထိန်းသည်သည် နေ့ခင်းအခါများမှာသာလျှင် သူ၏အလုပ်ရုံတင်းကုပ်ကို အသုံးပြုလျှက် ညအချိန်များတွင်မူ တင်းကုပ်သည် အားလပ်လျှက်ရှိ၏။ အိုးများပြုလုပ်သော အလုပ်ရုံတင်းကုပ်မှာ ကျယ်ဝန်းပြီး အဆောင်အခန်းများလည်း ရှိနေသည်။ မီးဖို၊ ရေအိုးစင်၊ ရေတွင်းရေကန်များလည်း အသင့်ရှိထားပြီး ဖြစ်သည်။ ထို့ကြောင့် ရပ်ဝေးမှရောက်လာကြသော ရသေ့ရဟန်းများ၊ အာဂန္တုခရီးသွားများ အားလုံးအဖို့ တည်းခိုနေထိုင်ရန် အဆင်ပြေသော နေရာတစ်ခု ဖြစ်နေလေသည်။

အိုးထိန်းသည်၏ ထိုအလုပ်ရုံတင်းကုပ်ကို ထိုသို့အသုံးပြုကြောင်း၊ ပိုင်ရှင်အိုးထိန်းသည် ကိုယ်တိုင်ကလည်း အာဂန္တုများ တည်းခိုနေထိုင်ခွင့်ကို ကြည်ဖြူစွာ ခွင့်ပြုထားကြောင်း ဗာရာဏသီရှိ ကလေးသူငယ်များကအစ သိထားကြသည်။

တစ်နေ့သောအခါ ဟိမဝန္တာတော၌ ရစ်လမျှနေထိုင်ခဲ့ပြီး ကျင့်ကြံအားထုတ်ခဲ့သော ရသေ့ကြီးတစ်ပါး ဗာရာဏသီသို့ ရောက်လာ၏။ ဟိမဝန္တာတောအရပ်၌ တစ်ကိုယ်တည်း ကေစာကျင့်နေထိုင်သော ရသေ့ရဟန်းများအနေဖြင့် ဤသို့ပင် ဗာရာဏသီသို့ ရောက်လာတတ်ကြသည်။ များသောအားဖြင့်မူ တောတောင်အရပ်၌ မရရှိနိုင်သော ချဉ်ဆားကို

အလှူခံရန်ပင်ဖြစ်၏။ အချဉ်နှင့် အငံကို မမှီဝဲရပါက သွေးသားဆုတ်ယုတ် ခြောက်ခမ်းကာ တရားဘာဝနာ ကျင့်ကြံအားထုတ်ရေး၌ ခက်ခဲကြလေသည်။

ရသေ့ကြီးသည် ဗာရာဏသီ မြို့တံခါးဆီသို့ ချဉ်းကပ်လာ၏။ မြို့တံခါးဝ၌ ကလေးသူငယ်များ ဆော့ကစားနေကြသည်။ ရသေ့ကြီးက-

"သူငယ်တို့… ဒီဗာရာဏသီမှာ ဟိမဝန္တာတောတောင်အရပ်က လာတဲ့ ရသေ့ကြီးတစ်ပါး ခေတ္တတည်းခိုနေနိုင်ဖို့အတွက် နေရာဒေသများ ရှိနိုင်သလား။ အဝေးကရောက်လာတဲ့ ရသေ့ရဟန်းများအတွက် ကျောင်းဇရပ်ရှိသလား"

သူငယ်များက ပျူငှာသွက်လတ်စွာ ပြန်ပြောကြ၏။

"ရသေ့ကြီး… အဲဒီလို ကျောင်းဇရပ်မျိုးတော့ မရှိပါဘူး။ ဒါပေမယ့် အိုးထိန်းသည်ရဲ့ အလုပ်ရုံတင်းကုပ်ကတော့ ရပ်ဝေးက အာဂန္တုများ တည်းခိုလေ့ရှိပါတယ်။ ရသေ့ကြီး အဲဒီမှာတော့ ရနိုင်ပါလိမ့်မယ်။ ဟောဟိုရှေ့နားကဟာ အိုထိန်းသည်ရဲ့အလုပ်ရုံတင်းကုပ်ပါ"

ရသေ့ကြီးသည် အိုးထိန်းသည်၏ တင်းကုပ်တံခါးဆီသို့ သွားခဲ့၏။

တံခါးဝ၌ရပ်လျှက် မိမိရောက်ရှိကြောင်း အသံပြုသောအခါ အိုးထိန်းသည် ထွက်လာ၏။

"အသင် အိုးထိန်းသည်လား"

"ဟုတ်ပါတယ် ရသေ့ကြီး"

"ကျွန်ုပ်အမည် ဒေဝိလလို့ ခေါ်ပါတယ်။ ဟိမဝန္တာက လာခဲ့တယ်။ ဟိုမှာ ရှစ်လကြာနေပြီး တရားအားထုတ်ခဲ့တယ်။ ချဉ်ဆားမှီဝဲဖို့ ကျွန်ုပ်မြို့သို့ ဆင်းလာခဲ့ခြင်းဖြစ်တယ်။ သင့်မှာ ဝန်မလေးဘူးဆိုရင် သင့်ဇရပ်မှာ တစ်ညဉ့်မျှ တည်းခိုလိုတယ်"

အိုးထိန်းသည်က ဒေဝိလရသေ့ကြီးကို အကဲခတ် ကြည့်လိုက်သည်။ အသက်အရွယ် မည်မျှရှိပြီကို မခန့်မှန်းတတ်၊ ဟိမဝန္တာနေ ရသေ့ကြီးများ၏ အသက်အရွယ်မှာ ခန့်မှန်းရ ခက်ပေသည်။ ယခုဒေဝိလဟု အမည်နာမကို ထုတ်ဖော်ပြောသော ရသေ့ကြီးမှာလည်း အသက်အရွယ် ကြီးရင့်ပြီဖြစ်ကြောင်း သိသာသည်။ ညိုမှောင်သော မျက်နှာပြင်ထက်၌ အရေးအကြောင်းများစွာ ယှက်သမ်းနေကြသည်။ သို့သော် ဖြူဖွေးရှည်လျားသော မျက်ခုံးမွေးများအောက်မှ မျက်လုံးအစုံကား စူးရှတောက်ပလျှက် ရှိနေကြသည်။

မျက်လုံးများ စူးရှသလို အကြည့်ကလည်း ဝံ့ဝံ့စားစား ရှိသည်။ ထို့အပြင် အလုပ်ရုံတင်းကုပ်ဇရပ်၌ နေထိုင်ခွင့်တောင်းဆိုသော အသံက အနည်းငယ် မာကျောနေသလိုလို မာနဖြင့် တောင့်တင်းနေသလိုလို အိုးထိန်းသည် ယူဆမိ၏။

"ဘယ်နယ်လဲ ကျွန်ုပ် တည်းခိုခွင့်ရမလား"

"အို... ရပါတယ်။ ရပါတယ် ရသေ့ကြီး။ တပည့်တော်က နေ့ဘက်မှာသာ အလုပ်လုပ်တာပါ။ ညဥ့်မှာ အားလပ်ပါတယ်။ ကျယ်လည်း ကျယ်ဝန်းပါတယ်။ ရေမီးလည်း ပြည့်စုံပါတယ်။ ချမ်းသာစွာနေပါ ရသေ့ကြီး"

ဒေဝိလရသေ့ကြီးသည် တင်းကုပ်ထဲသို့ဝင်ခဲ့ပြီး အကျယ်အဝန်း အနေအထားကို အကဲခတ်သလို စူးစမ်းကြည့်ရှု၏။ ထို့နောက်-

"အင်း... သင့်မြတ်ပါရဲ့။ နေပါဦး အိုးထိန်းသည် ဒကာ။ သင့်အလုပ်ရုံတင်းကုပ်မှာ ကျွန်ုပ်ကဲ့သို့ အခြားအာဂန္တုခရီးသွားများကော ဒီလိုပဲ ရောက်လာပြီး တည်းခိုခွင့်တောင်းကြ၊ သင်ကလည်း ခွင့်ပြု၊ ဒီလိုပဲလား"

"ဟုတ်ပါတယ် ရသေ့ကြီး။ တပည့်တော်ရဲ့ အလုပ်ရုံဟာ နေ့ခင်းမှာတော့ အိုးလုပ်ငန်းတင်းကုပ်၊ ညဥ့်မှာတော့ တည်းခိုသူရှိရင် ဇရပ်သဖွယ်ပါ။ ကဲ... ဘာဖြစ်လို့ပါလဲ ရသေ့ကြီး"

"ဘာမှ မဖြစ်ပါဘူး။ တစ်ခါတစ်ရံ အာဂန္တုရသေ့ရဟန်း အများအပြားဆုံပြီး တည်းကြတာမျိုးကော ဖြစ်တတ်သလား"

"တစ်ဦးစ၊ နှစ်ဦးစ ဆုံတာမျိုးတော့ ရှိတတ်ပါတယ်။ ရသေ့ကြီး"

"ကောင်းပါပြီလေ။ သင့်အလုပ် သင် လုပ်ပါချေတော့"

**MRAQN**

ဒေဝိလရသေ့ကြီး အိပ်ရာနေရာကို ပြင်ဆင်နေစဉ်မှာပင် တင်းကုပ်ဇရပ်တံခါးဝသို့ အခြားရသေ့တစ်ပါး ရောက်လာ၏။

"အိုးထိန်းသည်ဒကာ၊ ကျွန်ုပ်အမည်က နာရဒလို့ခေါ်ပါတယ်။ သင့်ရဲ့ဇရပ်မှာ တစ်ညဥ့်မျှ တည်းခိုလိုပါတယ်။ သင့်နေရာကို ညွှန်ပြလိုက်ကြလို့ ရောက်လာပါတယ်"

အိုးထိန်းသည်က ချက်ချင်း အဖြေမပေးသေးဘဲ စဉ်းစား၏။ ဒေဝိလအမည်ရှိ ရသေ့ကြီးတစ်ပါး မကြာမီပင် ရောက်ရှိလာကာ ခွင့်တောင်း၍ တည်းခိုနေပေပြီ။ ဒေဝိလရသေ့ကြီးကို ကြည့်ရသည်မှာ စကားပြောမာကျောပြီး မျက်နှာထားတင်းတင်းရှိသည်။ နောက်ရောက်လာသော ရသေ့တစ်ပါးနှင့် အတူတူနေလိုသလား၊ မနေလိုသလား ဆိုသည်ကို မိမိမသိနိုင်။ အိမ်ရှင်မိမိက ခွင့်ပြုလိုက်လျှင် ဒေဝိလရသေ့ကြီးက ဦးစွာရောက်နှင့်နေထိုင်သူအဖြစ် ခွင့်မပြုနိုင်လျှင် မိမိအပြစ် ကျရောက်နိုင်ဖွယ် ရှိပေသည်။ ထို့ကြောင့်-

"အရှင်နာရဒရသေ့... ရှေးဦးစွာ ရောက်ရှိခွင့်တောင်းတဲ့ နေထိုင်တဲ့ ရသေ့ကြီးတစ်ပါး ရှိနေပါတယ်။ အမည်နာမ ဒေဝိလပါတဲ့။ တပည့်တော်ကတော့ တပည့်တော်ရဲ့ အလုပ်တင်းကုပ်ကို ဇရပ်သင်္ခမ်းအဖြစ် သဘောထားပြီးသားမို့ အထူးဆိုရန်မရှိပါဘူး။ သို့သော် ဒေဝိလရသေ့ကြီးက လိုလားခွင့်ပြုမယ်ဆိုရင်တော့ အရှင်ရသေ့ နေနိုင်ပါတယ်"

"အိုးထိန်းသည်... သင့်စကား သင့်မြတ်ပါတယ်။ ဒေဝိလရသေ့ကြီးကို ကျွန်ုပ် ခွင့်တောင်းကြည့်ပါမယ်"

နာရဒရသေ့ကြီးသည် ဒေဝိလရသေ့ကြီးလောက် အသက်အရွယ် မကြီးရင့်သေးသလို ဒေဝိလရသေ့ကြီးကဲ့သို့ ထောင်လွှား တောင့်တင်းဟန်မရှိ။ အလိုက်သင့်ပြေပြစ်သော အမူအရာမျိုးရှိသည်ဟု အိုးထိန်းသည် မှတ်ချက်ချလေသည်။

နာရဒရသေ့သည် တင်းကုပ်တံခါး၏ အပြင်မှာရပ်လျှက်-

"ဆရာရသေ့... ဝန်မလေးဘူးဆိုလျှင် ကျွန်ုပ်ကိုလည်း ဇရပ်မှာ တစ်ညဉ့်မျှ တည်းခိုနေထိုင်ပါရစေ" ဟု ပြောလိုက်သည်။

နာရဒရသေ့၏အသံမှာ ဒေဝိလရသေ့ကြီးပိုင်ဆိုင်သော ကျောင်းသင်္ခမ်း၌ တည်းခိုခွင့်ပြုရန် တောင်းပန်နေသည့်အလား ရိုကျိုးနှိမ့်ချမှုရှိလေသည်။

အထဲမှ ဒေဝိလရသေ့ကြီး၏အသံ ပေါ်လာ၏။

"သင့်အမည်က ဘယ်သူလဲ"

"နာရဒရသေ့ ဖြစ်ပါတယ် ဆရာရသေ့ကြီး"

"ဘယ်က လာခဲ့သလဲ နာရဒ"

"ဟိမဝန္တာက လာခဲ့ပါတယ်။ ချဉ်ဆားအလို့ငှာ ဖြစ်ပါတယ်"

ခေတ္တ အသံဆိတ်သွားပြီးမှ-

“အင်း… ဇရပ်ကတော့ ကျယ်ပါတယ်။ သင်နေထိုင် တည်းခိုတဲ့အတွက် ကျွန်ုပ်မှာ ကျဉ်းမြောင်းဝန်လေးစရာ မရှိပါဘူး။ သင့်တင့်လျောက်ပတ်တဲ့ နေရာရွေးပြီး နေပေတော့”

“ကောင်းလှပါပြီ ဆရာရသေ့ကြီး”

ရသေ့နှစ်ပါး၏ အသံကို နားစွင့်နေသော အိုးထိန်းသည်လည်း သက်ပြင်းချလိုက်၏။ ဟိမဝန္တာမှ ကြွလာကြသော ရသေ့နှစ်ပါးတို့ အဆင်ပြေချောမွေ့ သွားကြလေပြီ။ ဒေဝိလရသေ့ကြီးသည် မိမိထင်သလောက် ခက်ထန်တောင့်တင်းသူ မဟုတ်ပါကလားဟု စိတ်သက်သာရာ ရသွား၏။

သို့သော် နောက်တစ်နေ့တွင် ဗာရာဏသီပြည့်ရှင်မင်းမှအစ တစ်ပြည်လုံး အုံးအုံးကျွတ်ကျွတ် ဖြစ်တော့မည့် အရေးအရာ တစ်ရပ်၊ မိမိ၏ အလုပ်ရုံတင်းကုပ်၌ အခြေတည်နေပြီ ဆိုခြင်းကိုကား အိုးထိန်းသည် ကြိုတင်သိမြင်နိုင်ခြင်းမရှိ။ ထိုထိတ်လန့်ဖွယ် အရေးသည်လည်း ယခု ညဥ့်တည်းခိုနေကြသော ဒေဝိလရသေ့ကြီးနှင့် နာရဒရသေ့ကြီးတို့ကို အကြောင်းပြု ဖြစ်ပေါ်လာလိမ့်မည်ဟု စိုးစဉ်းမျှ မတွေးမိခဲ့ချေ။

MRAQN

ဟိမဝန္တာမှ ရသေ့နှစ်ပါးတို့ တည်းခိုကြသည့် ပထမညမှာပင် ပြဿနာပေါ်ခဲ့၏။ သိမ်မွေ့နူးညံ့၍ မိမိကိုယ်မိမိ နှိမ့်ချတတ်သော နာရဒရသေ့သည် မိမိထက် အသက်အရွယ်ပိုကြီးရင့်သော ဒေဝိလရသေ့ကြီး အိပ်ရာခင်းထားပုံကို အကဲခတ်ကြည့်လိုက်သည်။ ခေါင်းရင်းပြုရာအရပ်၊ ခြေရင်းဘက်တို့ကို မှတ်သားသည်။ ဒေဝိလရသေ့ကြီး၏ ခြေရင်းဘက်မှ ဖြတ်သန်းသွားလာရန်လည်း မှတ်သားထားသည်။

သို့သော် ညဥ့်အိပ်ချိန်ရောက်သောအခါ ဒေဝိလရသေ့ကြီးသည် ခင်းထားသောအိပ်ရာ၌ မအိပ်ဘဲ တံခါးအလယ်၌ ဖီလာကန့်လန့်ပြု၍ အိပ်ခဲ့၏။ ဒေဝိလရသေ့ကြီး ထိုသို့အိပ်ရာ ရွှေ့ပြောင်းလိုက်သည်ကို နာရဒရသေ့မသိ၊ ညဥ့်နက်ချိန်တွင် နာရဒရသေ့သည် အပြင်သို့ထွက်ခဲ့ရာ မိမိအမှတ်အသား ပြုခဲ့သည့်အတိုင်း ဒေဝိလရသေ့ကြီး၏ ခြေရင်းဘက်မှ ထွက်လေရာ ဖီလာကန့်လန့်အိပ်နေသော ဒေဝိလရသေ့ကြီး၏ ဆံကျစ်စွန်းကို နင်းမိသွားလေသည်။

ဒေဝိလရသေ့ကြီး လန့်နိုးပြီး- "ဘယ်သူလဲ ငါ့ကိုနှင်းသွားတာ" ဟု မေးလိုက်၏။

နာရဒရသေ့ကလည်း ထိတ်လန့်ခြင်းဖြင့် အားတုံ့အားနာဖြစ်သွားပြီး- "ကျွန်ုပ် နာရဒရသေ့ပါ" ဟု ဖြေလိုက်သည်။

ဒေဝိလရသေ့ကြီးနှုတ်မှ ပြင်းထန်သော စကားလုံးများ ထွက်လာ၏။

"ရသေ့စဉ်းလဲ ယုတ်မာတဲ့ရသေ့။ ရိုင်းစိုင်းတဲ့ရသေ့။ ငါ့ဆံကျစ်ဦးစွန်းကိုနင်းဖို့ ဟိမဝန္တာတောက လာခဲ့တာလား ဟင်း..."

"အို... မဟုတ်ရပါဘူး ရသေ့ကြီး။ ဆရာရသေ့ကြီး ဒီနေရာမှာ အိပ်နေတာကို ကျွန်ုပ်မသိလို့ပါ။ သည်းခံပါ၊ သည်းခံပါ။ တောင်းပန်ပါတယ်"

ဒေဝိလရသေ့ကြီး မပီမသ ရေရွတ်ကြိမ်းမောင်းနေစဉ်မှာပင် နာရဒရသေ့ကြီးသည် အပြင်သို့ထွက်လာခဲ့၏။ မတော်တဆ ဖြစ်ခဲ့ရသော်လည်း ဒေဝိလရသေ့ကြီး ကျေနပ်သည်အထိ တောင်းပန်မည်ဟု ဆုံးဖြတ်သည်။

ဒေဝိလရသေ့ကြီးကား "ဒီရသေ့ယုတ် ပြန်ဝင်လာရင် မှောင်ကြီးမည်းမည်း ငါ့ကို ထပ်နင်းမိဦးမယ်" ဟု တွေးကာ ခြေရင်းပြုရာဘက်တွင် ခြေကို ဆန့်လိုက်သည်။ နာရဒရသေ့လည်း ပြန်ဝင်လာ၏။

"အပြင်ထွက်တုန်းက မမြင်မစမ်းနဲ့ သူ့ခြေရင်းဘက်ပဲဆိုပြီး ငါထွက်ခဲ့တာ ခေါင်းရင်းဖြစ်နေတယ်။ အခုတစ်ကြိမ်တော့ သေသေချာချာပဲ ခြေရင်းဘက်ကနေ ဝင်ရမယ်"

ဒေဝိလရသေ့ကြီး ခြေရင်းခေါင်းရင်း ပြောင်းပြန်လှည့်ထားသည်ကို မသိလိုက်သော နာရဒရသေ့သည် ခြေရင်းဘက်ဟု အမှတ်ပြုကာ ဝင်လိုက်သောအခါ ဒေဝိလရသေ့ကြီး၏ လည်ကို နင်းမိပြန်တော့သည်။

ဒေဝိလရသေ့ကြီး နာကျင်စွာ အော်လိုက်သည်။

"ဟော့... ဘယ်သူလဲ"

"ဆရာ... ကျွန်ုပ် နာရဒ... နာရဒ... ပါ"

"ရသေ့ယုတ် ပထမတစ်ကြိမ် ဆံကျစ်စွန်းကို နင်းတယ်။ အခု လည်ကို နင်းပြန်ပြီ။ နင့်ကို ငါကျိန်စာတိုက်မယ်"

"တောင်းပန်ပါတယ် ဆရာရသေ့ကြီး။ ဆရာ ခြေရင်းခေါင်းရင်း ပြန်လှည့်ထားတာကို ကျွန်ုပ်မသိလို့ မတော်တဆ ဖြစ်ရပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်ုပ်ကျူးလွန်မိတဲ့အပြစ်ကို တောင်းပန်ပါတယ်"

"ဒါ တောင်းပန်လို့ ကြေအေးရမယ့်အပြစ် မဟုတ်ဘူး။ နင့်ကို ငါ ကျိန်စာတိုက်မယ်"

## MRAQN

ဟိမဝန္တာတွင်နေထိုင်လျှက် နှစ်ပေါင်းများစွာ တပအကျင့်ကို ကျင့်ကြံသော ရသေ့များမှာ ထူးခြားသော မနောအာနိသင်များနှင့် ပြည့်စုံကြသည်။ ထိုရသေ့တို့၏ ကျိန်စာမှာလည်း အကယ်ပင် ကျရောက်လတ်ကြသည်ဖြစ်ရာ လူအများမှာ ရသေ့တို့ ကျိန်စာတိုက်ခြင်း ကျိန်ဆဲခြင်းတို့ကို ကြောက်ရွံ့ကြသည်။

ဒေဝိလရသေ့ကြီးကား ပေါက်ကွဲသော ဒေါသဖြင့် ကောင်းကင်သို့ ဆန့်တန်းလျှက် ဒေဝိလရသေ့ကြီး ကျိန်စာရွတ်လေသည်။

"အထောင်သော ရောင်ခြည်တော်သည် အရာမကသော အပူဓါတ်တို့ဖြင့် တညီးညီး တောက်လောင်နေသည့် နေသူရိယမင်းတက်ချိန် နံနက်အခါ၌ပင် သင့်ဦးခေါင်း ခုနစ်စိတ် ကွဲစေသတည်း"

နာရဒရသေ့ တုန်လှုပ်သွား၏။ ကျိန်စာကြောင့်မဟုတ်။ မိမိ အနူးအညွတ် တောင်းပန်နေသည့်ကြားမှ ဒေဝိလရသေ့ကြီး ဤမျှ ဒေါသအမျက် ပေါက်ကွဲကာ ကျိန်စာဆိုရသည်အထိ တင်းမာရန်းကြွနေသောကြောင့် ဖြစ်၏။

ကျိန်စာ အတိုက်ခံလိုက်ရသောအခါ နာရဒရသေ့လည်း မလွှဲမရှောင်သာ တုံ့ပြန်ရပေတော့သည်။

"ဆရာရသေ့ကြီး။ ကျွန်ုပ်တောင်းပန်နေတဲ့ကြားက ဆရာကျိန်စာတိုက်လိုက်ပါပကော။ အပြစ်ရှိသူမှာသာ ဦးခေါင်းကွဲမှာ ဖြစ်ပါတယ်။ အပြစ်မရှိသူမှာ ဘယ်လိုမှ ကျိန်စာ မသက်ရောက်နိုင်ပါဘူး။ အခုတော့ ကျွန်ုပ်ကလည်း ကျိန်စာနဲ့ပဲ ပြန်လည် တုံ့ပြန်ရပါတော့မယ်"

နာရဒရသေ့သည် မျက်စိမှိတ်ကာ လက်ကိုဆန့်တန်းလျှက် ရွတ်ဆိုလိုက်၏။

"အထောင်သောရောင်ခြည်တော်သည် အရာမကသော အပူဓါတ်တို့ဖြင့် တညီးညီး တောက်လောင်နေသည့် အမိုက်မှောင်ကို ဖြိုခွင်းသည့် သူရိယနေမင်း ထွန်းလင်းတောက်ချိန် နံနက်အခါတွင် သင်၏ဦးခေါင်းခုနစ်စိတ် ကွဲပါစေသတည်း"

ဒေဝိလရသေ့ကြီးကား အမျက်ဒေါသ၏ ပြင်းထန်ခြင်းဖြင့် ကစဥ့်ကလျား ဖြစ်နေသည်။

"ဟဲ့... ရသေ့ယုတ်။ နင့်ကျိန်စာနဲ့ ငါ့ကျိန်စာ ဘယ်သူ့ကျိန်စာက အစွမ်းပြသလဲ မနက်လင်းရင် သိလိမ့်မယ်ဟဲ့"

နာရဒရသေ့က မည်သို့မျှ ပြန်မဆိုတော့ချေ။ သို့သော် အတိတ်ကိုလည်းကောင်း၊ အနာဂတ်ကိုလည်းကောင်း မြင်သိနိုင်စွမ်းရှိသော အာနုဘော်ရှိသူဖြစ်သဖြင့် ကျိန်စာသည် အဘယ်သူထံ၌ သင့်မည်နည်းဟု ဆင်ခြင်ကြည့်လိုက်၏။

"အို... ကျိန်စာက ဒေဝိလရသေ့ကြီးကို သင့်မှာပါလား။ နေရောင်ပေါ်လာတာနဲ့ သူ့ဦးခေါင်း ခုနစ်စိတ် ကွဲရှာတော့မှာပါလား"

စိတ်နှလုံးနူးညံ့ရင်းစွဲရှိသော နာရဒရသေ့၏သန္တာန်၌ ကရုဏာစိတ်များ ပေါ်လာသည်။ မိမိရွတ်ဆိုလိုက်သော ကျိန်စာကိုလည်း ပြန်လည်မရုပ်သိမ်းနိုင်တော့။ နာရဒရသေ့အနေဖြင့် ပြုဖွယ်အမှုတစ်ခုသာ ရှိတော့သည်။

ယင်းကား တန်ခိုးအာနုဘော်၏ အစွမ်းအားဖြင့် နံနက်အာရုဏ်ကို ပိတ်ပင် တားမြစ်ထားရန်သာ ဖြစ်လေသည်။ နေရောင်မပေါ်ရအောင် တားဆီးရတော့မည် ဖြစ်လေသည်။

ဗာရာဏသီပြည်၌ မကြုံစဖူး ထူးကဲသော အခြင်းအရာ ဖြစ်ပေါ်လာသည်။

ညဥ့်အမှောင်သည် မကုန်ဆုံးနိုင်ဘဲ ပိန်းပိတ်သား မည်းမှောင်နေသည်။ အရုဏ်၏အလင်းစ ထွက်ပေါ်မလာ၊ နံနက်ခင်းအချိန် ဖြစ်ပေါ်မလာဘဲ ရှည်လျားသော ညဥ့်အမှောင်သာ အတိလွှမ်းလျှက်ရှိ၏။

အမှောင်ထု၏ အောက်ဝယ် တိုင်းသားပြည်သူတို့ ချောက်ချားကုန်ကြသည်။ အရုဏ်တက်ချိန်၌ အရုဏ်မတက်ဘဲ ညဥ့်ကာလသာ ဆက်နေသည်။ တိုင်းသားပြည်သူတို့ မခံမရပ်နိုင်ဖြစ်ကြကာ ဘုရင့်နန်းတော်သို့သွားကြပြီး-

"အရှင်မင်းကြီး... အရုဏ်မတက်လာပါ။ ကယ်တော်မူပါ။ ညဥ့်အမှောင်ထဲမှာ တစ်ပြည်လုံး နစ်မြုပ်ဒုက္ခရောက်နေကြပါပြီ" ဟု ဟစ်ကြွေးကြတော့သည်။

ပြည့်ရှင်မင်းကြီးလည်း ထူးဆန်းတုန်လှုပ်ဖွယ် ဤအဖြစ်သနစ်ကြီးကို တွေးဆနေချိန် ဖြစ်၏။ နံနက်အရုဏ်တက်ရမည့်အချိန် အရုဏ်မပေါ်လာဘဲ အမှောင်ထုသာ ကြီးစိုးနေသည်မှာ အဘယ်ကြောင့်နည်း။ မိမိသည် ပြည့်ရှင်မင်းတစ်ပါးအနေဖြင့် ဗာရာဏသီ အရေးအရာ မှန်သမျှအတွက် တာဝန်အရှိဆုံး ဖြစ်လေသည်။ ဤသို့ အချိန်ကာလဖောက်ပြန်၍ နေ့မရောက်လာဘဲ ညဥ့်ကာလကြီး ဖြစ်ထွန်းနေသည်မှာ မိမိတစ်စုံတစ်ခု မှားယွင်းသလော။ မိမိသည် မင်းကျင့်တရားတို့မှ သွေဖည်ခဲ့သလား။ အပရိယာနိယတရားတို့၌ ချွတ်ယွင်းခဲ့သလား။ မိမိဘယ်နေရာတွင် မှားယွင်းတိမ်းချော်ခဲ့သနည်း။

မိမိ၌ အပြစ်မရှိသည်ကို မင်းကြီး ပြန်လည်သုံးသပ် တွေ့ရှိသည်။

သို့ဆိုလျှင် အကြောင်းတရားက အဘယ်သို့နည်း။

မင်းကြီးသည် အကြားအမြင် ဉာဏ်လည်းကြီးသူဖြစ်သဖြင့် ဤသို့မကြုံစဖူး ထူးကဲသည့်အရာမှာ တန်ခိုးအာနုဘော်ကြီးသော ရသေ့ကြီးများနှင့်သာ ပတ်သက်ရမည်ဟု အဖြေရှာ တွေ့ရှိလိုက်သည်။ ထိုရသေ့ကြီးများသည် ဟိမဝန္တာမှ ချဉ်ဆားအလို့ငှာ ဗာရာဏသီသို့ ရောက်လာတတ်သည်။

ထိုသဲလွန်စကို ရသည်နှင့် မင်းကြီးသည် မှူးမတ်ဗိုလ်ပါတို့အား မီးရှူးမီးတိုင်များ ထွန်းညှိစေကာ ဗာရာဏသီပြည်အနှံ့ ရှာဖွေစေသည်။ ဟိမဝန္တာမှကြွလာသော ရသေ့ကြီးများရှိမရှိ စုံစမ်းစေသည်။ မကြာမီမှာပင် အိုးထိန်းသည်၏ဇရပ်၌ ရသေ့ကြီးနှစ်ပါး ရောက်ရှိနေကြောင်း သတိရလာသည်။

မင်းကြီးသည် ဗိုလ်ပါ အခြွေအရံတို့ဖြင့် အိုးထိန်းသည်၏ဇရပ်သို့ ချီခဲ့သည်။ နာရဒရသေ့ကို အသင့်ပင် ဖူးတွေ့လိုက်ရသည်။

"အရှင်ရသေ့ ဗာရာဏသီပြည်သားတို့ လုပ်ဆောင်ဖွယ်အမှုများ မပြုလုပ်နိုင်တော့လောက်အောင် ဤလောကမှာ အမှောင်တိုက် အမိုက်အတိ ဖြစ်နေပါပြီ။ ဘာကြောင့်ဒီလိုဖြစ်ရတာလဲ ဖြေကြားတော်မူပါ"

နာရဒရသေ့က ဖြစ်ကြောင်းကုန်စင်ကို ပြောပြပြီး-

"ဒါကြောင့် ဒေဝိလရသေ့ ဦးခေါင်းမကွဲစေရအောင် နေအာရုဏ်ကို ကျွန်ုပ် အဓိဋ္ဌာန်ပြုပြီး တားမြစ်လိုက်တယ် မင်းကြီး"

"အရှင်ရသေ့... ဒေဝိလရသေ့ ဘေးအန္တရာယ်မကြုံရအောင် ကျိန်စာမသင့်ရအောင် နည်းလမ်းများ မရှိပါဘူးလား"

"တစ်ခုတည်းသော နည်းလမ်းသာရှိတယ်"

"ဘယ်လိုများပါလဲဘုရား"

"အမျက်ဒေါသနဲ့ ကျိန်စာစတိုက်သော ဒေဝိလရသေ့က ကျွန်ုပ်ကို ကန်တော့ရင် ကျိန်စာပျက်ပြယ်လိမ့်မယ်"

ထိုအချိန်မှာပင် ဒေဝိလရသေ့ကြီး မှောင်ရိပ်ထဲမှ ထွက်လာ၏။

"ငါ့ဆံကျစ်ဦးစွန်း၊ ငါ့လည်ပင်းကို နင်းတဲ့ရသေ့ယုတ်ကို ငါ မကန်တော့နိုင်ဘူး"

မင်းကြီးက ဒေဝိလရသေ့ကြီးအား အနူးအညွတ် တောင်းပန်ရပြန်သည်။

"အရှင် ကန်တော့လိုက်စေချင်ပါတယ်။ မကန်တော့ရင် အရှင်ဒုက္ခရောက်ပါလိမ့်မယ်"

"ဟေ့... ငါ့ကျိန်စာသာ သင့်အပေါ် ကျရောက်မှာပဲ။ ငါ မကန်တော့နိုင်ဘူး"

မင်းကြီးလည်း အမှုထမ်းများကို အမိန့်ပေးလိုက်ရတော့သည်။

"ဒေဝိလရသေ့ကြီးကို ချုပ်နှောင်၊ လက်ခြေတို့ကိုတုပ်၊ နာရဒရသေ့ရှေ့ရင်းမှာ အထိုင်ခိုင်းပြီး ကန်တော့ခိုင်းကြစမ်း"

မင်းမှုထမ်းများလည်း ဘုရင့်အမိန့်အတိုင်း ဒေဝိလရသေ့ကြီးအား ချုပ်နှောင်၍ နာရဒရသေ့၏ ခြေရင်းသို့ ဦးညွတ်စေလိုက်၏။

နာရဒရသေ့က ဒေဝိလရသေ့ကြီးကို ဆွဲထူကာ-

“ထပါ... ထပါ... ဆရာရသေ့... ကျွန်ုပ်သည်းခံပါတယ်”

ဒေဝိလရသေ့ကြီးကား ရှုံးရှုံးရှားရှား ဖြစ်နေ၏။

နာရဒရသေ့ကမူ ဦးခေါင်းကို လေးပင်စွာ ယမ်းရင်း-

“မင်းကြီး... ဒေဝိလရသေ့ကြီးဟာ သူ့စိတ်အလိုအတိုင်း ဝန်ချကန်တော့တာ မဟုတ်ဘူး။ ဒါကြောင့် ကျိန်စာပျက်ပြယ် မသွားနိုင်ဘူး။ ဒီလိုလုပ်ကြပါ။ မနီးမဝေးမှာ ရေအိုင်ငယ်တစ်ခု ရှိပါတယ်။ အဲဒီ ရေအိုင်ထဲကို ဒေဝိလရသေ့ကို ဆင်းခိုင်းပါ။ လည်ပင်းနစ်မြုပ်သည်အထိ ရေထဲမှာ နေပါစေ။ ပြီးတော့ သူ့ခေါင်းထက်မှာ မြေစိုင်ခဲတစ်ခု တင်ပေးထားလိုက်ပါ။ ကျွန်ုပ်အဓိဋ္ဌာန်ရုပ်ပြီး နေရောင်ပေါ်ထွက်လာတာနဲ့ ဒေဝိလရသေ့ကြီး ရေအောက်အထိငုပ်ပြီး ရှောင်တိမ်းသွားပါစေ”

ဒေဝိလရသေ့ကြီးအား ထပ်မံချုပ်နှောင်၍ ရေအိုင်ဆီသို့ ခေါ်သွားပြီး နာရဒရသေ့ ညွှန်ကြားသည့်အတိုင်း ဆောင်ရွက်ကြရပြန်သည်။

နာရဒရသေ့က တန်ခိုးလွှတ်၍ အဓိဋ္ဌာန်ကို ရုပ်လိုက်၏။ ထိုအခိုက်မှာပင် နေအရုဏ် အလင်းပွင့်လာ၏။ နေရောင် တောက်လာသည်နှင့် တစ်ပြိုင်နက် ဒေဝိလရသေ့ကြီး၏ ဦးခေါင်းပေါ် တင်ပေးထားသော မြေစိုင်ခဲသည် ခုနစ်စိတ်ကွဲထွက်သွားလေသည်။ ဒေဝိလရသေ့လည်း ရေငုတ်၍ ကူးသွားရင်းမှ ရေအိုင်၏ အခြားတစ်ဘက်ကမ်းတက်ကာ ထွက်ပြေးသွားလေသည်။

**MRAQN**

အတိတ်ဇာတ်ကြောင်းကို ဟောကြားတော်မူပြီးနောက် ဘုရားရှင်မိန့်တော်မူ၏။

“တိဿရဟန်း။ ရဟန်းတို့မည်သည် ဤသူကား ငါ့ကို အမျက်ထွက်ပြီ၊ ဤသူကား ငါ့ကို ပုတ်ခတ်ပြီ၊ ဤသူကား ငါ့အပေါ် အနိုင်ယူပြီ၊ ဤသူကား ငါ၏ဥစ္စာဘဏ္ဍာကို ယူဆောင်ပြီဟု မကြံစည်ထိုက်၊ ဤသို့ ကြံစည်သော ရဟန်းအား ရန်မီးလျှံတို့ မပြတ်တောက်လောင် လိမ့်မည်သာ ဖြစ်သည်။ ရန်ငြိုးမဖွဲ့သူအားသာလျှင် ရန်မီးသည် ငြိမ်း၏”

**MRAQN**

## ၄။ ပါလိလေယျက

သူ၏လုပ်ရှားမှုမှန်သမျှသည် ဖြည်းညင်း သိမ်မွေ့လှ၏။ ထိုဖြည်းညင်းသိမ်မွေ့မှုသည် နေးကွေးလေးလံခြင်းမဟုတ်၊ ဖင့်နွဲ့ဆုတ်ခြင်းမဟုတ်၊ တင့်တယ်သိုက်မြိုက်သော ဖြည်းညင်းမှု ဖြစ်လေသည်။

စိမ်းစိုဖွံ့ကားသည့် ထန်းရွက်သုံးရွက်တမျှ ကျယ်ပြန့်ကြီးမားသော နားရွက်အစုံကို ခတ်ရာမှာလည်း ဖြည်းဖြည်းညင်းညင်း။ အရွယ်ရင့် ထန်းပင်လုံးခန့်ရှိသည့် နှာမောင်းကြီးကို ပင့်ချီမြှင့်မြှောက်ရာတွင်လည်း ဖြည်းဖြည်းညင်းညင်း။ ရှေ့ခြေအစုံ နောက်ခြေအစုံတို့ကို လှမ်းရွေ့ရာမှာလည်း ဖြည်းဖြည်းညင်းညင်း ရှေ့ခြေအစုံ၏ ဒူးတို့ကိုမြေသို့ချ၍ နောက်ခြေအစုံကို နောက်ဘက်သို့ ကွေးညွတ်ကာ ဒူးတုပ်ဟန် ထိုင်ချလိုက်သောအခါမှာလည်း ဖြည်းဖြည်းညင်းညင်း။

သူ၏ ဖြည်းညင်းသော လှုပ်ရှားမှုတိုင်းသည် ပကတိကျနွှေကို ဆောင်နေ၏။ ရေးကြီးသုတ်ပျာ အမူအရာမျိုး လုံးဝမရှိ။ တဲအိမ်ကြီးနှစ်လုံးအမျှရှိသည့် သူ၏ခန္ဓာကိုယ်ကြီး တအိအိရွေ့နေပုံကပင် ခမ်းနားနေ၏။ ယုတ်စွအဆုံး မှက်၊ ယင်၊ ဖြုတ်စသည့် အကောင်ငယ်လေးများကို ခြောက်လှန့် မောင်းနှင်နေသော အမြီး၏ လှုပ်ရှားမှုသည်ပင်လျှင် ကျနွှေဖြင့် ပြည့်စုံနေ၏။ သူ့အမူအရာ သူ့လှုပ်ရှားမှုမှန်သမျှတွင် လျှပ်ပေါ်ခြင်း၊ လော်လီခြင်း၊ အကဲမရခြင်း စသည်တို့ အလျှင်းမရှိဘဲ ငြိမ်သက် ဖြည်းလေး အေးဆေးလှစွာ တင့်တယ် နေလေသည်။

ဤသို့ ကျနွှေတို့ဖြင့် ပြည့်စုံနေသည်မှာ သူ၏ခန္ဓာကိုယ် အတ္တဘောကြီးက အခြားသူတို့ထက် များစွာ ပိုမိုကြီးမားနေခြင်းကြောင့် မဟုတ်ပေ။ စင်စစ်ကား သူသည် လိုအပ်လျှင် လေပြင်းမုန်တိုင်းတစ်ခုနယ် မြန်ဆန် သွက်လက်နိုင်စွမ်းရှိသူ ဖြစ်သည်။ သူ၏နှာမောင်း၊ သူ၏နားရွက်၊ သူ၏ခြေတို့ကို လျှပ်စီးတစ်ခုနယ် လှုပ်ရှားနိုင်သူဖြစ်၏။

ထိုသို့ မြန်ဆန်သွက်လက်ခဲ့ခြင်း စွမ်းအင်များကို သူစွန့်ပယ်ခဲ့ပေပြီ။ သူ့သန္တာန်၌ ငြိမ်သက်ချမ်းမြေ့ခြင်းများက ကိန်းအောင်းခဲ့လေပြီ။ သူ၏မနောအာရုံ ကိုယ်၌ကပင်လျှင် အေးဆေး တည်ငြိမ်သွားခဲ့ပေပြီ။

အဘယ်အကြောင်းကြောင့် သူ၏ ဤသို့ငြိမ်သက် ချမ်းမြေ့သွားလေသနည်း။

သုံးလောကဝယ် ငြိမ်းအေးခြင်း၏ အထွတ်အထိပ် ဖြစ်တော်မူလေသော ဘုရားရှင်ထံပါး၌ သူလုပ်ကျွေးပြုစုခွင့် ရရှိနေသောကြောင့်ပေတည်း။

## MRAQN

မြတ်စွာဘုရားရှင် ဤပါလိလေယျကတောသို့ ကြွရောက်တော်မူမလာမီက သူသည် ဆင်အပေါင်းတို့၏ အကြီးအမှူး၊ ဆင်မင်းရာဇာအဖြစ် တရံမနား အုပ်ချုပ်စီမံခဲ့ရ၏။ ဆင်အုပ်ကြီးအတွင်း ရှိနေကြသော ဆင်အိုကြီးများ၊ ဆင်ပျိုများ၊ ဆင်ငယ်လေးများ၏ စားကျက်နေရာကိစ္စ၊ ရန်လိုသော ဆင်ဆိုးချင်း ခိုက်ရန်ဖြစ်ပွား သတ်ပုတ်ထိုးဖော့ကြသည့်ကိစ္စ၊ ဆင်မများ သားဖွားခြင်းကိစ္စ၊ နာမကျန်းသောဆင်များအား ကုသရေးကိစ္စတို့ဖြင့် သူသည် တာဝန်ရှိသော ဆင်မင်းအဖြစ် တရစပ်လှုပ်ရှား ဆောင်ရွက်ခဲ့ရသည်။ ဆင်အပေါင်းတို့၏ ကိစ္စအဝဝတို့က အကြီးအမှူး ခေါင်းဆောင်ဖြစ်သော သူ့ဝန်းကျင်ဝဲယာတွင် နေ့ညမပြတ် ထိုးတိုက်ရှုပ်ထွေးနေခဲ့သည်။ ဆင်မင်းရာဇာအဖြစ် ဆင်အုပ်ကြီး၏ အထက်၌ မင်းပြု အုပ်ချုပ်ခဲ့သောသူသည် ဆင်တကာ့ဆင်တို့ထက် ပိုမိုကောင်းမွန်သော အစားအသောက် အနေအထိုင်ကို ရရှိခဲ့စေကာမူ ဆင်တကာတို့၏ ပြဿနာအစုံစုံတို့ကိုလည်း သူ၏ဦးကင်းထက်၌ ထမ်းတင်ထားခဲ့ရသည်။ ထိုအခါ သူ့ဘဝသည် ရှုပ်ထွေးမှုများကို ရှင်းလင်းရန်အတွက် အမြဲတစေ လှုပ်လှုပ်ရှားရှား ရှိနေခဲ့၏။ လျှင်မြန်ဖျတ်လတ်မှုများဖြင့် သူ့ခွန်အားကို တည်ဆောက်သုံးစွဲခဲ့ရ၏။ ငြိမ်သက်ချမ်းမြေ့ခြင်းကို သူမရခဲ့။ ကိုယ်ရောစိတ်ပါ ကြောင့်ကြခြင်း၊ တောင့်တခြင်းတို့ဖြင့် ပူလောင်နေခဲ့သည်။

ယခုကား သူ အနားရပေပြီ။

ဆင်အုပ်ကြီးကို သူ စတင်စွန့်ခွာခဲ့ပြီး တစ်ကိုယ်တည်း ပါလိလေယျကတောထဲ၌ လှည့်လည်ကျက်စားခြင်းဖြင့် သူသည် ဧကစာဘဝကို စတင်ခဲ့သည်။ ရုပ်ခန္ဓာကိုယ်အားဖြင့် သူ ငြိမ်သက်အေးချမ်းလာသည်။ မည်သူ့အတွက်မျှ သူကြောင့်ကြစရာမလို၊ တောင့်တစရာလည်း မလိုတော့ဘဲ သူ့တစ်ကိုယ်တော် အတွက်သာလျှင် သူ ပြဌာန်းနိုင်ခဲ့သည်။ သို့သော် သူ့စိတ်သန္တာန်မှာတော့ ငြိမ်းအေး ချမ်းမြေ့ပြီဟု မဆိုနိုင်သေး။ မည်သူ့အတွက်မျှ မပူပန်ရသော်လည်း သူ့အတွက် သူကား ပူပန်ကြောင့်ကြမြဲ ဖြစ်ခဲ့၏။ တစ်ခါတစ်ရံလည်း သူ့အာရုံထဲ၌ သူစွန့်ခွာခဲ့သော ဆင်အုပ်ကြီးနှင့် သူ့သားသမီး ဇနီးမယားများအတွက် နောက်ကြောင်းမအေး၊ စိုးရိမ်ပူပန်စိတ်များ ဝင်နေခဲ့သည်။

ယခုမူကား သူ၏စိတ်သန္တာန်နှင့် အာရုံများပါ ငြိမ်းအေးချမ်းမြေ့ခြင်းအာဝါသ၌ ခိုလှုံခွင့်ရခဲ့ပြီဖြစ်၏။ ယခုမှ အကယ်ပင် ငြိမ်းချမ်းလာသည်။ သူပြုစု လုပ်ကျွေးနေသော မြတ်စွာဘုရားရှင်၏ အကြွင်းမဲ့ အငြိမ်းဓါတ်များက သူ့ထံသို့စီးဝင် ကူးပျံ့လာခဲ့သည်။ သုံးလောကထွတ်ထား ဘုရားရှင်အား ဝတ်ကြီးဝတ်ငယ်ပြုစု နေရင်းဖြင့်ပင် သူ့မှာ ကုသိုလ်စေတသိက်များ တစ်စတစ်စဖြစ်ထွန်း၊ အကုသိုလ်စေတသိက်များ တစ်စတစ်စ ပဲ့ကြွေသွားသည်ကို သူ့နှလုံးသားဖြင့် ခံစားရရှိလာသည်။

ပါလိလေယျက တောအုပ်အလယ်ရှိ အင်ကြင်းပင်ရင်းဝယ် တစ်ပါးတည်း စံမြန်း သီတင်းသုံးကာ ထက်ဝယ်ဖွဲ့ခွေ နေတော်မူသော ဘုရားရှင်အား စတင် တွေ့မြင်လိုက်ကတည်းက သူ၏သဒ္ဓါတို့ နိုးကြားလာခဲ့ကြသည်။ သဒ္ဓါစိတ်၏ နောက်မှ ထက်ကြပ်ပါလာသည်ကား ကုသိုလ်အမှုများချည်းသာ ဖြစ်လေသည်။

ဘုရားရှင်၏တုဘက်ကင်းသော အသရေတော်ကို မြင်ကတည်းက သူ၏အတွေးများမှာ စိမ့်ပေါက်မစီးသွန်ထွက်ဖြာသော စမ်းချောင်းအေးနယ်ပင်။

"အို… မြတ်စွာဘုရားရှင်ကိုယ်တော်တိုင်ပါတကား။ ပါလိလေယျက တောအုပ်အလယ် အင်ကြင်းပင်ရင်းမှာ သီတင်းသုံးလို့ ပါကလား။ နောက်ပါ အခြွေအရံ တည်းဟူသော ရဟန်းအပေါင်းလည်း မပါ။ ရဟန်းတစ်ပါးသော်မှ မပါဘဲ တစ်ပါးတည်းပါလား"

"အို… ကြည့်စမ်း ဆင်ပေါက်၊ ဆင်အို၊ ဆင်ရွယ်၊ ဆင်ငယ်၊ ဆင်လတ်တွေနဲ့ ရောပြွန်းပြီးနေခဲ့ရက ငါတစ်ကိုယ်တည်း စွန့်ခွာလာခဲ့တာ မှန်လေစွ။ အညွန့်အဖျား ပြတ်ပြီးသော မြက်ဥတ်တို့ကို စားရခြင်း၊ ဖရိုဖရဲ စနောင့်စနင်း ကျိုးသော အခက်အရွက်ရှိသော သစ်ညွန့်

သစ်ခက်တို့ကို စားရခြင်း၊ နောက်ကျိသောရေကို သောက်ရခြင်း၊ ရေဆိပ်မှ တက်သောအခါ ငါ၏ ကိုယ်ကို ဆင်မတို့ တိုက်ခိုက်တိုးဝှေ့သွားသည်ကို ခံရခြင်းစတဲ့ ဒုက္ခတွေက ကင်းဝေးရာအဖြစ် ငါတစ်စီးတည်း ဖဲခွာလာခဲ့တာ မှန်လေစွ…"

"ကြည့်စမ်း… ဘုရားရှင် တစ်ပါးတည်း သီတင်းသုံးတော်မူနေတယ်။ တစ်စီးတည်း တစ်ကိုယ်တော်ဖြစ်တဲ့ ငါ့အတွက် အမြင့်မြတ်ဆုံး ပြုစုလုပ်ကျွေးခွင့်ကို ရပြီ။ ဒါက ဘယ်သို့သော အခြားသတ္တဝါမှ မရနိုင်တဲ့ ဧရာမအခွင့်အရေးကြီးပဲ။ ကောင်းလေစွ… ကောင်းလေစွ"

သူသည် ဘုရားရှင်ထံပါးချဉ်းကပ်လျှက် ခြေတော်ရင်း၌ ဒူးတုပ်ပျပ်ဝပ်လိုက်၏။ ထို့နောက် ဖားလျားနားရွက်အစုံကို ရှေ့ဘက်သို့ ကပ်ကာ နှာမောင်းကို လိပ်ခွေသိမ်းဆည်းလျှက် ဦးကင်းကိုညွတ်၊ အစွယ်တို့ကို မြေသို့ထိစေကာ ရှိခိုး၏။ ဤအချိန်မှာပင် ဘုရားရှင်အတွက် သူပြုစုပေးရမည့် ပထမဆုံးအလုပ်ကို တွေ့ရှိလိုက်လေသည်။

"အို… အင်ကြင်းပင်ရင်းမှာ မြေအပြင်ဟာ မညီမညာ အမြစ်မြှာတို့ ခုံးခုံးထ၊ ခဲသလဲတို့ မွမွကြဲ၊ အမှိုက်သရိုက်တို့ ဖရိုဖရဲ ဘုရားရှင်အတွက် သက်တောင့်သက်သာ မရှိလိုက်လေခြင်း"

ပျပ်ဝပ်ဒူးတုပ် ရှိခိုးနေရာမှ သူထရပ်ကာ အင်ကြင်းပင်ကြီး၏ ခုံးကြွမောက်မို့ မြစ်ပျဉ်းကြီးများကို ခြေဖြင့်ပုတ်ခတ် ဖြတ်တိညှိရွှေ့လိုက်၏။ မွမွကြေသွားသော အမြစ်မှုန်များ၊ ခဲသလဲများ၊ သစ်ရွက်များ၊ ဆူးခက်များအတွက်မူကား သူကသစ်ခက်ကို နှာမောင်းဖြင့် ဆွဲယူရစ်ပတ်လိုက်ပြီး တံမြက်လှည်းသည့် မြေအပြင်သည် ပြေပြစ်ချောမွေ့သွားပေပြီ။

ဘုရားရှင်သည် သူပြုပြင်စီမံထားသော ညီညွတ်ချောမော မြေအပြင်အင်ကြင်းပင်ရိပ်၌ သက်န်းကြီးကို ခင်းတော်မူကာ ထက်ဝယ်ဖွဲ့ခွေစံနေတော်မူ၏။

ဘာဆက်လုပ်ရမည်နည်း။ သူ စဉ်းစားသည်။

သူ၏နှာမောင်းသည် ယခုအခါ လူသားတို့၏ လက်သို့နှယ် အသုံးတည့်နိုင်ကောင်းပေပြီ။ နှာမောင်းဖြင့် ရေအိုးသဏ္ဍာန် လုံးဝန်းသော ကျောက်ခွက်တစ်လုံးကို သူရစ်ပတ်ဆောင်ယူသည်။ ကျောက်ခဲသုံးလုံးကို ဖိုခနောက်ဆိုင်ပြုကာ ကျောက်ခွက်၊ ရေအိုးကို ဖိုထက်တည်သည်။ ထို့နောက် ရေကို ဖြည့်သည်။ ထို့နောက် သွေ့ခြောက်ကြွပ်ရွနေသော သစ်ကိုင်းများကို အလောတော် အလျားဖြစ်အောင် ချိုးဖဲ့ကာ ရှေ့ခြေအစုံဖြင့် ကြိမ်ဖန်များစွာ ပွတ်သပ်ပြီး မီးကို ဖြစ်စေသည်။ ထိုမီးတောက်ထဲသို့ ကျောက်ခဲများကို ထည့်ကာ မီးဖုတ်သည်။ မီးပြင်းတိုက်ထားသော

ကျောက်တုံးကျောက်ခဲများ ကောင်းစွာ ပူနွေးလာသောအခါ နာမောင်းဖြင့် ရေလှောင်ကန်ကို ရစ်ပတ်၍ ကျောက်ခဲပူပူများကို အိုးထဲသို့ ထည့်သည်။ အနီးရှိ ရေအိုးငယ်ထဲသို့ ပစ်ချသည်။ မီးပြင်းတိုက်ထားသော ကျောက်ခဲများ၏ အပူရှိန်ဖြင့် ရေသည် ကောင်းစွာ နွေးပေပြီ။ ထို့နောက် ဘုရားရှင်၏ ခြေရင်းတော်ဝပ် ဒူးတုပ်ရှိခိုးသည်။

"ပါလိလေယျကဆင် ရေကို ကောင်းစွာ နွေးစေအပ်ပြီလော"

ဘုရားရှင်၏အမေးတော်ကို သူက နားရွက် အသာအယာခတ်၍ ရေသည် ကောင်းစွာ နွေးပါပြီဘုရားဟု လျှောက်တင်သည်။

ဘုရားရှင်လည်း ရေအိုင်ငယ်ဆီသို့ ကြွတော်မူကာ ရေသပ္ပါယ်တော်မူသည်။ ဘုရားရှင်အား သူသည် သောက်ရေသုံးရေတို့ ဆပ်ကပ်နိုင်ခဲ့ပေပြီ။

**MRAQN**

ပါလိလေယျက တောအုပ်ကြီးထဲမှ အကောင်းဆုံး၊ အလတ်ဆုံး၊ အဆင်းအနံ့ အရသာတို့နှင့် အပြည့်စုံဆုံး သစ်သီးကြီးငယ်တို့ကို သူနာမောင်းဖြင့် ဆောင်ယူကာ ဘုရားရှင်အား ဆက်ကပ်သည်။ သူ၏နာမောင်းဖျားလိပ်ထဲမှ သစ်သီးများကို ဘုရားရှင်လက်တော်ဖြင့် ခံယူချိန်တွင် သူနှလုံးသားသည် သဒ္ဓါပီတိ လှိုက်လှိုက်ခုန်လျက် တစ်ကိုယ်လုံးဖိန့်ဖိန့်တုန်မျှ ကြည်နူးဝမ်းမြောက် နေလေသည်။ သူ၏ သေးငယ်စူးရှသော ပုလဲရောင်မျက်ဆံ မျက်ဝန်းတို့မှာလည်း ကြည်နူးမှုမျက်ရည်များက ဖွဲ့စိုနေတော့သည်။

ဘုရားရှင်ဆွမ်းခံထွက် ကြွတော့မည်ဟု သူ သိလိုက်ပြန်၏။

သူက ဘုရားရှင်၏ သပိတ်နှင့် သင်္ကန်းကို နာမောင်းဖြင့် ဆောင်ယူကာ ဦးကင်းထက်၌ တင်လျက် ဘုရားရှင်နောက်တော်ပါးမှ တအိအိ လိုက်ပါခဲ့သည်။

ဤခြေလှမ်းများမှာ သူ့တစ်သက်ဂယ် အဖိုးတန်ဆုံး ခြေလှမ်းများပင် ဖြစ်လေသည်။ သူ၏ နာမောင်းသည်လည်း ဘယ်တုန်းကမှ မပြုလုပ်ခဲ့ဖူးသော လုပ်ရှားမှုများဖြင့် အံ့သြဖွယ် ရင်းနှီးကျွမ်းဝင်နေပြန်သည်။

ပါလိလေယျက တောအုပ်အစပ်ကို လွန်မြောက်သောအခါ-

"ပါလိလေယျကဆင်၊ ဤအရပ်၏ရှေ့သို့ သင်လိုက်ခြင်းငှာမသင့်၊ ငါ၏သပိတ်သင်္ကန်းကို ဆောင်ခဲ့လော့"

ဘုရားရှင် ရွာ၏ဥပစာသို့ ဝင်တော်မူတော့မည် ဖြစ်ကြောင်း သူ သိပြန်သည်။ ဦးကင်းထက်မှ သပိတ်နှင့်သင်္ကန်းကို နှာမောင်းဖြင့် ဆောင်ယူကာ ဘုရားရှင်လက်တော်သို့ အရောက်ဆက်ကပ်သည်။ ဘုရားရှင်က သပိတ်သင်္ကန်းကို ဆောင်၍ ရွာတွင်းသို့ ဝင်ကြွတော်မူသည်။

ဘုရားရှင် ဆွမ်းခံရာမှ ပြန်ဝင်တော်မူသည်အထိ သူသည် နေရာမှာပင် အစွဲအမြဲ ဒူးတုပ်ဝပ်လျှက် စောင့်သည်။ ဘုရားရှင် ကြွတော်မူသောအခါ သပိတ်နှင့်သင်္ကန်းကို လှမ်းယူလျှက် ဦးကင်းထက်တင်၍ ပြန်လည် လိုက်ပါခဲ့သည်။

အင်ကြင်းပင်ရင်းသို့ ရောက်သောအခါ သပိတ်သင်္ကန်းကို သူ့နေရာအလိုက် ချထားသည်။ ထို့နောက် အရွက်စိမ်းစိမ်း မွှေးပျံ့ပျံ့တို့ အတိပြီးသော သစ်ခက်ငယ်ကို ချိုးဖဲ့ယူကာ ဘုရားရှင်အား ယပ်ခတ်ပူဇော်သည်။

ညဥ့်အချိန်ရောက်သောအခါ တုတ်ခိုင်ကြီးမားသော သစ်လုံးသစ်ပင်ကို နှာမောင်းဖြင့် ဖဲ့ချိုးယူကာ အင်ကြင်းပင် အနီးနားတစ်ဝိုက် လှည့်လည်စောင့်ကြပ်သည်။ နေအရုဏ် တက်သည့်တိုင် တောအုပ် အကြိုအကြားတို့၌ လှည့်ပတ်သွားလာကာ ဘုရားရှင် လုံခြုံ ငြိမ်းအေးရေးအတွက် တစ်ရံမလပ် စောင့်ရှောက်သည်။

အရုဏ်တက်ချိန်တွင် မျက်နှာသစ်တော်ရေ ဆက်ကပ်သည်။

ထို့နောက် တစ်နေ့တာ ပြုဖွယ်လုပ်ကျွေး ပူဇော်မှုများ...။

**MRAQN**

"ပါလိလေယျကဆင်မင်းသည် မြတ်စွာဘုရားကို စောင့်ရှောက်လုပ်ကျွေးပူဇော်အပ်ပြီး ပါလိလေယျကတောအုပ်သည် ပါလိလေယျက ဆင်မင်းစောင့်ကြပ်လျှက် ဘုရားရှင် သီတင်းသုံးတော်မူရာ အရပ်ဒေသ ဖြစ်လေပြီ" ဟူသော သတင်းစကားက နီးနားဝန်းကျင်သို့ ပျံ့နှံ့ရိုက်ခတ်လေပြီ။

သူသည် အတောမသတ်နိုင်သော သဒ္ဓါအဟုန်နှင့် ပီတိအရှိန်ကုသိုလ်စိတ်ဇောတို့ဖြင့် မတိုးမကျယ် မစူးမနစ် သာယာသောအသံကို ဖြစ်စေကာ နှာမောင်းပင့်မြှောက် ထက်အောက် ဝန်းကျင် ကြားနိုင်ရုံလောက် ကျီကျီကျကျ ဥဒါန်းကျူးလေသည်။ အဓိပ္ပါယ်ကား-

"ငါ ပါလိလေယျကဆင်မင်းသည် ဘုရားရှင်၏ အလုပ်အကျွေး ဖြစ်၏။ ဘုရားရှင်အား လုပ်ကျွေးပူဇော်၏။ ဩော်... ကောင်းစွ ကောင်းစွ ကောင်းစွတကား"

"ပါလိလေယျက အမည်ရသော ဆင်မင်းသည် မြတ်စွာဘုရားကို စောင့်ရှောက်လုပ်ကျွေး ပူဇော်အပ်ပြီး ပါလိလေယျကတောအုပ်သည် ပါလိလေယျကဆင်မင်း စောင့်ရှောက်လျှက် ဘုရားရှင် သီတင်းသုံးတော်မူရာ အရပ်ဒေသဖြစ်လေပြီ" ဟူသော သတင်းစကားက အလုံးစုံသော ဇမ္ဗူဒီပါအပြင်သို့ ရိုက်ခတ်ကျော်စောနေခြင်းကိုကား သူမသိ။ သူသိသည်ကား ဘုရားရှင်အား နေ့နေ့ညည စောင့်ရှောက်လုပ်ကျွေးခွင့်ရနေခြင်း၊ ထိုသို့ လုပ်ကျွေးပူဇော်နေခြင်း၌ အတိုင်းမသိ ကြည်နူးဝမ်းမြောက်ခြင်းပင် ဖြစ်၏။

နေ့စဉ်ပင် ဘုရားရှင်ဆွမ်းခံဝင်ရာ ပါလိလေယျက ရွာအစပ်အထိ ပရိက္ခရာများကို ဦးကင်းထက်တင်၍ လိုက်ပါ၊ ရွာနားနီးသောအခါ ပရိက္ခရာကို ဘုရားရှင်အားဆက်ကပ်၊ ထိုနေရာမှငံ့၍ စောင့်ဆိုင်း၊ ဘုရားရှင်ဆွမ်းခံ ပြန်ကြွလာတော်မူသောအခါ သပိတ်အပါအဝင် ပရိက္ခရာကို ဦးကင်းပေါ် ပြန်တင်ဆောင်ယူ၊ အင်ကြင်းပင်ရင်းရောက်သောအခါ အနီးအပါးမှ ယပ်လေခတ်ဆက်သွင်း၊ ညဉ့်အခါ သစ်ပင်ခပ်ရွယ်ရွယ်တစ်ပင်ကို နှာမောင်းဖြင့် ရစ်ပတ်၊ ဘုရားရှင်အား ပန်းပန်စောင့်ကြပ်လှည့်လည်...။

ဤသို့သော အလုပ်အကျွေးပြုမှု၏ နေ့စဉ်လုပ်ငန်းဖြင့် သူသည် ပျော်ရွှင်စွာ ငြိမ်းချမ်းခဲ့လေသည်။ သူ၏ လုပ်ကျွေးပူဇော်မှုသည် ထက်ကြွလုံ့လ ဝီရိယဖြင့် အဘိသမာစာရိက ဟုဆိုအပ်သော မြတ်သောဝတ်ကြီးဝတ်ငယ်အကျင့်ကို ပြုခြင်းဖြစ်ကြောင်း သူသည် အလိုလို သိနေ၏။

သူ၏ လှုပ်ရှားမှုအဝဝကို ကောင်းစွာမြင်တွေ့ပြီး အားကျနစ်သက်လာသော နောက်ထပ် သတ္တဝါတစ်ဦး ပေါ်ပေါက်လာလေသည်။

ထိုသတ္တဝါ တိရစ္ဆာန်ငယ်ကား တစ်ကောင်သောမျောက်ဖြစ်၏။

ထိုမျောက်၌ အတွေးအကြံ ဖြစ်ပေါ်လာခဲ့၏။

"ကြည့်စမ်း... ပါလိလေယျကဆင်ကြီး။ လေးလံကြီးမားလှတဲ့ သူ့ခန္ဓာကိုယ်ကြီး တစ်ခုလုံးကို ဘုရားရှင်အတွက် အသုံးပြုနေလိုက်တာ သူ့နှာမောင်း၊ သူ့ဦးကင်း၊ သူ့နားရွက်၊ သူ့ခြေအစုံတွေကို ဘုရားရှင်ရဲ့ ဝတ်ကြီးဝတ်ငယ်အမှုတွေအတွက် နေရာတကျ ထိုက်တန်စွာ အသုံးပြုနေတော့တယ်။ ငါ့မှာ သန်မာစွဲမြဲတဲ့ လက်အစုံရှိတယ်။ မြဲမြံအားကောင်းတဲ့ ခြေအစုံရှိတယ်။ လိုအပ်ရင် ချိတ်ဆွဲတွဲခိုနိုင်တဲ့ အမြီးရှိတယ်။ ပါလိလေယျကလို ဆင်ကြီးသော်မှ လုပ်နိုင်သေးရင် ငါ ဘာကြောင့် မလုပ်နိုင်ရမှာလဲ။ ငါ ဘာလုပ်ရမလဲ..."

မျောက်သည် တောထဲ၌ လှည့်ပတ်သွားလာရင်း ဘုရားရှင်အား မည်သည့်အရာကို ပူဇော်ဆက်ကပ်ရမည်နည်းဟု တွေးကြံရှာဖွေခဲ့သည်။ အဆင်းအနံ့ ပြည့်စုံသော သစ်သီးများကို လိုလေသေးမရှိ ဆက်ကပ်ထားနှင့်ပြီးဖြစ်၏။ သောက်ရေ၊ သုံးရေ၊ ချိုးရေ ပြည့်စုံစွာလည်း စီမံပြုထားပြီးဖြစ်၏။ မျောက်အဖို့ မည်သည့်အရာဝတ္ထုကို ဆက်ကပ် လှူဒါန်းရမည်မသိ ဖြစ်နေသည်။ သို့သော်...

တစ်နေရာဝယ် တစ်ခုသောပစ္စည်းကို မျောက် တွေ့လိုက်၏။

ယင်းကား ကြီးစွာသော သစ်ပင်တစ်ပင်၏ ကိုင်းများမှ ပျားကောင်မရှိသော ပျားတုံ၊ ပျားလဘို့ ဖြစ်လေသည်။ မျောက်သည် သစ်ပင်ထက်သို့ တက်၍ ငှက်ပျောရွက်ကို ဖဲ့ချိုးကာ ငှက်ပျောရွက်၌ထည့်၍ ဘုရားရှင်အား ကပ်လှူသည်။

ဘုရားရှင် ခံယူတော်မူ၏။ မျောက်သည် ဝမ်းမြောက်စွာဖြင့် ဘုရားရှင် ဘုဉ်းပေး သုံးဆောင်တော်မူသည်လောဟု ကြည့်နေ၏။ ဘုရားရှင်က ငှက်ပျောရွက်ကို ကိုင်တော်မူမြဲ

ကိုင်ထားဆဲဖြင့် ဘုဉ်းပေးသုံးဆောင်တော်မူခြင်း မပြုလေသောအခါ မျောက်သည် ပျားတံစွန်းကို ကိုင်လျှက် စူးစမ်း၏။ ပျားဥအချို့ကို တွေ့ရလေသည်။ မျောက်သည် ပျားဥတို့ကို ဖယ်ရှား၍ တစ်ဖန်ကပ်လှူရာ ဘုရားရှင်ဘုဉ်းပေး သုံးဆောင်တော်မူသည်ကို တွေ့ရလေသည်။

မျောက်သည် အလွန်အရေးအထူး ဝမ်းမြောက်သောစိတ်ဖြင့် "ဘုရားရှင်သည် ငါလှူသော ပျားရည်ကို ဘုဉ်းပေးတော်မူအပ်ပြီ" ဟု အဓိပ္ပါယ်ရသည့် အသံတို့ဖြင့် ကျယ်လောင်မြူးရွှင်စွာ ဟစ်မြည်လျှက် သစ်ပင်တစ်ပင်မှ တစ်ပင်၊ နောက်တစ်ပင်၊ အခြားတစ်ပင်တို့ဆီသို့ ခုန်ပျံဆွဲငင် ကူးသန်းလေတော့သည်။ ထိုသို့ ဆွဲငင်ခုန်ကျော်ရင်းဖြင့်ပင် တစ်ခုသောသစ်ပင်၌ လက်မှ ဆွဲလိုက်သော သစ်ကိုင်းလည်း ကျိုးပြတ် ခြေဖြင့်နင်းသော သစ်ကိုင်းလည်း ကျိုးပြတ်သွား၏။

အထိန်းအသိမ်းမဲ့ အရှိန်ပြင်းစွာ ကျသွားပြီးနောက် မြေပြင်အရောက်တွင် ချွန်မြသော သစ်ငုတ်တစ်ခုထက်သို့ တည့်မတ်စွာ ကျရောက်သွား၏။ သစ်ငုတ်သည် မျောက်၏ကိုယ်ကို ထုတ်ချင်းလျှိုဖောက်ပြီးသား ဖြစ်သွားလေသည်။ သို့ဖြင့် ဘုရား၌ ကြည်ညိုသော စိတ်ဖြင့်သာလျှင် မျောက်ငယ်သည် သေဆုံးသွားလေသည်။

*(စကားချပ်။ ။ထိုမျောက်သည် ကုသိုလ်စိတ်ဇောဖြင့် သေဆုံးသွားသည်၏ အခြားမဲ့၌ တာဝတိံသာ နတ်ပြည်တွင် ယူဇနာသုံးဆယ်ရှိသော ရွှေဗိမာန်၌ နတ်သမီးတစ်ထောင် ခြံရံလျှက် မက္ကဋဒေဝပုတ္တ အမည်ဖြင့် နတ်သားဖြစ်၏)*

ပါလိလေယျက ဆင်မင်းကား ထိုအဖြစ်များကိုလည်းမသိ ဘုရားရှင်အား ပြုစုလုပ်ကျွေးနေမြဲနေဆဲပင်။

**MRAQN**

ပါလိလေယျက တောသို့ ဘုရားရှင် တစ်ပါးတည်း ကြွရောက်တော်မူလာကာ ပါလိလေယျက ဆင်မင်း၏ လုပ်ကျွေးပြုစုမှုကို ခံယူတော်မူခဲ့သည်မှာ သုံးလရှိခဲ့လေပြီ။

ဝါကျွတ်ချိန် ရောက်ခဲ့ပြီ။

(ဘုရားရှင်သည် သံဃာမှ ရှောင်ခွာတော်မူ၍ တစ်ပါးတည်း ပါလိလေယျက တောသို့ ကြွမြန်းတော်မူခဲ့ခြင်း၏ အကြောင်းရင်းကို ဓမ္မပဒ၊ ယမကဝဂ်ကောသမ္ဗီပြည် ရဟန်းများဝတ္ထု၌ အကျမ်း ဖတ်ရှုနိုင်ကြပါသည်။ ဤ "ပါလိလေယျက" တွင် ထိုအကြောင်းကို မပြဆိုတော့ပါ။ စာရေးသူ)

ဘုရားရှင်အား ကြာမြင့်စွာသော အချိန်အပိုင်းအခြားတို့ ကာလပတ်လုံး မဖူးမမြင် ကြရလေသော ဒါယကာ၊ ဒါယကာမအပေါင်းတို့၏ တောင်းဆိုမှုကြောင့်လည်းကောင်း၊ သာဝတ္ထိမှ အနာထပိဏ်၊ ဝိသာခါအစရှိသော ထင်ရှားသည့် ပုဂ္ဂိုလ်များ၏ မေတ္တာရပ်ခံမှုတို့ကြောင့် အရှင်အာနန္ဒာသည် နောက်ပါရဟန်းငါးရာတို့ဖြင့် ပါလိလေယျကတောသို့ ကြွချီခဲ့လေပြီ။

သို့သော် တောစပ်သို့ ရောက်သောအခါ အရှင်အာနန္ဒာ ဆင်ခြင်တော်မူ၏။

"ဝါတွင်းသုံးလပတ်လုံး ကိုယ်တော်မြတ် တစ်ပါးတည်းသော သီတင်းသုံးတော်မူခဲ့သော မြတ်စွာဘုရား၏အထံတော်၌ ဤမျှသော ရဟန်းပရိသတ်တို့ဖြင့် စုရုံးစုဝေး၍ ချဉ်းကပ်ရန်မသင့်"

ရဟန်းငါးရာတို့အား အပအရပ်၌ထားခဲ့ပြီး အရှင်အာနန္ဒာ တစ်ပါးတည်း တောသို့ ဝင်လေသည်။

ချိုးချိုးချွတ်ချွတ် အသံများကို ကြားရကတည်းက ပါလိလေယျကဆင်ကြီးသည် နားရွက်အစုံကို ဘေးဘက်သို့ ဖွင့်လိုက်၏။ ထို့နောက် အသံလာရာဘက်သို့ ဦးခေါင်းကိုမငဲ့ဘဲ မျက်လုံးအစုံကို ရွှေ့ကြည့်၏။ အဝေးတောစပ် ခင်တန်းချုံတစ်နေရာ တစ်လှမ်းချင်းလာနေသော အရှင်အာနန္ဒာကို မြင်လိုက်လေသည်။

ရက်လရှည်စွာ ဘုရားရှင် ဤတော၌ သီတင်းသုံးနေရာသို့ မည်သူတစ်ဦးတစ်ယောက်မျှ မလာဖူးခဲ့။ ဤမျှရဲတင်းစွာ ချဉ်းကပ်လာနေသူကား အဘယ်နည်း။ သူမသိ။ ဘုရားရှင်ထံပါး ဒူးတုပ်ပျပ်ဝပ်နေရာမှထကာ တုတ်လုံးတန်ကို နှာမောင်းဖြင့် ရစ်ပတ်ကိုင်မြှောက်လျက် အရှင်အာနန္ဒာထံ ပြေးထွက်ခဲ့၏။ သို့သော် ဘုရားရှင်၏အသံတော်ကို ကြားလိုက်ရ၏။

"ပါလိလေယျကဆင်... ဆုတ်လော့... ရပ်လော့ ဖယ်လော့... မတားမြစ်နှင့် ယခု ဆည်းကပ်လာသူသည် ငါဘုရား၏ အလုပ်အကျွေးဖြစ်၏"

ရောက်သည့်နေရာမှာပင် တုံ့ခနဲ သူရပ်လိုက်၏။ နာမောင်းတွင် ရစ်ပတ်သယ်ဆောင်လာသော တုတ်လုံတန်ကို အဝေးသို့ လွှင့်ပစ်လိုက်၏။ ထို့နောက် နာမောင်းကို ဆန့်တန်း၍ အရှင်အာနန္ဒာထံမှ သပိတ်သက်န်းကို လှမ်းယူရန် ပန်ကြားလေသည်။ အရှင်အာနန္ဒာက ပေးတော်မမူဘဲ ကိုယ်တိုင်သာလျှင် သပိတ်သက်န်းကို ဆောင်ယူလာခဲ့သည်။ ပါလိလေယျက ဆင်မင်းက အရှင်အာနန္ဒာကို စူးစူးမြဲမြဲကြည့်ရင်း အဘယ်သို့ ပြုမူလေမည်နည်းဟု အကဲခတ်သည်။

အရှင်အာနန္ဒာက သပိတ်သက်န်းကို မြေပေါ်သို့ချထားလေသည်။

ထိုအခါမှပင် ပါလိလေယျကဆင်ကြီး ကျေနပ်သွား၏။ မြတ်စွာဘုရား၏ သပိတ်ပရိက္ခရာသည် အမြင့်နေရာဖြစ်သော ကျောက်ဖျာထက်တွင် ရှိနေ၏။ အကယ်၍ အရှင်အာနန္ဒာသာ မိမိ၏ သပိတ်သက်န်းကို ဘုရားရှင်၏ သပိတ်တော်နှင့်ယှဉ်လျှက် ကျောက်ဖျာထက်ထားမည်ဆိုလျှင် ထိုအရှင်အား သင်ယူအပ်သော ကျင့်ဝတ်မဲ့သူဟု သတ်မှတ်တော့မည်ပင်။ ယခုမူ အရှင်အာနန္ဒာသည် နိမ့်သောနေရာ၌ မိမိ၏ သပိတ်သက်န်းကို ထားလိုက်ခြင်းကြောင့် အရှင်ကား ဆရာ့ထံပါး၌ တပည့်ကျင့်ဝတ်ကို သိမူပေတကားဟု ပါလိလေယျက ကျေနပ်သွားခြင်း ဖြစ်လေသည်။

အရှင်အာနန္ဒာသည် ဘုရားရှင်ထံပါး ခြေတော်ရင်း လျောက်ပတ်သောနေရာ၌ ထိုင်ကာ ဘုရားရှင်အား ပျပ်ဝပ်ရှိခိုး၏။ ပါလိလေယျကဆင်ကြီးက မနီးမဝေး ခပ်လှမ်းလှမ်းမှ အကဲခတ် စောင့်ကြည့်နေ၏။

ဘုရားရှင်နှင့် အရှင်အာနန္ဒာတို့ အမေးအဖြေဆိုတော်မူကြပြီ...

"အာနန္ဒာ... သင်တစ်ကိုယ်တည်းသာ လာခဲ့သလား"

"ရဟန်းငါးရာတို့နှင့် လာခဲ့ပါသည် အရှင်ဘုရား"

"ထိုငါးရာသော ရဟန်းတို့ ဘယ်အရပ်မှာနည်း အာနန္ဒာ"

"အရှင်ဘုရား၏စိတ်တော်ကို မသိရခြင်းကြောင့် အပ၌ ထားခဲ့ပါသည် ဘုရား"

"အာနန္ဒာ သူတို့ကိုခေါ်ချေ"

ရဟန်းငါးရာတို့ ရောက်လာကြသည်။

ပါလိလေယျက ဆင်ကြီးကား ရဟန်းပရိသတ်တို့ စုဝေးရောက်ရှိ လာကြသဖြင့် ဘုရားရှင်အနီး ခါတိုင်းကဲ့သို့ အနီးအနားကပ်နိုင်ခြင်း မရှိတော့ချေ။ သို့သော် ရဟန်းငါးရာတို့ ရှေ့မှောက်မှ ဘုရားရှင်အား မြင်တွေ့ရသည့် အကွာအဝေးဖြင့် တောစပ်အတွင်း ချဉ်းနင်း ရပ်ကြည့်လျှက်နေရလေသည်။

ရဟန်းတို့က လျှောက်ကြ၏။

"ရှင်တော်ဘုရားသည် ဘုရား၏ သိမ်မွေ့ခြင်း ရှိတော်မူပါလေသည်။ မင်းတို့၏ သိမ်မွေ့ခြင်းလည်း ရှိတော်မူပါပေသည်။ သို့စင်လျှက် ဝါတွင်း သုံးလပတ်လုံး ကိုယ်တော်တစ်ပါးတည်း နေတော်မူခြင်းဖြင့် ဆင်းရဲပြီးငယ် ခက်ခဲစွာ ပြုတော်မူရလေသည်။ ဝတ်ကြီးဝတ်ငယ် ပြုသူ၊ မျက်နှာသစ်ရေ၊ သောက်ရေ၊ သုံးရေ ဆက်ကပ်သူမရှိချေပါ ဘုရား"

ဘုရားရှင် မိန့်ကြားတော်မူသည်။

"ရဟန်းတို့...

ပါလိလေယျက အမည်ရှိသော ဆင်မင်းသည် ငါဘုရား၏ အလုံးစုံသော ဝတ်ကြီးဝတ်ငယ် အမှုတို့ကို ပြုစုလုပ်ကျွေးခဲ့လေပြီ။ ဤသို့သော သဘောရှိသော အဆွေခင်ပွန်းကောင်းကို ရသည်ရှိသော် အတူတကွ နေရခြင်းသည် သင့်မြတ်လျောက်ပတ်ပေ၏။ အဆွေခင်ပွန်းကောင်းကို မရသော် တစ်ယောက်တည်း နေရခြင်းအဖြစ်သာ မြတ်ပေ၏"

"ရဟန်းတို့...

ရင့်သော ပညာလည်းရှိထသော၊ အတူကျင့်ဖော်လည်း ဖြစ်ထသော၊ ကောင်းသော နေခြင်းလည်း ရှိထသော၊ မြဲမြံခိုင်ခံ့ တည်တံ့သော၊ သမာဓိလည်း ရှိထသော အဆွေခင်ပွန်းကောင်းကို အကယ်၍ ရသည်ဖြစ်အံ့။ ဤသို့ရသည်ရှိသော် ထင်ရှား မထင်ရှားသောအားဖြင့် အလုံးစုံကုန်သော ဘေးရန်တို့ကို နှိမ်နင်းဖျက်ဆီး၍ ထိုအဆွေခင်ပွန်းကောင်းနှင့်တကွ ဝမ်းမြောက်သောစိတ်ရှိသည် ထင်ရှားသော သတိရှိသည်ဖြစ်၍ ကျင့်ရာ၏"

"ရဟန်းတို့...

ရင့်သော ပညာလည်းရှိထသော၊ အတူကျင့်ဖော်လည်း ဖြစ်ထသော၊ ကောင်းသော နေခြင်းလည်း ရှိထသော၊ မြဲမြံခိုင်ခံ့တည်တံ့သော သမာဓိလည်း ရှိထသော၊

အဆွေခင်ပွန်းကောင်းကို အကယ်၍ မရသည်ဖြစ်အံ့။ ဤသို့မရသည်ရှိသော် တစ်ယောက်တည်း ကျင့်ရာ၏။ အဘယ်သို့နည်းဟူမူကား မင်းသည် မင်းဖြစ်ဖူးသော၊ ရသေ့ရဟန်းသည် မိမိအောင်ရာ မြေအရပ်ဖြစ်သော ပြည်ရွာတိုင်းကားကို စွန့်၍ တစ်ယောက်ချင်းလျှင် ကျင့်သကဲ့သို့လည်းကောင်း၊ ဆင်ပြောင်ကြီးသည် ဆင်အပေါင်းကို စွန့်၍ တော၌ တစ်ဦးချင်းသာလျှင် ကျင့်သကဲ့သို့ လည်းကောင်း တစ်ယောက်ချင်းသာလျှင် ကျင့်ရာ၏”

“ရဟန်းတို့...

တစ်ယောက်တည်းသာလျှင် ကျင့်ခြင်းသည် မြတ်၏။ မိုက်သောသူနှင့် အပေါင်းအဖော် အဖြစ်သည် မရှိ။ တော၌ ကြောင့်ကြမဲ့ ငဲ့ကွက်ခြင်းမရှိသော ဤဆင်မင်းသည် ချမ်းသာစွာကျင့်သကဲ့သို့ ဤအတူ တစ်ယောက်တည်း ချမ်းသာစွာ ကျင့်ရာ၏။ အနည်းငယ်သော မကောင်းမှုတို့ကိုလည်း မပြုရာ...”

ငါးရာသော ရဟန်းတို့ အရဟတ္တဖိုလ်၌ တည်ကြကုန်လေသည်။

အရှင်အာနန္ဒာ လျှောက်ထားချက်အရ တောအုပ်ကို စွန့်ခွာလျှက် ဘုရားရှင် ထွက်တော့မည်ဖြစ်၏။ ပါလိလေယျကဆင်ကြီး ထိုသတင်းကို ကြားသိခဲ့ရပြီ။ ဘုရားရှင် အမှူးရှိသော သံဃာတော်များ ထွက်ကြွရန် အသင့်ရှိနေကြပြီ။ ဆင်မင်းသည် ကျီကျီကျာကျာ မြည်အော်လျှက် နာမောင်းကို အစွမ်းကုန်ပင့်မြောက်လျှက် ဘုရားရှင်ရှေ့မှ ပိတ်ဆို့ဆီးကာ၏။

ပုလဲနှစ်ရောင် မျက်လုံးအိမ်များမှ မျက်ရည်ဥများ တွဲခိုနေသည့် ကြီးမားသော နားရွက်ကြီးများ တဖျတ်ဖျတ်ခါနေသည်။ ဟစ်လိုက်သော အသံကြီးကလည်း ဝမ်းခေါင်းသံကြီး ဖြစ်သည်။ ရောမ ကိုယ်လုံးကြီးဖြင့် ဆီးတားလိုက်သဖြင့် ထွက်ကြွတော်မူမည့် တောစပ်လမ်းဝမှာ အလုံးစုံပိတ်ဆို့ပြီးသား ဖြစ်နေသည်။

ကျီကျာမြည်အော်သံ၏ အဓိပ္ပါယ်ကား...

“ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ဆိုင်းငံ့တော်မူပါဦးဘုရား”

ရဟန်းတို့ကမူ ဆင်ကြီး၏အပြုအမူကို နားမလည်နိုင်ကြ၍ ဘုရားရှင်ထံ မေးမြန်း လျှောက်ထားကြ၏။

“အရှင်ဘုရား... ဆင်ကြီးသည် အဘယ်ကို အလိုရှိ၍ ပိတ်ဆို့ဆီးကာ ဖီလာကန့်လန့် ရပ်နေပါသလဲဘုရား”

“ချစ်သားတို့… ငါဘုရားနှင့်တကွ သင်တို့အား သစ်သီးဆွမ်း ကပ်လှူခြင်းငှာ ဤဆင်ကြီး အလိုရှိတယ်။ တောင့်တတယ်။ ရှည်ကြာစွာသော ကာလပတ်လုံး ဤဆင်မင်း ပြုဖူးသော ကျေးဇူးရှိတယ်။ ဆင်မင်း၏ ကြည်ညိုစိတ်ကို ပျက်ပြယ်စေဖို့ မသင့်ဘူး။ သင်တို့ ပြန်လည် ဆုတ်နစ်ကြပေဦး”

ဘုရားရှင်အမှူးရှိသော ရဟန်းတို့ ပြန်လည်ဆုတ်နစ် ကြွတော်မူသောအခါမှာ ပါလိလေယျကသည် တောအုပ်ထဲသို့ ဝင်သွားလေသည်။

တောအုပ်ထဲမှ ပြန်ထွက်လာသောအခါတွင်ကား ငှက်ပျော၊ ပိန္နဲ အစရှိသော အထူးထူးသော ပင်မှည့်သစ်သီးတို့ကို သယ်ဆောင်လာ၏။ သစ်သီးများကို ဘုရားရှင်နှင့် ရဟန်းများရှေ့မှောက်တွင် အစုအပုံပြုကာ လှူဒါန်း၏။

တစ်ညဉ့်ကုန်ဆုံး၍ မိုးသောက်ချိန်တွင် ငါးရာသော ရဟန်းတို့သည် ပါလိလေယျက ကပ်လှူသော သစ်သီးများကို အကုန်အစင် ဘုဉ်းပေးခြင်းငှာ မတတ်နိုင်ကြချေ။

သစ်သီးဆွမ်း ဘုဉ်းပေးပြီးသောအခါ မြတ်စွာဘုရားသည် သပိတ်သင်္ကန်းကို ယူတော်မူကာ ထွက်ကြွတော်မူ၏။ ရဟန်းတို့လည်း လိုက်ပါကြ၏။

ပါလိလေယျကသည် ငါးရာသောရဟန်းတို့၏ အကြားအကြားမှ ဝင်ထွက်လှည့်ပတ်ကာ ဘုရားရှင်၏ရှေ့တော်၌ ဇီလာကန့်လန့်တားဟန့်သော အမူအရာဖြင့် ရပ်ပြန်လေသည်။

တစ်ရက်တာမျှ လုပ်ကျွေး ပြုစုခဲ့ရပြီ။ ဘုရားရှင်၏ အခွင့်ပြုတော်မူချက်ဖြင့် နောက်ထပ်တစ်ရက်၊ နောက်ထပ်တစ်ရက်၊ နောက်ထပ်တစ်ရက် စသည်ဖြင့် ဆက်လက် သီတင်းသုံးပါရန် ပါလိလေယျက တောင်းဆိုနေသည်။

“အရှင်ဘုရား… ဆင်ကြီး အဘယ်ကြောင့် ဇီလာကန့်လန့်ရပ်ပြန်ပါသလဲ ဘုရား”

“ရဟန်းတို့… သင်တို့ကို ပြန်လည်စေလွှတ်လိုက်ပြီး ငါဘုရားကို ဆက်လက်သီတင်းသုံး စေချင်တဲ့ ဆန္ဒတောင်းဆိုချက်ကို ဆင်မင်း ပြသနေတယ်”

ပါလိလေယျကသည် ဘုရားရှင် ရှေ့တော်မှောက်တွင် ရပ်နေရာမှ ဒူးတုပ်ပျပ်ဝပ် ထိုင်ချလိုက်သည်။ မျက်ရည်တို့ကား တွေတွေကျဆင်းနေပေပြီ။ ကြီးမားသော ကိုယ်လုံးကြီးသည် ဆတ်ဆတ်တုန်နေလေသည်။

ဘုရားရှင် မိန့်တော်မူ၏။

"ပါလိလေယျက ယခုကြွသွားခြင်းသည် ငါဘုရား၏ တစ်ဖန်ပြန်မလည်တော့သော ကြွသွားခြင်းဖြစ်တယ်။ သင်နေရစ်။ သင့်အား ဤဆင်၏ ခန္ဓာကိုယ်အတ္တဘောဖြင့် ဈာန်သည် လည်းကောင်း၊ ဝိပဿနာသည် လည်းကောင်း၊ ဖိုလ်သည် လည်းကောင်း၊ မဂ်သည်လည်းကောင်း မရှိနိုင်။ သင်နေရစ်ခဲ့တော့ ပါလိလေယျက"

တုံးခနဲလဲကျတော့မည် ထင်ရ၏။ ကျိကျိအသံစူးစူးက နာကျင်စွာ ထွက်ပေါ်လာသည်။ သို့သော် ဆတ်ဆတ်တုန်သော ခန္ဓာကိုယ်ကို ခြေလေးချောင်းတို့ဖြင့် ဒယီးဒယိုင် ထိန်းသိမ်းကာ ပါလိလေယျကသည် ဘုရားရှင်ရှေ့မှ ခွာသွားသည်။ လမ်းဖယ်ပေးလိုက်ရပြီ။

ဘုရားရှင်ခြေလှမ်း စတင်ပြင်တော်မူသည်။

ပါလိလေယျကသည် နှာမောင်းကို ခံတွင်းသို့သွင်း၍ သိမ့်သိမ့်တုန်ရှိုက်ရှိုက် ငိုကြွေးလေတော့သည်။

ထိုသို့ငိုကြွေးရင်းဖြင့်ပင် နောက်မှ တကောက်ကောက် အစဉ်တစိုက် လိုက်ပါလာခဲ့သည်။ တောအုပ်ကို လွန်၍ ရွာ၏ဥပစာသို့ ရောက်ခဲ့ပြီဖြစ်၏။

ဘုရားရှင် မိန့်တော်မူသည်။

"ပါလိလေယျက... ဤနေရာ ဤဌာနမှ အစပြု၍ သင်၏နေရာ မဟုတ်တော့ပြီ။ လူတို့၏ နေရာအရပ်ဖြစ်သည်။ သင့်မှာ ဘေးအန္တရာယ်ရှိသည်။ ဤနေရာကို အသုံးပြု၍ သင်နေရစ်ခဲ့ပေတော့..."

သွန်သွန်စီးကျနေသော မျက်ရည်များဖြင့် ပါလိလေယျကသည် နှာမောင်းကို အောက်သို့ချလိုက်၏။ ရပ်နေရာမှာ အစွဲအမြဲ။

ဘုရားရှင်နှင့် ရဟန်းတို့ ဆက်လက်ကြွတော်မူကြလေသည်။

မျက်စိတစ်ဆုံး ထိုမှသည် မြင်ကွင်းမှ ပျောက်ကွယ်သွားသည်အထိ ရပ်လျက် ပါလိလေယျက ကြည့်သည်။ ဝါရွှေသော အရောင်တော်တို့ တစ်စတစ်စ မှုန်ဝါးသွားသည်။ ထို့နောက် ပျောက်ကွယ်သွားသည်။

မြတ်စွာဘုရားရှင် ကြွသွားတော်မူခဲ့ပြီး နောင်ဘယ်သောအခါမှ ဖူးမြင်ခွင့်ရတော့မည် မဟုတ်တော့။ ဘုရားရှင်မရှိသော ပါလိလေယျက တောအုပ်ကြီးသည် အချည်းနှီးပမာ ဟင်းလင်းပြင်ဖြစ်ခဲ့ပြီ။

အုံး... ခနဲ အသံကြီး ထွက်ပေါ်လာသည်။

ပါလိလေယျက လဲကျသွားသည်။

လဲကျမသွားမီ တဒင်္လေးကတည်းက နလုံးကွဲ၍ သေဆုံးခဲ့ပြီဖြစ်၏။

**MRAQN**

*တာဝတိံသာနတ်ပြည်၌ ယူဇနာသုံးဆယ်ရှိသော ရွှေဗိမာန်ပေါက်လာသည်။ နတ်သမီးတစ်ထောင် အခြံအရံတို့အလယ်၌ တင့်တယ်စွာသော နတ်သားတစ်ပါး စံမြန်းနေ၏။ သူ့အမည်ကား...*

***"ပါလိလေယျက နတ်သား"***

**MRAQN MRAQN MRAQN MRAQN**

# ၅။ မီးကျီးတွင်းနှင့် ပဒုမ္မာကြာ

အနာထပိဏ်သူဌေး၏ စည်းစိမ်ဥစ္စာအရပ်ရပ်ကို စာရင်းပြုလုပ် တာဝန်ယူရသော အမှုဆောင်ကိုယ်စားလှယ်ကြီးသည် မိမိအနီးတစ်ဝိုက်တွင် လင်းဖြာလာသော အရောင်စက်ဝန်းကို သတိထားလိုက်မိ၏။ တစ်စတစ်စဖြင့် ထိုအရောင်စက်ဝိုင်းထဲတွင် သဏ္ဍာန်တစ်ခုသည် ရေးရေးထင်ထင် ပေါ်လာသည်။

"သင်ဘယ်သူလဲ"

အမှုဆောင်ကိုယ်စားလှယ်ကြီးက မေးလိုက်၏။

"ကျွန်ုပ်ဟာ သင့်သူဌေးအနာထပိဏ်ရဲ့ ဘုံခုနစ်ဆင့် တံခါးမုခ် ခုနစ်ဆင့်ရှိတဲ့ ဗိမာန်အိမ် စတုတ္ထမြောက်တံခါးမုခ်မှာနေတဲ့ နတ်သားဖြစ်တယ်"

"တံခါးမုခ်မှာနေတဲ့နတ်သားက ဘာကြောင့် ကျွန်ုပ်ကို ကိုယ်ထင်ရှားပြလာသလဲ"

"သင်တို့ရဲ့ သူဌေးအနာထပိဏ်နဲ့တကွ သင်တို့အားလုံး ဒုက္ခရောက်တော့မှာကို မြင်လို့လာပြီး သတိပေးခြင်းဖြစ်တယ်"

"ဘယ်လို ဒုက္ခရောက်မှာလဲ"

"သူဌေးကြီးရဲ့အမှုဆောင် ကိုယ်စားလှယ်ကြီး။ သင်မသိချင်ယောင် ဆောင်မနေပါနဲ့။ သင်ဟာ အနာထပိဏ်ရဲ့ အရပ်ရပ် စည်းစိမ်ဥစ္စာ ဘဏ္ဍာရွှေငွေတွေ အခု ကုန်ခမ်းတော့မှာ မဟုတ်လား"

"တံခါးမုခ်စောင့်တဲ့နတ်။ သင်ဘာကို ဆိုချင်သလဲ"

"သင်တို့ရဲ့ အနာထပိဏ်ဟာ ရှေ့ရေးနောက်ရေးကို မငဲ့ကွက်မကြည့်ရှု့ မစစ်ဆေးဘဲ ရှိရှိသမျှဥစ္စာတွေကို ထုတ်ယူပြီး ရဟန်းဂေါတမထံ ပေးလှူပစ်တယ် မဟုတ်လား။ အခု သူ့ရဲ့စည်းစိမ်ဥစ္စာတွေ တစ်စတစ်စ လျော့ပါးကုန်ခန်းလာပြီမဟုတ်လား။ များမကြာမီ ကာလအတွင်းမှာ ဇေတဝန်ကျောင်းဒကာ သူဌေးကြီးဟာ သာဝတ္ထိမှာ အဆင်းရဲဆုံး လူမွဲဖြစ်တော့မှာ မဟုတ်လား"

အမှုဆောင်ကိုယ်စားလှယ်ကြီးမှာ နတ်သားထံမှ မမျှော်လင့်သော စကားကို ကြားလိုက်ရသဖြင့် အံ့သြမှင်တက် ဖြစ်သွားပြီး ချက်ချင်းပင် စိတ်ထဲ၌ ထောင်းခနဲ ဖြစ်သွား၏။

တံခါးမုခ်စောင့်နတ်သားက ဆက်ပြောသည်။

"သင်တို့ သူဌေးဟာ ကုန်သွယ်မှုကိုလည်း ဂရုမစိုက်ဘူး။ ရရန်ပေးရန် စာရင်းဇယားများကိုလည်း မစစ်ဆေးဘူး။ သူ့ရဲ့ ပိုင်ဆိုင်မှုအစုစု ဆုတ်ယုတ်လျော့ပါး နေတာကိုလည်း ပြန်လှည့်မကြည့်ဘူး။ နေ့စဉ်နေ့တိုင်း လှူဒါန်း ပေးကမ်းနေသမျှတွေမှာလည်း အတိုင်းအတာ ပမာဏမရှိဘူး။ သင်တို့သူဌေးဟာ လှူဒါန်းပေးကမ်းခြင်းအမှုမှာ ဟော့ရမ်း သော့သွမ်းသူဖြစ်တယ်။ သင်တို့အားလုံး မကြာခင် ဒုက္ခရောက်ကြတော့မယ်"

အမှုဆောင်ကိုယ်စားလှယ်သည် နတ်သားအား တင်းမာစွာ ပြန်ဆိုလေ၏။

"မိစ္ဆာဒိဋ္ဌိနတ်... သင့်စကားသာလျှင် ဟော့ရမ်းသော့သွမ်းတဲ့အမှုဖြစ်တယ်"

"စိတ်မဆိုးပါနဲ့လေ။ သင်ဟာ သူဌေးကြီးရဲ့ ပိုင်ဆိုင်မှုအားလုံးကို စာရင်းနဲ့တကွ အတိအကျ သိထားသူပါ။ ကျွန်ုပ်မေးပါရစေ... ကုန်သည်တွေဟာ သင့်သူဌေးထံ စာရင်းတင်ပြီး အကြွေးယူခဲ့သော တစ်ဆယ့်ရှစ်ကုဋေကို ပြန်မဆပ်ကြဘူး မဟုတ်လား။ သင့်သူဌေးကလည်း ဒါကို ပြန်မစစ်ဘူး မဟုတ်လား"

"မိစ္ဆာဒိဋ္ဌိနတ်... အဲဒါ သင်နဲ့ ဘာဆိုင်သလဲ"

"နားထောင်စမ်းပါဦးလေ။ နောက်ထပ် တစ်ဆယ့်ရှစ်ကုဋေသော ဉစ္စာတို့ကို ထည့်ပိတ်ထားတဲ့ ကြေးစရည်းအိုးတွေဟာလည်း အစီရဝတီမြစ်ကမ်းနားမှာ မြှုပ်ထားရာက ကမ်းပြိုတဲ့ထဲပါသွား၊ သမုဒ္ဒရာထဲရောက်သွား၊ အောက်ခြေမှာ လိမ့်လိမ့်လဲလဲနဲ့ ပျောက်ပျက်ကုန်ကြပြီ မဟုတ်လား"

"မိစ္ဆာဒိဋ္ဌိနတ်... သင်နဲ့ မဆိုင်တာတွေ လာပြောမနေနဲ့"

တံခါးမှုခ်စောင့် နတ်သားပြောသော အချက်များအားလုံး အမှန်ဖြစ်ကြောင်း အမှုဆောင်ကိုယ်စားလှယ်ကြီး သိရှိထား၏။ ထိုစကားများကို သူမငြင်းနိုင်။

"ဒီမှာ အမှုဆောင်ကိုယ်စားလှယ်ကြီး။ သင်တို့သူဌေးဟာ ရဟန်းဂေါတမအမှူးပြုတဲ့ ရဟန်းငါးရာတို့ကို အမြဲဆွမ်းဝတ်ပြုတယ်။ ရှစ်ကျိပ်သော ရဟန်းတွေကလည်း သူဌေးအိမ်ကို အမြဲကြွတယ်။ ရံဖန်ရံခါ ဝင်ထွက်သွားလာနေကြတဲ့ ရဟန်းတွေလည်း ရှိတယ်။ အကုန်လုံးကို သင်တို့သူဌေးက အတိုင်းအဆမရှိ၊ ပမာဏမရှိ၊ စာရင်းမရှိ၊ အင်းမရှိပေးပစ်တယ်။ ဟုတ်တယ် မဟုတ်လား"

အမှုဆောင်ကိုယ်စားလှယ်ကြီးက ပြင်းပြင်းထန်ထန် ပြန်ပြောလိုက်၏။

"မိစ္ဆာဒိဋ္ဌိနတ်.... သင် ဒါပဲသိသလားဟင်၊ ဇေတဝန်ကျောင်းကို အစွဲပြုပြီး ကျုပ်တို့ သူဌေးမင်းဟာ ငါးဆယ့်လေးကုဋေ လှူထားတယ်။ ဘုရားရှင် သီတင်းသုံးနေတော်မူစဉ်မှာလည်း နေ့တိုင်း နေ့တိုင်း သုံးကြိမ်ဆည်းကပ်တယ်။ နံနက်စောစော တစ်ကြိမ်၊ နေ့လယ်စာစားပြီး

တစ်ကြိမ်၊ ညချမ်းမှာ တစ်ကြိမ်၊ အဲဒီလိုသွားတိုင်းမှာလည်း လက်ချည်းသက်သက် ဘယ်တုန်းကမှ မသွားဘူး၊ နံနက်စောစောဆိုရင် ယာဂုဆောင်ယူ ဆက်ကပ်တယ်။ နေ့လယ်ဆိုရင် ထောပတ်၊ ပျားရည်၊ ဆီ၊ တင်လဲ ယူဆောင်သွားတယ်။ ညချမ်းဆိုရင် နံ့သာ၊ ပန်း၊ အဝတ် ယူဆောင်သွားတယ်။ ကျုပ်တို့သူဌေးမင်းရဲ့ အလှူမှာ ရဲရင့်ခြင်းကို သင်ဟာ ဘာတွေလာပြောနေတာလဲ၊ သင်နဲ့ ဘာဆိုင်သလဲ”

လူနှင့်နတ်တို့၏ စကားပွဲမှာ စစ်ထိုးသည့်နှယ် ဖြစ်လာ၏။ တံခါးမုခ်စောင့်နတ်က ဆက်ပြောသည်။

“ကျွန်ုပ်နဲ့ မဆိုင်ဘူးထားပါ။ သင်တို့နဲ့ဆိုင်လို့ ကျွန်ုပ်လာပြောနေတာ၊ သတိပေးနေတာ၊ အဲဒီလို ဟော့ရမ်းတဲ့အလှူကြောင့် သင့်သူဌေး မွဲတော့မယ်။ သင့်သူဌေးမွဲရင် သင်တို့လည်းမွဲမယ်။ ဒါကြောင့် သင်တို့သူဌေးကို ဆုံးမအကြံပေးပြီး ရဟန်းဂေါတမနဲ့ ရဟန်းတွေကိုလှူတာ ရပ်ပစ်လိုက်တော့။ မိမိရဲ့ ကုန်သွယ်မှုနဲ့ ဥစ္စာရရာရကြောင်းကိုပဲ ပြန်ဂရုစိုက်တော့ ရဟန်းဂေါတမနဲ့ သူ့တပည့်တွေ ဝင်ထွက် သွားလာနေတာတွေကိုလည်း တားမြစ်လိုက်တော့”

အမှုဆောင်ကိုယ်စားလှယ်သည် လက်သီးဆုပ်လျက် ပြန်ပြောလိုက်၏။

“နတ်မိုက်၊ သူဌေးမင်း ဥစ္စာကိုစွန့်တဲ့နေရာဟာ ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတဲ့ ဘုရားသာသနာတော်မှာ စွန့်ခြင်းဖြစ်တယ်။ အခု သင်ပြောတဲ့ ယုတ်နိမ့်သောစကားမျိုး ကျုပ်ဘယ်တော့မှ မပြောဘူး။ သူဌေးမင်းက ကျုပ်ရဲ့ဆျောင်ကို ဆွဲကိုင်ပြီး ရောင်းစားတောင်မှ ဒီစကားမျိုး ကျုပ်မပြောဘူးမှတ်ထား”

တံခါးမုခ်စောင့်နတ် ကွယ်သွားသည်။ အရောင်စက်ဝန်းလည်း ချုပ်ငြိမ်းသွားသည်။ သို့သော် နတ်သည် လက်လျှော့သွားခြင်းမဟုတ်။ အနာထပိဏ်၏ သားကြီးထံချဉ်းကပ်၍ ထိုစကားများကို ပြောပြန်၏။ သားကြီးကပို၍ ပြင်းထန်သည်။ “နတ်ယုတ် ထွက်သွား” ဟု နှင်ထုတ်လေသည်။

တံခါးမုခ်စောင့်နတ်သား ပြောခဲ့သော စကားများသည် စင်စစ်အမှန်တကယ် ပေါ်ပေါက်နေသော အခြေအနေမှန်များ ဖြစ်၏။ အမြဲမပြတ် အလှူကိုသာပေး၍ ကုန်သွယ်စီးပွား အလုပ်ကို လျစ်လျူရှုထားသော အနာထပိဏ်သူဌေး၏ စည်းစိမ်ဥစ္စာ ပိုင်ဆိုင်မှု အရပ်ရပ်မှာ အတိုးအပွား နည်းပါးလာရာမှ ရပ်ဆိုင်းသွားပြီး ကုန်ခန်းလုနီးပါး ဖြစ်နေလေသည်။

အနာထပိဏ်သူဌေးကြီးဟူသော ဘွဲ့မည်နာမသာကျန်၍ အဝတ်ပုဆိုး ဘောဇဉ်နေရာတို့မှာ ယခင်နှင့်မတူ ညှိုးမှိန်လာ၏။

တံခါးမုခ်စောင့်နတ်သည် ဤအခြေအနေကို ကောင်းစွာသိထားပြီး ဤအခြေအနေပေါ်တွင် အခွင့်အရေး အရယူလိုက်ခြင်း ဖြစ်သည်။ နတ်သား၏ အဓိကရည်ရွယ်ချက်ကား အလှူကို ရပ်စဲစေခြင်းဖြင့် ဘုရားရှင်နှင့်တကွသော ရဟန်းတို့ အနာထပိဏ်၏ ဘုံဗိမာန်နေအိမ်သို့ လုံးဝမလာရောက်စေရေးပင် ဖြစ်သည်။ အဘယ်ကြောင့်နည်း။

လေးခုမြောက်သော တံခါးမုခ်၌နေသည့် ဤနတ်သားသည် မိစ္ဆာဒိဋ္ဌိနတ်ဖြစ်၏။ ဘုရားရှင်ကိုယ်တော်တိုင်သည် လည်းကောင်း၊ ရှစ်ကျိတ်သော မထေရ်တို့သည် လည်းကောင်း အနာထပိဏ်သူဌေး၏ ဘုံဗိမာန်သို့ ကြွဝင်တော်မူသောအခါများတွင် နတ်သားသည် သူ၏ တံခါးမုခ်ဗိမာန်၌ တည်နေရန်မဖြစ်နိုင်တော့ဘဲ မြေသို့ ဆင်းပယ်ဖယ်ရှားပေးရ၏။ ထို့ကြောင့် "ရဟန်းဂေါတမနဲ့ သူ့တပည့်တွေ ဒီအိမ်ကို ဝင်ကြထွက်ကြပြုကြတိုင်း ငါ့မှာ ဆင်းရဲဒုက္ခရောက်ရတယ်။ ငါ့နေရာမှာ ငါမနေရ။ အမြဲပဲ ဆင်းသက်ပြီး မြေမှာနေရတယ်" ဟု စွဲမှတ်ကာ ဘုရားရှင်နှင့် ရဟန်းတော်တို့ မကြွလာရေးကို နတ်သား ကြိုးပမ်းခြင်း ဖြစ်လေသည်။

နတ်သားသည် အမှုဆောင်ကိုယ်စားလှယ်နှင့် အနာထပိဏ်သူဌေး၏ သားကြီးတို့ထံ ချဉ်းကပ်၍ ရှုံးနိမ့်ခဲ့ပြီးနောက် အနာထပိဏ်သူဌေးထံ တိုက်ရိုက်ချဉ်းကပ်ရန် အခါအခွင့် ကောင်းများကို ချောင်းမြောင်းစောင့်ဆိုင်းလျှက် ရှိလေသည်။

မိစ္ဆာနတ် ထိုသို့ အခွင့်ကောင်းကို စောင့်ဆိုင်းနေချိန်တွင်းမှာပင် အနာထပိဏ်သူဌေးကြီး၏ စည်းစိမ်ဥစ္စာမှာလည်း တစ်စတစ်စ ဆုတ်ယုတ်လာလေသည်။ အနာထပိဏ်သည် အလှူပေးခြင်းသည်သာ တစ်ခုတည်းသော အလုပ်ဟု စွဲယူထားသည့်အလား ယခင်လို ကုန်သွယ်ခြင်း၊ ကုန်ရောင်းခြင်း၊ ကုန်ဝယ်ခြင်းလုပ်ငန်းကို အလျဉ်းပင် မလုပ်ကိုင်တော့ချေ။

ဤတွင် အနာထပိဏ်၏ စံအိမ်နှင့်တကွသော နေရာထိုင်ခင်း၊ ပရိဘောဂ၊ အဝတ်တန်ဆာတို့မှာ ညှိုးမှိန်လာခဲ့၏။ အတိုးအပွားတို့ ဆိတ်သုဉ်းသည့်အပြင် အရင်းအနှီးပင် မကျန်တော့သလောက် ကုန်ဆုံးခန်းခြောက်သွား၏။ သို့ပင်လျှက် သူဌေးကြီးသည် အလှူပေးခြင်း၌

ရောင့်ရဲရပ်တန့်ခြင်း၊ တုံ့ဆိုင်းတွေဝေခြင်းမရှိဘဲ ဆက်လက်လှူမြဲ လှူနေသည်။ လှူဖွယ်ပစ္စည်းများမှာကား ယခင်လို အမွန်အမြတ် အကောင်းအညွန့်များ မဟုတ်တော့။

တစ်နေ့သောအခါ အဆင်းအရောင် ပြယ်မှိန်သော အဝတ်တန်ဆာတို့ကို ဝတ်ဆင်လျက် အနာထပိဏ်သည် ဘုရားရှင်ရှေ့တော်မှောက်ဝင်ကာ ရှိခိုးလေသည်။ မြတ်စွာဘုရားက သူဌေးကြီး သင့်အိမ်မှာ အလှူပေးရရဲ့လားဟု မေးတော်မူသည်။ အနာထပိဏ်က လေးကန်တုံ့နှေးအသံဖြင့် လျှောက်တင်လေသည်။

"အရှင်ဘုရား... အလှူပေးရ၏။ သို့သော် တပည့်တော်၏ အလှူမှ လှူဖွယ်ပစ္စည်း အမွန်အမြတ်မဖြစ်ပါဘုရား"ဟု လျှောက်တင်ရသည့်အတွက် သူဌေးကြီးမှာ ရှက်စနိုးဖြင့် အားငယ်နေ၏။

ဘုရားရှင်မိန့်တော်မူသည်။

"သူဌေးကြီး ရှန့်ရှင်းညံ့ဖျင်းသော အလှူကို ပေးရ၏ဟူ၍ စိတ်ကို မတွန့်တိုလင့်။ စိတ်သည် မွန်မြတ်သည်ရှိသော် ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ဘုရားသားတော်များအား လှူအပ်သောအလှူမည်သည် ရှန့်ရှင်းသောမည်သည်မရှိ။ အကြောင်းမူကား အကျိုးကျေးဇူးကြီးသည်၏ အဖြစ်ကြောင့်တည်း။ စိတ်ထားကြည်ညိုသော် မြတ်စွာဘုရား၌ လည်းကောင်း၊ မြတ်စွာဘုရား၏ တပည့်သာဝကတို့၌ လည်းကောင်း နည်းသောအလှူမည်သည် မရှိ"

ဘုရားရှင်သည် ထိုသို့ မိန့်တော်မူပြီးနောက် ဝေလာမသုတ်ကို ဟောတော်မူသည်။

အနာထပိဏ်သူဌေးကြီးသည် ဘုရားရှင်၏ တရားခမ်းဖြင့် ညှိုးငယ်အားနည်းခြင်းများ ပျောက်ပျက်ကာ မိမိအလှူ၌ နှစ်ထောင်းအားရဖြစ်ခြင်း ပီတိသဒ္ဓါများဖြင့် တက်ကြွလန်းဆန်းစွာ ပြန်လည်ဆုတ်နစ်ခဲ့လေသည်။

မိစ္ဆာနတ်ကား သူဌေးကြီး၏သန္တာန်၌ သူတော်ကောင်း တရားဓါတ်တို့ဖြင့် ကိန်းဝပ်ခဲ့သည်ကိုလည်း မသိ၊ သူဌေးကြီး၏ သောတာပန်တို့ ဂုဏ်ရည်ကိုလည်း မသိဘဲ ထိုည၌ သူဌေးကြီးအား တိုက်ရိုက်ပြောတော့မည်ဟု ဆုံးဖြတ်လိုက်၏။

ကျက်သရေတိုက်ခန်း၌ လင်းခနဲ ဝင်းဖြာသွားပြီးနောက် နတ်သား၏သဏ္ဍာန်ရုပ်သည် အထက်လေပြင်နယ်ထဲ၌ ပေါ်လာသည်။ အနာထပိဏ်က မော့ကြည့်ပြီး မေးလိုက်၏။

"သင်ဘယ်သူလဲ"

"သူဌေးမင်း… သင့်ရဲ့ဘုံခုနစ်ဆင့် တံခါးမုခ် ခုနစ်ဆင့်ရှိတဲ့ ဗိမာန်အိမ်မှာ စတုတ္ထမြောက် တံခါးမုခ်၌ နေသောနတ်သား ဖြစ်တယ်"

"အကြောင်းကိစ္စ ဘယ်သို့ရှိသလဲ"

အနာထပိဏ်သူဌေးကြီးသည် စည်းစိမ်ဥစ္စာဖြင့် ပြည့်စုံနေခဲ့စဉ်က ဤသို့ ကိုယ်ထင်ပြ၍ စကားတော့ဆိုင်ပြောဆိုရန် အစွမ်းသတ္တိမရှိခဲ့။ ယခုမူကား သူဌေးကြီး ဆင်းရဲနွမ်းပါးနေပြီဖြစ်၍ မိမိစကားကို နာယူလိမ့်မည်ဟု ထင်မှတ်ယူဆလျက် နတ်သားသည် အတိအလင်း ပြောဆိုတော့သည်။

"အကြောင်းကိစ္စကတော့ သူဌေးမင်းကို ဆုံးမစကားဆိုဖို့ ဖြစ်တယ်"

အနာထပိဏ်ကား သောတာပန်တို့၏ သတ္တိဂုဏ်ဖြင့် တရားဓမ္မကို နာကြားရန် အစဉ်နိုးကြားလျက်ရှိသူဖြစ်လေရာ ယခုလည်း နတ်သားက တရားစကားတစ်ခုခုဖြင့် ဆုံးမစကား ဆိုလိမ့်မည်အထင်ဖြင့်…

"သို့ဆိုလျှင် ပြောပါနတ်သား"

"သူဌေးမင်း… သင်ဟာ ရှေ့ရေးနောင်ကာလကို မတွေးမကြံ သားသမီးတို့အပေါ်လည်း ငဲ့ညှာထောက်ထားမကြည့်၊ ရဟန်းဂေါတမတို့ သာသနာမှာ တည်ဆိုက်ပြီး မရေမတွက်နိုင်သော ပစ္စည်းဥစ္စာများကို စွန့်လှူပစ်တယ်။ အဲဒီလို ကြာရှည်လေးမြင့်စွာ ပစ္စည်းဥစ္စာကိုစွန့် ကုန်သွယ်ခြင်းစတဲ့ မိမိလုပ်ရမယ့်အမှုကို မပြု။ ရဟန်းဂေါတမကို အကြောင်းပြုပြီး သင် ယခု ဆင်းရဲခြင်းသို့ ရောက်ခဲ့ပြီမဟုတ်လား။ သို့ကလို ဆင်းရဲနွမ်းပါးနေသည့်တိုင် သင်ဟာ ရဟန်းဂေါတမကို မစွန့်လွှတ်၊ ယခုလည်း ရဟန်းတို့ဟာ သင့်စံအိမ်ကို ဝင်ဆဲထွက်ဆဲလုပ်ကြမြဲ၊ အဲဒီရဟန်းတွေကို သင်လှူလိုက်လို့ သူတို့ ယူဆောင်သွားကြပြီးသား ပစ္စည်းဥစ္စာတွေကို ရှိစေတော့။ နောက်ထပ် ယူခွင့်မပြုနဲ့တော့။ နက်ဖြန်ကစပြီး၊ ယခုကစပြီး ရဟန်းဂေါတမထံလည်း သင်မသွားနဲ့တော့။ ရဟန်းဂေါတမကို ငဲ့ညှာစရာမလို၊ သင့်အလုပ်ဖြစ်တဲ့ ရောင်းခြင်းဝယ်ခြင်း၊ ကုန်သွယ်ခြင်းကိုသာ ပြုခဲ့မြဲအတိုင်းပြုပြီး သင့်ရဲ့စည်းစိမ်ဥစ္စာတွေ ပြန်လည်ပြည့်တင်းလာအောင် လုပ်ပေတော့"

အနာထပိဏ်ထံမှ အေးစက်တင်းမာသောအသံ ပေါ်လာ၏။

"နတ်သား… ဒါဟာ သင် ငါ့ကို ဆုံးမတဲ့စကားလား"

"ဟုတ်တယ် သူဌေးမင်း။ သင့်အကျိုးကို လိုလား..."

"တိတ်စမ်း"

မိစ္ဆာနတ် တုန်လှုပ်သွား၏။ သောတာပန်အရိယာအဖြစ် တည်ဆိုက်ခဲ့ပြီဖြစ်သော အနာထပိဏ်သည် သောတာပန်တို့၏ ဂုဏ်ရည်အရ ရတနာသုံးပါး၌ သက်ဝင်ယုံကြည်ရာတွင် မိမိ၏အသက်ခန္ဓာကိုသော်မျှ ငဲ့ကွက်ခြင်းမရှိခြင်းကို နတ်သားမသိချေ။ တုန်လှုပ်ခြင်းကင်းသော သဒ္ဓါ၏ကြံ့ခိုင်ခြင်းစွမ်းသော မဟာတံတိုင်းကိုမှ မိစ္ဆာနတ် ဆုံးဖြတ်မှားခဲ့ချေပြီ။

"နတ်သား နားထောင်လိုက်စမ်း။ ဘုရားရှင်ရဲ့ တရားအားဖြင့် အရိယာအဖြစ် ပြုအပ်ပြီးသော ငါ့ကို သင်လို နတ်သားအရာအထောင် အသောင်းအသိန်းအသန်းတို့ လာပြီး ခြိမ်းခြောက်ဦး ငါတုန်လှုပ်မယ်ထင်သလား။ ငါ့ကို တုန်လှုပ်အောင်လုပ်ဖို့ သင်တို့ မတတ်နိုင်ဘူးမှတ်ပါ။ ငါ့ရဲ့သဒ္ဓါတရားဟာ မြင်းမိုရ်တောင်လို ကောင်းစွာ တည်တယ်။ ငါဟာဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သော ရတနာ သာသနာတော်ထံ ဥစ္စာပစ္စည်းကို စွန့်တယ်။ ဒါကို သင်က မအပ်စပ် မသင့်လျော်တဲ့စကား ဆိုတယ်။ သင့်လိုနတ်သားမျိုးကို ဘုရားရှင်ရဲ့ သာသနာတော်မှာ ဒဏ်ပေးရမှာဖြစ်တယ်။ သင့်လို အယူအဆရှိသူ၊ အကျင့်သီလပျက်သူ နတ်ယုတ်များဟာ ငါ့အိမ်မှာနေဖို့ အကြောင်းမရှိ။ သင်ယခု ထွက်သွား၊ ငါ့အိမ်မှာမနေနဲ့ ထွက်သွား"

မြတ်စွာဘုရား၏တပည့် သောတာပန်ပုဂ္ဂိုလ်၏ စကားအဆုံး၌ နတ်သားသည် အထက်တွင် တည့်နိုင်၊ ရပ်နိုင်ဖို့ မစွမ်းတော့ဘဲ မြေသို့သက်ကာ မိမိနေရာ စတုတ္ထမုခ်တံခါးဆီဦးစွာ ထွက်ခွာခဲ့ရ၏။ ထို့နောက်ချည့်နှဲ့စွာပင် ဗိမာန်မှထွက်ကာ ဟိုဟိုသည်သည် ဝန်းကျင် အရပ်များဆီသို့ လှည့်လည်ခဲ့လေသည်။

ဘုံဗိမာန်ပျောက်ဆုံးသွားသော နတ်သားသည် ဆောက်တည်မှီခိုစရာနေရာ ရှာမတွေ့နိုင် ဖြစ်သွားပြီးနောက် ကြံရာမရဖြစ်ကာ သာဝတ္ထိမြို့တော်၏ မြို့စောင့်နတ်ထံသို့ သွားရောက်ခဲ့၏။

ရှိခိုး၍ ရပ်နေသော နတ်သားကို မြို့စောင့်နတ်က မေးလိုက်၏။

"အမောင်နတ်သား... ဘာကြောင့်လာသလဲ"

"အရှင်... ကျွန်ုပ်ရဲ့မိုက်မဲမှုကြောင့် အနာထပိဏ်သူဌေးက နှင်ထုတ်လိုက်လို့ပါ။ ကျွန်ုပ်မှာ နေစရာမရှိတော့ပါ"

"အနာထပိဏ်သူဌေးကို သင် ဘယ်လိုမိုက်မဲမှုမျိုး ပြုခဲ့လေသလဲ"

"အရှင်သူဌေးမင်းကို ကျွန်ုပ်က ဘုရား၊ တရား၊ သံဃာအား ကပ်ခြင်းကို စွန့်လွှတ်လိုက်ပါ။ ရဟန်းဂေါတမကို အိမ်သို့ ဝင်ခွင့်မပြုလေနဲ့လို့ ဆိုမိပါတယ်"

"ယခု သင်က ဘာလုပ်ချင်သလဲ"

"သူဌေးကြီးကို တောင်းပန်ကန်တော့ပြီး မူလဗိမာန်မှာ ပြန်နေနိုင်ဖို့ အရှင်နတ်မင်းက ကျွန်ုပ်ကို သူဌေးကြီးထံ ဆောင်ယူပြီး အကျေအလည် စကားဆိုပေးစေချင်ပါတယ်"

မြို့စောင့်နတ်မင်း၏ ကိုယ်ရောင်ကိုယ်ဝါများ ပို၍ လင်းသွား၏။

"သင်ဟာ မဆိုအပ်တဲ့စကားကို ဆိုတာပဲ။ သင်ဟာ သာသနာတော်မှာ ဒကာ်ပေးခြင်းကို ခံယူအပ်သူဖြစ်နေပြီ။ သင့်ကို ခေါ်ဆောင်ပြီး သူဌေးကြီးထံ ငါမသွားဝံ့ဘူး။ သင်ဟာ ငါ့ထံမှခွာ တော်ရာသွားပေရော့"

## MRAQN

နတ်သားသည် စတုမဟာရာဇ် နတ်မင်းကြီးလေးပါးထံ အခစားဝင်ခဲ့ပြန်၏။ အကျိုးအကြောင်းစုံကို ပြောပြ၍ အကူအညီ တောင်းသောအခါ နတ်မင်းကြီးလေးပါးက ဆိုကြပြန်သည်။

"နတ်မိုက်... မသင့်သောအကြံ၊ မသင့်သောစကား၊ မှားသောအမှု သင်ပြုတယ်။ ဘုရားရှင်ရဲ့ တပည့်အရိယာပုဂ္ဂိုလ်ကိုမှ သင်စော်ကားလေတယ်။ သင့်လို နတ်မျိုး ငါတို့ ကူညီကယ်ဆယ်ဖို့မရှိ။ ငါတို့လည်းမတတ်နိုင်"

ဤသို့ဖြင့် နတ်သားသည် သိကြားမင်းထံ ချဉ်းကပ်ခဲ့ပြန်လေသည်။

"အရှင်သိကြားမင်း ကျွန်ုပ်မှာ ယခုအခါ နေစရာအရပ်မရှိတဲ့အတွက် ကိုးကွယ်ရာမဲ့ ခိုမှီးရာမဲ့ ဖြစ်နေပါပြီ။ ကျွန်ုပ်ကို နေစရာတစ်ခု ပေးတော်မူပါ"

သိကြားမင်းက တုံ့ပြန်မိန့်ဆိုသည်။

"နတ်မိုက်... မိစ္ဆာ။ သာသနာတော်၌သာ သင့်ပြစ်မှုအတွက် သင်ဒကာ်ဆောင်ဒကာ်ခံရမယ်။ ငါကိုယ်တိုင်လည်း သင့်ကို ယူဆောင်ပြီး အနာထပိဏ်သူဌေးနဲ့ စကားဆိုဖို့ မတတ်နိုင်။ သို့သော် သူဌေးရဲ့သည်းခံခွင့်လွှတ်မှုကို ရနိုင်စရာအကြောင်းတစ်ခုတော့ ရှိတယ်"

"အမိန့်ရှိပါ အရှင်သိကြားမင်း"

"အသင်နတ်သား၊ သင်ဟာ အနာထပိဏ်သူဌေးကြီးရဲ့ အမှတ်အသွင်ကိုယူ၊ ဘယ်သူမှ မသိစေရအောင် သူဌေးကြီး သိမ်းထားတဲ့ ကမ္ဗည်းမှတ်တမ်း တစ်ခုကို ယူရမယ်။

အဲဒီကမ္ပည်းမှတ်တမ်းထဲမှာ သူဌေးကြီးထံက ကြွေးမြီယူထားတဲ့ မြီစားများရဲ့ အမည်စာရင်းနဲ့ အသပြာအရေအတွက် စာရင်းရှိတယ်။ စုစုပေါင်း တစ်ဆယ့်ရှစ်ကုဋေရှိတယ်။ ဒီစာရင်းကို ယူပြီးရင် နတ်လုလင် နှစ်ယောက်သုံးယောက် ခြံရံပြီးထွက်။ သင်ကိုယ်တိုင်ကတော့ လက်တစ်ဖက်မှာ ထန်းရွက်၊ အခြားတစ်ဖက်မှာ ကညစ်ကိုကိုင်ရမယ်။ ပြီးရင် မြီစားတွေရဲ့အိမ်ကိုသွား၊ နတ်တို့အာနုဘော်နဲ့ မြိမ်းခြောက်တောင်းဆိုရမယ်။ ဟောဒါဟာ သူဌေးကြီးထံက သင်ယူထားတဲ့ ကြွေးမြီပဲ။ သူဌေးကြီးဟာ ယခင် စည်းစိမ်ဥစ္စာနဲ့ ပြည့်စုံစဉ်က သင်တို့ထံ တောင်းဆိုခြင်း မရှိခဲ့ဘူး။ ယခု သူဌေးကြီးမှာ စည်းစိမ်ဥစ္စာလျော့ပါးပြီဖြစ်လို့ နတ်တို့ အာနုဘော်နဲ့ ထိုမြီစားမပေးဘဲ မနေနိုင်အောင် တောင်းဆို၊ အဲဒီလိုနဲ့ရလာတဲ့ တစ်ဆယ့်ရှစ်ကုဋေကို ဆောင်ပြီး အနာထပိဏ်သူဌေးရဲ့ ဗလာဟင်းလင်းဖြစ်နေတဲ့ ကျီတွေကို ပြည့်ပစေ… နားလည်လား”

“နားလည်ပါပြီ အရှင်သိကြားမင်း”

“အစိရဝတီ မြစ်ကမ်းပါးပြိုစဉ်က မြစ်ကမ်းအနီးမြှုပ်ထားတဲ့ ဥစ္စာများလည်း ပျက်စီးသွားပြီး သမုဒ္ဒရာသို့ ရောက်ရှိကုန်ကြတယ်။ အဲဒီဥစ္စာဘဏ္ဍာများကိုလည်း နတ်တို့ရဲ့ အာနုဘော်နဲ့ ရအောင်ဆယ်ယူ၊ အကြွင်းအကျန် မရှိစေနဲ့။ အဲဒါကလည်း တစ်ဆယ့်ရှစ်ကုဋေရှိတယ်။ နားလည်လား။ ဒါတွေအားလုံးကို ဆယ်ယူသယ်ဆောင်ပြီး သူဌေးကြီးရဲ့ ကျီတွေကို ပြည့်အောင်ဖြည့်”

“ကောင်းလှပါပြီ အရှင်သိကြားမင်း”

“ပိုင်ရှင်မရှိ သုံးစွဲမည့်သူမရှိ ဖြစ်နေတဲ့နောက်ထပ် တစ်ဆယ်ရှစ်ကုဋေသော ဥစ္စာတို့ဟာလည်း ဤမည်သောအရပ်မှာ ရှိနေတယ်။ အဲဒီဥစ္စာတွေကိုလည်း ဆောင်ယူပြီး သူဌေးကြီးရဲ့ ကျီတွေထဲကို ဖြည့်သွင်း”

“ကောင်းလှပါပြီ အရှင်သိကြားမင်း”

“ငါးဆယ့်လေးကုဋေသောဥစ္စာတို့နဲ့ သူဌေးကြီးရဲ့ကျီများကို ပြည့်အောင် ဖြည့်ခြင်းဖြင့် သင်ပြုခဲ့တဲ့ မိုက်မှားမှုကို ပြန်လည်ဒဏ်ထမ်း ပေးဆပ်ရမယ်။ ပြီးရင်တော့ သူဌေးကြီးကို ကန်တော့ရမယ်”

**MRAQN**

နတ်သားသည် သိကြားမင်းထံမှ ဖဲခွာခဲ့ပြီး သိကြားမင်း အမိန့်ပေးထားသည့်အတိုင်း လိုက်နာဆောင်ရွက်လေသည်။

ဤသို့ဖြင့် အနာထပိဏ်သူဌေးကြီး၏ ဗလာဟင်းလင်းဖြစ်နေခဲ့သော ကျီများသည် ငါးဆယ့်လေးကုဋေသော ဥစ္စာတို့ဖြင့် ဖြည့်ခဲ့၏။

ကျီများအားလုံး၌ အပြည့်ဖြည့်သွင်းပြီးနောက် သန်းခေါင်အခါ၌ နတ်သားသည် ကျက်သရေတိုက်သို့ ဝင်၍ ကိုယ်ရောင်ဖြင့် လင်းစေကာ ကောင်းကင်၌တည်သည်။

အနာထပိဏ်သူဌေးကြီးက မေးလိုက်၏။

“အသင်ဘယ်သူလဲ”

“သူဌေးကြီး၊ ကျွန်ုပ်ဟာ လေးခုမြောက်တံခါးမုခ်မှာစောင့်တဲ့ အလွန်မိုက်မဲခဲ့သော နတ်ဖြစ်ပါတယ်”

“သင် လာပြန်ပြီလား။ သင့်ကို ကျွန်ုပ်နှင်ချထားတယ် မဟုတ်လား”

“သည်းခံပါသူဌေးကြီး။ ကျွန်ုပ်စကားကို ဆုံးသည်အထိ နားဆင်ပေးပါ။ ကြီးစွာသော မောဟအထုနဲ့ မိုက်မဲတွေဝေခဲ့တဲ့ ကျွန်ုပ်ဟာ မြတ်စွာဘုရားရှင်ရဲ့ ကျေးဇူးတော်ကို မသိမမြင်ဘဲ သူဌေးကြီးကို မှားယွင်းစွာ စကားဆိုခဲ့ပါတယ်။ ကျွန်ုပ်ရဲ့အပြစ်ကို သည်းခံပါသူဌေးကြီး။ ကျွန်ုပ်ဟာ ယခုအခါ နတ်တို့သနင်း သိကြားမင်းရဲ့ ဆုံးမနည်းညွှန်မှုနဲ့ သင်ရရန်ရှိသော ကြွေးမြီတစ်ဆယ့်ရှစ်ကုဋေ၊ သမုဒ္ဒရာသို့ရောက်သွားတဲ့ တစ်ဆယ့်ရှစ်ကုဋေ၊ ထိုထိုအရပ်တို့မှာ အရှင်မရှိသော ဥစ္စာတစ်ဆယ့်ရှစ်ကုဋေ အရပ်ရပ်ပေါင်း ငါးဆယ့်လေးကုဋေသော ဥစ္စာတို့နဲ့ သင့်ရဲ့ကျီများကို ပြည့်စေခြင်းတည်းဟူသော ဒဏ်ကို ကျွန်ုပ်ထမ်းပြီးပါပြီ။ သူဌေးကြီးထံမှာ ဥစ္စာအပေါင်းအစု ပြန်လည်တည်ဖြစ်ပါပြီ။ ကျွန်ုပ်ရဲ့အပြစ်ကို သည်းခံပါ။ မိုက်မဲသည့်အဖြစ်နဲ့ မဆိုအပ်၊ မပြောအပ်သောစကားကို ပြောဆိုမိမှားခဲ့တာကို သည်းခံပါ။ ကျွန်ုပ်ကို ခွင့်လွှတ်ပေးပါ သူဌေးကြီး”

အနာထပိဏ်သူဌေးကြီးက ချက်ချင်းစကားတုံ့မဆိုချေ။ ခဏကြာမှ

“အချင်းနတ်၊ အသင် ကျွန်ုပ်ရဲ့ ခွင့်လွှတ်သည်းခံမှုကို အလိုရှိပြီး ကျွန်ုပ်ကို ကန်တော့လိုတယ်ဆိုရင် မြတ်စွာဘုရားရှင် ထံတော်မှောက်မှာ ကန်တော့ရမယ်”

“ကောင်းပါပြီ သူဌေးကြီး၊ အလိုအတိုင်း ဖြစ်ရပါစေမယ်”

ဘုရားရှင် အထံတော်မှောက် ရောက်ခဲ့ကြ၏။ အနာထပိဏ်သူဌေးက တံခါးမှူးမစောင့်နတ်နှင့် စပ်လျဉ်းသမျှအလုံးစုံကို ဘုရားရှင်အား ကြားလျှောက်သည်။ ဘုရားရှင် မိန့်တော်မူလေသည်။

"မကောင်းမှုကိုပြုသော သူသည်လည်း အကြင်မျှလောက် မကောင်းမှုသည် အကျိုးမပေးသေး။ ထိုမျှလောက်သော ကာလပတ်လုံး ကောင်းကျိုးကို မြင်ရ၏။ အကြင်အခါ၌လည်း မကောင်းမှုသည် အကျိုးပေး၏။ ထိုအခါ၌ မကောင်းမှုကိုပြုသောသူသည် မကောင်းကျိုးကို မြင်ရ၏"

"ကောင်းမှုကိုပြုသော သူသည်လည်း အကြင်မျှလောက် ကောင်းမှုသည် အကျိုးမပေးသေး။ ထိုမျှလောက်သော ကာလပတ်လုံး မကောင်းကျိုးကို မြင်ရ၏။ အကြင်အခါ၌လည်း ကောင်းမှုသည် အကျိုးပေး၏။ ထိုအခါ၌ ကောင်းမှုကိုပြုသောသူသည် ကောင်းကျိုးကို မြင်ရ၏"

နောင်တဖြင့်လည်းကောင်း၊ သံဝေဂဖြင့်လည်းကောင်း ကောင်းစွာကျိုးနွံပြီးဖြစ်လျက် အမှားကို ဝန်ခံတောင်းပန်ခြင်းအားဖြင့် စိတ်နလုံးပျောင်းအိခဲ့ပြီးဖြစ်သော နတ်သားသည် ဘုရားရှင်၏ ထိုဂါထာတော်နှစ်ပုဒ် အဆုံးမှာပင် ဂါထာတော်တို့၏ အနက်အရှိန်နှင့် ဓမ္မသဘောတို့သည် ဟဒယသို့တိုင်ခိုက်သည်၏ အစွမ်းကြောင့် သောတာပတ္တိဖိုလ်၌ တည်ဆိုက်လေသည်။

သောတာပန်ဖြစ်ပြီးသော နတ်သားသည် ဘုရားရှင်၏ခြေတော်အစုံ၌ ဝပ်တည်လျက်

"အရှင်ဘုရား... ရာဂဖြင့် တပ်စွန်းသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ဒေါသဖြင့် ပြစ်မှားသည်၏ အဖြစ်ကြောင့် လည်းကောင်း၊ မောဟဖြင့် မိုက်မဲတွေဝေသည်၏ အဖြစ်ကြောင့် လည်းကောင်း၊ အဝိဇ္ဇာဖြင့် မြှေးယှက်သည်၏ အဖြစ်ကြောင့် လည်းကောင်း တပည့်တော်သည် အရှင်ဘုရားတို့၏ ကျေးဇူးတော်တို့ကို မသိခြင်းကြောင့် စကားယုတ် စကားသွမ်းကို ဆိုခဲ့မိပါသည်။ တပည့်တော်၏ ထိုစကား ထိုအမှုတို့အား သည်းခံတော်မူပါတော့ဘုရား"

ဟု ရေရွတ်လျှက် ဘုရားရှင်ကိုလည်း ကန်တော့၏။ သူဌေးကြီးကိုလည်း ကန်တော့၏။

အနာထပိဏ်သူဌေးကြီးကား ဝမ်းမြောက်ကြည်နူး မဆုံးနိုင်တော့ပြီ။ ဘုရားရှင်ထံ လက်အုပ်ချီ၍ ကြားလျှောက်လေသည်။

"အရှင်ဘုရား... ဘုရားအစရှိသော ရတနာသုံးပါး၌ ဆည်းကပ်ခြင်း၊ လှူဒါန်းခြင်း စသည်တို့ကို မပြုလေနဲ့ဟု မြစ်တားပေမယ့် ဤနတ်သည် တပည့်တော်အား မြစ်တားနိုင်စွမ်း မရှိပါဘုရား။ တပည့်တော်သည် ဆည်းကပ်မြဲ၊ ပူဇော်မြဲ၊ လှူဒါန်းမြဲပါဘုရား။ ဤအခြင်းအရာသည် တပည့်တော်၏ အကျိုးကျေးဇူးပင် မဟုတ်ပါလား ဘုရား"

ဘုရားရှင်မိန့်တော်မူလေသည်။

"အနာထပိဏ်သူဌေး။ သင်သည် သောတာပန်ပုဂ္ဂိုလ် ဖြစ်တယ်။ မြတ်စွာဘုရား၏ တပည့်သာဝကလည်း ဖြစ်တယ်။ မတုန်မလှုပ်သော သဒ္ဓါ၊ အထူးသဖြင့် စင်ကြယ်သော နိဗ္ဗာန်ကို မြင်တတ်သောဉာဏ်ဖြင့် ပြည့်စုံပေတယ်။ သင့်ကို တန်ခိုးအာနုဘော်နည်းသော ဤနတ်က မမြစ်တားနိုင်ခြင်းသည် စင်စစ် အံ့ဖွယ်သရဲမရှိသေး။ ရှေးပညာရှိတို့သည် ဘုရားမဖြစ်မီ မရင့်သေးသော ဉာဏ်၌တည်လျက် ကာမာဝစရနတ်တို့ကို အစိုးရတဲ့ မာရ်နတ်သည်ပင်လျှင် ခြိမ်းခြောက်မောင်းမဲဟန့်တား၍ မြစ်တားရန် မစွမ်းသာ။ အလှူကို ပေးမြဲပေးလျက် ရှိပေတယ်။ ထိုအလှူပေးခြင်းသာ အံ့ဖွယ်သရဲ ရှိပေတယ်"

အနာထပိဏ်သူဌေးသည် လက်အုပ်ကြာပဒုံကို ဖူးငုံစေလျှက်ကပင်-

"အံ့ဖွယ်သရဲရှိသော ထိုအလှူပေးခြင်းကို ကြားနာပါရစေဘုရား။ တောင်းပန်အပ်ပါသည် အရှင်ဘုရား"

## MRAQN

ဗာရာဏသီသူဌေးသည် မြို့တံခါး လေးမျက်နှာတို့၌ အလှူတင်းကုပ်လေးခု၊ မြို့လယ်၌တစ်ခု၊ အိမ်တံခါး၌တစ်ခု ဤသို့လျှင် အလှူတင်းကုပ်ခြောက်ခု ဆောက်လုပ်၍ အလှူကြီးပေးခြင်း၌ပင် အားရတင်းတိမ်ခြင်း မရှိနိုင်သေးသော သဒ္ဓါအားကြီးသူ ဖြစ်၏။

မိမိ၏ အလှူဒါနအမှုကို အခြားအတူမရှိအောင် စွမ်းဆောင်လိုက်ချင်သော ဆန္ဒဖြင့်သာ အလှူဒါန၏ အထွတ်အထိပ်ကို ငံ့မျှော်နေသူလည်း ဖြစ်၏။

ဗာရာဏသီသူဌေး မကြာခဏ မြည်တမ်းသည်။

"မိမိပိုင် စည်းစိမ်ဥစ္စာများအပေါ် တပ်မက်တွယ်တာခြင်းကင်းပြီး တစ်ပါးသူတို့အတွက် စွန့်ကြဲပေးကမ်း လှူဒါန်းတယ်ဆိုသာကတော့ ငါအပါအဝင် လူအချို့ တတ်စွမ်းနိုင်ကြတာချည်းပါပဲ။

သို့သော် အလှူပေးခြင်း၊ သီလစောင့်ခြင်းဆိုတဲ့ ကုသိုလ်အမှုအပေါ်မှာ အသက်နဲ့အမျှ အသက်ကိုပင် လွှန်တဲ့အမျှ ကြီးမားနက်ရှိုင်းစွာ ပြသစမ်းချင်တယ်။ အဲဒီလို ပြသနိုင်ဖို့ အခွင့်အရေးဟာ ဘယ်တော့များမှ ပေါ်လာပါလိမ့်မလဲ”

သူဌေးတောင့်တသော တစ်နေ့သို့ ရောက်လာလေသည်။

နိရောဓသမာပတ်၌ ခုနစ်ရက်တာ ကာလပတ်လုံး ဝင်စားစံနေပြီးနောက် ခုနစ်ရက်လွန်သဖြင့် သမာပတ်မှထသော ပစ္စေကဗုဒ္ဓါတစ်ပါးသည် ကွမ်းရိုးဒန်ပူဝါး၍ အနာဝတတ်အိုင်၌ မျက်နှာသစ်တော်မူကာ ဆေးဒါန်းမြင်းသီလာဖြင့် အတိပြီးသော ကျောက်ဖျာအပြင်တွင် သင်းပိုင်ကို ဝတ်၏။ ထို့နောက် သင်္ကန်းကို ရုံ၍ မြေသပိတ်ကိုပိုက်ကာ ကောင်းကင်ခရီးဖြင့် ကြွသည်။

ပစ္စေကဗုဒ္ဓါအရှင်မြတ် ဆွမ်းရပ်တော်မူရာ နေရာကား ဗာရာဏသီသူဌေး၏ အိမ်တံခါးဝ ဖြစ်လေသည်။

ထိုအချိန်၌ သူဌေးသည် ကျေးကျွန်တို့ ပြင်ဆင်စီမံပေးသော နံနက်စာဘောဇဉ်ကို စားသုံးကာနီးဆဲဆဲ ဖြစ်လေ၏။ အထူးထူးသော အရသာတို့ဖြင့်ပြီးသည့် ဘောဇဉ်သည် သူဌေး၏ ရှေ့မှောက်တွင် အဆင်သင့်ရှိနေ၏။

ပစ္စေကဗုဒ္ဓါဆွမ်းရပ်သည်ကို မြင်လိုက်သည်နှင့် သူဌေးသည် နံနက်စာ၏ ပထမဆုံး အာဟာရကို နှိုက်ယူရန် ပြင်ထားသည့် လက်ကို ရုပ်သိမ်းလိုက်၏။ ထို့နောက် လက်အုပ်ချီလျှက် လူယုံတစ်ဦးအား အမိန့်ပေးသည်။

“အရှင်မြတ်ရဲ့ သပိတ်ကို ဆောင်ခဲ့ပါလေ”

ထိုခဏမှာပင် လောက၏ ဆုတ်ယုတ်ပျက်စီးမှုကို ဖန်တီးရန် အမြဲစောင့်ကြည့်နေသော မာရ်နတ်၏ တန်ခိုးစက်ဝန်းအတွင်း၌ ဗာရာဏသီသူဌေးနှင့် ပစ္စေကဗုဒ္ဓါတို့ ပေါ်လာလေသည်။ မာရ်နတ်သည် သီလစောင့်ခြင်း၊ အလှူပေးခြင်း စသော ကုသလအမှုများ မဖြစ်ပေါ်စေရန် အမြဲတစေ အားထုတ်နေသည်ဖြစ်၍ ကြုံးဝါးလိုက်၏။

“ဒီပစ္စေကဗုဒ္ဓါဟာ နိရောဓသမာပတ်မှာ ခုနစ်ရက်ပတ်လုံး ဝင်စားပြီး ခုနစ်ရက်လွန်လို့ ထလာတာဖြစ်တယ်။ ဒီနေ့အထိ ခုနစ်ရက်တာလုံး အာဟာရမရခဲ့ဘူး။ ဒီနေ့မှ မရခဲ့ရင် ပစ္စေကဗုဒ္ဓါ

ပျက်စီးမှာဖြစ်တယ်။ ကောင်းစွ။ ပစ္စေကဗုဒ္ဓါကိုလည်း ဖျက်ဆီးမယ်။ ဟရာဏသီသူဌေးရဲ့ အလှူကိုလည်း ဖျက်ဆီးမယ်။ လောကမှာ ကုသိုလ်ကောင်းမှုတွေ ဖြစ်ပေါ်မလာရေးဟာ ငါ့တာဝန်ပဲ ဖြစ်တယ်။ ဒီတစ်ကြိမ်တော့ ငါ့အလုပ်ဟာ ထူးခြားပြောင်မြောက်တော့မှာ အမှန်ပဲ။ ဒါကြောင့်လည်း ပစ္စေကဗုဒ္ဓါလည်း ပျက်စီး၊ သူဌေးရဲ့ အလှူလည်းပျက်စီး။ ဒါကြောင့်…”

ရှားမီကျီးတွင်းကြီးတစ်ခု ရုတ်ခြည်းပေါ်လာ၏။

မီးကျီးတွင်း ပေါ်ပေါက်လာသည့်နေရာက အရှင်ပစ္စေကဗုဒ္ဓါ ဆွမ်းရပ်တော်မူသော အိမ်တံခါးဝအပြင်၏ အတွင်းဘက်…။

အတောင်ရှစ်ဆယ်အထိ နက်သော မီးကျီးတွင်းထဲမှာ မီးတောက်မီးလျှံများသည် မကောင်းဆိုးဝါး သတ္တဝါကြီးတစ်ကောင်၏ ခံတွင်းထဲမှ လျှာသို့နှယ် အထက်သို့ လိမ့်လိမ့်လူးလူး ပျံတက်နေသည်။ မီးစမီးပွားများက တဖွားဖွား လွင့်ကြသည်။ ဟဲဟဲမြည်သော မီးညွန့်သံများက အနီးသို့ ချဉ်းကပ်လာသမျှ အရာတိုင်းကို လောင်ကျွမ်းဝါးမျိုအံ့ဟု ခြိမ်းခြောက်ဟစ်ကြွေး နေသယောင်ထင်ရသည်။

ဗာရာဏသီသူဌေး၏ စေခိုင်းချက်အရ ပစ္စေကဗုဒ္ဓါ၏ သပိတ်ကို ဆောင်ရန် ထွက်လာသော လူယုံသည် မီးကျီးတွင်းကြီးကို မြင်လိုက်သည်နှင့် ကြောက်လန့်တကြား ပြန်ပြေးဝင်လေသည်။

“ဘယ်လိုဖြစ်လာသလဲ အရှင်မြတ်ရဲ့ သပိတ်ကော…”

သူဌေး၏အမေးကို လူယုံက ချောက်ချားစွာ ဖြေ၏။

“မီးတောက်ကြီးတွေ မီးကျီးခဲတွေ မီးကျီးတွင်းကြီး…”

“အို… ဘာတွေပြောနေမှန်း မသိဘူး။ တစ်ယောက်ယောက်လာစမ်း အရှင်မြတ်ရဲ့ သပိတ်ကို သွားဆောင်ခဲ့စမ်း”

ကျေးကျွန်လူယုံနောက်တစ်ယောက် နောက်တစ်ယောက် စေလိုက်သမျှ လူတိုင်း သွေးပျက်ထိတ်လန့်ကာ ပြန်ပြေးလာကြပြီး…

“မီးတွေ မီးလျှံတွေ မီးကျီးတွင်းကြီး…”

ဟုသာ ရေရွတ်နေကြသည်။

ထိုအချိန်ဝယ် မာရ်နတ်ကား မီးကျီးတွင်းအထက် ကောင်းကင်၌ တည်လျှက် တဟားဟား ဟစ်အော်ရယ်မောနေ၏။

ဇာရာဇာသီသူဌေး ဆင်ခြင်ကြံဆ၍ သိလိုက်ပြီ။

"ငါ့အလှူကို ဖျက်ဆီးဖို့ ဝသဝတ္တီပြည်က မာရ်နတ် စစ်ထိုးနေခြင်း ဖြစ်မယ်။ စစ်ထိုးလိုက်စမ်း မာရ်နတ်... သင့်လို မာရ်နတ်များ တစ်ဦးတည်း မဆိုထားနဲ့ မာရ်နတ်တို့ အထောင်အသောင်း အသိန်းတို့ပင် လာစေဦး ငါ့ရဲ့ မတုန်မလှုပ် မကြောက်မရွံ့တဲ့ နှလုံးသားကို သင်မြင်ရစေမယ်။ ကိုင်း... အခု မာရ်နတ်ကပဲ အားကြီးသလား ငါကပဲ အားကြီးသလား သိစေရမယ်"

ထိုသို့ကြုံးဝါးလျှက် သူဌေးသည် စီမံထားသော နံနက်စာကို ဆွမ်းခွက်အဖြစ် ပြုပြင်၍ အိမ်ထဲမှ ထွက်လိုက်၏။

မီးတောက်မီးလျှံများက ဆီးကြိုနေကြသည်။

ဆွမ်းခွက်ကိုကိုင်လျှက် သူဌေးသည် မီးကျီးတွင်းနှုတ်ခမ်းဝ၌ ရပ်ကာ အပေါ်သို့ မော့်ကြည့်၏။ တဟားဟား ရယ်မောနေသော မာရ်နတ်ကို တွေ့ရပေပြီ။

"သင်... ဘယ်သူလဲ"

"ငါ... မာရ်နတ်"

"ဒီမီးကျီးတွင်းကို သင်ဖန်ဆင်းတာလား"

"ဟုတ်တယ်။ ငါ ဖန်ဆင်းတယ်"

"ဘာကြောင့် ဖန်ဆင်းသလဲ"

"သင့်အလှူကို ဖျက်ဆီးဖို့။ ပြီးတော့ ပစ္စေကဗုဒ္ဓါရဲ့အသက်ကို ဖျက်ဆီးဖို့"

သူဌေးသည် ဆွမ်းခွက်ကို တင်းတင်းပိုက်ကာ မီးကျီးတွင်း နှုတ်ခမ်းဝမှသည် မီးကျီးတွင်း၏အထက် အနားသပ်ဆီသို့ ပိုမိုနီးကပ်စွာ ချဉ်းကပ်တည့်ရပ်လိုက်၏။

"မာရ်နတ်ယုတ်... ငါ့အလှူကို ဖျက်ဆီးခွင့် သင်မရစေရဘူး။ အရှင်မြတ်ရဲ့အသက်ကို ဖျက်ဆီးခွင့်လည်း သင့်ကို မပေးဘူး။ အခု သင်နဲ့ငါ ဘယ်သူက ပိုအားကြီးသလဲဆိုတာ သိစေရမယ်"

"ဟား... ဟား... ဟား... လုပ်လိုက်စမ်းလေ။ သူဌေးပြာကျသွားတဲ့ သင်နဲ့ အစာပြတ်ပြီး လဲကျသေဆုံးသွားတဲ့ ပစ္စေကဗုဒ္ဓါကို ငါမြင်ချင်လှပြီ"

သူဌေးသည် မီးကျီးတွင်း နှုတ်ခမ်းဝ၌ ရပ်လျက်...

"အရှင်မြတ် ပစ္စေကဗုဒ္ဓါဘုရား... တပည့်တော်သည် ဤဆွမ်းကို လှူသည့်ရှိသော် စင်စစ်ဖြစ်သဖြင့်လျှင် ဤမီးကျီးတွင်း ငရဲသို့ ဦးစောက်ကျွမ်းပြန်ကျပြားအံ့... ကျပါစေဘုရား။ ကျသော်ငြား တပည့်တော်သည် အလှူမပေးခြင်း၊ သီလမစောင့်ခြင်း၊ သူတော်ကောင်းတို့ မပြုအပ်သည်ကိုပြုခြင်း၊ မသူတော်တို့ပြုသည်ကို ပြုခြင်းတည်းဟူသော "အနရိယ" အမှုကို တပည့်တော်မပြုပါ။ မကြံပါဘုရား...။ အရှင်ဘုရားသည်သာ တပည့်တော်၏ လှူအပ်သော ဤဆွမ်းကို ခံယူတော်မူပါရော့ ဘုရား"

ထိုသို့ ဂါထာရွတ်လျှက် သူဌေးသည် မီးကျီးတွင်းထဲမှ တောက်လောင်လွန့်လူး ထိုးထွက်နေသော မီးတောက်မီးလျှံများပေါ်သို့ ခြေလှမ်းစတင် ကြွလှမ်းလိုက်လေသည်။ ထိုခဏမှာပင်...

အတောင်ရှစ်ဆယ် မီးကျီးတွင်းအပြင်မှနေ၍ အဆင့်ဆင့် အထပ်ထပ်သော ပွင့်ချပ်ပေါင်း တစ်ရာတို့ဖြင့် တန်ဆာဆင်အပ်သော ပဒုမ္မာကြာပွင့်ကြီး ပေါက်လာ၏။ ပဒုမ္မာကြာပွင့်သည် သူဌေး၏ခြေဖဝါးကို အသင့်ခံလင့်၏။ ပဒုမ္မာကြာပွင့်မှ ရွှေရောင်ဝင်းနေသော ဝတ်မှုန်တို့ တဖွားဖွားတက်ပျံလာကြသော သူဌေး၏ ထိပ်ထက်ဆီသို့တိုင် လွင့်လျှက် သူဌေးတစ်ကိုယ်လုံး အပေါ် ရွှေဝတ်မှုန်များ သွန်ကြဲကျရောက်လေသည်။

သူဌေးသည် ပဒုမ္မာကြာ၏ အချက်ဖဟိုဋ်၌ တည့်ရပ်လျှက် ဘောဇဉ်အာဟာရကို အရှင်ပစ္စေကဗုဒ္ဓါ၏ သပိတ်ထဲသို့ လောင်းလှူသည်။ အရှင်မြတ်သည် ဘောဇဉ်ကို ခံယူ၍ အနုမောဒနာပြု၏။ ထို့နောက် သပိတ်ကို ထက်ကောင်းကင်အမြင့်သို့ပစ်၍ လူအများ၏ မျက်ဝါးထင်ထင် အမြင်ရှေ့မှောက်မှာပင် ကိုယ်တော်တိုင်လည်း ကောင်းကင်သို့တက်လျှက် တိမ်လွှာတို့ကို နင်းဘိသကဲ့သို့ ကြွတော်မူကာ ဟိမဝန္တာသို့ ရှေ့ရှုထွက်ခွာ သွားတော်မူလေသည်။

မာရ်နတ်၏ တဟားဟားရယ်မောသံ ချုပ်ငြိမ်းသွားသလို မီးကျီးတွင်းပေါ်ခဲ့သောနေရာ၏ အထက်တွင် ကိုယ်ရောင်ပြခဲ့သော ရုပ်သဏ္ဍာန်လည်း ပျောက်ကွယ်သွားလေပြီ။

ဗာရာဏသီသူဌေးသည် ပဒုမ္မာကြာ၏ အချက်ဗဟို၌ ရပ်လျက်ပင် ဝိုင်းအုံစုဝေးနေကြသော ပရိသတ်အား ဒါန၊ သီလတရားကို ဟောကြားလေသည်။

**MRAQN**

အနာထပိဏ်သူဌေး၏ လျှောက်ထား တောင်းပန်ချက်ဖြင့် အတိတ်ကိုဆောင် ဟောကြားတော်မူပြီးနောက် မြတ်စွာဘုရားရှင်သည်...

"အနာထပိဏ်သူဌေး... သင်သည် သောတပတ္တိမဂ်ဉာဏ်ဖြင့် ပြည့်စုံသည်ဖြစ်၍ ယခုအခါ နတ်သည်သင့်ကို တုန်လှုပ်စေခြင်းငှာ မစွမ်းနိုင်။ ဤမတုန်လှုပ်ခြင်းသည် အံ့ဖွယ်မရှိသေး။ ရှေးပညာရှိတို့သည် ပြုအပ်သော မတုန်မလှုပ် ခြင်းသည်သာလျှင် အံ့ဖွယ်သရဲရှိ၏"

ဟု တရားဒေသနာတော်ကို ဆောင်တော်မူ၍ အနုသန္ဓေကို စပ်လျက် မိန့်တော်မူသည်မှာ...

"ထိုစဉ်အခါက ပစ္စေကဗုဒ္ဓါသည် ထိုဘဝ၌ပင်လျှင် ပရိနိဗ္ဗာန်ပြုပြီး ယခုအခါ ငါဘုရားသည် ထိုအခါက မာရ်နတ်အား ရှုံးစေ၍ ပဒုမ္မာကြာ၏ အချက်ဗဟို၌ရပ်ကာ ပစ္စေကဗုဒ္ဓါအား ဆွမ်းလှူသော ဗာရာဏသီသူဌေး ဖြစ်ခဲ့ဖူးပြီ"

ဟူ၍ အတိတ်ကို ပေါင်းတော်မူလေသည်။

**MRAQN MRAQN MRAQN MRAQN**

## ၆။ မျက်မမြင်မာလိန်မှူး

"သုပ္ပါရက"

ကုရုတိုင်း၏ အသရေကို တင့်တယ်စေသော ထင်ရှားကျော်ကြားသည့် ပုဂ္ဂိုလ်များ ရှိကြသည့်အနက် သုပ္ပါရကသည်လည်း တစ်ဦးအပါအဝင်ဖြစ်၏။

ကုရုတိုင်းတွင် နလုံးရည်စွမ်းပြည့်ဝသော ပညာရှိများ၊ လက်ရုံးရည်စွမ်းထက်မြက်သော သူရဲကောင်းများ ပစ္စည်းဥစ္စာ အလွန်ကြွယ်ဝချမ်းသာကြသော အမိတဘောဂ သူကြွယ်ကြီးများ ရှိကြသည်။ သူတို့သည် ကုရုတိုင်း၏ ဂုဏ်ဆောင်များပင် ဖြစ်ကြ၏။ ထိုသို့သော ဂုဏ်ဆောင်ပုဂ္ဂိုလ်များအနက်တွင် သုပ္ပါရက၏ အမည်သတင်းမွှေးကြိုင်ပုံ အသရေတင့်ပုံမှာ တစ်မျိုးတစ်ဘာသာ ဖြစ်လေသည်။

ပထမအချက်မှာ သုပ္ပါရကသည် လွန်စွာပင် နိစ္စသီလ၌ လုံခြုံသူဖြစ်၏။ လူမှန်းသိတတ်သော အရွယ်မှစ၍ သုပ္ပါရကသည် သေစေလိုသော စေတနာဖြင့် သူ့အသက်ကို ညှဉ်းဆဲခြင်း၊ သတ်ဖြတ်ခြင်း လုံးဝမပြုဖူးခဲ့။ မြက်ဝါးခြမ်းစိတ်မှစ၍ သူ့ဥစ္စာကို မယူဘူးခဲ့။ လောဘတဏှာ၏ အစွမ်းဖြင့် သူတစ်ပါးသားမယားကို ကြည့်ရှုမျှပင် မကြည့်ဘူးခဲ့။ မဟုတ်မမှန်စကားကို အလျဉ်းမဆိုဘူးခဲ့။ မြက်ဖျားစွတ်မျှသော သေရည်ကိုပင် မသုံးဆောင်ဘူးခဲ့။ ဤသို့သော သီလငါးခုကို သုပ္ပါရကသည် ကျိုးပေါက်ခြင်းကင်းစွာ လုံခြုံသူ ဖြစ်လေသည်။

ဒုတိယအချက်မှာ အသက်တစ်ဆယ့်ခြောက်နှစ်အရွယ်မှာပင် သုပ္ပါရကသည် လူတကာတို့ တတ်မြောက်ရန် ခက်ခဲသော သင်္ဘောသူကြီး မာလိန်မှူးအတတ်၌ တစ်ဖက်ကမ်းခတ် တတ်မြောက်ကျွမ်းကျင်ခြင်းပင် ဖြစ်၏။ သင်္ဘောသူကြီး မာလိန်မှူးကောင်း ဆိုသည်မှာ ပင်လယ်သမုဒ္ဒရာ အတွေ့အကြုံကို နှစ်ပေါင်းများစွာ ဖြတ်သန်းဆည်းပူးပြီးမှ တတ်မြောက် ကျွမ်းကျင်သော အရာဖြစ်၏။ ထို့ကြောင့် ကုရုတိုင်း၊ ကုရုသင်္ဘောဆိပ်များ၌ ဝင်ထွက်ဆိုက်နား သွားလာကြသော သင်္ဘောတို့၏ မာလိန်မှူးများမှာ အနည်းဆုံး အသက်ငါးဆယ်အရွယ်နှင့် ယင်းအထက်သင်္ဘောသူကြီးများသာ ရှိကြသည်။ ထိုသင်္ဘောသူကြီး မာလိန်မှူးများတွင် သုပ္ပါရကသည် အသက်အငယ်ဆုံး ဖြစ်သည့်အပြင် အကျွမ်းကျင်ဆုံးလည်း ဖြစ်နေပြန်လေသည်။

ကုရုတိုင်းတွင် ကြီးမားသော လှေဆိပ်၊ သင်္ဘောဆိပ်များတည်ရှိပြီး ထိုဆိပ်များ၌လည်း ပင်လယ်သမုဒ္ဒရာကို ဖြတ်သန်းသော ရေယာဉ်သင်္ဘောကြီးများဖြင့်လည်း အထူးစည်ကားရာဖြစ်၏။ အခြားသော တိုင်းဌာနီများမှ သင်္ဘောများ ကုရုတိုင်းမှ သင်္ဘောများသည် ကုရုသင်္ဘောဆိပ်တွင် နေ့နေ့ညည်ညည့် ဥဒဟို ဝင်ထွက်သွားလာ ဆိုက်လာနေကြသည်။ ထို့ပြင် သင်္ဘောဆိပ် အခွန်အတုတ်များ ဝင်ကုန်ထွက်ကုန် ရောင်းဝယ်ဖောက်ကားခြင်းမှ ရရှိသော ငွေကြေးများ အထူးထူးသော ပစ္စည်းဘဏ္ဍာ ကုန်စည်များမှနေ၍ ကုရုတိုင်း၏ ချမ်းသာကြွယ်ဝမှုကို အဓိကတိုးမြှင့်ဖွံ့ဖြိုးစေသော အချက်အချာလုပ်ငန်းကြီးလည်း ဖြစ်လေသည်။

ဤလုပ်ငန်းကြီးတွင် သုပ္ပါရက၏ မာလိန်မှူးအဖြစ် စွမ်းဆောင်မှုသည်လည်း အချက်အချာ ကျနသည်။ ထို့ကြောင့် သုပ္ပါရကသည် ကုရုတိုင်းတွင် လူတိုင်းသိသော၊ အကျော်ဇေယျမာလိန်မှူး ဖြစ်လာသည်။ ဤကား ဒုတိယအချက်...

တတိယအချက်ကား... သုပ္ပါရက၏ ရှင်းသန့်တည်ငြိမ်သော ဉပမိသွင်ပြင်ဖြစ်၏။ ပင်လယ်သမုဒ္ဒရာ၌ ကျင်လည်ကျက်စားသွားလာ လှုပ်ရှားနေကြသူတိုင်း လိုလိုပင် ရေဒဏ်၊ လေဒဏ်၊ လှိုင်းဒဏ်တို့ကြောင့် အသားအရေမှာ မည်းညစ်နက်မှောင်ကြသည်သာ ဖြစ်၏။ သုပ္ပါရကမှာကား ထူးထူးခြားခြားပင် ရွှေအဆင်းနယ် ဝင်းသော အသားအရေကို ပိုင်ဆိုင်ထားသည်။ တည်ငြိမ်အေးဆေး၍ ပြတ်သားတိကျစွာ ဆုံးဖြတ်အမိန့်ပေးတတ်သော ထိုအမိန့်အတိုင်းလုပ်ဆောင်သမျှ မှားယွင်းသည်ဟူ၍ မရှိသော အရည်အသွေးကလည်း သုပ္ပါရက၏ ဉပမိတင့်တယ်ခြင်းကို ပို၍ အရောင်လက်စေလေသည်။

ဖခင်ဖြစ်သူ သင်္ဘောသူကြီး ကွယ်လွန်ချိန်၌ သုပ္ပါရကသည် အသက်နှစ်ဆယ်ပင် မပြည့်တတ်သေးချေ။ သို့သော် တစ်ဆယ့်ခြောက်နှစ် အရွယ်ကတည်းကပင် ဖခင်ကြီး၏ လေ့ကျင့်သင်ကြားပေးမှုကြောင့် သင်္ဘောသူကြီး အတတ်ကို အလုံးစုံတတ်မြောက်ခဲ့ပြီးဖြစ်၍ သုပ္ပါရကသည် ငယ်ငယ်ရွယ်ရွယ်ဖြင့်ပင် မာလိန်မှူးကောင်းတစ်ယောက် ဖြစ်လာခဲ့သည်။

သုပ္ပါရက အုပ်ချုပ်သော သင်္ဘောများသည် မည်သည့်အခါမျှ ပျက်စီးခြင်း၊ နစ်မြုပ်ခြင်း၊ လေကြောင်းရေကြောင်း လွဲချော်ခြင်းမရှိ။ သင်္ဘောအမှုလုပ်များသည်လည်း သုပ္ပါရက၏ အုပ်ချုပ်မှုအောက်တွင် မည်သည့်အခါမျှ တာဝန်ပျက်ကွက်ခြင်း၊ ပေါ့လျော့ခြင်းမရှိကြ။ ပင်လယ်သမုဒ္ဒရာဆိုင်ရာ အတွေ့အကြုံ ဗဟုသုတနှင့် ဘဝတိုးတက်မှုကို လိုလားသူများသည် သုပ္ပါရက၏ ခေါင်းဆောင်မှုအောက်တွင်သာ အမှုထမ်းလိုကြသည်ချည်းဖြစ်သည်။

ထိုသို့သော ကောင်းသတင်း အကြောင်းခြင်းရာများကြောင့် သုပ္ပါရကသည် ကုရုတိုင်း အထူးသဖြင့် ကုရုသင်္ဘောဆိပ်၏ ရေကြောင်းဆိုင်ရာ သွားလာရေး၊ စီးပွားဉစ္စာ တိုးတက် ချမ်းသာရေး နယ်ပယ်တွင် မသိမရှိသော လူချစ်လူခင် များသည့် မာလိန်မှူးတစ်ယောက်အဖြစ် ထိုက်တန်စွာ ရောက်ရှိခဲ့လေသည်။

သို့သော်…

ကုရုတိုင်းသားတို့နှင့် သဘော်အမှုလုပ်များအားလုံး ရင်ကွဲပက်လက်ဖြစ်ရသော တစ်နေ့သို့ ရောက်ရှိလာခဲ့၏။

အမင်္ဂလာသတင်းဆိုးသည် ကုရုသဘော်ဆိပ်မှ အစပြု၍ ကုရုတိုင်းတစ်ခွင်သို့ ချက်ချင်းပျံ့နှံ့သွားသည်။

"သုပ္ပါရက မာလိန်မှူးလေး… စက္ခုနှစ်ကွင်း အလင်းကွယ်သွားပြီတဲ့"

"အလိုလေး… ဖြစ်မှဖြစ်ရလေခြင်း၊ ဘာကြောင့်များ…"

"အနှစ်နှစ်အလလ အားကြိုးမာန်တက် လုပ်ခဲ့တဲ့ ဒဏ်တွေ ဖြစ်မှပေါ့။ သူ့သဘော် အမှုလုပ်တွေအပေါ်မှာလည်း အင်မတန် စေတနာ မေတ္တာနဲ့ အုပ်ချုပ်ခန့်ခွဲခဲ့တာကလား"

"ဟုတ်ပါပြီ။ ဘာဖြစ်လို့ မာလိန်မှူးလေး မျက်စိကွယ်သွားတာတဲ့လဲ"

"အဲဒီဒဏ်တွေလေ… ဆားငန်ရေတွေ မျက်စိထဲဝင်ရာက တစ်စတစ်စ အခြေအနေ ဆိုးလာပြီး အခုတော့ လုံးလုံးကြီးကို ကွယ်သွားသတဲ့လေ"

"ဖြစ်မှဖြစ်ရလေခြင်း၊ ဖြစ်မှဖြစ်ရလေခြင်း"

"ကုရုသဘော်ဆိပ်အတွက်တော့ ကြီးစွာသော ဆုံးရှုံးမှုပါပဲကွယ်"

"ဒါဖြင့် မျက်စိမမြင်တော့တဲ့ တို့မာလိန်မှူးလေး ဘာဆက်လုပ်မလဲ"

"အဲဒါကတော့ သူ့အပေါ်မူတည်တာပဲလေ"

အမှောင်ထု၊ အမှောင်တိုက်မှ အပ ဘာကိုမျှ မထိတွေ့မခံစားရတော့သော ဘဝကို ကူးပြောင်းရောက်ရှိခဲ့ပြီ ဖြစ်၏။

သုပ္ပါရကသည် မိမိ၏ ဝင်္ကြွေးကံကြမ္မာကို တည်ငြိမ်စွာ သုံးသပ်၏။

"ယခုဘဝမှာ ငါသည် ဂရုမေ့မှုနိစ္စသီလကို လုံခြုံအောင် စောင့်ထိန်းတယ်။ မိမိရဲ့ အသက်မွေးမှုမှာလည်း အများကောင်းကျိုးကို ရှေ့ရှုဆောင်ရွက်ခဲ့တယ်။ သို့သော် ငါ့မှာ စက္ခုနှစ်ကွင်း အလင်းကွယ်ခဲ့ရတယ်။ ငါ ဒီလိုဖြစ်လိမ့်မယ်လို့ ငါ့ကိုယ်ငါ မတွေးထင်ခဲ့မိသလို

ဘယ်သူကမှလည်း တွေးထင်ခဲ့မှာ မဟုတ်ဘူး။ ဒါပေမယ့် တကယ်ပဲ ငါဟာ အမြင်အာရုံ လုံးဝဆုံးရှုံးသူ ဖြစ်ခဲ့ရပြီ။ အကြားအာရုံနဲ့ အထိအတွေ့အာရုံကိုသာ လုံးဝဥဿုံအားကိုးရတဲ့ ဒုက္ခိတလုံးလုံးဖြစ်ခဲ့ပြီ။ ဒါဘာကြောင့်လဲ။ ယခုဘဝမှာ ငါဟာ အကောင်းဆုံး နေထိုင်ကျင့်သုံးသော်လည်း သံသရာဘဝ ဝဋ်ကြွေးတစ်ခုကို ကြေအောင်ဆပ်နေရပြီကော။ အင်း… ဒုက္ခိတ မျက်မမြင်ဒုက္ခိတ"

ဉာဏ်ပညာအမြော်အမြင်နှင့် ပြည့်စုံသော သုပ္ပါရကသည် အတွေးစကို ထိုမျှဖြင့် ရပ်တန့်ခြင်းမပြု။

"ဒုက္ခိတ… တဲ့လား။ အင်း… မမြင်နိုင်တော့တာဟာ ဒုက္ခပဲပေါ့။ သို့သော် အမြင်အာရုံ ဆုံးရှုံးရုံနဲ့ အရာရာကို ဆုံးရှုံးပြီလို့ ဆိုရမှာလား မဟုတ်ဘူး။ ငါ့မှာ အကြားအနံ့ အထိအတွေ့ အရသာဆိုတဲ့ ကျန်အာရုံတွေ အကောင်းကြီးရှိသေးတာပဲ။ ဒါ့အပြင်…"

"အင်း… ငါ့မှာ ဉာဏစက္ခုဆိုတဲ့ ဉာဏ်ပညာအမြော်အမြင် ရှိနေသေးတာပဲ။ ငါဟာ အမြင်ဆုံးသူ ဖြစ်သွားပေမယ့် ဘဝရှုံးသူ မဖြစ်စေရဘူး။ ဒီတော့…"

"အင်း… သင်္ဘောသူကြီး မာလိန်မှူး ဘဝကိုတော့ ငါပြန် မရနိုင်တော့ဘူး။ မျက်မမြင်တစ်ယောက်ကို ဘယ်သူက မာလိန်မှူးအဖြစ် ယုံကြည်နိုင်ပါတော့မလဲ။ ဒါဆိုရင် ငါဘာလုပ်မလဲ"

"ဟုတ်ပြီ။ သင်္ဘောသူကြီးမာလိန်မှူးဟာ မျက်စိကွယ်သွားလို့ ရေပြင်နဲ့ သင်္ဘောမှာ လုပ်စရာမရှိတော့ရင် ကုန်းမြေနဲ့ မင်းရင်ပြင်ဆီကို ရွှေ့ပြောင်းရမှာပေါ့"

သုပ္ပါရက ဆုံးဖြတ်ချက်ချလိုက်၏။

"ကုရုတိုင်းရဲ့ အရှင်ကုရုဘုရင်ထံမှာ ငါ အခစားဝင်မယ်။ မင်းကို အမှီပြုပြီး အသက်မွေးမယ်"

## MRAQN

ကုရုမင်းသည် သဘောသဘာဝ ကောင်းမွန်သူ ဖြစ်သော်လည်း အသိဉာဏ်ဆင်ခြင်တုံ ပညာဥာဏ် အားနည်းသူဖြစ်သည်ဟု သုပ္ပါရက မှန်းဆမိ၏။

နန်းတော်သို့ ဝင်ရောက်ခစား၍ မိမိ၏အဖြစ်ကို သံတော်ဦးတင်ကာ မင်းကို အမှီပြု၍ အသက်မွေးဝမ်းကျောင်း ပြုပါရစေဟု ဆိုသောအခါ ကုရုမင်းက…

"သုပ္ပါရက သင့်အကြောင်း ကျွန်ုပ်သိထားတယ်။ သင်ဟာ သင်္ဘောသူကြီးမာလိန်မှူးအဖြစ် ဂုဏ်သတင်းမွှေးသူပေပဲ။ ကျွန်ုပ်ကို အမှီပြုပြီး သင်အသက်မွေးမယ် ဆိုတာကို ကျွန်ုပ်လက်မခံနိုင်စရာ မရှိပေဘူး။ သို့သော်... သင်က..."

"ကျွန်တော်မျိုး မျက်မမြင်ဒုက္ခိတ ဖြစ်နေတာကို ညွှန်းပါသလား အရှင်..."

"အင်း... ဟုတ်တယ်။ သင့်ကို လက်ရုံးရည်အရာနဲ့ အမှုတော် ထမ်းပေးဖို့ မသင့်တော်ပေဘူး။ အင်း... နှလုံးရည်အရာနဲ့ပဲ သင့်မြတ်မယ် ထင်တယ်။ သင်ဟာ ဉာဏ်ပညာကြီးသူဖြစ်တယ်လို့ ကျွန်ုပ်သိထားတယ်။ ဒါကြောင့် သင်နဲ့ သင့်လျော်မယ့် အမှုတော်တစ်ခု၊ ယခုပဲ ကျွန်ုပ်ဆုံးဖြတ်လိုက်ပြီ။ ကျွန်ုပ်ထံသို့ ဆက်သလာတဲ့ ရတနာများရဲ့ အကောင်းအဆိုး အကျိုးအပြစ်ကို အရာဌာန ဆုံးဖြတ်စိစစ်တဲ့ ရာဖြတ်အမှုတော်ထမ်းရမယ်"

မင်းမိန့်ဖြစ်သည်။ သုပ္ပါရကသည် ဘုရင့်အမိန့်တော်ဖြင့် "ရာဖြတ်" အဖြစ် အမှုထမ်းရမည်ကို စိုးစဉ်းမျှ တွန့်ဆုတ်ခြင်းမရှိပေ။ မိမိသည် သင်္ဘောသူကြီး မာလိန်မှူးအဖြစ် ပင်လယ်သမုဒ္ဒရာကို ဖြတ်သန်းပြီး ဒေသအနှံ့ ရောက်ရှိခဲ့ရာ၌ ရွှေငွေ ပုလဲ ကျောက်သံ ပတ္တမြားစသော ရတနာများဆိုင်ရာ ဗဟုသုတကို ကောင်းစွာ ကျွမ်းကျင်ထားပြီးဖြစ်၏။ သို့သော် မိမိသို့နယ်သော မျက်မမြင်မာလိန်မှူးအတွက် ရာဖြတ်အလုပ်ထက် ပို၍ သင့်မြတ်သော အခြားအလုပ်များရှိနေသည်ဖြစ်သည်။ ဥပမာ ဘုရင့်ရေတပ်၊ လှေတပ်တွင် အမှုထမ်းများအား ရေကြောင်းဆိုင်ရာ လှေသင်္ဘောဆိုင်ဆိုင်ရာ ပညာရပ်များကို သင်ကြားပို့ချသော အလုပ်မျိုး။

ကုရုဘုရင်သည် အမှုတော်ထမ်းတစ်ဦးအား သက်ဆိုင်ရာ အရည်အချင်းအလျောက် သက်ဆိုင်ရာအမှုတော်၌ နေရာချထားနိုင်စွမ်း မရှိသည့် ဆင်ခြင်ဉာဏ် အားနည်းရှာသူပါတကား... ဟု သုပ္ပါရက မှတ်ယူလိုက်လေသည်။

မည်သို့ရှိစေ သုပ္ပါရကသည် ဘုရင့်ရာဖြတ် ဖြစ်ခဲ့လေပြီ။

ဘုရင့်ရာဖြတ် အမှုတော်မှာ အခြားသော အခွန်ဘဏ္ဍာ ငွေဆိုင်ရာ ရာဖြတ်အမှုထမ်းများကဲ့သို့ ပြုဖွယ်အမှု များများစားစား ရှိသည်မဟုတ်။ ဘုရင်ခံ ဆက်သလာသော ဆင်၊ မြင်း၊ ရထားနှင့် အခြား ရွှေငွေ ကျောက်သံတို့အပေါ် တန်ဖိုးဖြတ်ရသည့် အလုပ်ဖြစ်၏။ အကြောင်းအမျိုးမျိုးအရ ဘုရင့်ထံ ဆက်သလာသော ထိုအရာတို့သည် ဆိုင်ရာဌာနများကို

မရောက်မီ သုပ္ပါရကကို ဦးစွာဖြတ်သန်းရသည်။ သုပ္ပါရကအနေဖြင့် ထိုအရာများ၏ အကျိုးအပြစ်၊ ဂုဏ်ရည်နှင့် ထိုက်သင့်သည့် တန်ဖိုးများကို အဖိုးဖြတ်ပေးရလေသည်။

အသိဉာဏ်ပညာဗဟုသုတဖြင့် ပြည့်စုံသော သုပ္ပါရကသည် ဤရာဖြတ်ပညာ၌လည်း ကျွမ်းကျင်သူဖြစ်ကြောင်း သိလာကြရ၏။

တစ်နေ့သောအခါ ကုရုမင်းထံ ဆက်သရန်ဟူ၍ ဆောင်ကြဉ်းလာခဲ့ကြသော ဆင်တစ်စီး သုပ္ပါရကထံသို့ ရောက်လာ၏။

"မင်္ဂလာဆင်တော်အဖြစ် ဘုရင့်ထံဆက်သဖို့ ရောက်လာပါတယ်။ ဘုရင်မင်းမြတ်က သုခမိန်ထံ ဦးစွာပြသပါစေလို့ အမိန့်တော်မှတ်လိုက်ပါတယ်"

မျက်မမြင်သော သုပ္ပါရကသည် အထိအတွေ့အာရုံဖြင့် မင်္ဂလာဆင်တော်ကို စမ်းသပ်စစ်ဆေးရသည်။

နာမောင်း၊ အစွယ်၊ ဦးကင်း အစိတ်အပိုင်းများကို တစ်ခုချင်း စမ်းသပ်၏။ အပြစ်ဆိုဖွယ်မရှိ။ မင်္ဂလာဆင်တော်ဖြစ်ထိုက်သော အင်္ဂါရပ်များကို တွေ့ရ၏။ ဆင်၏ ကျောကုန်း၊ ရှေ့ခြေနောက်ခြေ၊ အမြီးဆီသို့ တဖြည်းဖြည်း စမ်းသပ်လိုက်သည်။ နောက်ခြေအစုံသို့ သုပ္ပါရက၏ လက်ချောင်းများ ရောက်သွား၏။

တိကျပြတ်သားသော လေသံဖြင့် သုပ္ပါရက အခိုင်အမာ ပြောလေသည်။

"ဒီဆင်ကို မွေးဖွားစဉ်က သူ့မိခင်ဆင်မကြီးဟာ နောက်ခြေနဲ့ ခံမထားခဲ့ဘူး။ ဒါကြောင့် မွေးစဉ်က ခြေနဲ့ကျခဲ့တယ်။ နောက်ခြေနိမ့်နေတယ်"

မင်္ဂလာဆင်တော် ဆက်သရန် ဆောင်ကြဉ်းလာသူများ လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။ သုပ္ပါရက တည်ငြိမ်စွာ ဆက်ပြော၏။

"ဆင်မှာ အကျဉ်းလက္ခဏာ ၆၄ပါး ရှိတယ်။ အဲဒီ ၆၄ပါးကပြတဲ့ အင်္ဂါ အစိတ်အပိုင်း နေရာများက အကျယ် ၃၁၅ပါး ရှိတယ်လို့ ဂဇသျှတ္တရကျမ်းများက ပြဆိုထားတယ်။ အဲဒီ ၃၁၅ပါးထဲက ခြေလက္ခဏာ ၁၅ပါးအနက်မှာ ခြေသည် မကြီးမငယ် ကိုယ်နှင့်တန်စေ…

တင်ရှိးကသည် ပေါင်စဉ်ထက်တိုင်အောင် ချမ်းမြေ့စေဆိုတဲ့ လက္ခဏာရပ်ပါရှိပါတယ်။ ဒီဆင်ဟာ နောက်ခြေနစ်ဖက် နိမ့်စွာနဲ့မြေသို့ကျနေတဲ့အတွက် မင်္ဂလာဆင်တော် မဖြစ်ထိုက်ဘူး"

ဆင်ကိုယူဆောင်လာသူများက အမှန်ပင် ဤဆင်ကို မွေးဖွားစဉ်က နောက်ခြေဖြင့် မြေသို့ကျခဲ့ကြောင်း ဝန်ခံကြရလေသည်။

ကုရုမင်းလည်း နှစ်သက်အားရစွာ သုပ္ပါရကအား ဆုလာဘ် ချီးမြှင့်လိုက်၏။ ချီးမြှင့်သော အသပြာမှာ ရှစ်အသပြာ။

## MRAQN

တစ်နေ့တွင် ဘုရင်အား ဆက်သရန် ဟူ၍ မြင်းတစ်စီး ရောက်လာပြန်၏။ သုပ္ပါရကသည် မြင်းကို သုံးသပ်၍ မှတ်ချက်ချသည်။

"ဒီမြင်းကို ဖွားမြင်ပြီးပြီးချင်းပဲ မိခင်မြင်းမဟာ သေဆုံးခဲ့တာဖြစ်မယ်။ ဒီမြင်းဟာ နို့ရည်ကို သောက်စို့ခြင်း မပြုခဲ့ရဘူး။ နို့မျက်ပြီးကောင်းစွာ မကြီးပြင်းခဲ့ရဘူး"

မြင်းကိုယူဆောင်လာသူများက ငြင်းဆန်ကြ၏။ သို့သော် သုပ္ပါရကက မြင်းကြန်အင် အသသိပ္ပ မြင်းအတတ်ဆိုင်ရာ အချက်အလက်များကို ခိုင်လုံစွာ ကိုးကားရွတ်ဆိုလျှက် ရှင်းပြလိုက်သည်။ မြင်းယူလာသူများ နောက်ဆုံး၌ ဝန်ခံကြရလေသည်။

ကုရုမင်းလည်း အားရလျှက် ဆုလာဘ်ချီးမြှင့်လိုက်၏။ ရှစ်အသပြာ။

## MRAQN

တစ်နေ့သောအခါ မင်းသုံးမင်္ဂလာရထားဖြစ်အံ့ဟူ၍ ရထားတစ်စီး ရောက်လာပြန်သည်။ သုပ္ပါရက စမ်းသပ်၍ ဆို၏။

"အခေါင်းရှိတဲ့သစ်နဲ့ ပြုလုပ်ထားတယ်။ ဒီရထားဟာ ဘုရင်မင်းမြတ်များနဲ့ မလျောက်ပတ်ဘူး။ မင်္ဂလာရထား မဖြစ်ထိုက်ဘူး"

ဤအကြိမ်မှာလည်း သုပ္ပါရကအနေဖြင့် ကုရုမင်းထံမှ ရရှိလိုက်သော ဆုလာဘ်မှာ ရှစ်အသပြာသာ ဖြစ်လေသည်။

## MRAQN

တစ်ကြိမ်တွင် ဘုရင်အား ဆက်သရန် အဖိုးထိုက်တန်သော ကမ္ဗလာအဝတ် ရောက်လာပြန်၏။ သုပ္ပါရက စမ်းသပ်၍...

"ကမ္ဗလာကို ချုပ်လုပ်ပုံနဲ့ ကမ္ဗလာရဲ့ မူလအဝတ်ကတော့ အလွန်ကောင်းမွန်ပါတယ်။ သို့သော် တစ်နေရာမှာ မသိမသာ ချိုင့်ဝင်နေတဲ့ အရာတစ်ခုရှိတယ်။ အဲဒါဟာ ကြွက်ခဲရာပဲ။ သိမ်းထားစဉ်က ကြွက်ဝင်ပြီးခဲခဲ့တဲ့အရာ ဖြစ်ရမယ်။ အပေါက်အပြဲတော့ မဟုတ်ဘူး။ သို့သော် ဘုရင်သုံးဖို့အတွက် မင်္ဂလာကမ္ဗလာအဖြစ် မထိုက်တန်ဘူး"

ရှစ်အသပြာရောက်လာပြန်၏။

သုပ္ပါရကသည် ပင်ကိုစိတ်ရင်းအားဖြင့် မာန်မာန ထောင်လွှားတတ်သူ မဟုတ်ချေ။ သို့သော် ကုရုမင်း၏ အပြုအမူကို သုပ္ပါရက သုံးသပ်ပိုင်းခြားလေသည်။

"ဘုရင့်ရာဖြတ်အဖြစ်နဲ့ အမှုထမ်းတဲ့ငါ့ကို ပုဂ္ဂိုလ်အရ မချီးမြှောက်ဘူးဆိုရင်လည်း ရှိပါစေ။ ငါဟာ ဆုလာဘ်ကို မျှော်ကိုးပြီး အမှုတော်ထမ်းနေတာ မဟုတ်ဘူး။ သို့သော် ကုရုမင်းအား ငါ့ရဲ့ ရာဖြတ်ပညာကိုတော့ လေးစားသိမှတ်ဖို့ လိုတယ်။ ပညာကို ပူဇော်တတ်ရမယ်။ ယခု ဆင်၊ မြင်း၊ ရထား၊ ကမ္ဗလာတို့ကို ငါက ဆိုင်ရာပညာများနဲ့ ဝေဖန်သုံးသပ် အကဲဖြတ်ပေးရာမှာ အကြိမ်တိုင်း အကြိမ်တိုင်းမှာပဲ ရှစ်အသပြာမျှသာ ချီးမြှင့်တယ်။ ရှစ်အသပြာဆိုတဲ့ ပမာဏဟာ ဆတ္တာသည်ကို ပေးသနားတဲ့ အတိုင်းအတာသာ ဖြစ်၏။ ဆံမုတ်ဆိတ်များကို သုတ်သင် သန့်ရှင်းပေးရတဲ့ ဆတ္တာသည်ပညာနဲ့ ငါ့ရဲ့ပညာကို တန်းတူထားတယ်။ ဒီမင်းကိုယ်တိုင်ပင်လျှင် ဆတ္တာသည်မျိုးရိုးကနေ ဆင်းသက်လာသူ ဖြစ်မယ်"

သုပ္ပါရက ဆုံးဖြတ်ချက်ချလိုက်၏။

"ဒီမင်းထံမှာ ရာဖြတ်အမှုထမ်းအဖြစ် ဆက်နေလို့တော့ ငါ့မှာလည်း ပညာအားဖြင့် ထင်ရှားမှာ မဟုတ်ဘူး။ ဂုဏ်ကျေးဇူး တိုးတက်ဖို့အတွက်လည်း မမြင်။ အသရေ တင့်တယ်ဖို့လည်းမရှိ။ ဒါကြောင့် ငါ မိမိနေရာမိမိ ပြန်သွားတော့မယ်"

သုပ္ပါရက ကုရုကစ္ဆသင်္ဘောဆိပ်သို့ ပြန်လာခဲ့လေသည်။

# MRAQN

သုပ္ပါရက ပြန်လာပြီဟူသော သတင်းသည် သင်္ဘောဆိပ်ရှိ ကုန်သည်များ၊ သင်္ဘောစီးရင်သူများ အကြားတွင် သတင်းကောင်း ဖြစ်သွားသည်။ ကုန်သည်များနှင့် သင်္ဘောတည်ဆောက်သူများ သုပ္ပါရကထံ ရောက်လာကြသည်။

"ဆရာသုပ္ပါရက... ကျွန်ုပ်တို့ အခု သင်္ဘောအသစ်တစ်စင်း တည်ဆောက်နေကြပါတယ်။ ဒီသင်္ဘောနဲ့ သမုဒ္ဒရာကို ထွက်ဖို့လည်း ရှိပါတယ်။ သင်္ဘောသူကြီးအဖြစ် ကျွန်ုပ်တို့ကို ဦးစီးပေးပါ"

"မိတ်ဆွေတို့... ကျွန်ုပ်ဟာ စက္ခုအလင်းကွယ်ခဲ့သူ ဖြစ်ပါတယ်။ မျက်မမြင်သူက မာလိန်မှူးအဖြစ် တာဝန်ယူဖို့ ကျွန်ုပ် မဝံ့ရဲပါဘူး"

"ဆရာသုပ္ပါရက... ဆရာဟာ မျက်စိမမြင်ပေမယ့် ဉာဏ်ပညာကြီးမားသူဖြစ်ကြောင်း၊ သင်္ဘောအတတ်ကို တစ်ဖက်ကမ်းခတ် တတ်မြောက်သူဖြစ်ကြောင်း အားလုံးသိကြပါတယ်။ ဆရာဦးစီးတဲ့ သင်္ဘောဟာ သမုဒ္ဒရာမှာ ကောင်းစွာ ခရီးသွားနိုင်မယ်လို့ ကျွန်ုပ်တို့ ယုံကြည်ပါတယ်"

သုပ္ပါရကက အကြိမ်ကြိမ် ငြင်းသည်။ ကုန်သည်များကလည်း အကြိမ်ကြိမ် တောင်းပန်ကြသည်။ နောက်ဆုံးတွင် သုပ္ပါရကသည် သင်္ဘောသူကြီးမာလိန်မှူးအဖြစ် ဦးစီးမပေးပါက မိမိတို့လည်း သင်္ဘော မထွက်တော့ပြီဟု ဆိုကြသဖြင့် လက်ခံလိုက်ရလေသည်။

အားလုံးအဆင်သင့် ဖြစ်ခဲ့ပြီ။

သုပ္ပါရက မာလိန်မှူးပြုသော သင်္ဘောသည် သမုဒ္ဒရာသို့ ထွက်ခဲ့၏။ မျက်စိမမြင်သော သုပ္ပါရကသည် သမုဒ္ဒရာအပြင်ရှိ လေ၏ရနံ့၊ ရေပြင်၏ရနံ့နှင့် အခြားအာရုံများကိုယူလျှက် သင်္ဘောကို ကောင်းစွာ ဦးစီးနိုင်ခဲ့၏။ ဤသို့ဖြင့် ခုနစ်ရက် လွန်မြောက်ခဲ့ပြီးနောက်...

သဘာဝအားဖြင့် ပေါ်ပေါက်လာသော လေစီးကြောင်းကြီးတစ်ခုပေါ်လာပြီး သင်္ဘောသည် ခရီးလမ်းကြောင်းလွဲလျှက် ပကတိသော မဟာသမုဒ္ဒရာအပြင်သို့ ရောက်သွားလေသည်။

သဘော်သည် မဟာသမုဒ္ဒရာ အပြင်၌ လေးလ ကာလပတ်လုံး ခရီးနှင် ခုတ်မောင်းခဲ့သည်။ ကြည့်လေရာရာတွင် ကောင်းကင် အဇဋ္ဌာ၏ မိုးကုတ်စက်ဝိုင်းနှင့် မဟာသမုဒ္ဒရာ ရေပြင်ကျယ်ကြီးတို့ ထိစပ်ရာ အနားရေးမှအပ ဘာကိုမျှ မတွေ့နိုင်သော မြင်ကွင်းကို ကြည့်ကာ ကုန်သည်များ သဘော်အမှုထမ်းများမှာ ချောက်ချားတုန်လှုပ်နေကြသည်။ သူတို့အားလုံး မဟာသမုဒ္ဒရာ ရေပြင်ကျယ်ကြီးကို မကြုံဖူးကြပေ။

သို့သော် သုပ္ပါရက၏ တည်ငြိမ်ခိုင်ခန့်သော အသွင်ကြောင့် သူတို့ဆောက်တည်ရာ ရသွား၏။ လေးလတိတိ ကုန်ဆုံးခဲ့ပြီးသည့် နောက်တွင်ကား...

**MRAQN**

"ဟယ်... ဟိုမှာကြည့်ကြစမ်း။ အဲဒါလူတွေလား။ ငါးတွေလား။ ကိုယ်ခန္ဓာက လူနဲ့တူလိုက်တာ။ ဒါပေမယ့် နှာခေါင်းက သင်တုန်းဓားသွားလို ထက်မြရှည်လျားနေတယ်။ ကြည့်ကြစမ်း... ရေထဲမှာ ငုပ်လိုက်ပေါ်လာလိုက်နဲ့..."

"လူ့ကိုယ်နဲ့တူတာတော့ ဟုတ်ရဲ့။ ဒါပေမယ့် လူမဖြစ်နိုင်ဘူး။ ငါးသတ္တဝါတွေပဲ ဖြစ်လိမ့်မယ်"

သဘော်တစ်စီးလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ သူတို့ပြောသည့်အတိုင်း သင်တုန်းသွားနှင့်တူသော နှာခေါင်းရှိသည့် လူခန္ဓာကိုယ်ဖြင့် ငါးကြီးများသည် သဘော်ကို ဝန်းရံလျက် ငုပ်ချည်ပေါ်ချည် ရှိနေကြ၏။

"ငါတို့ ဘယ်ကို ရောက်နေပြီလဲ။ ဒီလောက် အတိုင်းအဆမရှိ ကျယ်ပြောတဲ့ မဟာသမုဒ္ဒရာပြင်လည်း မရောက်ဖူးဘူး။ ဒီလို ထူးဆန်းတဲ့ ငါးကြီးတွေလည်း မမြင်ဖူးဘူး။ ငါတို့ ဘာလုပ်ရမှာလဲ"

"ဘာမှလုပ်မနေနဲ့။ ဘာမှလည်းပြောမနေနဲ့။ မာလိန်မှူးကိုပဲ မေးကြည့်ကြစို့"

ရေနင့်လေတို့၏ အန္တရာယ်ကို ခံရင်း ငါးများပွက်နေသည့် အသံကို နားထောင်နေသည့် သုပ္ပါရကထံ ဝိုင်းအုံလာကြသည်။

"သုပ္ပါရက ပညာရှိမာလိန်မှူးကြီး။ ကျုပ်တို့ ဘယ်ရောက်နေကြသလဲ။ သမုဒ္ဒရာပြင်မှာ သင်တုန်းသွားလို နှာခေါင်းနဲ့ လူ့ကိုယ်ရှိတဲ့ ငါးတွေဟာလည်း ငုပ်လိုက်ပေါ်လိုက်နဲ့ ဒီနေရာ ဘာပါလဲ"

သုပ္ပါရကထံတွင် အဖြေသည်ရှိနှင့်ပြီး ဖြစ်လေသည်။ မိမိဆည်းပူးခဲ့သော သမုဒ္ဒရာအဏ္ဏဝါဆိုင်ရာ ဗဟုသုတများက မှတ်ဉာဏ်ထဲတွင် အစီအရီ ပေါ်လာ၏။

"အမောင်တို့… ဒါ ခုရမာလိ သမုဒ္ဒရာလို့ခေါ်တယ်။ ဒီသမုဒ္ဒရာမှာ ကျက်စားတဲ့ငါးတွေဟာ အခုလိုပဲ ပုံပန်းသဏ္ဍာန်ရှိကြတယ်။ ဒါပေမယ့် ဒီငါးသတ္တဝါတွေကို စိတ်မဝင်စားကြနဲ့။ ဘေးအန္တရာယ်လည်း မပြုကြနဲ့။ သူတို့ဘာသာ လွတ်လပ်စွာ ကျက်စားမြူးတူးကြပါစေ။ သူတို့ကလည်း တို့ကို လာအန္တရာယ်မှ မပေးနိုင်ကြဘူး"

ကုန်သည်များသည် စိတ်ချလက်ချ ရှိသွားကြလေသည်။ သုပ္ပါရကမှာကား ကုန်သည်တို့ကို မပြောဘဲ မျိုသိပ်ထားလိုက်သော အကြောင်းအရာတစ်ခု ရှိနေသေးသည်။

"ခုရမာလိသမုဒ္ဒရာမှာ ဝဇိရစိန်ကျောက်များ ရှိနေတယ်။ ဒါကြောင့် ဝဇိရသမုဒ္ဒရာလို့လည်း ခေါ်တယ်။ သို့သော် ဒီသမုဒ္ဒရာအောက်မှာ ဝဇိရစိန်ကျောက်တွေ အများအပြားရှိနေတယ်လို့ ပြောလိုက်ရင် သူတို့အားလုံး လောဘတက်ပြီး စိန်ကျောက်တွေကို တနင့်တပိုး ဆယ်ယူကြတော့မယ်။ သင်္ဘောပြည့် တင်ကြလိမ့်မယ်။ ဒါဆိုရင် သင်္ဘောမှုချနစ်မှာပဲ။ ဒီတော့ သူတို့လည်း အကျိုးရှိအောင် အန္တရာယ်ဘေးကလည်း လွတ်ကင်းအောင် ငါ ကြံဆောင်မှ ဖြစ်မယ်"

ထိုသို့ကြံစည်ပြီးနောက် သုပ္ပါရက အမိန့်ပေးလိုက်၏။

"အမောင်တို့… ကြိုးလွန်တွေ၊ ငါးပိုက်တွေကို အသင့်ပြင်ကြ"

မာလိန်မှူး၏အမိန့်အတိုင်း လှုပ်ရှားကြသည်။

"ငါးပိုက်တွေကို ချကြ"

သုပ္ပါရက၏အမိန့်ကို မည်သူမျှ စောဒကမတက်ဘဲ ငါးပိုက်များကို ချကြသည်။

"သင်တုန်းသွားသဏ္ဍာန် နှာခေါင်းရှိတဲ့ လူ့ကိုယ်ငါးတွေက လန့်ပြီး ထွက်ပြေးကြလိမ့်မယ်။ သင်တို့က ငါးပိုက်ချပြီး ကျွန်ုပ်က ပြန်ဆွဲတင်လို့ဆိုချိန်မှာ ဆွဲတင်ကြ"

အမိန့်၌ အားလုံးတည်ကြ၏။ ငါးပိုက်ချပြီး သုပ္ပါရက အမိန့်အတိုင်း ငါးပိုက်ကို ပြန်ဆွဲတင်လိုက်ကြသည်။ ဝဇိရစိန်ကျောက်များ ပိုက်ကွန်အတွင်း၌ ပါလာသည်။ တန်သင့်ရုံမျှသာ ဆည်ယူကြပြီး သင်္ဘောပေါ်မှ အဖိုးနည်းသော မလိုအပ်သည့် ပစ္စည်းများကို စွန့်ပစ်လိုက်ကြသည်။ ထို့နောက် ခုရမာလိသမုဒ္ဒရာမှ ဆက်လက်ထွက်ခွာခဲ့ကြသည်။

**MRAQN**

မဟာသမုဒ္ဒရာသည် သဘာဝတရား၏ အဆန်းကြယ်ဆုံးအရာများ စုဝေးပေါ်ပေါက်ရာ ဒေသကြီးတစ်ခုပင် ဖြစ်၏။ လူတို့၏ စိတ်ကူးဖြင့်တွေးတောကြံဆခြင်းငှာ မစွမ်းနိုင်သော အံ့ဩဖွယ်များအထိ ပြီးလျှက်ရှိ၏။

သုပ္ပါရက အမှူးပြုသော သင်္ဘောသည် ဝဇိရစိန်ကျောက်များကို တင်ဆောင်ပြီး ဆက်လက် ခရီးနှင်ခဲ့ရာ နောက်သမုဒ္ဒရာတစ်ခုသို့ ရောက်ရှိခဲ့ပြန်သည်။ ထိုနေရာကား အမြဲတောက်ပသော မီးပုံကြီးအလား ဝန်းကျင်အလုံး ဝင်းလက်နေသည်။ မွန်းတည့်နေ၏ အလင်းနယ်သို့သော အရောင်ကို လွှတ်လျှက်တည်ရှိသည်။ မျက်စိမဆန့် တပြန့်တပြောရှိသည့် ရေထုအပြင်သည်လည်း လင်းလက်နေသည်။

ကုန်သည်များက မေးသဖြင့် သုပ္ပါရက အဖြေပေးရပြန်၏။

"ဒီသမုဒ္ဒရာကို အဂ္ဂိမာလိ သမုဒ္ဒရာလို့ခေါ်တယ်။ ဘာကြောင့် ရေအပြင်ဟာ ဝင်းဝါထိန်တောက်ပြီး မွန်းတည့်နေအလင်းလို တဝင်းဝင်းဖြစ်နေသလဲဆိုတော့ ဒီနေရာမှာ ရွှေတွေရှိနေလို့ပဲ ဖြစ်တယ်"

သုပ္ပါရကသည် ကုန်သည်တို့၏လောဘကို ထိန်းချုပ်စေလျှက် အဂ္ဂိမာလိသမုဒ္ဒရာမှ ထွက်သည့်ရွှေများကို တန်သင့်ရုံမျှသာ ယူစေ၏။

ကုန်သည်များကလည်း သုပ္ပါရက၏ ပညာဗဟုသုတအစွမ်းကို ယုံကြည်လေးစားကြသလို ဖြောင့်မတ်တည်ကြည်သော ကိုယ်ကျင့်တရားကိုလည်း ခန့်ညားကြသူများဖြစ်သည့်အလျောက် မိမိတို့ခေါင်းဆောင်၏အမိန့်အတိုင်း အတိအကျ လိုက်နာကြသည်။

သုပ္ပါရကသည် ပကတိမျက်စိနှစ်ကွင်း အလင်းမရသော်လည်း ဉာဏ်ပညာအလင်းကမူ ကောင်းစွာ ကွန့်မြူးလျှက်ရှိလေသည်။

သင်္ဘောသည် အဂ္ဂိမာလိသမုဒ္ဒရာမှ ဆက်လက်ခရီးနှင်ခဲ့ရာ...

"မာလိန်မှူးသုပ္ပါရက ဟောဟိုမှာ ထူးခြားဆန်းကြယ်တဲ့ အရာတစ်ခုကို တွေ့ကြရပြန်ပြီ"

"ဘာကိုတွေ့ကြရသလဲ အမောင်တို့"

"သမုဒ္ဒရာရေအပြင်တစ်ခုလုံး နို့ရည်နို့ခမ်းလို အရောင်တွေ ဖြာထွက်နေပါတယ်"

"အမောင်တို့ အဲဒါ ဒဓိမာလိသမုဒ္ဒရာလို့ ခေါ်တယ်"

ဒဓိမာလိသမုဒ္ဒရာ၏ ရေမျက်နှာပြင်အလုံး နို့ရည်နို့ဓမ်းရောင်ဖြာနေခြင်းမှာ ဤသမုဒ္ဒရာ၌ ငွေများအတိပြီးလျှက် ရှိသောကြောင့် ဖြစ်၏။

သုပ္ပါရကသည် ဥပါယ်တံမျဉ်ဖြင့်ပင် ငွေများကို ဆယ်ယူစေကာ သင်္ဘောပေါ်သို့ သယ်ယူစေ၏။

"နောက်ထပ် ဘယ်လိုများ အံ့မခန်းထူးဆန်းတာတွေ မြင်ရဦးမလဲ မသိဘူး"

"အို... အထူးအဆန်းတွေလည်း မြင်ရတယ်။ အခုဆို ငါတို့သင်္ဘောမှာ ဝဇိရစိန်တွေ ရွှေတွေ ငွေတွေကိုပဲ တင်ဆောင်လာနိုင်ကြပြီ မဟုတ်လား"

"ဒါဟာ မာလိန်မှူးကြီးရဲ့ ပညာစွမ်းနဲ့ ကျေးဇူးတရားကြောင့်ပဲ"

"ဟုတ်တယ်။ သုပ္ပါရကဟာ ငါတို့ရဲ့ကျေးဇူးရှင်ကြီးပါ"

ကုန်သည်များသည် အဖိုးအနဂ္ဃထိုက်သော ရတနာများကို ရရှိလာသည့်အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြသည်။ သုပ္ပါရကကား ငြိမ်သက်တည်ကြည်စွာပင် အာရုံများကို နှီးကြားအောင် အားထုတ်လျှက်ရှိလေသည်။

"ဟောဟိုမှာ ကြည့်လိုက်စမ်း။ မဟာသမုဒ္ဒရာမှာ နောက်ထပ်သမုဒ္ဒရာတစ်မျိုး ပေါ်လာပြန်ပြီ"

"အို... နေရာကျတော့ သမုဒ္ဒရာဟာ သမန်းမြက်လို စပါးပင်လို အလွန့်အလွန် စိမ်းမြနေပါလား"

သုပ္ပါရက ရှင်းပြရပြန်သည်။

"အမောင်တို့ ဒီသမုဒ္ဒရာကို ကုသမာလိ သမုဒ္ဒရာလို့ ခေါ်တယ်"

"မာလိန်မှူးပညာရှိကြီး။ ဒီမှာကော ကျုပ်တို့ ဘာရနိုင်မှာပါလဲ"

ကုန်သည်များကား မဟာသမုဒ္ဒရာကို အံ့မခန်းဘဏ္ဍာသိုက်ကြီးတစ်ခုအဖြစ် ရှုမြင်နေကြပြီ ဖြစ်၏။

"အရင်အခါအတိုင်းပဲ ကျွန်ုပ်ရဲ့အမိန့်ကို အတိအကျလိုက်နာကြပါ။ သင်တို့အတွက် ကုသမာလိသမုဒ္ဒရာက မြကျောက်ညိုလို့ အမည်ရတဲ့ ပတ္တမြားရတနာတစ်မျိုးကို ပေးပါလိမ့်မယ်"

မြကျောက်ညိုရတနာများကို တင်ဆောင်ပြီး ဆက်လက်ခရီးနှင်ခဲ့ကြပြန်သည်။ သို့ဖြင့် ပဉ္စမမြောက်ဖြစ်သော နဋ္ဌမာလိသမုဒ္ဒရာသို့ ရောက်ခဲ့ကြ၏။ ရေပြင်အလုံး ကျူတောဝါးတောကဲ့သို့ ထင်မှတ်ရသည့် ပြိုးပြိုးပြက်ပြက် အဆင်းများ တောက်ပနေသည်။ ထိုနဋ္ဌမာလိ သမုဒ္ဒရာမှလည်း ကြောင်မျက်ရွဲကျောက်များ ရရှိပြန်သည်။

ကုန်သည်များ သင်္ဘောသားများသည် အဆုံးစွန်တက်ကြွ ပျော်ရွှင်နေကြ၏။

သုပ္ပါရကမှ ခါတိုင်းထက် တည်ငြိမ် လေးနက်၏။ မဟာသမုဒ္ဒရာ အပြင်တွင် သမုဒ္ဒရာငါးစင်းကို ကျော်ဖြတ်ခဲ့ကြပြီ။ သုပ္ပါရက၏ ဉာဏ်အမြင်၌ ဆဋ္ဌမမြောက် တွေ့ကြုံရမည့် သမုဒ္ဒရာကို ကြိုတင်သိရှိနေသည်။ သို့သော် ကုန်သည်များ၊ သင်္ဘောသားများကိုကား ကြိုတင်ပြောမထားချေ။ ထိုသို့ ပြောမထားခြင်းမှာလည်း မိမိကိုယ်မိမိ တစ်စုံတစ်ခုနှင့်ပတ်သက်၍ ယုံကြည်စိတ်ချထားသောကြောင့် ဖြစ်၏။

ဆဋ္ဌမမြောက် သမုဒ္ဒရာကား ဗလဝါမုခ သမုဒ္ဒရာအမည်ရလေသည်။

**MRAQN**

**ဗလဂါမုခ သမုဒ္ဒရာ**

အပြောကျယ်လှသော သမုဒ္ဒရာအပြင်ရှိ ရေတို့သည် တစ်စုံတစ်ခုက ဆွဲငင်ယူလိုက်သည့်နှယ် အထက်သို့ ရှန်းကြွဖူးယောင်၍ တက်လာ၏။ လှိုင်းမည်ကာမတ္တ မဟုတ်တော့။ ရေသည် ထက်ဝန်းကျင် အရပ်ဆီသို့သာ မြင့်၍မြင့်၍ တက်လေသဖြင့် **ရေကမ်းပါးပြတ်**ကြီးတစ်ခုသဏ္ဍာန် ဖြစ်ပေါ်လာသည်။ ထိုသို့ ရေလုံးများက အထက်သို့ချည်း စုံ့စုံ့ပုံ့ပုံ့ ခုံး၍ မောက်၍ တက်သည့်အခါတွင် လည်းကောင်း၊ ရေကမ်းပါးပြတ် ရေချောက် ကမ်းပါးကြီးအပြင် မတ်စောက်စွာ ဖြစ်ပေါ်နေချိန်တွင် လည်းကောင်း ထွက်ပေါ်လာသော အသံနက်ကြီးမှာ နားအုံကိုဖွင့်သကဲ့သို့ နလုံးကိုခွဲသကဲ့သို့ပင် ရှိလေသည်။

လှိုင်းတံပိုးများသည်လည်း တောင်ကြီးများနှယ် ခုံးကြွ မောက်တက်လာသော ထိုလှိုင်းတောင်ကြီးများ၏ တစ်ဖက်မှာလည်း လှိုင်းချောက်ကမ်းပါးများက နက်စောက်စွာ

ပေါ်ပေါက်လာကြသည်။ အထက်သို့ တက်လာသော ရေလုံးနှင့် ချောက်နက်အပြင် အောက်သို့ သက်သော ရေတို့အချင်းချင်း အထက်အောက် တိုးဆောင့်ကြသည်တွင် ပြင်းထန်သော ရေပေါက်ကွဲသံကြီးများက တဝုန်းဝုန်းတဒိုင်းဒိုင်း ပွင့်ကန်ထွက်ပေါ်လာကြသည်။

သမုဒ္ဒရာကား ဇလုပ်ထုံးအိုင်ကြီးနှယ် ကမ်းပါးပြတ်နယ် အသွင်ပြောင်းခဲ့လေပြီ။

ကုန်သည်များ သင်္ဘောသားများလည်း အဆုံးစွန်သော ထိတ်လန့်တုန်လှုပ်ခြင်းများကြောင့် ရူးသွပ်ခမန်း ရှိနေကြလေပြီ။

သုပ္ပါရကမူ တည်ငြိမ်ခိုင်ခန့်လျက်ပင်။

"အမောင်တို့... ဒါ ဗလဝါမုခ သမုဒ္ဒရာလို့ခေါ်တယ်"

"ဒီဗလဝါမုခ သမုဒ္ဒရာသို့ ရောက်ပြီးသော သင်္ဘောများမှာ ပြန်လမ်းမရှိဘူး။ လူများဆိုလျှင် ပြောဖွယ်မရှိဘူး။ ဒါပေမယ့်..."

သုပ္ပါရကသည် မဟာအဝီစိပွက်သည့်နှယ် အဆက်မပြတ် ပြန်းပြန်းပြင်းပြင်း မြည်ဟီးလျက်ရှိသော လှိုင်းတံပိုးများ၏ အသံနက်ကြီးများအလယ်မှာပင် ဆောက်တည်မှုကို ပြုလိုက်၏။

"ငါမှတစ်ပါး ဤလူအပေါင်းတို့ ချမ်းသာရာကိုးကွယ်ရာအဖြစ်ကို ပြုနိုင်စွမ်းနိုင်သူ မရှိပြီ။ သစ္စာ၏ တန်ခိုးအာနုဘော်ဖြင့် သင်္ဘောသားတို့၏ချမ်းသာမှုကို ငါပြုတော့မည်"

မိမိကိုယ်မိမိ တည်ငြိမ်ခိုင်ခန့်အောင် ပြုပြီးနောက်...

"အမောင်တို့ အလျှင်အမြန် ပြုကြစမ်း... အမောင်တို့ လုပ်ကြရမှာက ဦးစွာ ငါ့ကို ရေချိုးပေး။ ဒုတိယ ပုဆိုးအဝတ်သစ် ဝတ်ပေး။ ပြီးတော့ ရွှေခွက်မှာ ရေအပြည့်ထည့်ပြီး သင်္ဘောဦးမှာထား..."

သင်္ဘောသားတို့သည် ထိတ်လန့်တုန်လှုပ်ခြင်း၏ အဆုံးစွန်ဝယ် မိန်းမောတွေဝေနေရာမှ သုပ္ပါရက၏တည်ငြိမ်သောအသွင်၊ ဝံ့စားသော မျက်နှာ၊ ပြတ်သားသော စကားသံတို့ကြောင့် သတိဝင်လာပြီး သုပါရက အမိန့်အတိုင်း ဆောင်ရွက်လိုက်ကြ၏။

သုပ္ပါရကသည် အဝတ်ပုဆိုးသစ် ဝတ်ဆင်ကာ သင်္ဘောဦးတွင် ရေအပြည့်ရှိသော ရေခွက်ကို လက်နှစ်ဘက်ဖြင့် ကိုင်ဆောင်၍...

"အကျွန်ုပ်သုပ္ပါရကသည် အကြင်အခါမှစ၍ မိမိကိုယ်ကို အောက်မေ့မိ၏။ အကြင်အခါမှစ၍ သိကြားလိမ္မာသော အဖြစ်ကို ရောက်၏။ အကြင်အခါမှစ၍ ယခု ဤဗလဝါမုခ သမုဒ္ဒရာအလယ်၌ ဤရေခွက်ကို ကိုင်ဆောင်နေသည့် ပစ္စုပ္ပန် ဆက်ဆက်တိုင်သော ကာလတစ်လျှောက်လုံး... ကျွန်ုပ်သုပ္ပါရကသည်

*-သေစေလိုသော ဆန္ဒစေတနာယှဉ်၍ တင်ဆောင်သော သတ္တဝါကိုမျှလည်း ညှဉ်းဆဲဖူးသည်ဟု မရှိပါလေ။*

*-မြက်ဝါးခြမ်းစိတ်မျှ အစပြုလျှက် သူတစ်ပါးဥစ္စာကို မယူဖူးပါလေ။*

*-လောဘ၏အစွမ်းဖြင့် သူ့မယား သူ့အိပ်ရာကို မကြည့်ဖူးပါလေ။*

*-မမှန်သောစကား နှုတ်ဖျားမှာပင် မတင်ဖူးပါလေ။*

*-ဤသို့ အကျိုးအပေါက်အကြားမဲ့စွာ ပဉ္စသီလတို့ကို ကျွန်ုပ်သုပ္ပါရကသည် မြဲမြံခိုင်ခန့် စောင့်ထိန်းခဲ့ပါ၏။*

*-ဤမှန်သော သစ္စာစကား၏ အာနုဘော်ဖြင့် ဤသင်္ဘောသည် ဤဗလဝါမုခ သမုဒ္ဒရာမှ ချမ်းသာစွာ ပြန်စေသတည်း..."*

သုပ္ပါရကသည် ထိုသို့ သစ္စာဆိုပြီးနောက် ရေပြည့်သော ရွှေခွက်မှ ရေကို သင်္ဘောဦး၌ သွန်းလောင်းလိုက်လေသည်။ ထိုခဏမှာပင်...

လေးလတာပတ်လုံး သမုဒ္ဒရာ အသွယ်သွယ်ကို ပြေးလွှား လွင့်မျောခဲ့သော သင်္ဘောကြီးသည် တန်ခိုးရှိန်စော်ဖြင့် အသက်ဝင်လာပြီး ရုတ်ချည်းပင် ဗလဝါမုခ သမုဒ္ဒရာမှ လွတ်မြောက်၏။

လွတ်မြောက်ရုံမျှမက သစ္စာ၏အာနုဘော်ဖြင့် တစ်နေ့ချင်းမှာပင် ကုရုကစ္ဆသင်္ဘောဆိပ်သို့ ရောက်လေ၏။ ရောက်ပြီး၍လည်း ကြည်းကုန်း၌ ရှင်ဥသဘာအတိုင်း အရှည်ရှိသော အရပ်သို့ ပြေး၍ သင်္ဘောသူကြီး၏အိမ်၌ တည်လေသည်။

**MRAQN**

နရမာလိ သမုဒ္ဒရာမှ ရခဲ့သော ဝဇီရစိန်ကျောက်များ။

အဂ္ဂိမာလိ သမုဒ္ဒရာမှ ရခဲ့သော ရွှေများ။

ဒဝိမာလိ သမုဒ္ဒရာမှ ရခဲ့သော ငွေများ။

ကုသမာလိ သမုဒ္ဒရာမှ ရခဲ့သော မြကျောက်ညို ပတ္တမြားများ။

နဠမာလိ သမုဒ္ဒရာမှ ရခဲ့သော ကြောင်မျက်ရွဲများ အပါအဝင် သန္တာ၊ ပုလဲ၊ ရတနာများကို ကုန်သည်တို့အား ခွဲဝေပေးလိုက်သည်။

"အမောင်တို့... ဤမျှသော ရတနာများဖြင့် သင်တို့ တန်ကြတော့။ နောင်တဖန် သမုဒ္ဒရာသို့ မဝင်ကြနဲ့တော့"

ဟု အဆုံးအမပေး၍ အသက်ထက်ဆုံးပင် ဒါနသီလတို့ဖြင့် ပြည့်စုံစေလျှက် နတ်ပြည်ကို ပြည့်စေလေသည်။

## MRAQN

*တစ်ခုသောဘဝဝယ် သုပ္ပါရကအမည်နာမဖြင့် မျက်မမြင်မာလိန်မှူး ဖြစ်ခဲ့လေ၍ ဤဘဒ္ဒကမ္ဘာဝယ် သဗ္ဗညုတရွှေဉာဏ်တော်ရှင် ဂေါတမမြတ်စွာဘုရားအဖြစ် ပွင့်ထွန်းတော်မူခဲ့လေသည်။*

ဇေတဝန်ကျောင်းတော်၌ ရဟန်းအပေါင်းတို့သည် တစ်ခုသော ညဥ့်ချိန်ဝယ် ဘုရားရှင်၏ တရားဟောထွက်တော်မူခြင်းကို ငံ့လင့်ရင်း...

***-ငါ့ရှင်တို့ မြတ်စွာဘုရားသည် ကြီးစွာသောပညာ ရှိပေစွ။***

***-မြေကြီးအထုနယ်သော ပညာ ရှိပေစွ။***

***-ရွှင်သော လျှင်သော ထက်သော ပညာ ရှိပေစွ။***

***-အလုံးစုံကို သိတော်မူလေစွ။***

***-မဟာသမုဒ္ဒရာကဲ့သို့ နက်နဲသော ပညာဖြင့် ပြည့်စုံတော်မူပေစွ။***

***-ကောင်းကင်ပြင်ကဲ့သို့ ပြန့်ပြောသော ပညာဖြင့် ပြည့်စုံတော်မူပေစွ။***

*-ဇမ္ဗူဒိပ်အလုံး၌ လိုင်းတို့သည် ကမ်းကို လွန်၍ မတက်နိုင်၊ ကမ်း၌ ပျောက်ပျက်ကုန်ဘိသကဲ့သို့ တစ်စုံတစ်ယောက်သော ပညာရှိမျှ ဘုရားရှင်ကို မလွန်နိုင်။ ဘုရားရှင် ခြေတော်ရင်း၌ ပျောက်ပျက်ရကုန်သတည်း...*

စသည်ဖြင့် ပညာပါရမီတော်ကို ချီးမွမ်းနေကြသည်။

ထိုစဉ် ဘုရားရှင်လာတော်မူ၍ အဘယ်စကားဖြင့် စည်းဝေးကြသနည်းဟု အမေးတော်ရှိလျှက် ဤသို့သော စကားဖြင့် စည်းဝေးကြပါကုန်သည် ဘုရားဟု လျှောက်ကြသောအခါ...

"ငါဘုရားသည် ယခုမှသာလျှင် ပညာရှိသည် မဟုတ်။ ရှေးဖြစ်သော ပညာမရင့်သေးသောအခါ မျက်မမြင်ဖြစ်လျှက် သမုဒ္ဒရာရေအမှတ်ဖြင့် ဤသမုဒ္ဒရာ၌ ကျင်လည်သော အရာရှိ၏ဟု သိခဲ့ပေသည်"

ဟူ၍ မိန့်မြွက်တော်မူကာ *သုပ္ပါရကဇာတ်* ကို ဟောကြားတော်မူခြင်း ဖြစ်လေသည်။

(ငါးရာ့ငါးဆယ်၊ ကောဒသကနိပါတ်)

**MRAQN MRAQN MRAQN MRAQN**

## ၇။ နောင်တော်သောဏနှင့် ညီတော်နန္ဒ

"အမိနဲ့ အဘ... နောင်တော်သောဏ ထွေးအပ်ပြီးသော တံတွေးကို ကျွန်တော်က ဦးခေါင်းနဲ့ မခံယူနိုင်ပါ။ မထမ်းရွက်နိုင်ပါ"

နန္ဒ၏ ဤစကားသည် မိသားတစ်စုလုံး၏ ဘဝကို ကြီးစွာပြောင်းလဲစေလိုက်သော စကားပင်ဖြစ်၏။ ထိုအပြောင်းအလဲကား အနိမ့်မှ အမြင့်သို့ အောက်မှ အထက်သို့ တူရူသော အပြောင်းအလဲလည်း ဖြစ်သည်။

ဤစကားကို ကြားရသောအခါ အမိနှင့် အဘတို့လည်း တုန်လှုပ်သွားကြသည်။ ငယ်ရွယ်နုပျိုဖြစ်ကြဆဲ သားနှစ်ယောက်၊ သားကြီးသောဏနှင့် သားငယ်နန္ဒ အရွယ်နှင့် မလိုက်အောင် သူတို့စကား ဆိုကြလေ၏။ အမိနှင့် အဘတို့သည် တစ်ဦးကိုတစ်ဦး လှမ်းကြည့်နေလိုက်ကြ၏။ ဘယ်သို့လုပ်မလဲ ဟူသော သား၏စကားက မိဘတို့ကို စိန်ခေါ်ရာရောက်နေသည်။ အမိ၏မျက်လုံးအိမ်များ၌ အလင်းတစ်ချက် ပြက်သွားသလို၊ အဘ၏

မျက်လုံးအိမ်မှာလည်း ဝင်းခနဲ တစ်ချက် တောက်သွားသည်။ အပြန်အလှန်အားဖြင့် ကြည့်မိရာမှ သားငယ်နန္ဒကို ပြိုင်တူလိုလို လှမ်းကြည့်လိုက်ကြပြန်သည်။ သားငယ်နန္ဒ၏ မျက်နှာမှာ မြဲမြံခိုင်မာသော ဆုံးဖြတ်ချက်၏ အရိပ်အရောင်တို့ဖြင့် တည်ငြိမ်လျက် နောင်တော် ထွေးအပ်ပြီးသော တံတွေးပေါက်ကို ဦးခေါင်းဖြင့် မခံယူနိုင်ပါ။ မထမ်းရွက်နိုင်ပါဟူသော စကားက အဓိပ္ပာယ် အနက်အရှိုင်းကြီးလှ၏။

နောင်တော်ဖြစ်သူ သားကြီးသောဏက ဘယ်သို့သော တံတွေးပေါက်ကိုများ ထွေးချလိုက်ပါသနည်း။

လွန်ခဲ့သည့်သုံးရက်က အမိနှင့် အဘတို့သည် သားကြီးသောဏကို နားချခဲ့ကြသည်။

"သားကြီး... အခုဆိုရင် သားဟာ အရွယ်ရောက်လူလားမြောက်ခဲ့ပြီး အမိတို့ အဘတို့မှာ ဥစ္စာပစ္စည်းဆိုတာလည်း ကုံလုံကြွယ်ဝပြီးသား။ သားကြီးအနေနဲ့လည်း မဟာသာလမြင့်မြတ်သော ပြဟ္မဏမျိုးနွယ်တို့ထုံးစံအရ ဗေဒင်အတတ်အစရှိတဲ့ သင်ယူအပ်သော ပညာရပ်အမျိုးမျိုးကို သင်ယူတတ်မြောက်ခဲ့ပြီ။ ပညာဥစ္စာတို့နဲ့ အရွယ်ရောက် လုလင်တစ်ယောက်အနေနဲ့ သားကြီး ဆက်လုပ်စရာ တစ်ခုပဲရှိတော့တယ်။ အဲဒါကတော့ အိမ်ထောင်သားမွေးခြင်းပဲ"

"သားကြီးသိတဲ့အတိုင်း အိမ်ထောင်သားမွေးခြင်းဆိုတာ ဘိုးဘွားမိဘမျိုးနွယ်ကို စောင့်ရှောက်ခြင်းလည်း ဖြစ်တယ်။ မျိုးဆက်ပွားစည်းပြီး မဟာသာလ မျိုးနွယ်ကို စောင့်ထိန်းခြင်းလည်း ဖြစ်တယ်။ ပြီးတော့ တစ်စတစ်စ အိုမင်းမစွမ်း ရှိလာကြပြီဖြစ်တဲ့ အမိနဲ့အဘ တို့အတွက်လည်း အသက်ရှည်ရာ အနာမဲ့ကြောင်း စိတ်ဝမ်းကောင်းစွာ ကြည်နူးပျော်ရွှင်ရမှာ ဖြစ်တယ်။ ဒါကြောင့် စည်းစိမ်ဥစ္စာ၊ အမျိုးဇာတ်ချင်း တန်းတူညီတဲ့ သတို့သမီးကို ငါ့သားကြီး ရွေးချယ်ပါ။ ဟောဒီ ပြဟ္မဝဓုနမြို့ကြီးမှာ သားဘယ်သူ့ကို ရွေးချင်သလဲ"

သိတတ်စအရွယ်မှစ၍ ထူးထူးခြားခြား တည်ငြိမ်ရင့်ကျက်ဟန်ကို ပြခဲ့သော သောဏက အေးဆေးစွာ တုန့်ပြန်ပြောဆိုခဲ့သည်။

"အမိနဲ့ အဘ အိမ်ယာထူထောင်ခြင်း လူ့ဘောင်အမှု၊ ကျွန်တော်အလျဉ်းမပြုလိုပါ။ ကျွန်တော် အသက်ရှင်သမျှ ကာလပတ်လုံး အမိနဲ့ အဘကိုပဲ လုပ်ကျွေးပြုစုသွားမှာ ဖြစ်ပါတယ်။ အကယ်၍ ကျွန်တော်က အသက်ရှင် ကျန်ရစ်ခဲ့ပြီး အမိနဲ့ အဘတို့ ကွယ်လွန်သွားတယ်ဆိုရင် ဟိမဝန္တာဝင်ပြီး ရဟန်းပြုမှာ ဖြစ်ပါတယ်။ အိမ်ထောင်သက်မွေးခြင်းအမှုနဲ့ ပတ်သက်ပြီး ကျွန်တော့်ကို စကားမဆိုကြပါနဲ့တော့"

ပြတ်သားလှပါဘိခြင်း၊ သားကြီးသောဏသည် ဆိုခဲ့စေ၊ မြဲစေဟူသော ယောကျ်ားတစ်ယောက်ဖြစ်ကြောင်း၊ အမိနှင့် အဘတို့ သိထားကြသည်။ သို့သော် မိဘစကား ပြောဖန်များရှင့် သားစိတ်လည်စရာ အကြောင်းရှိသည်ဟု တွေးကြံလျှက် အလျှဉ်းသင့်တိုင်း ဤကိစ္စကို ထပ်တလဲလဲ တိုက်တွန်းကြသည်။

သောဏ၏ တုံ့ပြန်ချက်ကား မရွေ့မလျား မပြောင်းမလဲ နောက်ဆုံးတော့ မိဘများ လက်လျှော့ကြရလေသည်။

"ရှင်မ... သားကြီးသောဏကိုတော့ ဘယ်လိုမှ ပြောလို့ရမှာ မဟုတ်ဘူး။ ဒီတော့ တို့များ သားငယ်နန္ဒကိုပဲ တိုက်တွန်းကြစို့လား"

"ကျုပ်လည်း ဒါကိုပဲ စဉ်းစားနေတာပါ။ ပုဏ္ဏားကြီး"

မိဘတို့သည် သားကြီးငြင်းပယ်ပုံကို ပြောပြပြီး သားငယ်အား တိုက်တွန်းကြပြန်လေသည်။

"သားငယ်နန္ဒ မောင့် နောင်တော်ကြီးကတော့ လုံးလုံးလျားလျား ခါးခါးသီးသီး ငြင်းဆန်နေတော့သည်။ သောဏဟာ ဟင်ဆိုရင် လှည့်ကြည့်တဲ့သူ မဟုတ်ဘူး။ ဒီတော့ မျိုးနွယ်စဉ်ဆက် တည်တံ့ဖို့နဲ့ ဥစ္စာခနေတွေ ပွားစည်းဖို့ အိမ်ထောင်သားမွေးအမှုကို သားငယ်ပဲ တာဝန်ယူပေတော့"

"သောဏငြင်းတာလည်း ငြင်းခဲ့ပြီးပြီ။ နန္ဒကတော့ လက်ခံလိမ့်မယ်လို့ အမိတို့ အဘတို့ ယုံကြည် မျှော်လင့်ပါရစေလား သားငယ်"

ဤတွင် နန္ဒ၏အဖြေ ထွက်ပေါ်လာခြင်း ဖြစ်၏။

"နောင်တော် ထွေးအပ်ပြီးသော တံတွေးပေါက်ကို ကျွန်တော်က ဦးခေါင်းနဲ့ မခံယူနိုင်ပါ။ မထမ်းရွက်နိုင်ပါ" တဲ့။

ထွေးအပ်ပြီးသော တံတွေးပေါက် ထိုစကားလုံးကို အမိအဘတို့ တုန်လှုပ်သွားကြ၏။ ခြံနယ်မြေးသော အိမ်ထောင်သားမွေးမှု၊ ထိုအရာကို မိမိတို့ကား မျိုးရိုးစဉ်ဆက် လူ့ဘောင်လက်ဆင့်ကမ်း အလုပ်အဖြစ် မပြုမနေ ပြုကြရမည်ဟု ခံယူထားကြချိန်မှာ သူတို့က 'တံတွေးပေါက်' ကို မခံယူ၊ မထမ်းရွက်နိုင်တဲ့။ ကြီးစွာတုန်လှုပ်သွားခြင်းနှင့်အတူ အမိနှင့် အဘတို့သည် သံဝေဂတရားကိုပါ တစ်ဆက်တည်း ဆင်ခြင်မိသွားကြသည်။

သားငယ်နန္ဒက ဆက်ပြောသည်။

"အမိနဲ့ အဘတို့ လွန်တဲ့အခါ ကျွန်တော်လည်း နောင်တော်နဲ့အတူ ရဟန်းပြုမှာ ဖြစ်ပါတယ်"

သားများက မိဘကို အဆုံးအမပေးလိုက်သည့် အဖြစ်။

"ငယ်ရွယ်နုပျိုဆဲ သားနှစ်ယောက်က ကာမဂုဏ်ကို စွန့်ပစ်နိုင်ကြတယ်။ တို့များ ဘယ်မှာ ဆိုဖွယ်ရှိတော့မလဲ။ ဒီတော့"

ဤသို့အားဖြင့်...

"သားတို့ အမိနဲ့ အဘတို့ ကွယ်လွန်သွားကာမှ ရဟန်းမပြုကြနဲ့။ အခုပဲ ရဟန်းပြုကြ၊ အမိနဲ့ အဘတို့လည်း အတူတကွ ရဟန်းပြုကြရအောင်"

ကုဋေကြွယ်သူဌေးရာထူးကို ခံယူထားသူဖြစ်သဖြင့် ပြဟ္မဝဓနမြို့တော်၏ ဘုရင်မင်းမြတ် 'မနေဇာ' မင်းထံ ခွင့်ပန်ကြရ၏။ ဘုရင့်ခွင့်ပြုချက်ရပြီးနောက် အလုံးစုံသော ပိုင်ဆိုင်မှုတို့ကို ဆိုင်ရာဆိုင်ရာဝေခြင်း၊ လှူဒါန်းခြင်း၊ ဘုရင့်ဘဏ္ဍာတိုက်သို့ သွင်းခြင်း၊ ဆွေမျိုးမိတ်သင်္ဂဟများအား ထိုက်သည့်အားလျော်စွာ ခွဲဝေပေးခြင်း၊ ကျွန်အပေါင်းတို့အား လွတ်မြောက်စေခြင်း၊ ဝေနေယျတို့အား လှူခြင်း စသည်ဖြင့် ရှိသမျှ ဥစ္စာဘဏ္ဍာတို့ကို တစ်ရွေးမကျန်အောင် ရှင်းထုတ်လိုက်ကြသည်။

အမိနှင့် အဘ၊ သားကြီးသောဏ၊ သားငယ်နန္ဒတို့သည် ပြဟ္မဝဓနမြို့နှင့်တကွ ခပ်သိမ်းသော လက်ရှိဘဝကို စွန့်ပယ်လိုက်ကြကာ ဟိမဝန္တာသို့ ဝင်ခဲ့လေသည်။ ထို့နောက် ကြာငါးပါးတို့ဖြင့် တင့်တယ်သောအိုင်ကို အမှီပြု၍ တောကျောင်းသခ်မ်း ဆောက်ကာ ရသေ့ရဟန်းပြု နေထိုင်ကြလေသည်။

ရသေ့ညီနောင်တို့၏ နေ့စဉ်ပြုစုလုပ်ကျွေးမှုမှာ ရိုးရိုးလေးနှင့် လှနေသည်။ နံနက်စောစောထ၍ ကျောင်းမြေပရဝုဏ်ကို တံမြက်လှည်းသည်။ သောက်ရေ၊ သုံးရေကို ခပ်ဖြည့်သည်။ မိဘတို့အား ဒန်ပူမျက်နှာသစ်ရေပေးသည်။ ချိုမြသော သစ်သီးကြီးငယ်တို့ကို ရှာဖွေပေးသည်။ ရေချိုးသန့်စင်ပေးသည်။ ဆံကျစ်တို့ကို သုတ်သင်ပေးပြီး ခြေဆုပ်လက်နယ် ပြုကြသည်။

ရိုးရှင်းသော ဘဝဖြင့် ဤသို့နေထိုင်ကြရင်း တရားဘာဝနာကို ပွားများစီးဖြန်းကြသည်။ ပြဟ္မာ့ပြည်မှ စုတေကာ ပဋိသန္ဓေယူခဲ့သော ညီနောင်တို့၏ ကောင်းမှုဓါတ်ခံကိုကား အမိအဘတို့

သိနိုင်စွမ်းမရှိကြ။ ပြဟ္မဝဗုနမြို့မှာ နေခဲ့သော နှစ်ကာလများကဲ့သို့ မဟုတ်ဘဲ ပူပင်သောက ကြောင့်ကြမှုနှင့်သမျှတို့မှ ကင်းလွတ်ကာ ဓမ္မဖြင့် နေထိုင်ရှင်သန်မှုထဲတွင် ငြိမ်းအေးချမ်းမြေ့စွာ ရှင်သန်ခဲ့ကြသည်ကား အမှန်ပင် ဖြစ်လေသည်။

သို့သော် ထိုငြိမ်းအေးချမ်းမြေ့သော ရှင်သန်ခြင်းထဲသို့ တစ်စုံတစ်ခုသော အဖြစ်က သိမ်မွေ့စွာ ကျရောက်လာ၏။ ထိုအခါ မိသားစု၏ တည်ငြိမ်သော ဘဝရေပြင်ဝယ် ဂယက်တို့ထကြွ လှုပ်ရှားသွားလေသည်။ ကောင်းမှုကုသိုလ်ပြုရင်းမှာပင် မကောင်းမှုအကုသိုလ်က ဆက်စပ် ဖြစ်တည်ကြောင်းကျိုး ဆက်နွယ်လာသည့် သဘောပင် ဖြစ်ပါသည်။

ထိုဖြစ်ရပ်သည် ညီငယ်နန္ဒက မြစ်ဖျားခံလေသည်။

နန္ဒသည် မိမိရှာဖွေလာသော သစ်သီးကြီးငယ် စားဖွယ်အာဟာရတို့ကို သစ်ခုံစားပွဲပေါ် ဖြန့်တင်ရင်း တိုင်၌ ချိတ်ဆွဲရင်းဖြင့် အကြံပေးအတွေးတစ်ခုသို့ အာရုံရောက်သွား၏။

"အမိနဲ့ အဘတို့ စားသုံးစေဖို့ ငါတို့ညီနောင် သစ်သီးသစ်ဥများကို ရှာဖွေခဲ့စေတယ်။ ဘာကြောင့် နှစ်ယောက်ရှာတာကို အမိအဘတို့ စားစေရမှာလဲ။ ငါတစ်ယောက်တည်း ရှာဖွေကျွေးမွေးတဲ့ သစ်သီးကိုပဲ အမိနဲ့ အဘ စားစေရမယ်"

ထိုအကြံ သင့်မယ်။ နန္ဒ သုံးသပ်ခြင်းမရှိ။ အမိအဘကို လုပ်ကျွေးရာတွင် 'ငါသာလျှင်' ဟူသော အတ္တကို ရှေ့သို့ ပို့လိုက်မိသည်။

"ငါကျွေးတာကိုပဲ မိဘများစားရအောင် ငါ ဘယ်လိုလုပ်ရမလဲ"

အသက်အားဖြင့် ငါးနှစ်မျှသာ ကွာခြားသော်လည်း မိမိသည် နောင်တော်သောဏထက် တက်ကြွသူ၊ သန်မာသူ၊ နပိုသူ။ ထို့ကြောင့်...

"နောင်တော်သစ်သီးတွေ ရှာဖွေပြီး ကျောင်းသခ်မ်းပြန်ရောက်မလာခင် ငါက လက်ဦးမှုယူပြီး ရှာဖွေပြန်လာ ကျွေးမွေးထားနှင့်မယ်။ ဒါဆိုရင် နောက်ကျမှ ပြန်ရောက်လာတဲ့ နောင်တော့် သစ်သီးတွေကို မိဘများ စားနိုင်ဖွယ်မရှိတော့ဘူး။ ဟုတ်ပြီ"

နန္ဒသည် ယမန်နေ့က တမြန်နေ့က ဆွတ်ခူးယူခဲ့သည့် အရပ်သို့ပင် ထပ်မံ၍ သွားရောက်ဆွတ်ခူးကာ အလျင်အမြန် ပြန်ခဲ့သည်။ နံနက်စောစော ထွက်သည်လည်း ဖြစ်ပြန်၊ မနီးမဝေးအရပ်မှ ဆွတ်ခူးခဲ့သည်လည်း ဖြစ်ပြန်ဆိုသောအခါ နန္ဒ၏သစ်သီးများက ဦးစွာ

အလျင်ရောက်နှင့်၏။ ထိုအချိန်တွင် နောင်တော်သောဏကား သစ်သီးသစ်ဥ အလုည့်အလည် ရှာဖွေထွက်နေဆဲ။

နောင်တော်ပြန်လာချိန်တွင် မိဘများကား ညီတော်ကျွေးထားနှင့်သော သစ်သီးများဖြင့် ပြည့်စုံဝလင်နေကြပြီ။

"သားကြီးသောဏ... မင့်ညီတော်ဆောင်ယူလာတဲ့ သစ်သီးများကို စားပြီး တို့များ ခံတွင်းဆေးပြီးတောင် နေပါပြီ။ ဉပုသ်ဆောက်တည်နေကြပြီ။ သားကြီး ဆောင်ယူလာတဲ့ သစ်သီးတွေကို မလိုတော့ပါဘူး"

သောဏရသေ့က ဤသည်မှာ တစ်နေ့တစ်ရက်မျှတော့ ဖြစ်ကောင်းဖြစ်တန် လာပေသည်ဟု နားလည်ယူလိုက်၏။ သို့သော် တစ်နေ့တစ်ရက်တော့ မဟုတ်တော့။ နေ့စဉ်ရက်ဆက် ဖြစ်လာသည်။ မိမိဆောင်ယူခဲ့သော သစ်သီးများက အလောတော်ရင့်မှည့်ပြီး အသင့်စားသုံးရန် အခြေအနေမျိုး ဖြစ်သည်။ မိဘများက မစားနိုင်သောအခါ နောက်တစ်နေ့မှာပင် ပုပ်သိုးပျက်စီးသွားကြ၏။ ဤအချင်းအရာမှာ တစ်ရက်မှ နှစ်ရက်၊ သုံးရက်၊ တစ်ပတ်၊ တစ်လသို့တိုင် ဖြစ်ပေါ်လာသည်။

မိမိဆောင်ယူလာခဲ့သော သစ်သီးမှည့်ချိုချိုများ အဟောသိကံ ဖြစ်ကုန်ကြချိန်၌ ညီတော်နန္ဒ ဆောင်ခဲ့သော သစ်သီးမရင့်တရင့် မမှည့်တမှည့် ရွှမ်းပြင်းအစေ့မယုက်၊ ထိုသစ်သီးများကို မိဘတို့ နေ့စဉ်ရက်ဆက် စားနေကြရသည်။

ညီတော်နန္ဒ မည်သို့ ပြုမူနေသနည်း။

နောင်တော်သောဏ တွေးတောဆင်ခြင်ရပြီ။

မိမိသည် မိမိရရှိထားသော အဘိညာဉ်ငါးပါးတို့၏အစွမ်းဖြင့် ဝေးလံသီခေါင်အရပ်သို့ သွားရောက်ကာ အရသာထူးကဲလှသည့် ချိုမြိန်သြဇာ သစ်သီးများကို ရှာဖွေယူဆောင်ခဲ့၏။ သို့သော် ကျောင်းသင်္ခမ်းသို့ ပြန်ရောက်သောအခါ အမိအဘတို့သည် ညီနောင်နန္ဒ ရှာဖွေလာသော သစ်သီးများကို သုံးဆောင်ပြီးနှင့်ကြပြီ။ ထိုသစ်သီးများကား မမှည့်ကြသေး။ စားသုံးဖွယ် မထိုက်သေး။ ထိုသို့သာ ကြာရှည်စားနေရလျှင် မိဘနှစ်ပါးတို့သည် ဝမ်းမီးပါစကနံ့လျှက်

ရောဂါဝေဒနာ စွဲကပ်ကုန်ကြတော့မည်။ ညီ၏အပြုအမူသည် စေတနာကောင်းနှင့် ယှဉ်သော်လည်း လုပ်ဆောင်မှု မှားယွင်းနေသည်။ အပြစ်ကင်းသော အပြုအမူမဟုတ်။ ထို့ကြောင့် ညီကို အတိအလင်း တားမြစ်ရတော့မည်ဟု ဆုံးဖြတ်လိုက်၏။ သို့ဖြင့်...

"ညီတော်နန္ဒ... ဒီကိုလာပြီး နားထောင်စမ်း"

"အမိန့်ရှိပါ နောင်တော်"

တင်းမာသည်မဟုတ်သော၊ ပြတ်သားသည့်အသံဖြင့် သောဏဆိုသည်။

"ဒီနေ့ကစပြီး မင်းသစ်သီးကြီးငယ်များ ရှာဖွေယူဆောင်လာတဲ့အခါမှာ ငါရောက်သည်အထိ ငံ့လင့်စောင့်ဆိုင်း။ မင်းသစ်သီးတွေကို ငါရောက်မလာခင် အမိအဘတို့ကို မကျွေးပါနဲ့။ ငါတို့နှစ်ယောက်စုံညီ သစ်သီးခဲဖွယ်စုံညီမှ မိဘတို့ကို စားစေမယ်။ နားလည်လား"

နန္ဒ တစ်ချက်တွေငိုင်သွား၏။ နှုတ်မှ "ကောင်းပါပြီ နောင်တော်" ဟု သဲ့သဲ့ ရေရွတ်သည်။ သို့သော် နောင်တော်အမိန့်ကို မိမိ လက်ခံနိုင်လိမ့်မည် မဟုတ်ကြောင်း စိတ်ထဲမှ ပြန်ပြောနေလေသည်။ ထိုမျှသာမက "ငါ့ရဲ့ကောင်းမှုအလုပ်ကို နောင်တော် တားမြစ်ချုပ်ချယ်တာပဲ" ဟုလည်း စောဒကဖြင့် ငြင်းပယ်မိ၏။

နောက်ရက် နောက်ရက်များမှာလည်း အခြေအနေသည် မထူးမခြားပင် ဖြစ်လာခဲ့သည်။ နန္ဒယူလာသော မမှည့်တမှည့် သစ်သီးများကို မိဘများ စားမြဲစားလျှက်၊ သောဏ၏သစ်သီးများ အဟောသိကံဖြစ်လျှက် ပုပ်သိုးပျက်စီးသွားလျှက်။

နောင်တော်သောဏမှာ အခြားရွေးချယ်စရာ လမ်းမရှိတော့ပြီ။ နန္ဒသည် အစ်ကိုကြီး၏ စကားကို နားမထောင်။ မသင့်သော အမှုကို ပြုမြဲပြုနေသည် ဖြစ်သဖြင့်...

"နန္ဒ... မင်း ငါ့စကားကို မလိုက်နာဘူး။ အစ်ကိုရဲ့စကားကို နားမထောင်တဲ့ညီဟာ အပြစ်ရှိသူဖြစ်တယ်။ ပညာနဲ့ယှဉ်ပြီး ပြောဆိုဆုံးမ တားမြစ်တာကို မလိုက်နာသူဟာ မကောင်းမှုကျူးလွန်သူပဲ ဖြစ်တယ်။ ငါဟာ အစ်ကိုကြီးဖြစ်တယ်။ အမိအဘတို့ကို လုပ်ကျွေးဖို့ဆိုတာ ငါ့ရဲ့ တာဝန်သာ လုံးလုံးလျားလျား ဖြစ်တယ်။ ဆုံးမမြစ်တား စကားမလိုက်နာတဲ့၊ တာဝန်ကျူးတဲ့ မင်းအတွက် လုပ်စရာတစ်ခုပဲ ရှိတယ်။ အဲဒါကတော့ မင်းဒီမှာ မနေနဲ့တော့။ သင့်ရာအရပ်တစ်ပါးကို သွားပေတော့"

တစ်နေ့နေ့တွင် ဤသို့ အပြောခံရလိမ့်မည်ဟု မျှော်လင့်ထားလျှက်ကပင် နန္ဒသည် တကယ်တမ်း ကြားလိုက်ရသောအခါ တုန်လှုပ်သွား၏။ နောင်တော်၏ အမိန့်ကို ငြင်းပယ်ရန်ကား

မဖြစ်နိုင်တော့ပြီ။ မိမိသည် ဆိုဆုံးမခက်သူ ဖြစ်ကောင်းဖြစ်ခဲ့မည် မှန်သော်လည်း အစ်ကိုကြီး၏အမိန့်ကို တော်လှန်သည်အထိ မိုက်မဲသူမဟုတ်။ ဖြစ်ခဲ့သမျှ အကြောင်းစဉ်ကို ကြည့်လျှင်လည်း အစ်ကိုကြီးက မလွန်။ မိမိကသာ ကျူးခဲ့ခြင်း ဖြစ်လေသည်။ နန္ဒသည် စိတ်ကို တည်ဆောက်လိုက်၏။

"ကောင်းပါပြီ နောင်တော်"

နောင်တော်ကို ရှိခိုး၍ အမိန့်နာခံကြောင်းပြ၏။ ထို့နောက် မိဘတို့ကိုလည်း ရှိခိုးကာ အကျိုးအကြောင်း ပြောပြ၏။ မိဘနှစ်ပါးတို့က ဤမိသားစုအရေးတွင် မည်သို့မျှ တုန်လှုပ်ဟန်မပြကြ။ သူတို့ညီနောင်ချင်း ပဋိပက္ခ ရန်ဘက်အသွင်ဖြင့် ဖြစ်ပွားကြသည် မဟုတ်။ ထို့ကြောင့် သားကြီးကို နှစ်သိမ့်ခြင်း၊ သားငယ်ကို ချော့မော့ခြင်း စသည်တို့ကို မပြုလုပ်ကြတော့။ ဖြစ်ချိန်တန်၍ ဖြစ်စရာရှိသည်များ ဖြစ်လာကြသည်သာ၊ ပျက်ချိန်တန်၍ ပျက်စရာရှိသည်များ ပျက်ကြရသည်သာဟု သင့်တင့်စွာ နှလုံးသွင်းလျှက် ခပ်မဆိတ် နေလိုက်ကြလေသည်။

## MRAQN

နန္ဒသည် စိတ်ကို ကောင်းစွာ ဆောက်တည်လိုက်သည်။ ထို့နောက် မိမိ၏ ကျောင်းသင်္ခမ်းအတွင်းသို့ဝင်ကာ ကသိုဏ်းကောင်းမှု၏ မြဲမြံသော သမာဓိအားတို့ကို စုရုံးကာ ကသိုဏ်းကြည့်လျှက် ထိုနေ့မှာပင် အဘိညာဉ်ငါးပါး သမာပတ်ရှစ်ပါးတို့ကို ဖြစ်စေလေသည်။

နောင်တော်သောဏအပေါ်၌ စိုးစဉ်းမျှ မမျက်၊ မိမိအမှားသာလျှင် တာဝန်လုံးလုံး ဖြစ်သည်ဟု နှလုံးပိုက်သော နန္ဒသည် ကျောင်းသင်္ခမ်းမှ မထွက်ခွာမီ ဆင်ခြင်သုံးသပ်၏။

"အပြစ်ကျူးလွန်သူဟာ သူ့အပြစ်ပြေရာပြေကြောင်းနဲ့ သူကျူးလွန်ခဲ့သူ ကာယကံရှင်ရဲ့ ခွင့်လွှတ်မှုအတွက် ပေးဆပ်ပေးလျော်ရမယ်။ နောင်တော့်ကို ငါကန်တော့ပြီး တောင်းပန်ရမယ်။ ဒီလို တောင်းပန်ရာမှာ နောင်တော်ကို ထိုက်ထိုက်တန်တန် ကန်တော့ဖို့အတွက် ငါ ဘာတတ်နိုင်သလဲ"

"အဘိညာဉ်သမာပတ်နဲ့ ပြည့်စုံပြီးဖြစ်တဲ့ ငါ့အနေနဲ့ မြင်းမိုရ်တောင်ခြေရင်းက သဲကို ထုတ်ဆောင်ပြီး ငါ့နောင်တော်ရဲ့ ကျောင်းသင်္ခမ်းမှာ ပရိဝုဏ်အတွင်းမှာ အနှံ့ကြဲပြီး ကန်တော့ဖို့ စွမ်းနိုင်တယ်။ ဒါပေမယ့် ဒါ မတင့်တယ် မလျောက်ပတ်သေး။"

"အနောက်တတ်ရေအိုင်က ရေကို ဆောင်ယူပြီး ကန်တော့ဖို့လည်း စွမ်းနိုင်တယ်။ ဒါပေမယ့် မတင့်တယ် မလျောက်ပတ်သေး"

"အကယ်၍ နတ်တို့အစွမ်းနဲ့ ကန်တော့လိုသည်ပဲထား အဘိညာဉ်သမာပတ် ရရှိထားသူ ရသေ့ရဟန်းတစ်ပါးအနေနဲ့ မဟာရာဇ်နတ်မင်းကြီးလေးပါးနဲ့ သိကြားမင်းတို့ကို ဆောင်ယူပြီး ကန်တော့နိုင်စွမ်းလည်း ရှိတယ်။ သို့သော် ဒါလည်း မတင့်တယ် မလျောက်ပတ်သေး"

"ငါ့နောင်တော်ရဲ့ ဂုဏ်ကျေးဇူးဟာ ငါ့ပေါ် မိဘအပေါ်မှာ အလွန်ကြီးမားစွာ ရှိပေတယ်။ ဒီလို ကျေးဇူးကြီးတဲ့ နောင်တော်ရဲ့ ဂုဏ်ကျက်သရေကို ဇမ္ဗူဒိပ်ကျွန်းအလုံး သိရှိ လွှမ်းပျံ့သွားစေအောင် ကန်တော့မှသာ ထိုက်တန်တင့်တယ်မှာ ဖြစ်တယ်။ နေ လသို့နှယ် ထင်ရှားမှာ ဖြစ်တယ်။ ဒီလို ကြီးကျယ်ထင်ရှားစွာ ကန်တော့ဖို့အတွက် ဘယ်လို ကန်တော့ဝတ္တုပစ္စည်းကို ငါ ရှာဖွေရမလဲ"

နန္ဒသည် အကောင်းဆုံး အတင့်တယ်ဆုံး ဖြစ်နိုင်မည့်အရာကို ကြံဆ၏။ အာရုံ၌ပေါ်လာသည်ကား ပြဟ္မဝဓနမြို့နှင့် မနောဇာအမည်ရှိ ဘုရင်။

"ဟုတ်လေပြီ။ မနောဇာမင်းဟာ ဇမ္ဗူဒိပ်ကျွန်းအလုံးမှာ မြတ်သောမင်းအဖြစ် ထင်ရှားတယ်။ သူ့ကို အကြောင်းပြု သူနဲ့အစပြုပြီး ဇမ္ဗူဒိပ်ပြင်မှ ရှိရှိသမျှ မင်းတွေအားလုံးကို ဆောင်ယူပြီး နောင်တော့်ရှေ့မှောက် အရောက်ပို့ ကန်တော့ဝန်ချ။ ဒါမှသာ နောင်တော့် ဂုဏ်ကျေးဇူးလည်း ထင်ရှား၊ ငါ့အပြစ်လည်း ပြေပျောက်မှာ ဖြစ်တယ်"

မည်သူမျှ မည်သို့မျှ ကြံစည်နိုင်ကောင်းသည် မဟုတ်သော၊ ကြံစည်သော်လည်း လက်တွေ့ဖြစ်နိုင်ဖွယ်မရှိသော ထိုကန်တော့ပစ္စည်းအတွက် နန္ဒရသေ့ စတင်လှုပ်ရှားပေပြီ။ ပြဟ္မဝဓနမြို့သို့ အဘိညာဉ်ခရီးဖြင့်...။

## MRAQN

"ရသေ့တစ်ပါး နန်းတော်တံခါးမှာ ရပ်လျှက်တည်ပါတယ် အရှင်။ အရှင့်ကို မြင်တွေ့လိုကြောင်း ရသေ့က စကားကမ်းလာပါတယ်"

မနောဇာမင်းထံ အမတ်တစ်ဦးဝင်၍ သံတော်ဦးတင်၏။

"ရသေ့တစ်ပါးတဲ့လား။ ငါ့အတွက် ရသေ့တစ်ပါးနဲ့ တွေ့မြင်ရလို့ ဘာများ ထူးထူးထွေထွေ ရှိမှာလဲ။ ရသေ့ဆိုတာ အာဟာရအတွက် အလှူခံဖို့လာတာပဲ။ ဆွမ်းထမင်းများကို ပို့ပေးလိုက်ကြ"

မင်းမိန့်အတိုင်း ဆွမ်းအာဟာရများ ပို့ကြသည်။ သို့သော် အာဟာရများ အရာမယွင်း ပြန်ရောက်လာ၏။

"ဆွမ်းအာဟာရကို အလိုမရှိလို့ ရသေ့ကဆိုပါတယ် အရှင်မင်းမြတ်"

"ဒါဆိုရင်လည်း သိုမှီးဖို့အတွက် ဆန်လိုတာဖြစ်မှာပေါ့။ ဆန်ပို့ပေးလိုက်ကြ"

ဆန်များပြန်ရောက်လာကြပြန်၏။

"ဆန်မလိုဘူးတဲ့လား။ ဒါဆိုရင် အဝတ်ပို့ပေးလိုက်"

အဝတ်များပြန်ရောက်လာပြန်၏။

"ကျွန်ုပ်တို့ပို့ပေးတာတွေက ဝန်ထုပ်ဝန်ပိုးဖြစ်နေတယ်နဲ့တူတယ်။ သူလိုအပ်တာ ကွမ်းပဲဖြစ်မယ်။ ကွမ်းပို့ပေးလိုက်ကြ"

ကွမ်းများ ပြန်ရောက်လာ၏။ မနောဇာမင်း အနည်းငယ် စိတ်ရှုပ်သွား၏။

"ရသေ့ ဘာလိုအပ်ချက်ရှိလဲ။ ဘာအတွက် ကြွလာသလဲဆိုတာသာ မေးလိုက်ကြ မောင်မင်းတို့"

မင်းတမန်သည် နန္ဒရသေ့ထံ ချဉ်းကပ်ပြီး ဘုရင့်အမေးစကားကို လျှောက်လေသည်။ နန္ဒရသေ့ ပြန်ကြား၏။

"မနောဇာမင်းကို အလုပ်အကျွေးပြုဖို့ ကျွန်ုပ်လာတယ်"

မင်းတမန်ထံမှ ထိုစကားကိုကြားရသောအခါ မနောဇာမင်း ပြုံးရယ်လေ၏။

"မောင်မင်းတို့ရဲ့ ရသေ့ကို အသာတကြည်ပဲ ပြန်ကြား။ ဖျောင်းဖျပြန်လွှတ်လိုက်ကြပါ။ ဘုရင်တစ်ပါးအနေနဲ့ ငါ့မှာ များစွာသော အလုပ်အကျွေး အခြွေအရံ ပစ္စည်းဥစ္စာအပေါင်းဟာ ပြည့်စုံရုံမက ပိုလျှံနေပါတယ်လို့ ဟုတ်လား"

မကြာမီ မင်းတမန် ပြန်ရောက်လာပြန်သည်။ တမန်၏မျက်နှာသည်လည်း စိတ်ရှုပ်ထွေးခြင်း၊ မယုံကြည်ခြင်းများဖြင့် မောပန်းနွမ်းနယ်နေသည်။

"အရှင်မင်းကြီး ရသေ့က ပြန်ကြားပါတယ်။ အရှင်မင်းကြီးကို သူ့အစွမ်းနဲ့ ဇမ္ဗူဒိပ်ကျွန်းအလုံးရဲ့ မင်းအဖြစ်ကို ရယူပေးဖို့ သူလာခြင်းဖြစ်ပါတယ်တဲ့ အရှင်"

မနောဇာမင်း တုံ့ခနဲ ဖြစ်သွား၏။ ဇမ္ဗူဒိပ်ကျွန်းအလုံး၏ မင်းအဖြစ်။ ကိုယ့်တိုင်းကိုယ့်ပြည် ကိုယ့်ဒေသကို အုပ်ချုပ်စိုးစံသော ဘုရင်မဟုတ်တော့။ ဘုရင်များတို့၏ ဘုရင်၊ ရာဇာဓိရာဇာ၊

မင်းတကာမင်း၊ ကေရာဇ်မင်းအဖြစ် မနောဇာမင်း တွေးလေသည်။ ရသေ့ရဟန်းတို့မည်သည် ပညာလည်းကြီးကြသည်။ ထူးခြားသော စွမ်းပကားတန်ခိုးများဖြင့်လည်း ပြည့်စုံကြသည်။ တစ်စုံတစ်ခုသော အကြောင်းကို ထိုရသေ့ကောင်းစွာ သိနေသောကြောင့်သာ ဤသို့အရောက်လာ၍ ဤမျှသောစကားကို ဆိုခြင်းဖြစ်မည်။ ထို့ကြောင့်...

"မောင်မင်းတို့ ရသေ့ကို ပင့်ဆောင်ခဲ့ကြ"

# MRAQN

ကောင်းစွာ ပြင်ဆင်စီမံအပ်သော နေရာတွင် နန္ဒရသေ့ထိုင်ပြီးသည့်နောက် မနောဇာမင်းက လက်အုပ်ချီ၍ မေးလျှောက်လေသည်။

"အရှင်ဟာ အကျွန်ုပ်ကို ဇမ္ဗူဒိပ်ကျွန်းအလုံး၏ မင်းအဖြစ် ယူပေးမယ်လို့ ဆိုခဲ့ပါတယ်။ ထိုစကားအမှန်ပါလား။ ထိုသို့ပင် အရှင်စွမ်းဆောင်နိုင်ပါသလား"

"မင်းမြတ်... ဟုတ်တယ်။ ငါ အဲဒီစကားဆိုတယ်။ ငါ အဲဒီအတိုင်း ပြုနိုင်စွမ်းတယ်" မနောဇာမင်း နားမလည်နိုင်အောင် ဖြစ်သွားသည်။ အခြားသောတိုင်းနိုင်ငံမှ မင်းများအပေါ် အုပ်စိုးသော ဇမ္ဗူဒိပ်၏မင်းအဖြစ် ရောက်ရှိရေးအတွက် စစ်ပွဲတွေ သိမ်းသွင်းတိုက်ခိုက်ပွဲတွေကို ဖြတ်သန်းရပေမည်။ မနောဇာမင်း၏ အာရုံတွင် စစ်ရထားသံ၊ စစ်မြင်းဟီသံ၊ စစ်ဆင်အော်သံ၊ ဓားလှံတဖွေးဖွေး စွေးစွေးနီသော သွေးများ၊ ထိုးခုတ်တိုက်ခိုက်နေသည့် ပုံရိပ်များကို တသီကြီး မြင်ယောင်လိုက်၏။

"ဘယ်လိုနည်းလမ်းနဲ့ ဆောင်ယူပြုမူနိုင်မှာလဲ အရှင်ရသေ့"

မနောဇာဘုရင်၏ စိတ်အစဉ်ကို နန္ဒရသေ့ သိလေသည်။

"မင်းမြတ်... ပြည်သူပြည်သား၊ ဗိုလ်ပါစစ်သည် ရဲမက်တို့ကို အပထား၊ ယင်ကောင်ငယ်လောက် သောက်ရုံမျှသော သွေးစက်ကိုသော်မှ မစွန်းထင်းမပေါ်ပေါက်စေရဘူး။ အဘယ်သူတစ်ဦးကိုမျှ မထိခိုက်စေရဘူး။ မင်းကြီးရဲ့ အသက်အိုးအိမ်ဥစ္စာ စီးပွားလည်း မပျက်စီးစေရဘူး"

"သို့ဆိုလျှင် ဘယ်သို့သော နည်းလမ်းပါလဲ အရှင်ရသေ့"

"ငါ့ရဲ့တန်ခိုးနဲ့ ဆောင်ယူပေးမှာ ဖြစ်တယ် မင်းမြတ်"

မနောဇာမင်း မင်တက်မိသလို ငေးငိုင်သွား၏။ ယုံကြည်စိတ်ချရဲဝံ့စွာ ဆိုနေသော နန္ဒရသေ့၏ ဥပမိအသွင်နှင့် တိကျပြတ်သားသော စကားလုံးတို့ကို မနောဇာဘုရင် လုံးဝသက်ဝင်သွားလေသည်။

"မင်းမြတ် ကြာမြင့်မှုမရှိစေချင်ဘူး။ ယနေ့ပင် စစ်ထွက်ခြင်းအမှုပြုတော့ စစ်အင်္ဂါစီရင်တော့" ပြဟ္မဝမုန စစ်တပ်ကြီး စစ်ချီထွက်ခဲ့လေပြီ။

# MRAQN

စစ်ချီဦးတည်ရာအရပ်သို့မရောက်ခင် လမ်းခရီးစစ်ချီလမ်းကြောင်းတစ်လျှောက်လုံးတွင် နန္ဒရသေ့သည် တန်ခိုးဖြင့် စစ်တပ်ကြီးကို စောင့်ရှောက်လေသည်။ စစ်တပ်ကြီး နေပူကျဲကျဲ ပြင်းပြင်းဒေသတွင် စစ်ချီချိန်၌ အရိပ်အာဝါသတည်းဟူသော တိမ်တိုက်တို့ကို ဖန်ဆင်း၍ အေးမြခြင်းကို ဖြစ်စေ၏။ မိုးသည်ထန်စွာ ရွာသွန်းသောအခါမျိုးတွင် အခြားတစ်ပါးသော အရပ်၌သာ မိုးကျစေလျှက် စစ်တပ်ကြီး၏အပေါ်၌ မိုးကိုဖယ်ရှားစေ၏။ ထိုနည်းနှင့်ပင် အေးလွန်သောလေ၊ ပူလွန်သောလေတို့၏ ဘေးမှလည်း ကာကွယ်ပေး၏။ စစ်ချီလမ်းကြောင်း တစ်လျှောက် မလွဲမသွေ ဖြတ်သန်းရသော ဆူးကြမ်း၊ ဖုန်းဆိုး၊ ကျောက်ခက်၊ နွံခဲ၊ ကျောက်စရစ်ကြမ်းအပြင်တို့ကိုလည်း ကသိုဏ်းဝန်းနယ် ညီညာပြန့်ပြူးစေ၏။ ထိုသို့ အစဉ်တစိုက် စောင့်ရှောက်နိုင်ရန် သဘာဝဘေးအပေါင်းတို့မှ တားမြစ်ဖယ်ရှားပေးနိုင်ရန် နန္ဒရသေ့သည် ကောင်းကင်၌ မိမိ၏ဓမ္မခဏ်ကိုဖြန့်လျှက် ထက်ဝယ်ပလ္လင်ဖွဲ့ခွေ ထိုင်နေကာ အစဉ်တစိုက် လိုက်ပါခဲ့လေသည်။

ပြဟ္မဝမုန စစ်သည်အပေါင်းတို့ကား နန္ဒရသေ့၏ တန်ခိုးအာနုဘော်ဖြင့် မိမိတို့ စစ်ချီခရီး မကြုံဖူးအောင် ချောမွေ့ ပြေပြစ်နေသဖြင့် အံ့သြခြင်းကြီးစွာ ဝမ်းမြောက်ဝမ်းသာ တက်ကြွ လန်းဆန်းလျှက် ရှိကြသည်။

ဦးစွာဆိုက်ရောက်လာသည်ကား ကောသလတိုင်း။

မြို့တော်မနီးမဝေးတွင် စစ်တပ်တည်၍ အခိုင်အမာ တပ်စွဲကာ တမန်ဖြင့် ရာဇသံစေလိုက်၏။

"စစ်ကိုတည်း လိုအံ့လော၊ ထီးဖြူကိုတည်း ပေးအံ့လော"

ကောသလမင်းကား ရာဇမာန်ပြင်းသူ ဖြစ်၏။ တစ်တိုင်းတစ်ပြည်မှ ထိုသို့ စစ်ကြေညာသံပေးလာခြင်းအပေါ် ချက်ချင်းပဲ တုံ့ပြန်လိုက်သည်။

"ငါ မင်းတစ်ပါးဖြစ်တယ်။ ထီးဖြူဆောင်းဘုရင် ဖြစ်တယ်။ ကျူးကျော်ရန်စသူအတွက် ပေးစရာကတော့ စစ်...ပဲ"

စစ်မြေပြင် စစ်တလင်း၌ မနောဇာမင်း၏ ပြဟ္မဝဓုန စစ်တပ်ကြီးနှင့် ကောသလမင်း၏ ကောသလစစ်တပ်ကြီးတို့ တစ်ဖက်တစ်ချက်စီတွင် တပ်များအသီးသီး ခွဲလိုက်ကြ၏။ သတ္တန္တရကပ်ဘေးကား နီဒါန်းပျိုးလေပြီ။

အံ့ဖွယ်သရဲ ဖြစ်ပေါ်လာတော့သည်။ နှစ်ဖက်စစ်သည်များ ပစ်လွှတ်လိုက်သော မြားတံတို့သည် ကောင်းကင်ယံကို မည်းမှောင်စေလျက် တူရူအရပ်သို့ အပြန်အလှန် ပျံသန်းလာကြသည်။ သို့သော် ထိုမြားတံတို့သည် စစ်တပ်ကြီးနှစ်တပ်ရှိ မည်သည့် စစ်သည်သူရဲကိုမှ စူးဝင် ထိုးစိုက်ခြင်း မရှိကြ။ မည်သူမျှ ခြစ်ရာပွန်းပဲ့ရာ အနာတရသော်မှ မရကြ။

နှစ်ဖက်စစ်တပ် စစ်သည်တို့၏ ကျည်တောက်များ၌သာ မြားများကုန်သွား၏။ လေးညို့တို့လည်း ပျော့ပျောင်း လျော့ရည်းခြင်းသာ အဖတ်တင်၏။ ပစ်လွှတ်လိုက်သော မြားတံများက ကောင်းကင်မှာပင် ပျောက်ဆုံးသွားကြ၏။ တစ်ဖက်ဆီသို့ ကျဆင်းကာ စိုက်လာသော မြားတံဟူ၍ တစ်စင်းတစ်လေမှ မရှိ။

နန္ဒရသေ့သည် နှစ်ဖက်စစ်သည်တို့၏ အလယ် စစ်မြေပြင်အကြား၌ ရပ်တည်ကာ မိမိနေရာမှပင် ပမာဏကြီးလှစွာသော သစ်နက်ရေအထုအပြင်ကြီးကို ဖန်ဆင်းလျက် အလုံးစုံသော မြားတံများကို သစ်နက်ရေ၌သာ စူးဝင်စေခြင်းဖြင့် သိမ်းဆည်းလိုက်သောကြောင့် ဖြစ်လေသည်။

နှစ်ဖက်စစ်သည်များ အံ့ဩထိတ်လန့်စွာ ငေးငိုင်နေကြချိန်တွင် နန္ဒရသေ့သည် မနောဇာမင်းအား

"မင်းကြီး... စိုးရိမ်စရာ အလျဉ်းမရှိ။ နေမြဲအတိုင်းသာ စွဲမြဲနေ"

ဟု နှစ်သိမ့်ကာ ကောသလမင်းထံ ဝင်လေသည်။

"မင်းကြီး... ကြောက်ရွံ့စိုးရိမ်ဖွယ် အလျဉ်းမရှိ။ စင်စစ်မင်းကြီးမှာ အသက်အတွက်၊ ထီးနန်းစည်းစိမ်အတွက် ရန်သူမရှိဘူး။ ကောသလတိုင်းဟာ မင်းကြီးအတွက်ပဲ တည်ရှိမြဲဖြစ်တယ်။ အစခပ်သိမ်း အရာမယွင်းမရွေ့ ရှိစေမယ်။ မနောဇာမင်းရဲ့အလိုသာ လိုက်လျောပါ"

ညင်သာသိမ်မွေ့သော စစ်ထိုးခြင်း၊ အုပ်စီးခြင်း ဖြစ်လေသည်။ မိမိ၏ အသက်ထီးနန်းစည်းစိမ်ကို မည်သို့မျှ ထိပါးခြင်းမရှိသည့်အတွက် ကောသလမင်း ကျေနပ်သွား၏။ 'ကောသလမင်းရဲ့ အလိုကိုသာ လိုက်လျောပါ' ဟူသည့် စကား၏ အနက်ကား ကောသလထီးဖြူသည် ပြဟ္မဝမုန ထီးရိပ်အဝန်း၏ အပိုင်အနက်တွင်း ရှိပါစေဟူသော အဓိပ္ပာယ်ပင်။ တနည်းအားဖြင့် လက်အောက်ခံ ပဒေသရာဇ်အဖြစ် ကိုယ့်ထီးကိုယ့်နန်းဖြင့် အုပ်ချုပ်မင်းလုပ်နိုင်ဟူသော အချုပ်အနှောင်ပါသည့် လွတ်လပ်ခွင့်။

ကောသလမင်းသည် နန္ဒရသေ့၏စကားကို နားလည်၏။ အလိုကိုလည်းသိ၏။ ဤသို့သော တန်ခိုးကြီးရသေ့တစ်ပါးကို တမန်ဖြစ်စေသော မနောဇာမင်း၏ ဘုန်းအာဏာကိုလည်း ကြည်ဖြူစွာပင် လိုက်လျောခွင့်ပြုလိုက်လေသည်။

ထို့နောက် နန္ဒရသေ့၏ အစီအမံဖြင့် ကောသလမင်းသည် မနောဇာမင်းထံ ရောက်ခဲ့သည်။ မနောဇာမင်းအားလည်း 'မင်းကြီး ကောသလမင်းအတွက် ကောသလတိုင်းသည်သာ ဖြစ်ပါစေ။ သင့်အလိုသို့ သူလိုက်လျောမည်ဖြစ်သည်' ဟု နှစ်သိမ့်၏။ မင်းနှစ်ပါး နားလည်မှု ရသွားလေသည်။

ထို့နောက်တွင်ကား ပြဟ္မဝမုနစစ်တပ်နှင့် ကောသလတပ် အတူတူပူးပေါင်းကာ အင်္ဂတိုင်းသို့ ဆက်လက် ချီတက်ခဲ့ကြသည်။ နှစ်တိုင်းပြည်ပေါင်းသော စစ်တပ်ကြီးကို အင်္ဂတိုင်းတပ်သည် မခံတံ့။ နန္ဒရသေ့ကလည်း အစေ့အစပ်ပြောဆို သိမ်းသွင်းလိုက်သည်။

အင်္ဂတိုင်း၊ ထို့နောက် မဂဓတိုင်း၊ ထို့နောက်... ထို့နောက်...။

ဇမ္ဗူဒိပ်ကျွန်းအလုံးရှိ တိုင်းနိုင်ငံအသီးသီးမှ ဘုရင်များသည် ဤနည်းဖြင့်သာ နန္ဒရသေ့၏ အမိန့်တည်ကြရလေသည်။ ခုနစ်နှစ်၊ ခုနစ်လ၊ ခုနစ်ရက် အချိန်ကာလ အတွင်း၌ ပြည်ထောင်အပေါင်းကို သိမ်းသွင်းပြီး ဖြစ်သွား၏။

## MRAQN

မနောဇာမင်းကား ဇမ္ဗူဒိပ်၏ မင်းကေရာဇ်အဖြစ်သို့ ရောက်ရှိပေပြီ။ တစ်ရာ့တစ်ပါးသော မင်းတို့အား မင်းနေပြည်သို့ ပင့်ဆောင်ယူလိုက်ပြီးနောက် အောင်သေအောင်သား စားပွဲကြီးကို ကျင်းပလေသည်။ တစ်ပြည်တစ်ပြည်မှ အထူးထူးသော ခဲဖွယ်ဘောဇဉ်ဟင်းလျာမစဲ၊ အဖျော်ရည်တို့ဖြင့် စီမံအပ်သော စားပွဲသဘင်ကြီးတွင် မနောဇာမင်းသည် ပဒေသရာဇ်မင်း အပေါင်းခြံရံလျှက် ခုနစ်ရက်တိုင် မဟာအောင်ပွဲသဘင် ဇမ္ဗူဒိပ်အလုံး ချစ်ကြည်ပေါင်းစည်းမှု သဘင်ကို ခံယူလေသည်။

ဘုန်းအာဏာ၊ မင်းစည်းစိမ်၊ အကြွင်းအကျန်မရှိ ပြည့်စုံပေါ်များ၊ အလျှံပယ်ကြွယ်သည့် အစားအာဟာရ အောင်သေအောင်ပွဲသဘင်၊ အဖိုးတန်စည်းစိမ်ဥစ္စာ၊ စုံလင်ပြည့်ဝသော ရွှေငွေကျောက်သံပတ္တမြား၊ သီဆိုပွဲ၊ ကခုန်ပွဲ၊ တီးမှုတ်ပွဲ အစရှိသည်တို့ဖြင့် ဆင်ယင်အပ်သော ထိုခုနစ်ရက်ခုနစ်လီ မဟာအောင်ပွဲကြီးဝယ် စတင်သည့် ပထမနေ့မှသည် ပြီးဆုံးသည့်နေ့အထိတိုင် တစ်ခုသောအရာကား လစ်လပ်လျှက် ရှိလေသည်။

ထိုအရာကား ထိုမဟာအောင်ပွဲကို မိမိတန်ခိုးဖြင့် ရယူဆောင်ကြဉ်းပေးသော နန္ဒရသေ့ ရှိမနေခြင်းပင်ဖြစ်သည်။ နန္ဒရသေ့က 'မနောဇာမင်းသည် ကေရာဇ် မင်းစည်းစိမ်ကို ခုနစ်ရက်ပတ်လုံး ခံစားလိမ့်မည်' ဟု သိ၍ ထိုမျှသော ကာလပတ်လုံး ငါ့ကိုမပြပဲ ပြောက်ယွန်းယွန်းသို့ ဆွမ်းခံသွားကာ စိမဝန္တရွှေဂူတံခါး၌ ခုနစ်ရက်ပတ်လုံး နေထိုင်ခဲ့လေသည်။

မနောဇာမင်း နေလေဦး၊ ခုနစ်ရက်အောင်ပွဲကြီးနှင့် ကေရာဇ်မင်းစည်းစိမ်ကို စံစား၍ ဝလင်သောအခါ မိမိ၏ကြီးစွာသော စည်းစိမ်ချမ်းသာကို တစိမ့်စိမ့် အရသာခံကြည့်ရင်း နန္ဒရသေ့ကို သတိရလေတော့သည်။

"အလို ကြည့်စမ်း။ ဒီလို ဧကရာဇ်မင်းစည်းစိမ်ကို ငါ့ရဲ့ ခမည်းတော်၊ မယ်တော်တို့က ပေးအပ်တာလည်းမဟုတ်၊ ဘယ်စစ်သူကြီး၊ ဘယ်မှူးမတ်ကမှ ပေးအပ်ခဲ့တာလည်းမဟုတ်ဘူး။ ဒီစည်းစိမ်ဟာ နန္ဒရှင်ရသေ့ကြောင့် ဖြစ်ပေါ်ခဲ့တာပါလား။ နန္ဒရှင်ရသေ့ ကျေးဇူးရှင်ကို ငါမမြင်မတွေ့ရတာ ခုနစ်ရက်တိုင်ခဲ့ပြီကော။ ငါ့ကျေးဇူးရှင် ဘယ်မှာလဲ၊ ဘယ်ရောက်နေတာလဲ"

နန္ဒရသေ့သည် ထိုတဒင်္ဂကိုပင် စောင့်ကြည့်နေခဲ့သည်ဖြစ်ရာ မနောဇာမင်း လွန်စွာ လိုလားတောင့်တသော ထိုအချိန်မှာပင် မင်း၏ ရှေ့မှောက်ကောင်းကင်ယံ၌ တည့်ရပ် ထွက်ပေါ်လာ၏။ မနောဇာမင်းသည် မိမိလိုလား တောင့်တချိန်၌ ကျေးဇူးရှင် ရောက်ရှိလာသည်ကို အလွန်ဝမ်းမြောက် ကြည်နူးလှသဖြင့် ကျေးဇူးတရားကို တဖွဖွတသသ ဆင်ခြင်ရင်း ကျေးဇူးတုံ့ဆပ်လိုစိတ်များ ဖြစ်ပေါ်လာလေသည်။

"ကြည့်စမ်း၊ ကျေးဇူးရှင်ရသေ့မြတ် ရောက်ရှိလာပြီ။ ယခုတိုင် ကျေးဇူးရှင်ဟာ လူသားစင်စစ်လား၊ နတ်ဒေဝတာလား ငါမသိသေးဘူး။ အကယ်၍ လူဖြစ်အံ့။ ဇမ္ဗူဒိပ်ကျွန်းအလုံးရဲ့ မင်းအဖြစ်ကို ငါပေးအပ်ပူဇော်မယ်။ နတ်ဖြစ်အံ့။ ကြီးစွာသော ပူဇော်သက္ကာရကို ပေးမယ်" ဟု ဆုံးဖြတ်လိုက်၏။ ထို့ကြောင့်...

"အို... ကျေးဇူးတော်ရှင်ကြီး၊ အရှင်ဟာ စတုမဟာရာဇ်နတ်လား၊ ဂန္ဓဗ္ဗနတ်လား၊ သိကြားမင်းလား၊ သို့တည်းမဟုတ် တန်ခိုးအရာပြိုင်ဘက်ကင်းတဲ့ လူသားပင်လား သိပါရစေ" ဟု မေးလိုက်သည်။

"ဧကရာဇ်မင်းမြတ်၊ ငါဟာ စတုမဟာရာဇ်နတ်လည်းမဟုတ်၊ ဂန္ဓဗ္ဗနတ်လည်းမဟုတ်၊ သိကြားမင်းလည်းမဟုတ်၊ ငါဟာ တန်ခိုးကြီးသော လူသားစင်စစ်ပဲ ဖြစ်ပေတယ်"

မနောဇာမင်းသည် အထူးပင် ဝမ်းမြောက်သွား၏။

"အို... ကျေးဇူးရှင်၊ ရှင်ရသေ့မြတ်၊ အရှင့်ကျေးဇူးဟာ ကျွန်ုပ်အပေါ်မှာ မကုန်မဆုံးနိုင်အောင် များမြောက်လှပါတယ်။ စစ်ချီလမ်းကြောင်းမှာ နေပူကို အေးမြတဲ့ အရိပ်ဖြစ်စေတယ်။ ရန်သူတို့အလယ်မှာ မြားအရံအတားကို ပြုပါပေတယ်။ ဒါတွေမကပါ အရှင်။ အရှင်ဟာ တိုင်းကြီးပြည်ကြီးအလုံးတို့အပေး အစိုးရတဲ့ ဘုရင်အပေါင်းတို့ကိုလည်း ကျွန်ုပ်အလိုကို လိုက်ပါစေတယ်။ တစ်ရာ့တစ်ပါးသော မင်းတို့ကို အကျွန်ုပ်နဲ့အတူ ဖြစ်စေတယ်"

"ကျေးဇူးတော်ရှင် အရှင်မြတ်ရဲ့ ခြေတော်ရင်းမှာ အကျွန်ုပ်ဟာ အလုံးစုံသော အလိုရှိသမျှ ရတနာတို့ကို ပုံပေးပါမယ်။ ဆင်ယာဉ်၊ ရထားယာဉ်၊ တန်ဆာဆင်သော သတို့သမီးငယ်၊ ကျွန်ခပ်သိမ်း နေအိမ်ခပ်သိမ်း အရှင့်ကို ပူဇော်ပါရစေ"

"ထိုမျှမက အလိုရှိပါသေးရင် အင်္ဂတိုင်း၊ ကောသလတိုင်း၊ မဂဓတိုင်း၊ အဿကတိုင်း၊ အဝန္တိတိုင်း အစရှိတဲ့ တိုင်းပြည်ခပ်သိမ်းတို့ကိုပင် ပေးအပ်ပူဇော် ကျေးဇူးဆပ်ပါရစေ..."

"ထိုမျှမက ထက်ဝယ်သော တိုင်းပြည်နဲ့တကွ ဇမ္ဗူဒိပ်ကျွန်းအလုံးရဲ့ မင်းဇကရာဇ်အဖြစ်ကိုပင် အလိုရှိပါသေးရင် ပေးအပ်ပူဇော်ပါမယ်။ အလိုရှိတိုင်း စေခိုင်းတောင်းဆိုတော်မူပါ"

နန္ဒရသေ့သည် မနောဇာမင်းထံမှ ထိုစကားကို စောင့်မျှော်နေခြင်းပင် ဖြစ်၏။ ဇကရာဇ်မင်းသည် သူ့အလိုလိုအားဖြင့် မိမိအား အလိုရှိသမျှ တောင်းဆိုပါရန် ဝန်ခံအပ်နှံချေပြီ။ မိမိကြံစည်ရည်ရွယ်ချက်များ ပြီးမြောက်ဖို့ တံခါးဝသည် ပွင့်ဟသွားပေပြီ။

ကောင်းကင်ယံ၌ တည့်ရပ်လျှက်ကပင် နန္ဒရသေ့သည် မိန့်မြွက်လိုက်၏။

"ဇကရာဇ်မင်းမြတ် သင်ဆိုခဲ့သမျှ မည်သည့်အရာကိုမျှ ငါမလိုချင်ဘူး။ သင် ငါ့အပေါ် ကျေးဇူးရှင်အဖြစ် ချစ်ခင်မြတ်နိုးတယ်ဆိုရင် ငါ့ရဲ့တစ်ခွန်းသောစကားကိုသာ လိုက်နာပေးပါ"

"မိန့်ဆိုတော်မူပါ အရှင်"

"မင်းမြတ် သင့်ရဲ့ ဘုန်းအာဏာစက်ပျံ့နှံ့ရာ တိုင်းပြည်အတွင်း တောအရပ်တစ်ခုမှာ ကျောင်းသခ်မ်းတစ်ခု တည်ရှိတယ်။ အဲဒီကျောင်းသခ်မ်းမှာ ငါ့ရဲ့ အမိနဲ့အဘ နေထိုင်ကြတယ်"

"မင်းမြတ် ငါဟာ ငါ့အမိတို့ကို ပြုစုလုပ်ကျွေးခွင့် မရခဲ့ဘူး။ ပြုစုလုပ်ကျွေးခွင့် မရနိုင်အောင်ပဲ ငါဟာ ငါ့ရဲ့နောင်တော် အပေါ်မှာ အပြစ်ကျူးလွန်မိတယ်။ အဲဒီ ငါ့ရဲ့အပြစ်တွေအတွက် ငါ့ရဲ့နောင်တော် သောဏရသေ့ထံမှာ ငါဝန်ချ တောင်းပန်ရလိမ့်မယ်။ အဲဒီလို တောင်းပန်ရာမှာ သင်မင်းကြီးတို့ကို အခြံအရံ အစောင့်အရှောက်အဖြစ် ငါနှင့်အတူ လိုက်ပါဝန်းရံပေးဖို့ အလိုရှိတယ် မင်းကြီး"

နန္ဒရသေ့က ထိုသို့အလိုရှိရာဆန္ဒကို ဖွင့်ဟလိုက်သောအခါ မနောဇာမင်းသည် မိမိကျေးဇူးတုံ့ဆပ်ခွင့် ရပေပြီဟူ၍ အလွန်ဝမ်းသာသွား၏။

ထို့နောက် မိမိ၏ ကြီးကျယ်ခြင်း၊ နန္ဒရသေ့၏ ကြီးကျယ်ခြင်းဂုဏ်ကို ပြသသောအားဖြင့် မနောဇာမင်းသည် ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေလျင်တပ်များကို ပြင်ဆင်စေလိုက်သည်။ တစ်ရာ့တစ်ပါးသော မင်းတို့ကိုလည်း အဆောင်အယောင်များ အပြည့်အစုံ၊ တပ်တော် အပြည့်အစုံဖြင့် လိုက်ပါရန် ဆင့်ဆိုလိုက်သည်။ လေးပါးသောအင်္ဂါရှိသည့် နှစ်ဆယ့်လေးခေါဘိဏီ အရေအတွက်ရှိသော တပ်မကြီး၏ရှေ့ဆုံးရထားထက်တွင် နန္ဒရသေ့ကို စီးနင်းစေသည်။ မိမိကိုယ်တိုင်က ဒုတိယမြောက်ရထားကို စီးနင်း၍ သောဏရှင်ရသေ့၏ ကျောင်းသခ်မ်းဆီသို့ ရှေ့ရှုချီခဲ့ကြ၏။

ထိုအချိန်တွင် သောဏရှင်ရသေ့ ပညာရှိကလည်း ညီတော်နန္ဒအကြောင်းကို ဆင်ခြင်လျှက်ရှိ၏။

"နန္ဒထွက်သွားခဲ့တာ ခုနစ်နှစ်၊ ခုနစ်လ၊ ခုနစ်ရက် တင်းတင်းပြည့်ခဲ့ပြီ။ အခု သူဘယ်မှာလဲ"

ဒိဗ္ဗစက္ခုအစွမ်းဖြင့် ခပ်သိမ်းသော မြင်ကွင်းသည် ထင်မြင်လာလေသည်။ ခေါဘိဏီတပ်များ၊ ဘုရင်များ၊ မနောဇာမင်း၊ ရွှေဆုံးရထား၏ တံခွန်အောက်မှာ စီးနင်းလိုက်ပါလာသော ညီတော်နန္ဒရသေ့။

"ဩော်... တစ်ရာ့တစ်ပါးသော မင်းတို့ကို ခေါ်ယူ၊ မနောဇာမင်းကို အဦးအစီးထားလို့ ငါ့ကို ကန်တော့ဖို့ သူတို့လာနေကြပါလား"

ဖြစ်အံ့သော အခြေအနေကို သောဏရှင်ရသေ့ ဆက်လက်ဆင်ခြင်ပြန်၏။ "များစွာသော ဗိုလ်ပါပရိသတ်နဲ့တကွ တစ်ရာ့တစ်ပါးသော မင်းတို့ဟာ သူတို့ရဲ့ ခေါဘိဏီတပ်အင်အား၊ သူတို့ဆရာနန္ဒရသေ့ရဲ့ တန်ခိုးစွမ်းအင်ကို အမှီပြုပြီး တက်ကြွနေကြတယ်။ ငါ့ရဲ့အာနုဘော်ကို သူတို့မသိမမြင်ကြသေး။ ဒီအခါမှာ ငါတို့အရှင်နန္ဒရသေ့ရဲ့ တန်ခိုးစွမ်းအင်ကို ဒီရသေ့ ယှဉ်မှယှဉ်နိုင်ပါရဲ့လား။ ငါတို့ဆရာကို ဒီရသေ့က တုပပြိုင်ဆိုင်သတဲ့လား။ ဒီရသေ့က ဘာမို့လို့လဲဆိုပြီး သူတို့ကဲ့ရဲ့စကားနဲ့ ပြစ်တင်ရှုတ်ချမိမှားတော့မယ်"

ဒီအခါ သူတို့အားလုံး ကြီးစွာသော အပြစ်ဆိုက်ရောက်ပြီး အဝီစိငရဲလားကြတော့မယ်။ သူတို့အပြစ်မဖြစ်အောင် ငရဲမလားရလေအောင် သူတို့နဲ့ထိုက်တန်တဲ့ တန်ခိုးပြာဋိဟာကို ငါပြမှ ဖြစ်တော့မယ်။ ထိုသို့ကြံစည်ပြီးနောက် သောဏရှင်ရသေ့သည် စျာန်တန်ခိုးဖြင့် ကောင်းကင်ခရီးကို ပျံသန်းလိုက်၏။ မနောဇာမင်းနှင့်တကွသော တပ်မကြီးများ၏ အထက်ကောင်းကင်တွင် အံ့မခန်း စျာန်ခရီးသွားရင်းဖြင့် ထပ်မံ၍ တန်ခိုးပြလိုက်ပုံကား... ရေအိုးနှစ်လုံး ချိတ်ဆွဲသော ထမ်းပိုးကို ပခုံး၌ မထိစေဘဲ ကောင်းကင်အပြင်၌ လွတ်နေစေ၏။ ထမ်းပိုးသည် ပခုံး၌ ထမ်းထားဘိသည့်အလား သောဏရှင်ရသေ့ လှုပ်ရှားရာတိုင်းသို့ လိုက်ပါ၏။ ထိုသို့သော အနေအထားဖြင့် သောဏရသေ့သွားသော ခရီးကား အနောဝတတ်ရေအိုင်ပင် ဖြစ်လေသည်။ အနောတတ်ရေအိုင်မှ ရေကို ခပ်သယ်အံ့သောငှာ ပျံကြွလေသည်။

ညီတော်နန္ဒရသေ့သည် ထိုအခြင်းအရာကို မြင်သောအခါ မိမိ၏သဏ္ဍာန်ကို နောင်တော်မျက်မှောက်၌ မပြဝံ့ဖြစ်လျှက် ရပ်တည်နေသည့်နေရာ၌ပင် ကွယ်ပျောက်လျှက် အဝေးသို့ ပြေးကာ ဟိမဝန္တာသို့ ဝင်သွားလေသည်။

မနောဇာမင်းကား နန္ဒရသေ့ကွယ်ပျောက်သွားသည်ကို သတိမထားမိနိုင်အားပဲ သောဏရသေ့ကို ကြည့်၍သာ အံ့ဖွယ်သရဲ ဖြစ်နေသည်။ သောဏရသေ့လည်း ကောင်းကင်ခရီးမှ သက်၍ မနောဇာမင်းနှင့် သူ၏တပ်မကြီးထံ ရှေ့ရှုလာခဲ့သည်။

မနောဇာမင်းသည် လက်အုပ်ချီလျှက် အလွန်ပျပ်ဝပ်ရိုကျိုးစွာ မေး၏။

"အရှင်ရသေ့... ပခုံးစွန်းနဲ့ထမ်းပိုး မထိစေဘဲ ကောင်းကင်ခရီးကိုသွားပြီး ရေခပ်တာကို တပည့်တော်တို့ အံ့မနန်းမြင်တွေ့ရပါပြီ။ ဒီထမ်းပိုးကို ဒီလို အသုံးပြုသူဟာ ဘယ်သူပါလဲဘုရား"

သောဏရသေ့က ဣန္ဒြေကြီးစွာ ဖြေ၏။

"မင်းမြတ် ငါဟာ သီလအလုံးစုံလုံခြုံတဲ့ သောဏမည်တဲ့ရသေ့ ဖြစ်တယ်။ အမိအဘတို့ကို နေ့ညဥ့်မပြတ် လုပ်ကျွေးပြုစုတယ်။ အမိအဘရဲ့ ဂုဏ်ကျေးဇူးကို အစဉ်အောက်မေ့ဆင်ခြင်ရင်း သစ်သီးဝလံစားဖွယ်များကို ဆောင်ယူကျွေးမွေးတယ်"

မနောဇာမင်းကား သောဏရသေ့အပေါ် လွန်ကဲသော မြတ်နိုးကြည်ညိုခြင်းဖြင့် ဝမ်းမြောက်ပီတိ ရှိသွားပြီဖြစ်၏။

"အရှင်ဘုရား... အရှင်ဘုရားရဲ့ ကျောင်းသခ်မ်းရှိရာကို ညွှန်ပြတော်မူပါ။ တပည့်တော်တို့ အရှင်ဘုရားရဲ့ ကျောင်းကို သွားလိုလှပါတယ်ဘုရား"

သောဏရသေ့သည် တန်ခိုးဖြင့် ကျောင်းသွားရာလမ်းကို ဖန်ဆင်းလိုက်သည်။

"မင်းမြတ်... အဲဒီလမ်းအတိုင်းသွား။ တိမ်အဆင်းနဲ့တူတဲ့ ပင်လယ်ကသစ်ပန်းတို့ ဖုံးလွှမ်းနေသောတောကို တွေ့လိမ့်မယ်။ အဲဒီတောမှာ ကောသိယအနွယ်ဖြစ်တဲ့ ငါ့ရသေ့ နေထိုင်တဲ့ကျောင်း ရှိတယ်"

ထိုသို့ညွှန်ပြလျှက် သောဏရှင်ရသေ့သည် အနောတတ်ရေအိုင်သို့ ထွက်ခွာခဲ့ပြီး မနောဇာမင်းနှင့် တပ်များမရောက်မီမှာပင် ပြန်ရောက်နှင့်ကာ ရေအိုးများကို ရေဖြည့်၏။ တောပန်းများဖြင့် ဖုံးလွှမ်းစေကာ ပရိဝုဏ်ကို တံမြက်လှည်းသည်။ ထို့နောက် ခမည်းတော်ရှင်ရသေ့ကြီးအား လျှောက်သည်။

"ခမည်းတော် တစ်ရာ့တစ်ပါးသော မင်းတို့ဟာ စစ်အင်္ဂါလေးပါး အခြံအရံအပြည့်အစုံနဲ့ လာနေကြပါတယ်။ ခမည်းတော်က ကျောင်းထဲကထွက်ကြွပြီး ဟောဒီ မြင့်မြတ်သောနေရာမှာ စံစားနေတော်မူစေလိုပါတယ်"

ဖခင်ရသေ့ကြီးလည်း သောဏရသေ့လျှောက်သည့်အတိုင်း နေရာယူလိုက်၏။ ထို့နောက် မိခင်ရသေ့မကြီးသည်လည်း ရသေ့ကြီးထက် နိမ့်သော နေရာ၊ သောဏရသေ့ကိုယ်တိုင်က ထိုနေရာများထက် နိမ့်သောနေရာ အသီးသီးနေရာယူလိုက်ကြသည်။

ထိုအချိန်၌ နောင်တော်၏ တန်ခိုးအရှိန်အဝါကို ကြောက်ရွံ့ကာ ကိုယ်ရောင်ဖျောက်လျှက် ဟိမဝန္တာသို့ ဝင်သွားခဲ့သော နန္ဒရသေ့သည် မနောဇမင်းထံ ပြန်လာပြီး ကျောင်းသခ်မ်းနှင့် မနီးမဝေးသစ်တပ်တွင် ချဉ်းကပ်လေသည်။

မနောဇမင်းနှင့် တစ်ရာ့တစ်ပါးသောမင်းတို့သည် မိမိတို့ကိုယ်ကို သန့်စင်ကြပြီးနောက် မင်းဇကရာဇ် အဆောင်အယောင်အပြည့်ဖြင့် ကျောင်းသခ်မ်းအပြင်သို့ ဝင်လာကြပြီး ဒူးတုပ်လက်အုပ်ချီ ထိုင်လိုက်ကြ၏။

ဖခင်ရသေ့ကြီးက သားကြီးသောဏရသေ့ကို မေးလေသည်။

"ချစ်သား မုရိုးသည်၊ ခရုသင်း၊ တက်စည်ပတ်သာတို့ရဲ့ အသံများနဲ့မတူ၊ မင်းတကာတို့ရှေ့မှာ တင့်တယ်စွာ နေရာယူလာတဲ့မင်းဟာ ဘယ်သူလဲ။ ရွှေသင်းကျစ်ပြားနဲ့ နဖူးပြင်အပြည့် ဆင်ယင်ပြီး တောက်ပတဲ့အဆင်းကို ဆောင်သူဟာ ဘယ်သူလဲ။ နေအရောင်နဲ့ မခြား ထွန်းလက်သော ထီးဟာ ဘယ်မင်းရဲ့ထီးလဲ။ သားမြီးယပ်ကို ကိုင်ဆောင်၊ များမြောင်သော ဗိုလ်ပါပရိသတ် ခြံရံပြီးရောက်ရှိလာသူဟာ ဘယ်သူလဲ။ ပြိုးပြက်တဲ့ ချပ်မိန်ညိုကို ဝတ်ဆင်ပြီး အာဇာနည်မြင်းကုန်းတို့အပေါ် စီးနင်းတဲ့ သူရဲတို့အလယ်က မင်းဟာ ဘယ်သူလဲ။ တစ်ရာ့တစ်ပါးမင်းတို့ နောက်ကနေ အစဉ်လိုက်ပါခြံရံပြီး ရှေ့ထိပ်မှာ ဦးဆောင်လာခဲ့တဲ့ မင်းဟာ ဘယ်သူလဲ။ စစ်အင်္ဂါလေးပါးတို့နဲ့ ပြည့်စုံဆောင်ရွက်လာတဲ့မင်းဟာ ဘယ်သူလဲ။ အကျွှာဘိဏီ တပ်အပေါင်းတို့နဲ့ သမုဒ္ဒရာလှိုင်းတံပိုးတို့ ထကြွသည့်ပမာ ခြံရံစီရင်ပြီး ခေါင်းဆောင်လာတဲ့မင်းဟာ ဘယ်သူလဲ"

ဤသို့သောအမေးဖြင့် ရသေ့ကြီးသည် မိမိထံရောက်လာသော ဧည့်သည်၏ ကြီးကျယ်ခမ်းနားမှုကို ဂုဏ်ပြုလိုက်၏။

သောဏရသေ့က ဖြေသည်။

"ခမည်းတော်ဘုရား ခမည်းတော် မြွက်ဆိုသော ဂုဏ်အပေါင်းနဲ့ ပြည့်စုံတဲ့မင်းရဲ့ အမည်နာမဟာ ရာဇာဓိရာဇ် မင်းတကာတို့ရဲ့မင်း မနောဇာဘုရင် ဖြစ်ပါတယ်ဘုရား"

"အင်း... သူဘာအတွက် ရောက်လာတာလဲ"

"ညီတော်နန္ဒရသေ့ ကျူးလွန်ခဲ့တဲ့ အပြစ်များကို တောင်းပန်ဝန်ချရာမှာ အခြံအရံအင်အားအဖြစ် စုရုံးဖို့ ရောက်ရှိလာကြခြင်း ဖြစ်ပါတယ်ဘုရား"

မနောဇာမင်းနှင့် တစ်ရာ့တစ်ပါးသောမင်းတို့သည် မိမိတို့ကိုယ်အား စန္ဒကူးနံ့သာဖြင့် လိမ်းကျံကာ ရသေ့သုံးပါးတို့ ရှေ့မှောက်၌ ကိုယ်ကိုညွတ်လျှက် ဦးခေါင်းကို ငုံ့လိုက်လျှက် ခစားကြလေသည်။

မနောဇာမင်းသည် လက်အုပ်ချီ၍မေးလျှောက်၏။

"အရှင်ဘုရား... အနာကင်းစွာ ရှိပါသလား။ ဆွမ်းသစ်သီး မျှတပါရဲ့လားဘုရား။ သားရဲပွမ်းသော တောကြီးထဲမှာ ချမ်းသာစွာ ရန်ကင်းစွာ သီတင်းသုံးရပါရဲ့လား ဘုရား"

ရာဇာဓိရာဇာ မင်းတစ်ပါးထံမှ ထိုသို့သော ရိုကျိုးနိမ့်ကျသည့် လောကွတ်ပျူငှာစကားကို သောဏရသေ့ကလည်း လိုက်လျောညီထွေ ဖြေလေသည်။

"မင်းမြတ်... ငါတို့ ချမ်းသာစွာ အပြစ်ကင်းစွာ နေထိုင်ကြပါတယ်။ ဆွမ်းသစ်သီးမျှတပါတယ်။ ဘေးရန်မဲ့ ရှိကြပါတယ်။ ငါတို့ ဒီကျောင်းသင်္ခမ်းမှာ နေထိုင်သီတင်းသုံးခဲ့တာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီ။ အဲဒီကာလပတ်လုံး ငါတို့မှာ ဖျားနာခြင်း၊ မနှစ်သက်ဖွယ် ကြုံရခြင်းတို့ အလျဉ်းမရှိဘူး"

"မင်းမြတ်... သင်တို့ရဲ့လာခြင်းဟာ ကောင်းသောလာခြင်း ဖြစ်ပေတယ်။ အပြစ်ကင်းသော လာခြင်းဖြစ်တယ်။ သင်တို့ အလိုရှိရာကို မေးလျှောက်နိုင်ပါတယ်"

"မင်းမြတ်... ခင်းကျင်းထားတဲ့ တည်သီး၊ လွန်သီး၊ မယ်ဇလီသီး၊ ထောက်ရှာသီး၊ သရက်ဖြူသီးများအားလုံးဟာ စားကောင်းသော အာဟာရ၊ ပျားနယ်ချိုသော အရသာများနဲ့ ပြည့်ဝတယ်။ သင်တို့အလိုရှိတိုင်း သုံးဆောင်ကြပါ"

"မင်းမြတ်... အနောတတ်ရေအိုင်မှ ဆောင်ယူထားတဲ့ အေးမြစွာသောရေကို အလိုရှိတိုင်း သောက်သုံးကြပါ"

မနောဇာမင်းက မိမိတို့၏ လာရင်းအကြောင်းကို လျှောက်ထားရန် သင့်တော်ပြီဟု နားလည်လိုက်၏။

"အရှင်ဘုရား မိန့်ကြားသော စကားတို့ဟာ တပည့်တော်တို့အား မွန်မြတ်သော အရာတစ်ခု ပေးကမ်းခြင်းလို့ ယူဆပါတယ်။ အရှင်ဘုရား ပေးတော်မူသည်ကို တပည့်တော်တို့ လက်ခံရယူပါတယ်။ တစ်ဆက်တည်းမှာပင် တပည့်တော်တို့ ဆက်ကပ်သောအရာကို ခံယူတော်မူပါ။ ထိုအရာကတော့ နန္ဒရသေ့အား သည်းခံတော်မူပါ ဆိုသော တောင်းပန် လျှောက်ထားစကားပါ ဘုရား"

သောဏရသေ့က မည်သို့မျှ စကားပြန်မပေးဘဲ ငြိမ်သက်နေသဖြင့် မနောဇမင်းသည် အနည်းငယ် ကိုယ်ရှိန်သတ်မိသွား၏။ သူတော်စင်တစ်ပါး၏ ရှေ့မှောက်တွင် မင်းတကာ့မင်း ရာဇာဓိရာဇာတစ်ဦးသည် သေးငယ်သွားလေသည်။

မနောဇမင်းက ပို၍ ရိုကျိုးပျပ်ဝပ်စွာ ဆက်လျှောက်သည်။

"အရှင်ဘုရား နန္ဒပညာရှိရဲ့ မှားမိသောအပြစ်တစ်ခုကြောင့် တပည့်တော်တို့ ယခုလို ရောက်ရှိလာခြင်း ဖြစ်ပါတယ်ဘုရား။ ယခုအခါ ကာယကံရှင်ဖြစ်တဲ့ နန္ဒရသေ့ရဲ့ ကိုယ်တိုင်ပြောစကားကို နာကြားတော်မူပါဘုရား"

နန္ဒရသေ့သည် နေရာမှထ၍ ခမည်းတော်၊ မယ်တော်နှင့် နောင်တော်သောဏတို့ကို လက်အုပ်မိုး ရှိခိုးလိုက်၏။ ထို့နောက် ပရိသတ်ဘက်သို့ လှည့်၍စကားဆိုလေသည်။

"ဇနပုဒ်နေ မဟာသာလတို့ မြင့်မြတ်သော ဗြဟ္မဏမျိုးနွယ်တို့ မြင့်မြတ်၍ ဘုန်းအာဏာကြီးကြတဲ့ ခတ္တိယနွယ်ဝင် တစ်ရာသောမင်းအပေါင်းတို့နဲ့တကွ မနောဇမင်းမြတ် ကျွန်ုပ်ရဲ့စကားကို နာကြားကြကုန်"

"ယခုနေရာထက်ဝန်းကျင်တစ်ခွင်မှာ စုဝေးရောက်ရှိလာကြတဲ့ နတ်ဒေဝတာများ၊ ကျောင်းစောင့်နတ်များ၊ ဟိမဝန္တာမှာ မှီတင်းနေထိုင်ကြသော ရင့်ကျက်သောနတ်များ၊ ငယ်နုသောနတ်များအပေါင်းတို့ ကျွန်ုပ်ရဲ့စကားကို နာကြားကြကုန်"

"သီလကျွန္ဒအစရှိသော ကျေးဇူးအပေါင်းတို့ကို ရှာမှီးဆည်းပူးသော ကျွန်ုပ်သည် နောင်တော်သူမြတ်ရဲ့ လက်ယာလက်ရုံးသဖွယ်ဟု မိမိကိုယ်မိမိ အမှတ်ထားသည်ဖြစ်ပြီး နောင်တော်သူမြတ်အား ကြားလျှောက်ပါအံ့"

နန္ဒရသေ့၏ အသံမှတပါး တောအလုံးတောင်အနံ့ တိတ်ဆိတ်နေ၏။ သစ်ရွက်ကြွေတို့ပင်လျှင် ရိုးတံကို မစွန့်ခွာသေးဘဲ ငြိမ်သက်နေသယောင် ငှက်ကျေးသာရကာ အပေါင်းတို့ပင်လျှင် မိမိတို့၏ မာဂဝတေးကို ရပ်သိမ်းထားသယောင်၊ ယုတ်စွအဆုံး ပုစဉ်းများ ပိတုန်းများတို့သော်မှ အတောင်ပံကို စုစည်းလျက် ညှံ့သက်ရိုကျိုးစွာ ငြိမ်သက်နေသယောင်

ရှိလေသည်။ ထိုတိတ်ဆိတ်ငြိမ်သက်မှုကို နောက်ခံပြုလျက် နန္ဒရသေ့၏အသံသည် ပြေပြေပြစ်ပြစ် ဆက်လက်ထွက်ပေါ်လာ၏။

"ကြီးစွာသော လုံ့လဖြင့် ပြည့်စုံရဲရင့်လှပါသော ကောသိယအနွယ်ဝင် နောင်တော်သူမြတ်ဘုရား... အမိအဘတို့ကို ပြုစုလုပ်ကျွေးလိုသော အကျွန်ုပ်အား ထိုပြုစုလုပ်ကျွေးခြင်းကောင်းမှုမှ မတားမြစ်ပါနဲ့ နောင်တော်သူမြတ်ဘုရား..."

"အမိအဘတို့အား လုပ်ကျွေးခြင်းကောင်းမှုကုသိုလ်ကို ဘုရားအစရှိသော သူတော်ကောင်းအပေါင်းတို့ ချီးမွမ်းအပ်ပါတယ်။ နောင်တော်သူမြတ်ဘုရား... ထိုကောင်းမှုပြုရန် အခွင့်ကို အကျွန်ုပ်အား ပေးတော်မူပါ။ နောင်တော်သူမြတ်အဖို့မှာတော့ ထကြွလုံ့လ လုပ်ကျွေးခြင်းဖြင့် နေ့နေ့ညည့်ညည့် ရှည်မြင့်စွာသော ကာလပတ်လုံး ကောင်းမှုပြုခဲ့ပါပြီ။ ယခုအခါ ညီတော်ကို ထိုကောင်းမှုအခွင့်၊ နတ်ရွာနတ်ပြည်အခွင့် ပေးလှည့်ကြံ့ပါပြီဘုရား..."

"နောင်တော်သူမြတ်ဘုရား... ကြီးသောသူအား အရိုအသေပြုခြင်းဆိုတဲ့ တရားအစုကို နောင်တော်သူမြတ် ကောင်းစွာသိသလို သိကြတဲ့မင်းအပေါင်းတို့လည်း ယခုရှိနေ၊ ရောက်နေကြပါတယ်ဘုရား..."

"နောင်တော်သူမြတ်ဘုရား... အမိအဘတို့အား ထကြွလုံ့လဖြင့် လုပ်ကျွေးပြုစုခြင်း၊ အမိအဘတို့ ချမ်းသာကိုဆောင်ခြင်းဆိုတဲ့ ကောင်းမှုမပြုရအောင် ပိတ်ပင်တားမြစ်မယ်ဆိုလျှင် ညီတော်အား နတ်ရွာခရီးကို ပိတ်ပင်တားဆီးခြင်းမည်ပါတယ် ဘုရား..."

နန္ဒရသေ့က စကားကို အဆုံးသတ်လိုက်၏။ ထိုမျှသော ကြားလျှောက်စကား အနည်းငယ်တို့ကို ပြောလိုက်ရသည်ကိုပင် အလွန်လျှင်မောဟိုက်နွမ်းနယ်သွားသယောင် ရှိလေသည်။

မနောဇမင်းနှင့် တကွသော မင်းမှူးမတ် ပရိသတ်ကြားမှာ အနည်းငယ်လှုပ်လှုပ်ရွရွ ဖြစ်သွား၏။ စည်းစိမ်ဥစ္စာ အာဏာတန်ခိုးစသော ပိုင်ဆိုင်မှုခြင်းရာများနှင့် ပတ်သက်ခြင်းမဟုတ်ဘဲ အမိအဘကို ပြုစုလုပ်ကျွေးခွင့်ယူသော အရေးအတွက် ညီနောင်နှစ်ပါး စကားအချေအတင် ဖြစ်ကြသည်ကိုလည်း အံ့သြနေကြ၏။ နောင်တော်သောဏရှင်ရသေ့ မည်သို့စကား ဆိုမည်နည်းဟုလည်း ငံ့လင့်နေကြ၏။

သောဏရသေ့၏ အသံထွက်ပေါ်လာသည်။

"မင်းမင်းအပေါင်းတို့ နန္ဒရသေ့စကားကို သင်တို့ကြားခဲ့ကြရပြီ။ ယခုကျွန်ုပ်စကားကို ကြားနာကြကုန်"

"ကျွန်ုပ် ညီတော်နန္ဒရဲ့ပရိသတ် မင်းမင်းများတို့..."

"အကြင်ပုဂ္ဂိုလ်သည် ရှေး၌ဖြစ်သော အမျိုးအနွယ်ကို ယုတ်စေလျှက် ဂုဏ်ဖြင့်ကြီးသောသူ၊ အရွယ်ဖြင့်ကြီးသော သူအပေါ်တို့မှာ မရှိမသေပြုခြင်းအစရှိတဲ့ ဒုစရိုက်တရားကို ကျင့်လေ့ရှိတယ်။ ထိုသို့ပြုကျင့်သူဟာ ငရဲ၌ ဖြစ်ရတယ်"

တိကျပြတ်သားသော စကားပုံတို့ကို ကြားလိုက်ရသည်တွင် မနောဇမင်းနှင့် ပရိသတ်အားလုံးမှာ လေပြင်းတစ်ချက် အဝှေ့ခံရသော ပေါင်းမြက်ပင်များ ယိမ်းယိုင်ငိုင်ကျသလို ဖြစ်သွား၏။

"မင်းမင်းအပေါင်းတို့... ရှေး၌ဖြစ်သော ကြီးသော သူတို့အား အရိုအသေပြုခြင်းစသော ကုသိုလ်နဲ့ပြည့်စုံသူ၊ အကျင့်သီလနဲ့ ပြည့်စုံလိမ္မာသူပုဂ္ဂိုလ်များဟာ ဒုဂ္ဂတိသို့ မရောက်ကြကုန်"

"မင်းမင်းအပေါင်းတို့... အမိသည်လည်းကောင်း၊ အဘသည်လည်းကောင်း၊ ညီတို့သည်လည်းကောင်း၊ နမတို့သည်လည်းကောင်း၊ အဆွေအမျိုးတို့သည်လည်းကောင်း၊ အဆွေခင်ပွန်းတို့သည်လည်းကောင်း ထိုအလုံးစုံသောသူတို့သည် သားကြီးရဲ့ တာဝန်သာ ဖြစ်တယ်လို့ သင်တို့မှတ်ကြကုန်"

"မင်းမင်းအပေါင်းတို့... လှေမှူးပဲ့ကိုင် ပဲ့နင်းသူကြီးသည် လေးလံစွာသောဝန်ကို လှေထက်တင်ပြီး လုံ့လပြုသည့်နည်းတူ ကျွန်ုပ်သောဇာသည်လည်း အမိအဘတို့အတွက် လုံ့လပြုလျှက် ကျွေးတယ်။ ကြီးသောသူဖြစ်သည့်အလျောက် ကြီးသောသူတို့ကျင့်သော တရားကို ကျွန်ုပ်ကျင့်တယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်ုပ်ဟာ ကြီးသူဖြစ်တယ်"

ပရိသတ်မှာ အုတ်အုတ်ကျက်ကျက် ဖြစ်သွား၏။ မြဲမြံတိကျသော ရဲရင့်ပြတ်သားသော ထုတ်ဖော်ကျေနပ်စကားနှင့် တရားကိုယ်ကိုလည်း အတိုင်းထက်အလွန် နှစ်မြို့က်မြတ်နိုးသွားကြ၏။

အခြေအနေကား ရုတ်ချည်းပြောင်းလဲသွားလေသည်။ နန္ဒရသေ့အား ဝန်းရံနေခဲ့ကြသော မနောဇမင်းနှင့် အခြားမင်းမှူးမတ် ပရိသတ်အားလုံးသည် နန္ဒရသေ့အပါးမှ ဖဲခွာလျှက် သောဇာရသေ့ထံ ချဉ်းကပ်ခြံရံသွားကြသည်။ နေရောင်ဘက်သို့ ငုံ့ငိုက်လှည့်လည် မျက်နှာမူလိုက်သော နေကြာခင်းကြီး တစ်ခင်းနယ်ပင်။

ထို့နောက် မနောဇမင်းအမှူးပြုသော ပရိသတ်တို့ထံမှ အုံးအုံးအသံများ ပေါ်လာ၏။

"အရှင်ဘုရား တပည့်တော်တို့ဟာ ရှေးက မသိမောဟ ဖုံးလွှမ်းခဲ့တဲ့အတွက် ကြီးသူတို့ကျင့်အပ်သော တရားကို မသိခဲ့ပါဘုရား..."

"အရှင်ဘုရား ယနေ့မှာပင် အသိဉာဏ်တိုးပွင့် လန်းထွန်းလင်းလာပါပြီဘုရား..."

"အရှင်ဘုရား တစ်ခဲနက် မည်းမှောင်နေတဲ့ တောင်ထိပ်မှာ တောက်ပသော တောမီးထွန်းပေါ်သကဲ့သို့ အရှင်ဘုရားဟာ တပည့်တော်တို့ကို ကြီးသူတို့ကျင့်ဝတ်တရား ပြတော်မူလိုက်ပါပြီ ဘုရား..."

"အရောင်ကို ပြတတ်သော၊ ဒြပ်ကိုပြတတ်သော၊ တက်ထွန်းသော နေမင်းအားဖြင့် သတ္တဝါအရာဝတ္ထုတို့ရဲ့ ကောင်းမကောင်းအဆင်းတို့ ထင်လင်းစွာ ပေါ်ပေါက်လာရသလိုပါပဲ ဘုရား..."

အလုံးစုံသောပရိသတ်သည် မိမိအားကျောခိုင်းလျှက် နောင်တော်ထံ၌ မျက်နှာမူလိုက်ကြပေပြီ။ မိမိ၏ တန်ခိုးပြဋ္ဌိကာများ၌ အံ့သြကြည်ညိုဦးခိုက်ခဲ့ကြသော မနောဇမင်းနှင့် အမင်းမင်းတို့သည် နောင်တော်၏ တရားစကား တစ်ခွန်းတည်းနှင့်ပင် မိမိ၏ တန်ခိုးပြဋ္ဌိကာများကို မေ့လျော့သွားကြပြီ။

ညီတော်နန္ဒရသေ့သည် ကောင်းစွာ သဘောပေါက်လိုက်၏။

"ငါ နောင်တော်မှ တစ်ပါး ငါ့အား ကိုးကွယ်ရာမရှိပြီ။ ငါ့နောင်တော်ကို တောင်းပန်ခြင်းပြုရန်မှတစ်ပါး အခြားမရှိပြီ"

နန္ဒရသေ့သည် မိမိ၏အသိကို နှောင့်နှေးခြင်းမရှိ၊ ဖော်ထုတ်လိုက်သည်။

"နောင်တော်သူမြတ်ဘုရား... ညီတော်၏တောင်းပန်စကားနှင့် လက်အုပ်ဖူးငုံတို့ကို လက်ခံတော်မူပါ။ မကြာမြင့်မီက ညီတော်ဆိုခဲ့သော စကားများကို နောင်တော် လက်ခံတော်မမူဘူးဆိုလျှင် နောင်တော်သာ အမိအဘတို့ကို လုပ်ကျွေးတော်မူပါ။ ညီတော်မှာတော့ နောင်တော်သူမြတ်ရဲ့ အမှုလုပ်အဖြစ်နဲ့သာ နောင်တော့် အလုပ်အကျွေးအဖြစ် ခံယူပါတော့မယ် ဘုရား"

ဤစကားများသည် နန္ဒရသေ့ထံမှ အနုးအညွတ်ဖြင့် ကြေကြေကွဲကွဲထွက်ပေါ်လာသော စကားများ အမှန်ဖြစ်လေသည်။

စင်စစ်အားဖြင့်ကား သောဏရှင်ရသေ့၏ သန္တာန်၌ ညီတော်အပေါ်အမျက်ဖွဲ့ခြင်း၊ အငြိုးပိုခြင်း အလျှင်းမရှိခဲ့ပါချေ။ ခိုင်မာစွာ ပြောဝံ့ပြောရဲသော ညီတော်၏မာနကို ဖယ်ရှားကာ

နိမ်နင်းလိုဖြင့်သာ ထိုသို့ပြုမူခဲ့ခြင်းဖြစ်လေသည်။ ယခုကား နန္ဒရသေ့၏ တန်ခိုးပြာဋ္ဌိကာ တည်းဟူသော အစွမ်းကို အကြောင်းပြုသည့် မာနသည် ကင်းကွာသွားခဲ့ပြီဟု သောဏရသေ့သိလိုက်၏။

မာန်မာနတို့ ဖယ်ခွာကင်းသွားသော ညီတော်သည် လုံးဝရိုးကျိုးကာ ကောင်းသော စေတသိက်များဖြင့် တည်နေပြီဟုလည်း သိမြင်လိုက်၏။ အနူးအညွတ် တောင်းပန်ဝန်ချသော ညီတော်အား အမှန်အတိုင်း သိစေတော့မည်။

သောဏရှင်ရသေ့သည် ညီတော်နန္ဒရှိရာသို့ လက်နှစ်ဖက်ကို ဆန့်တန်းလိုက်၏။ ထိုဆန့်တန်းထားသော လက်တို့၏ လက်ဖဝါးများက ပြေလျောစွာ မှောက်လျက်သား ရှိကြသည်။ ထိုအသွင်ကား လာလှည့်လာလှည့်ဟု ခွင့်လွှတ်ကမ်းလင့်သော အသွင် ဖြစ်လေသည်။

နန္ဒရသေ့သည် နောင်တော်ကိုကြည့်ရင်း ဝင်းပစွာ ပြုံးလာသည်။ ထိုအပြုံးကို သောဏရှင်ရသေ့၏စကားက ပိုမိုတောက်ပလာစေ၏။

"ညီတော်နန္ဒ သင့်ကို ငါခွင့်လွှတ်တယ်။ ခမည်းတော် မယ်တော်တို့ကို ပြုစုလုပ်ကျွေးဖို့ အခွင့်ပဲ သင်ရပြီဟု မှတ်ပါ"

တောတောင်အလုံးအပြုံးများ ဖုံးလွှမ်းသွားသည်။

ရွက်ကြွေတို့ ဖြောဖြောခုန်ဆင်းကြသည်။ ကျေးငှက်တို့ တေးဆိုကြသည်။ ပျား၊ ပိတုန်း၊ လိပ်ပြာ၊ ပုစဉ်းတို့ ကောင်းချီးပေး အတောင်ပံခတ်ကြသည်။

နန္ဒရသေ့၏ မျက်လုံးအိမ်အစုံမှာကား ကြည်နူးခြင်းမျက်ရည်များ ဝန်းဖွဲ့လျက် ကြည်လင်တောက်ပသွားကြလေသည်။

နောင်တော်ရှင်ရသေ့သည် ထိုမျှဖြင့် စကားကို အစမသတ်သေးဘဲ ညီတော်၏ ဂုဏ်ကျေးဇူးကို အများပရိသတ်သိရှိအောင် ဖွင့်ဆိုလေသည်။ ထိုစကားတို့သည် နန္ဒရသေ့၏သဒ္ဓါကို ပိုမိုအားကောင်းစေလေသည်။

"ညီချစ် သင်ဟာ သူတော်ကောင်းတို့ဟောအပ်သော ကျင့်ကြံအပ်သောတရားကို အထူးသိသူဖြစ်တယ်။ ကောင်းပေစွညီချစ်... သင်ကိုယ်တိုင်ဟာလည်း ကောင်းသောအကျင့် ရှိပေတယ်။ ငါ့ကို လွန်စွာနှစ်သက်စေတဲ့ညီ ဖြစ်တယ်"

သောဏရှင်ရသေ့သည် မိဘနှစ်ပါးတို့ထံသို့ လက်အုပ်ချီပြန်၏။

"အမိအဘတို့ နားဆင်ကြပါ။ မိခင်ဖခင်တို့အား လုပ်ကျွေးခြင်းတည်းဟူသောဝန်ကို လေးလံသည်ဟူ၍ ကျွန်ုပ်မှာတစ်ရံတစ်ခါမျှ အမှတ်မဖြစ်ပါ။ ထိုဝန်ကို ဝန်ဟူ၍ပင် ကျွန်ုပ်မမှတ်ပါ။ ထိုနည်းတူစွာ ညီတော်နန္ဒဟာလည်း ကျွန်ုပ်အပေါ် လွန်ကျူးခဲ့သမျှကို တောင်းပန်ဝန်ချပြီး အမိအဘတို့အား လုပ်ကျွေးပြုစုပါရစေလို့ တောင်းပန်ခဲ့ပါတယ်"

"မိခင်ဖခင်တို့ ညီတော်နန္ဒကို လုပ်ကျွေးပြုစုခွင့်ပေးဖို့ အလိုရှိတယ်ဆိုရင် ယခုပင် ညီတော်ကို စကားဆိုပေးကြပါ။ ညီတော်နန္ဒဟာ ဘယ်သူ့ကို အမှီပြု ဘယ်သူ့ထံမှာ ကပ်မှီပြီး နေရပါမလဲ"

မယ်တော်ကြီးသည် နေရာမှ ထလာ၏။

"ပညာရှိသားတော်ကြီးသောဏ စင်စစ်ညီတော်ဟာ ကြာမြင့်စွာ ကွေကွင်းခဲ့ရပြီးပြီ ဖြစ်ပါတယ်။ အမိအဘတို့ကလည်း သားငယ်ကိုကြာမြင့်စွာ ကွေကွင်းခဲ့ရလို့ လွမ်းဆွတ် အောက်မေ့လှပါပြီ။ သို့သော် အမိအဘတို့ဟာ သင့်ကိုသာ အမှီပြုနေခဲ့ရတာမို့ သင့်ကိုလွန်ပြီး အမိတို့မပြောသာပါ။ ယခုတော့ သားကြီးက အညွှတ်အနူး ခွင့်ပြုလိုက်လျောပြီဖြစ်လို့ အမိတို့ ဝမ်းသာလှပါတယ်။ သားကြီးသောဏ... အမိတို့ သားငယ်နန္ဒကို လက်နှစ်ဘက်နဲ့ ပိုက်ဖက်ပြီး ဦးခေါင်းထိပ်မှာ အယုအယ နမ်းရှုပ်ပါရစေ"

အမိအဘနှင့် သားတို့အကြား အကြေအလည် ညွှတ်ပျောင်းနူးညံ့မှုကို အထင်အရှားပြလိုသဖြင့် သောဏရှင်ရသေ့က ဤသို့ စီမံလိုက်ခြင်းဖြစ်လေသည်။

"ကောင်းပါပြီ မယ်တော် သားတော်ခွင့်ပြုပါတယ်။ ညီတော်ကို ပိုက်ဖက်လို့ ဦးခေါင်းကို နမ်းရှုပ်လို့ နလုံးဝမ်းငြိမ်းချမ်းမှု ဖြစ်ပါစေ"

တန်ခိုး ဣဒ္ဓိပါတ်တို့နှင့် ပြည့်စုံကာ အတိုင်းတိုင်း အပြည်ပြည်မှ မင်းများကို ချောက်ချားစေခဲ့သည့် တန်ခိုးရှင်နန္ဒရသေ့အား မယ်တော်ကြီးကပွေ့ဖက်လျှက် ဦးခေါင်းထိပ်ဘက်၌ ယုယကြင်နာစွာ နမ်းရှုပ်ဖြေသိမ့်နေသော မြင်ကွင်းကိုကြည့်လျှက် မင်းပရိသတ်အပေါင်းတို့မှာ မျက်ရည်မဆည်နိုင် ဖြစ်ကြရလေသည်။ သားအမိတို့၏ ထိုကြင်နာမှုကား နလုံးဝမ်းငြိမ်းချမ်းခြင်း၏ ပကတိပြယုဂ် ဖြစ်လေသည်။

မယ်တော်ကြီးသည် နှုတ်မှလည်း တတွတ်တွတ် ရေရွတ်နေ၏။

"သားကြီးသောဏ မယ်မယ်ပြောပါရစေ။ အချိန်ကာလ ကြာမြင့်စွာ ကွေကွင်းခဲ့ရပြီးမှ ယခုရောက်လာတဲ့သားငယ်ကို မြင်ရတဲ့အခါမှာ မယ်မယ့်သည်းပွတ်နလုံးဟာ လေတိုက်လို့ လှုပ်ခတ်သွားတဲ့ ညောင်ဗုဒ္ဓေအပင်ရဲ့ ရွက်နုအလား လှုပ်ခတ်လှုပ်ရှားခဲ့ရတယ်"

"သားကြီးသောဏ မယ်မယ်အိပ်ပျော်တဲ့အခါ အိပ်မက်မှာ ငါ့သားငယ်နန္ဒ ရောက်လာတယ်လို့ မြင်မက်ခဲ့တယ်။ အိပ်မက်ထဲမှာပင် သားငယ်ပြန်လာပြီ။ သားငယ်ပြန်လာပြီလို့ ဝမ်းမြောက်နှစ်သက်ခဲ့ရပါတယ်"

"သို့သော် အိပ်မက်က ထနိုးချိန်မှာ သားငယ်ကို မမြင်ရတဲ့အတွက် စိုးရိမ်ခြင်းများ ဖိစီးပြီး များစွာ နလုံးမသာမယာ ဖြစ်ခဲ့ရပါတယ်။ ယခုတော့ သားငယ်နန္ဒ တကယ်ပင် ပြန်လာပြီ။ ပြန်ရောက်ပြီ။ မယ်မယ်ရော ခမည်းတော်ပါ ချစ်သောသား ကျောင်းသခ်မ်းထဲ ဝင်လာတာကို မြင်ကြရပါပြီ"

"သားကြီးသောဏ မယ်မယ်တို့ရဲ့ သားငယ်လည်းဖြစ် သားရဲ့ ညီငယ်လည်းဖြစ်တဲ့ နန္ဒကို မနှင်မပစ်ပါနဲ့တော့လို့ မယ်မယ်တောင်းပန်ပါတယ်။ သားနန္ဒဟာ မယ်မယ်တို့ကို ပြုစုလုပ်ကျွေးဖို့ ထက်သန်ပြင်းပြနေပါပြီ။ သူ့ကို ပြုစုလုပ်ကျွေးခွင့်ပြုပါ သားကြီး"

ပရိသတ်၏နှစ်သက်ကြည်နူးခြင်း၊ နန္ဒရသေ့၏ အလုံးစုံမာန်မာနကျခြင်း၊ မယ်တော်ကြီး၏ နှစ်လိုခြင်း ဤသို့သော အကြောင်းရာများ အားလုံးပြည့်စုံသည့် အဖြစ်ကို ရရှိပေပြီဟု သောဏရှင်ရသေ့ နားလည်လိုက်သည်။ ဤသို့လျှင် အပြစ်အနာချို့ယွင်းချက်မဲ့ ပြည့်စုံသော အခြေသို့ဆိုက်အောင် ဆောင်ရွက်ပြီးသည့်အတွက် သောဏရှင်ရသေ့သည် ခြွင်းချက်မရှိ ခွင့်ပြုစကားဆိုလေသည်။

"မယ်တော်အလိုရှိသည့်အတိုင်း ဖြစ်ပါစေ"

## MRAQN

မေတ္တာတရားဖြင့် ထွန်းလင်းတောက်ပနေသော တောအုပ်ကြီးကို သောဏရှင်ရသေ့က အဆုံးအမစကားဖြင့် ထပ်မံလိမ်းကျံလေသည်။

"ညီတော်နန္ဒ... ညီတော်ဟာ အလွန်ကြီးမြတ်တဲ့ အမွေအစုအဖို့ကို ရတယ်လို့မှတ်ပါ။ အမိဂုဏ်ကျေးဇူးဟာ လွန်စွာကြီးမားလှတယ်။ မိခင်ဆိုတာသားအပေါ် ထာဝရနူးညံ့သော စိတ်ရှိတယ်။ သားရဲ့တည်မှီရာလည်း ဖြစ်တယ်။ နို့ရည်တိုက်ကျွေးတဲ့မိခင်ဟာ နတ်ရွာရခြင်းရဲ့ အကြောင်းလည်းဖြစ်တယ်။ ထိုသို့သော ဂုဏ်ကျေးဇူးအပေါင်းနှင့် ပြည့်စုံတဲ့ မိခင်ဟာ သင့်ကို

တောင့်တပေတယ်။ ညီတော် မိခင်ဆိုတာ စောင့်ရှောက်မှုဖြစ်တယ်။ ကောင်းမှုမှန်မျှနဲ့ယှဉ်တယ်။ ညီတော်နန္ဒ... လုပ်ကျွေးရခဲ့တဲ့ မိခင်ကို လုပ်ကျွေးခွင့်သင်ရပြီ။ မမေ့မလျော့ လုပ်ကျွေးပါ။ မကောင်းသော မလတ်သော မသင့်သော မချိုသော သစ်သီး အာဟာရများ မကျွေးမိပါစေနဲ့"

နန္ဒရသေ့သည် တစ်ခါက မိမိပြုမှားခဲ့သော အပြစ်တို့ကို သတိရကာ ခေါင်းငိုက်စိုက်ရင်း နောင်တော်၏ အဆုံးအမကို နာခံလေသည်။

"မှတ်ကြ နာကြ။ မိခင်များဟာ သားကို လိုချင်လွန်းလို့ နတ်တွေကိုရှိခိုး၊ နက္ခတ်ရာသီဥတုများကို မေးမြန်းကြတယ်။ ကိုယ်ဝန်သန္ဓေတည်ချိန်မှာ ချဉ်ခြင်းကပ်ငြိကြတယ်။ ဝမ်းမှာလွယ်ပြီး လနေ့စေ့တဲ့အခါ မီးရှူးသန့်စင်ဖွားမြင်ကြရတယ်။ သားငယ်ရင်သွေးကို ရင်ခွင်ကြား နွေးထွေးစွာထားပြီး တေးဆိုကာ သိပ်ကြရတယ်။ အန္တရာယ်အပေါင်းမှလည်း ကာကွယ်ပေးတယ်။ တမြတ်တနိုး အရိပ်တကြည့်ကြည့်နဲ့ မွေးမြူစောင့်ရှောက်တယ်။ အကောင်းအဆိုးအမှန်အမှားကို ခွဲခြားညွှန်ပြဆုံးမတယ်။ ဤသို့ပြု ဤသို့မပြုလင့်နှင့်လို့ သွန်သင်တယ်။ သားအတွက် အမြဲတစေ စိုးရိမ်ပူပန်ကြောင့်ကြတယ်။ မေ့လျော့သောသား ညဉ့်အခါ အချိန်မတော်ပြန်မရောက်သော သားအတွက် အမြဲတစေ ပူပန်တတ်တယ်"

"အစရှိသော ဆင်းရဲငြိုငြင်ခြင်းများစွာနဲ့ ရင်းနှီးမွေးမြူတဲ့မိခင်ကို မပြုစုမလုပ်ကျွေးတဲ့ သားဟာ ငရဲမှာ ခံရတတ်တယ်။ အလားတူစွာ ဆင်းရဲငြိုငြင်ခြင်း များစွာနဲ့ ရင်းနှီးမွေးမြူခဲ့တဲ့ ဖခင်ကို မပြုစုမလုပ်ကျွေးတဲ့ သားဟာလည်း ငရဲမှာ ခံရတတ်တယ်"

"မှတ်သားကြ အမိအဘကို မလုပ်ကျွေးသူတို့ရဲ့ ရအပ်ပြီးသော စည်းစိမ်ဥစ္စာဟာ ပျက်စီးသွားကြတယ်။ ဆင်းရဲငြိုငြင်စွာနဲ့ ပေးလှူပူဇော်ထောက်ပံ့ရတယ်။ ချစ်ဖွယ်သောစကား ပြောရတယ်။ အကျိုးကျေးဇူးပြီးမြောက်စေတဲ့ အကျင့်ကို ကျင့်စေအပ်တယ်။ ကိုယ်နဲ့ထပ်တူ အရှိအသေပြုအပ်သော ကုသိုလ်တရားတို့နဲ့ ပြုစေပြည့်စေအပ်တယ်"

"လောကမှာ လေးပါးသော သင်္ဂဟတရားတို့နဲ့ မပြည့်စုံလျှင် သားဟာ အမိအတွက် သားမမည်ဘူး။ အဘအတွက် သားမမည်ဘူး။ အမိအဘဟာ သားအတွက် ပြဟ္မာဖြစ်တယ်။ အဦးဆရာ ဖြစ်တယ်။ အမိအဘဟာ သားအတွက် အပူဇော်ခံထိုက်သော ဌာနဖြစ်တယ်။ အမိအဘတို့ကို ထမင်း၊ အဖျော်၊ အဂတ်၊ အိပ်ရာစသည်တို့နဲ့ဖြစ်စေ လုပ်ကျွေးပြုစုရတယ်"

"အမိအဘတို့အား လုပ်ကျွေးသောသားကို ပညာရှိလို့ ဆိုကြတယ်။ လူ့ပြည်မှာ အချီးမွမ်းခံရသလို တမလွန်မှာလည်း နတ်ပြည်မှာ မွေ့လျော်ရတယ်"

မြင့်မိုရ်တောင်ကြီးကို လှိမ့်လိုက်သဖြင့် အထင်အရှားလိမ့်လာသည်ကို မြင်တွေ့ရသည့်နှယ် သောဏရှင်ရသေ့၏ တရားဒေသနာသည် အလုံးအရင်း ကွက်ကွက်ကွင်းကွင်း ထင်ရှား ထွက်ပေါ်လာ၏။

မနောဇာမင်း၊ တစ်ရာ့တစ်ပါးသောမင်းတို့နှင့် အလုံးစုံသော ဗိုလ်ပါမှူးမတ်ပရိသတ်တို့၏ ဝပ်လျှိုးသောဦးခေါင်း၊ ဖူးငုံသော လက်အုပ်အစုံတို့ ထိပ်ထက်၌ တရားဒေသနာ အလင်းသည် ထွန်းပနေသည်။

"ငါးပါးသောသီလတို့၌ မြဲမြံစွာတည်ကြ၊ အလှူပေးကြ မမေ့မလျော့ ဖြစ်စေကြ" သောဏရှင်ရသေ့သည် တရားကို အဆုံးသတ်လိုက်လေသည်။ အလုံးစုံသော မင်းအပေါင်းတို့ တရားနှင့်အညီ မင်းပြုကြကာ အသက်၏အဆုံး၌ နတ်ပြည်၌ တည်ကြသည်။ သောဏရှင်ရသေ့နှင့် နန္ဒရှင်ရသေ့ညီနောင်တို့သည်လည်း အသက်ထက်ဆုံး အမိအဘကို လုပ်ကျွေးကာ ဗြဟ္မာပြည်သို့ လားကြလေသည်။

**MRAQN**

*ဇာတ်ပေါင်းသော်...*

*ထိုစဉ်က ရသေ့မယ်တော်၊ ခမည်းတော်သည် မယ်တော် မဟာမာယာဒေဝီနှင့် ခမည်းတော် သုဒ္ဓေါဒနမင်း။*

*ထိုစဉ်က နန္ဒရှင်ရသေ့သည် ညီတော်အာနန္ဒာ။*

*ထိုစဉ်က မနောဇာမင်းသည် အရှင်သာရိပုတ္တရာ။*

*ထိုစဉ်က တစ်ရာ့တစ်ပါးသောမင်းတို့သည် ရှစ်ကျိပ်သော မထေရ်နှင့် အခြားမထေရ်များ။*

*ထိုစဉ်က နှစ်ထောင့်လေးရာ ခေါ်ဘိဏ်ဳ အရေတွက်ရှိသော ဗိုလ်ပါစစ်သည်တို့သည် ဘုရားရှင်၏ပရိသတ်။*

*ထိုစဉ်က သောဏပညာရှိရသေ့သည် ဂေါတမဗုဒ္ဓမြတ်စွာ။*

*(ငါးရာ့ငါးဆယ် ဇာတ်ဝတ္ထု၊ သတ္တတိနိပါတ်သောဏနန္ဒဇာတ်)*

**MRAQN MRAQN MRAQN MRAQN**